# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ဖေဖော်ဝါရီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**လောကဓမ္မတာစံကြရာ**

အချို့သောသူတို့သည် ဤလူ့ပြည်တွင် အမိဝမ်းတွင်း ပဋိသန္ဓေနေရကုန်၏။ မကောင်းမှုပြုသူတို့သည် ငရဲတွင် ကျရကုန်၏။ ကောင်းသောပညာရှိတို့သည် နတ်ပြည်သို့ရောက်ရကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန် စံရကုန်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၆)


၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်၊ စနေနေ့။ Saturday, 4 April 2020 ၉၉၇၅


# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေး



Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

**နေပြည်တော် ဧပြီ ၃**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ COVID -19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့် Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

**ပြည်သူများအနေဖြင့် တစ်ဦးချင်း တစ်ဦးချင်း တာဝန်သိစိတ်ဖြင့် ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်အသိုင်းအဝိုင်းအတွက်၊ ကိုယ့်နိုင်ငံအတွက် ဝိုင်းဝန်းကြိုးစားကြမည်ဟု မျှော်လင့်**

ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် လုပ်ငန်းများအား စိစစ်ခွင့်ပြုပေးလျက်ရှိ**

စာမျက်နှာ » ၃

**ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မည်ကို ပြည်သူများ စိုးရိမ်ပူပန်စရာမလို ယခင်ဈေးနှုန်းထက် ဈေးလျှော့ရောင်းချပေးလျက်ရှိ**

စာမျက်နှာ » ၁၀

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

စာမျက်နှာ » ၁၇


**ကမ္ဘာသူ ကမ္ဘာသား ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ**

**ကပ်ရောဂါဘေးအန္တရာယ်မှ ကင်းဝေးပြီး ဘေးရန်ကင်းကွာ ချမ်းသာကြပါစေ။**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

## စိတ်အလိုဆန္ဒကိုဦးစားမပေးဘဲ စောင့်ထိန်းလိုက်နာ

တစ်ကမ္ဘာလုံးဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါဘေးသည် အရှိန်ကောင်းနေဆဲဖြစ်သည်။ တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့တွင် စတင်ဖြစ်ပွားရာမှ ယခုအခါ တစ်ကမ္ဘာလုံးပျံ့နှံ့သွားပြီ ဖြစ်သည်။ ရောဂါဖြစ်စကဗဟိုချက်သည် တရုတ်နိုင်ငံ ဟူပေပြည်နယ်ဖြစ်သော်လည်း ယခုအခါ အမေရိကန်ပြည်ထောင်စုသို့ ဦးတည်နေသည်ကို တွေ့ရသည်။

အလျင်အမြန်ကူးစက်နိုင်သောရောဂါဖြစ်သည့်အတွက် တရုတ်နိုင်ငံတွင် ရောဂါဖြစ်စဉ်ကတည်းက မြန်မာနိုင်ငံတွင်လည်း ကူးစက်မှုမရှိစေရန် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ရောဂါ ကမ္ဘာတစ်ဝန်းကူးစက်မှုတွင် နောက်ဆုံးဖြစ်သော နိုင်ငံများတွင်ပါဝင်ပြီး မတ်လ ၂၃ ရက်နေ့တွင် ရောဂါပိုးတွေ့ရှိသူတစ်ဦးမှစ၍ ၁၁ ရက်မြောက်နေ့ဖြစ်သည့် ဧပြီလ ၂ ရက်နေ့တွင် ရောဂါပိုးတွေ့သူ ၂၀ ဖြစ်လာခဲ့သည်။

ရောဂါပိုးတွေ့သူ ၂၀ တွင် ပြည်ပမှရောက်လာသူ ၁၂ ဦးရှိပြီး ပြည်ပသို့သွားရောက်သည့် ခရီးသွားရာဇဝင်မရှိဘဲ ရောဂါပိုးတွေ့သူ ရှစ်ဦး ရှိသည်။ ၎င်းတို့၏ရောဂါကူးစက်မှု ဇာစ်မြစ်ကိုမသိရသေးသော်လည်း ရောဂါရှိသူနှင့်ထိတွေ့ဆက်ဆံမှု သို့မဟုတ် ရောဂါပိုးရှိသောအရာနှင့်ထိတွေ့မှု တစ်ခုခုကြောင့် ကူးစက်ခြင်းသာဖြစ်နိုင်သည်။ တရုတ်နိုင်ငံတွင် ရောဂါအပြင်းအထန်ဖြစ်ပွားနေစဉ်ကတည်းက ရောဂါမဖြစ်စေရန် သတိပြုလိုက်နာရမည့်အချက်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတို့က အသိပေးဆောင်ရွက်နေသည့်ကြားမှ ခရီးသွားရာဇဝင်မရှိဘဲ ရောဂါဖြစ်လာသောကြောင့် ယခုထက်ပို၍ အထူးသတိပြုလိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် လူတစ်ဦးမှတစ်ဦး ကူးစက်ခြင်း၊ ရောဂါပိုးနှင့်ထိတွေ့မိပြီး အသက်ရှူလမ်းကြောင်းသို့ ရောက်သွားခြင်းကြောင့် ရောဂါဖြစ်နိုင်ရာ လက်ကိုဆပ်ပြာဖြင့် စင်ကြယ်အောင်ဆေးကြောခြင်း၊ နှာခေါင်းစည်းအုပ်ခြင်း၊ လူထူထပ်သောနေရာသို့ မသွားခြင်း၊ မိမိ မိသားစု၊ မိမိအသိုင်းအဝိုင်း၊ မိမိ ပတ်ဝန်းကျင်တွင် အသိပေးထားသော ကိုဗစ်-၁၉ ရောဂါလက္ခဏာ တစ်စုံတစ်ရာပြပါက သို့မဟုတ် ရောဂါနှင့်ပတ်သက်၍ မသင်္ကာဖွယ်တွေ့ရှိပါက သက်ဆိုင်ရာသို့အကြောင်းကြားခြင်း၊ ကျန်းမာရေးဌာနသို့ပြသခြင်း၊ သီးသန့်ခွဲခြားနေထိုင်ခြင်း စသည့် ကျန်းမာရေးဌာနမှ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာနေထိုင်ကြရန်လိုပေမည်။

သို့သော် မြန်မာနိုင်ငံတွင် ရောဂါပိုးစတင်တွေ့ရှိပြီး ရက်သတ္တနှစ်ပတ်နီးပါးရှိလာရာ လမ်းညွှန်ချက်များကို လိုက်နာသူများရှိသလို မလိုက်နာသူများ၊ လိုက်နာမှုအားနည်းသူများလည်း ရှိနေသည်ကိုတွေ့ရသည်။ မိမိပတ်ဝန်းကျင်တွင် ရောဂါဖြစ်သူ၊ သေဆုံးသူမရှိသေးသဖြင့် ပေါ့ပေါ့တန်တန်၊ ပြီးပြီးလွယ်လွယ် သဘောထားပြီး ပြုမူနေထိုင်သွားလာမိပါက ကိုဗစ်-၁၉ ရောဂါဆိုးသည် မိမိတို့ထံသို့ အချိန်မရွေးရောက်ရှိလာနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ ယုတ်စွအဆုံး မိမိ မိသားစု၊ မိမိ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းနှင့် ဆက်ဆံရာတွင်ပင် ရောဂါဖြစ်သော ပတ်ဝန်းကျင်မဟုတ်သော်လည်း ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးလမ်းညွှန်ချက်များကို အတိအကျလိုက်နာရမည်ဖြစ်သည်။

မြန်မာတို့၏ဆိုရိုးစကားတွင် ကိုယ်ပေါင်း စိတ်ခွာ၊ စိတ်ပေါင်း ကိုယ်ခွာနေထိုင်ရမည့်အချက်နှစ်ချက်တွင် ယခုအချိန်တွင် စိတ်ပေါင်း ကိုယ်ခွာအချက်ကိုလိုက်နာ၍ တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးနေထိုင်ကြရမည်ဖြစ်သည်။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး လိုက်နာရမည့် ခပ်ဝေးဝေးနေထိုင်ရမည့်နည်းလမ်းအတိုင်း လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် များများစားစားမဖြစ်သေးဟုဆိုကာ ပေါ့ပေါ့ဆဆ ပြီးပြီးလွယ်လွယ် မနေထိုင် မဆက်ဆံမိရန်လိုပေသည်။ အရေးတကြီးကိစ္စ၊ မဖြစ်မနေကိစ္စမှလွဲ၍ ခရီးသွားခြင်း၊ ပြင်ပသို့ လူထူထပ်သောနေရာသို့သွားရောက်ခြင်းတို့ကို မပြုလုပ်ကြဖို့လိုပေသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါတွေ့ရှိမှုသည် တစ်နေ့ထက်တစ်နေ့ တိုး၍လာနေသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက အသိပေးထားသော လမ်းညွှန်ချက်များအတိုင်း တိတိကျကျလိုက်နာကြပြီး ကိုဗစ်-၁၉ ရောဂါဘေးမှ ကင်းဝေးကျော်လွှားနိုင်ရန် မိမိတို့၏ စိတ်ခံစားချက်၊ စိတ်အလိုဆန္ဒများကို ဦးစားမပေးဘဲ ထိန်းသိမ်းစောင့်ရှောက် ကြရမည်ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## နေပြည်တော်ကောင်စီသို့ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးသုံး အထောက်အကူပစ္စည်းများ လာရောက်လှူဒါန်း

**နေပြည်တော် မေ ၃**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် လိုအပ်သည့်အထောက်အကူပစ္စည်းများ လှူဒါန်းပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးတင်ထွန်း၊ အတွင်းရေးမှူး ဦးနေလင်း၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် Huawei Technologies (Yangon) Co.,Ltd က လှူဒါန်းသည့် ငွေကျပ် ၁၈၀၀၀၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၃၀၀၀၊ နောင်ရိုးနည်းပညာ များ Co.,Ltd က လှူဒါန်းသည့် ငွေကျပ် ၁၇၀၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ ၂၀၊ နှာခေါင်းစည်း ၂၀၀၀၊ ကာဘော်လစ် ၅၀၀၊ Linn IT Solution Co.,Ltd က လှူဒါန်းသည့် ငွေကျပ် ၅၁၈၂၅၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေကာကွယ်ရေး ဝတ်စုံ ၅၀၀၊ နှာခေါင်းစည်း ၅၀၀၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာန (လမ်း/တံတား/ဆ-ဦး/ကျေးလက်) နေပြည်တော်ဝန်ထမ်း မိသားစုတို့က လှူဒါန်းသည့် ငွေကျပ် ၂၀၀၀၀၀၀ တန်ဖိုးရှိ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ ၆၀ တို့ကို သက်ဆိုင်ရာ တာဝန်ရှိသူများက အသီးသီးပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ပြီး အဆိုပါပစ္စည်းများအား နေပြည်တော်ကောင်စီမှတစ်ဆင့် နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ကာ လိုအပ်သည့် နေရာများတွင် ဖြန့်ဝေအသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း (ပြန်/ဆက်)**



## ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး တပ်ကုန်းမြို့နယ် ပြည်သူ့စာကြည့်တိုက်တွင် ပိုးသတ်ဆေးဖျန်း

**တပ်ကုန်း မေ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များလာရောက်ငှားရမ်းကြသော စာပေချစ်မြတ်နိုးသူ ပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။



အဆိုပါရုံးအနေဖြင့် ပြည်သူများ ဝင်/ထွက်သွားလာလျက်ရှိသော နေရာများဖြစ်သည့် ပြည်သူ့စာကြည့်တိုက်ခန်းမ၊ လူထုအခြေပြုဗဟိုဌာန၊ ကလေးစာဖတ်ခန်း၊ ရုံးတွင်း/ ရုံးပြင်နှင့် အားကစားပစ္စည်းများအား မြို့နယ်မီးသတ်ဦးစီးဌာနက ဆေးဖျန်းခြင်း ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဌာန၊ မြန်မာ့စီးပွားရေးဘဏ် စသည့် လူအဝင်/အထွက်များသော ရုံးများကို ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၄-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၇၀၀ | ၃,၈၂၁ | ၃၆,၂၈၈,၂၀၀ |
| MTSH | ၃,၄၅၀ | ၃,၄၅၀ | ၂,၉၄၇ | ၁၀,၁၆၈,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၇ | ၅၆,၀၀၀ |
| FPB | ၂၁,၀၀၀ | ၂၁,၅၀၀ | ၁၃၉ | ၂,၉၂၀,၀၀၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၉၈ | ၂၆၄,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**နေပြည်တော် မေ ၃**

ရန်ကုန်(ရွှေဈေး) ၁၁၃၅၀၀၀ မန္တလေး(ရွှေဈေး) ၁၁၃၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၃၀ ကျပ် | ၅၃၀/၅၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၀၀/၅၆၅ ကျပ် | ၆၀၅/၆၁၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၆၀/၄၀၀ ကျပ် | ၄၃၀/၄၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၄၅ ကျပ် | ၅၄၅/၅၅၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၄၄၅/၄၅၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၅၅/၄၆၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၃၀၅/၃၂၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၅.၄ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၁၇.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၈.၁၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၂.၆၄၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂.၅၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၄၇၈ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၆.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၀၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၄၄.၂၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၇၉.၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ
ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးစိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
စာတည်းများ – ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး – ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ – ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်းသတင်းထောက်များ – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Daily
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် ကရင်ပြည်နယ်မှ ပါဝင်ဆောင်ရွက်နေသူများနှင့် တွေ့ဆုံ၍ လက်တွေ့အခြေအနေများအား အပြန်အလှန်ဆွေးနွေးစဉ်။

❖ ရှေ့ဖုံးမှ

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် ပြည်အရှေ့ရပ်ကွက် ပဒုမ္မာလမ်းမှ ဒေါ်သူဇာဦး၊ မြဝတီမြို့ အမှတ်(၄)ရပ်ကွက်မှ ရွှေ့ပြောင်းလုပ်သားစောင့်ကြည့်လေ့လာရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြတ်နှင့် မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ရဲစခန်းဝင်းနေ ရဲတပ်ကြပ်ကြီး မင်းဇော်ဝင်းတို့က မြန်မာအလုပ်သမားများ ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ အများဆုံးပြန်လည်ဝင်ရောက်လာချိန်တွင် အကြီးမားဆုံးသော စိန်ခေါ်မှု၊ မြဝတီမြို့မှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်မြန်မာအလုပ်သမားများ၏ ကျန်းမာရေးဗဟုသုတနှင့် COVID–19 နှင့်ပတ်သက်၍ နားလည်လက်ခံမှုအခြေအနေ၊ မြန်မာအလုပ်သမားများ၏ ပူးပေါင်းဆောင်ရွက်မှု၊ နေရပ်ပြန်မြန်မာအလုပ်သမားများ၏ အနာဂတ်အလုပ်အကိုင်အတွက် စိုးရိမ်ပူပန်မှုအခြေအနေနှင့် တွေ့ကြုံနေရသည့် အခက်အခဲများ၊ Quarantine ကာလပြီးမြောက်ပါက ကျန်းမာရေးထောက်ခံချက်ထုတ်ပေးရေး၊ ယာဉ်မောင်းများအား ကျန်းမာရေးအသိပညာပေးရေးနှင့် ကျန်းမာရေးအကာအကွယ်ပေးရေး၊ နေရပ်ပြန်မြန်မာနိုင်ငံသားများ အန္တရာယ်ကင်းရှင်းရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများ၊ တွေ့ကြုံရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

**✳ COVID-19 ဖြစ်ပွားနေချိန်၌ တစ်ဦးနှင့်တစ်ဦး စိတ်ပိုင်းဆိုင်ရာစုစည်းမှု ပိုမိုလိုအပ်နေချိန်တွင် ရုပ်ပိုင်းဆိုင်ရာကို ခွာနိုင်သမျှခွာ၍ နေထိုင်ရန်လိုအပ်ပါကြောင်း၊ ယခုစိန်ခေါ်မှုကို အကောင်းဆုံးကျော်လွှားနိုင်ရန် အခြေအနေအရ ကန့်သတ်ချက်များကို ညီညီညွတ်ညွတ်ဖြင့် အားလုံးက ပူးပေါင်းဆောင်ရွက်နိုင်မည်**

**✳ စည်းမျဉ်းစည်းကမ်းများ လိုက်နာနိုင်မည်ဆိုလျှင် COVID-19 ပြန့်ပွားမှုကို လုံးဝရပ်ဆိုင်း၍ မရသော်လည်း ထိန်းမနိုင်သိမ်းမရသည့်အဆင့်သို့ မရောက်ရှိအောင် မိမိတို့အနေဖြင့် ထိန်းသိမ်းသွားနိုင်မည်**

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် ယခုကဲ့သို့ တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာပါကြောင်း၊ COVID–19 ဖြစ်ပွားနေချိန်၌ တစ်ဦးနှင့်တစ်ဦး စိတ်ပိုင်းဆိုင်ရာစုစည်းမှု ပိုမိုလိုအပ်နေချိန်တွင် ရုပ်ပိုင်းဆိုင်ရာကို ခွာနိုင်သမျှခွာ၍ နေထိုင်ရန်လိုအပ်ပါကြောင်း၊ ယခုစိန်ခေါ်မှုကို အကောင်းဆုံးကျော်လွှားနိုင်ရန် အခြေအနေအရ ကန့်သတ်ချက်များကို ညီညီညွတ်ညွတ်ဖြင့် အားလုံးက ပူးပေါင်းဆောင်ရွက်နိုင်မည်၊ စည်းမျဉ်းစည်းကမ်းများ လိုက်နာနိုင်မည်ဆိုလျှင် COVID–19 ပြန့်ပွားမှုကို လုံးဝရပ်ဆိုင်း၍ မရသော်လည်း ထိန်းမနိုင်သိမ်းမရသည့်အဆင့်သို့ မရောက်ရှိအောင် မိမိတို့အနေဖြင့် ထိန်းသိမ်းသွားနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် တစ်ဦးချင်းတစ်ဦးချင်း တာဝန်သိစိတ်ဖြင့် ကိုယ့်အတွက်၊ ကိုယ့်မိသားစုအတွက်၊ ကိုယ့်အသိုင်းအဝိုင်းအတွက်၊ ကိုယ့်နိုင်ငံအတွက် ဝိုင်းဝန်းကြိုးစားကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် လုပ်ငန်းများအား စိစစ်ခွင့်ပြုပေးလျက်ရှိ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၅/၂၀၂၀) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကော်မရှင်အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းနှင့် အဖွဲ့ဝင် ၁၀ ဦး တက်ရောက်ကြသည်။

**စိစစ်ခွင့်ပြုပေး**

အစည်းအဝေးတွင် ဆောင်ရွက်ဆဲလုပ်ငန်း ၁၃ ခုမှ မတည်ငွေရင်းတိုးမြှင့်ခြင်းအပါအဝင် စက်မှုကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍနှင့် အခြားဝန်ဆောင်မှုကဏ္ဍတို့မှ လုပ်ငန်းအသစ် ၁၁ ခုကို ခွင့်ပြုသည်။ အဆိုပါ လုပ်ငန်းများ၏ ရင်နှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ ၅၅၅ ဒသမ ၂၃၃ သန်း နှင့် ငွေကျပ် ၅၁၀၄၀ ဒသမ ၂၆ သန်းရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း ၃၂၃၄ နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။ ကိုဗစ်–၁၉ ကြောင့် အလုပ်အကိုင်ရရှိရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လုပ်သားအခြေပြုလုပ်ငန်းများအား စနစ်တကျ စိစစ်ခွင့်ပြုပေးလျက်ရှိသည်။

**ရင်းနှီးမြှုပ်နှံ**

၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သောနိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ဖြစ်သည်။ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံး ရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၉၄ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့် လည်းကောင်း ရင်းနှီးမြှုပ်နှံထားသည်။ **သတင်းစဉ်**





ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်



ပြည်ထောင်စုဝန်ကြီး
ဦးသိန်းဆွေ



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)
ဗိုလ်ချုပ်ကြီးမြထွန်းဦး

❑ **ကျောဖုံးမှ**

အစည်းအဝေးတွင် ဒုတိယသမ္မတက ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် “Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ”၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ “Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ”ကို နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၀ ပြည့်နှစ် မတ်လ ၃၀ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၅၃/၂၀၂၀ ဖြင့် ဒုတိယသမ္မတ (၁) ဦးဆောင်၍ (၁၀) ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၁၁)ရပ် ချမှတ်ခဲ့ပါကြောင်း။

**အမြန်ဆုံးစစ်ဆေးနိုင်ရေး**

အဆိုပါလုပ်ငန်းတာဝန် (၁၁) ရပ်မှာ မြန်မာနိုင်ငံတွင် စတင်ဖြစ်ပွားနေသည့် COVID–19 ရောဂါပိုး ကူးစက်နေသူများနှင့် အနီးကပ်ထိတွေ့သူများအားလုံးကို ရောဂါလက္ခဏာပြသသည်အထိ စောင့်ဆိုင်းခြင်းမပြုဘဲ စုံစမ်းရှာဖွေဖော်ထုတ်၍ အမြန်ဆုံးစစ်ဆေးနိုင်ရေး၊ Quarantine လုပ်နိုင်ရေးဆောင်ရွက်ရန်၊ ထိုင်းနိုင်ငံနှင့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စနစ်တကျ Quarantine လုပ်နိုင်ရေးဆောင်ရွက်ရာတွင် COVID–19 ရောဂါပိုး ကူးစက်သူများတွေ့ရှိရပါက ယင်းတို့နှင့် အနီးကပ်ထိတွေ့ခဲ့သူများအား စုံစမ်းရှာဖွေဖော်ထုတ်၍ စနစ်တကျ Quarantine လုပ်နိုင်ရေးဆောင်ရွက်ရန်၊ ဒေသတစ်ခုတွင်လည်းကောင်း၊ ဒေသတစ်ခုထက်ပို၍လည်းကောင်း ကူးစက်ပြန့်ပွားမှု ဖြစ်ပွားလာခဲ့ပါက ယင်းဒေသရှိ ပြည်သူများကို “COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ”၏ လမ်းညွှန်မှုဖြင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း၍ Community Quarantine ပြုလုပ်ရန် လိုအပ်လာပါက တင်းတင်းကျပ်ကျပ် ထိန်းချုပ်ဆောင်ရွက်ရန်။

ထိုသို့ဆောင်ရွက်ရာတွင် လိုအပ်သည့် စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးမှုစသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလိုပူးပေါင်းဆောင်ရွက်ရန်၊ ကူးစက်ရောဂါဖြစ်ပွားမှု မြင့်မားလာသည့်ဒေသများ၊ မြင့်မားလာရန် အလားအလာရှိသည့်ဒေသများ၊ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်လျက် မတည်ငြိမ်မှုများ ဖြစ်ပွားလာနိုင်သည့် ဒေသများတွင် Community Quarantine ပြုလုပ်သည့်အခါ ပြည်သူများ အတိအကျလိုက်နာ ဆောင်ရွက်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဆင့်သတ်မှတ်ချက်များနှင့်အညီ အဆင့်လိုက်ဆောင်ရွက်ရာ၌ အရေးကြီးသည့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်။

**စနစ်တကျလုပ်ငန်းစဉ်များ ချမှတ်ပေးရန်**

ဒေသများ၌ Community Quarantine ပြုလုပ်ရပါက မရှိမဖြစ်လိုအပ်သည့် အရောင်းဆိုင်များ၊ ဆေးပစ္စည်းဆိုင်များ ဆက်လက်ဖွင့်လှစ်နိုင်ရေး၊ မရှိမဖြစ် လည်ပတ်ရန် လိုအပ်သည့် စက်ရုံ၊ အလုပ်ရုံများ ဆက်လက်လည်ပတ်နိုင်ရေး၊ ယင်းအရောင်းဆိုင်များ၊ စက်ရုံ၊ အလုပ်ရုံများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်လုံခြုံရေး အစီအစဉ်များချမှတ်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရန်၊ COVID–19 နှင့် စပ်လျဉ်း၍ စောင့်ကြပ်ကြည့်ရှုရမည့်သူများကို Community Based Facility Quarantine ထားရှိမည့် နေရာများသို့ ပို့ဆောင်ရာတွင်လည်းကောင်း၊ ကူးစက်ရောဂါဖြင့် သေဆုံးသွားသူများအား သင်္ဂြိုဟ်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း စနစ်တကျလုပ်ငန်းစဉ်များ ချမှတ်ပေးရန်နှင့် အဆိုပါလုပ်ငန်းစဉ်များနှင့်အညီ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ကြက်ခြေနီတပ်ဖွဲ့၊ လူမှုအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများကို ဆောင်ရွက်စေရန်။

COVID–19 ကူးစက်ပြန့်ပွားမှု မြင့်မားလာနိုင်သည့် အဆိုးဆုံးအခြေအနေအထိ ကြိုတင်မျှော်မှန်း၍ လိုအပ်သည့် စားနပ်ရိက္ခာ၊ ဆေးဝါး၊ Facility၊ Test Kits၊ PPE စသည့် ဆေးပစ္စည်းများ၊ ယာဉ်များ၊ Community Based Facility Quarantine ထားရှိရန် နေရာများ၊ မိမိဆန္ဒအလျောက် ဆန္ဒပြုပါဝင်ဆောင်ရွက်မည့် Volunteer များစသည့် အရင်းအမြစ်များကို အဆင့်လိုက် ကြိုတင်ပြင်ဆင်စုဆောင်းခြင်းအားဖြင့် လက်တွေ့လုံလောက်စွာ စီစဉ်ပေးနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ပြည်သူများအတွင်း ကြောက်လန့်တကြားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်နှင့် အခြားနေရာများတွင် သတင်းမှားဖြန့်ဝေနေသူများကို အမြန်ဆုံးဖော်ထုတ်၍ ရှာဖွေဖမ်းဆီးပြီး တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်ရန်၊ ပြည်သူများအတွင်း ဆေးဝါး၊ ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို အကျိုးအမြတ်သက်သက်ရရှိရေးအတွက် ဈေးတင်ရောင်းချနေသူများအား အမြန်ဆုံးရှာဖွေဖော်ထုတ်ဖမ်းဆီး၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်ရန်။

COVID–19 ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် အရေးကြီးနေရာဌာနများ၊ အများပြည်သူနေရာဌာနများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ Physical Distance ထားရှိခြင်း၊ အသိပညာဖြန့်ဝေခြင်း၊ လိုအပ်သည့် စည်းမျဉ်းများ ထုတ်ပြန်ခြင်းစသည်တို့ကို ရပ်ကွက်နှင့် ကျေးရွာနေ ပြည်သူများအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊ နယ်စပ်ဝင်ပေါက်များ၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များမှ တရားမဝင် ဝင်ထွက်သွားလာမှုများ မရှိစေရေး၊ လုံခြုံရေးနှင့် အဂတိလိုက်စားမှုများ မရှိစေရေးအတွက် တိုင်ကြားရန်ဌာနများ အမြန်ဆုံးဖွင့်လှစ်ခြင်း၊ စည်းမျဉ်းချိုးဖောက်သူများအား ဖော်ထုတ်အရေးယူခြင်း၊ လိုအပ်လျှင် လုံခြုံရေးအစောင့်အရှောက်ထားရှိခြင်း စသည်တို့ကို ဆောင်ရွက်ရန်။

**စနစ်တကျပေါင်းစပ်ညှိနှိုင်း**

“Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ”၏ အတွင်းရေးမှူးရုံးအဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာနတွင် အမြန်ဆုံးဖွင့်လှစ်၍ ကော်မတီ၏ တာဝန်များကို ဆောင်ရွက်ခြင်း၊ အရေးပေါ်ဆက်သွယ်ရန် ဖုန်းလိုင်းများ ဖွင့်လှစ်ခြင်း၊ COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာအဆင့်လိုက် လိုအပ်ချက်များကို ကြိုတင်ပြင်ဆင် ဆောင်ရွက်ခြင်း၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအကြား စနစ်တကျပေါင်းစပ်ညှိနှိုင်းခြင်းတို့ကို ဆောင်ရွက်ရန်နှင့် “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ”မှ ပေးအပ်သော အခြားတာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်တို့ ဖြစ်ပါကြောင်း၊ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်ပါက “လုပ်ငန်းကော်မတီ” နှင့် “ဆပ်ကော်မတီ”များ ထပ်မံဖွဲ့စည်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

Coronavirus Disease 2019 (COVID–19) ရောဂါကူးစက်ပြန့်ပွားမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ကူးစက်ပျံ့နှံ့သော ကပ်ရောဂါ (Pandemic)အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ကြေညာခြင်းမပြုမီကပင် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး “Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အမျိုးသားအဆင့်ဗဟိုကော်မတီနှင့် ကော်မတီများအဆင့်ဆင့်ဖွဲ့စည်းကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံတွင် Coronavirus Disease 2019 (COVID–19) ရောဂါကို ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်တွင် စတင်တွေ့ရှိခဲ့ပြီး ဧပြီလ ၂ ရက်နေ့အထိ ရောဂါပိုးကူးစက်ခံရသူ “၂၀” တွေ့ရှိထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ ၂၀ အနက် (၁)ဦးသည် မတ်လ ၃၁ ရက်တွင် ကွယ်လွန်သွားခဲ့ကြောင်း သိရှိရသည့်အတွက် Coronavirus Disease 2019 (COVID–19) ကို ယခုထက်ပိုမို ထိထိရောက်ရောက် ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “စည်းမျဉ်းစည်းကမ်းများ၊ ဆောင်ရန်နှင့် ရှောင်ရန်အချက်များ”နှင့် သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထုတ်ပြန်ထားသည့် “ဒေသန္တရအမိန့်များ” ကို တစ်ဦးချင်း အလေးအနက်ထားကာ တိတိကျကျလိုက်နာ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

**ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်မည်**

ထို့ပြင် COVID–19 ကူးစက်ရောဂါ မဖြစ်ပွားစေရေးအတွက် အရေးကြီးနေရာများနှင့် အများပြည်သူများနှင့် သက်ဆိုင်သည့်နေရာများတွင် ပိုးသတ်ဆေးဖျန်းခြင်း၊ Physical Distance ထားရှိခြင်း၊ အသိပညာဖြန့်ဝေခြင်းစသည်တို့ကို ရပ်ကွက်နှင့် ကျေးရွာနေ ပြည်သူများအဆင့်အထိ ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စနစ်တကျပေါင်းစပ်ညှိနှိုင်း ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါကြောင်း။

COVID–19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်ပနိုင်ငံများမှ ပြန်လာသူများအား သတ်မှတ်ထားသောနေရာများတွင် ၁၄ ရက်ထားရှိ၍ အသွားအလာတားမြစ်ပိတ်ပင်ကန့်သတ်ခြင်း (Community–based Facility Quarantine)၊ ဟိုတယ်များတွင် အသွားအလာတားမြစ် ပိတ်ပင်ကန့်သတ်ခြင်း (Hotel Quarantine)၊ နေအိမ်များတွင် အသွားအလာတားမြစ် ပိတ်ပင်ကန့်သတ်ခြင်း (Home Quarantine) လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးဝန်ထမ်းများ၏ အင်အားဖြင့်သာ ဆောင်ရွက်၍ မရနိုင်သည့်အတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ စေတနာ့ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများအားလုံးပူးပေါင်းပါဝင် ကြီးကြပ်ဆောင်ရွက်ပေးမှသာ လုပ်ငန်းထိရောက်အောင်မြင်ပြီး ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ပါကြောင်း။

Coronavirus Disease 2019 (COVID–19) ရောဂါသည် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ပျံ့နှံ့လျက်ရှိသည့်အတွက် ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများအပြင် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများကိုလည်း နိုင်ငံတိုင်းတွေ့ကြုံရင်ဆိုင်နေရပါကြောင်း၊ နိုင်ငံများအနေဖြင့် စီးပွားရေးဆိုင်ရာ ထိခိုက်မှုများကို တုံ့ပြန်နိုင်ရေးအတွက် Stimulus Package များကို မိမိနိုင်ငံ၏ အခြေအနေများနှင့်အညီ ချမှတ်ဆောင်ရွက်လျက်ရှိရာ မိမိတို့နိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများ ကျင့်သုံးဆောင်ရွက်နေသကဲ့သို့ ဘဏ်တိုးနှုန်းများ လျှော့ချပေးခြင်း၊ အတိုးနှုန်းသက်သာသည့် ဘဏ်ချေးငွေများ ထုတ်ပေးနိုင်ရန် ဆောင်ရွက်ပေးခြင်း၊ အခွန်ပေးဆောင်ရမည့် ကာလရွှေ့ဆိုင်းပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ဌာနအသီးသီးက ကောက်ခံသည့် လိုင်စင်ကြေး၊ ပါမစ်ကြေး အပါအဝင် အခကြေးငွေများကိုလည်း လျှော့ချကောက်ခံပေးနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ကုန်စည်စီးဆင်းမှုတွင် အထောက်အကူဖြစ်စေရေးအတွက် လမ်းတံတားဖြတ်သန်းခများ လျှော့ချကောက်ခံခြင်း၊ ကင်းလွတ်ပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး**

Coronavirus Disease 2019 (COVID–19) ရောဂါကြောင့် တစ်နိုင်ငံလုံးအကျိုးအတွက် လိုအပ်လျှင် အချို့သောနေရာများတွင် အသွားအလာကန့်သတ်ခြင်းအစီအစဉ် (Community Quarantine) ကဲ့သို့ ကန့်သတ်မှုမျိုးကို လုပ်ဆောင်ရမည်ဖြစ်သည့်အတွက် အဆိုပါဒေသရှိ ပြည်သူများအနေဖြင့် သတ်မှတ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနများအနေဖြင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို စီမံချက်များရေးဆွဲ၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း။

Quarantine ပြုလုပ်ရာတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိသူများ၊ ပြည်သူများအတွင်း ကြောက်လန့်တကြားဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လူမှုကွန်ရက်နှင့် အခြားနေရာများတွင် သတင်းမှားဖြန့်ဝေနေသူများ၊ ဆေးဝါး၊ ရိက္ခာနှင့် လူသုံးကုန်ပစ္စည်းများကို အကျိုးအမြတ်သက်သက်ရရှိရေးအတွက် ဈေးတင်ရောင်းချနေသူများကို တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်ရန် လိုအပ်ပြီး ထိုသို့အရေးယူဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်သူများသိရှိစေရေး ချပြဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**စာမျက်နှာ ၅ သို့ ***

## ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်

**ယနေ့ကာလသည် အတိတ်သမိုင်းကို သင်ခန်းစာယူကာ သံသယနှင့် ပဋိပက္ခများ ကင်းစင်ပပျောက်ပြီး ရေရှည်တည်တံ့သည့် စစ်မှန်သော ငြိမ်းချမ်းရေးရရှိရန် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုရရှိရေးအတွက် ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အချိန်အခါဖြစ်ပါသည်။ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ အစည်းအဝေးများကို သုံးကြိမ်အထိ အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေးအတွက် လိုအပ်သော သဘောတူညီချက်အချို့ကိုလည်း ရရှိထားပါသည်။ တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တလျက်ရှိသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းလာရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။**

*[နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်]*



✻ စာမျက်နှာ ၄ မှ

နှစ်နိုင်ငံနယ်နိမိတ်နှင့် ထိစပ်လျက်ရှိသော ဒေသများအပါအဝင် တရားဝင် ဝင်/ထွက် ပေါက်များမှ ပြန်လည်ဝင်ရောက်လာသူများနှင့် ပတ်သက်၍ အထူးပြောကြားလိုသည်မှာ ၎င်းတို့အနေဖြင့် သတ်မှတ်နေရာများတွင် စည်းကမ်းချက်များနှင့်အညီ Quarantine ပြုလုပ်မှုကို ကြည်ဖြူစွာ လက်ခံပူးပေါင်းပေးကြရေး စည်းရုံးဆောင်ရွက်သွားကြရန်နှင့် စည်းရုံးခြင်းဖြင့် ဆောင်ရွက်၍မရပါက သက်ဆိုင်ရာဥပဒေအရ အရေးယူသွားမည်ဆိုသည်ကို သိရှိအောင် ချပြကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အမျိုးသားရေးတာဝန်အဖြစ် ဆောင်ရွက်ခြင်းဖြစ်သည်ဆိုသည်ကို အားလုံးနားလည်သဘောပေါက်ထားရန် လိုအပ်ပါကြောင်း။

**ကြိုတင်စီမံထားရန်လိုအပ်**

ထို့ပြင် Coronavirus Disease 2019 (COVID–19) ကူးစက်မှုသည် ယခုထက် ပိုမိုကျယ်ပြန့်များပြားလာပါက ထိထိရောက်ရောက် ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် ရောဂါဖြစ်ပွားနေသည့် နယ်မြေ၊ ဒေသအလိုက် လုံခြုံရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးဆိုင်ရာ လုပ်ငန်းများကို ကြိုတင်စီမံထားရန်လိုအပ်ပါကြောင်း၊ အဆိုပါ နယ်မြေ၊ ဒေသအတွင်း အခြေခံဝန်ဆောင်မှုများ ပုံမှန်ပေးနိုင်ရေး၊ အစားအစာနှင့် အခြေခံလူသုံးကုန်ပစ္စည်းများ ပြတ်တောက်မှုမရှိစေရေး၊ အထောက်အပံ့ လိုအပ်သူများအတွက် အစားအစာနှင့် အခြေခံ လိုအပ်ချက်များ ထောက်ပံ့ပေးနိုင်ရေး၊ အခြေခံ ကုန်စည်ပို့ဆောင်ရေး၊ အရေးပေါ်လူနာများ သယ်ယူပို့ဆောင်ရေး လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖွဲ့စည်းထားရှိရေး၊ ဆေးဝါးကုသရေးအတွက် လိုအပ်သည့်ပစ္စည်းများနှင့် အဆောက်အဦများကို ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားနိုင်ရေးတို့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် ယခုကတည်းက စီမံချက်များ စနစ်တကျရေးဆွဲကာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြား လိုပါကြောင်း။

**သေချာစွာတွက်ချက်**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများ ပြည့်စုံလုံလောက်စွာ ထားရှိနိုင်ရေးအတွက် လိုအပ်ချက်များကို သေချာစွာတွက်ချက်ကာ ထပ်မံဝယ်ယူသွားရန်နှင့် ဝယ်ယူရာတွင်လည်း အရည်အသွေးပြည့်မီသည့် ပစ္စည်းများကိုသာ စိစစ်ဝယ်ယူအသုံးပြုသွားကြရန် လိုအပ်ပါကြောင်း။

**နှစ်နိုင်ငံနယ်နိမိတ်နှင့် ထိစပ်လျက်ရှိသော ဒေသများအပါအဝင် တရားဝင် ဝင်/ထွက် ပေါက်များမှ ပြန်လည်ဝင်ရောက်လာသူများနှင့် ပတ်သက်၍ အထူးပြောကြားလိုသည်မှာ ၎င်းတို့အနေဖြင့် သတ်မှတ်နေရာများတွင် စည်းကမ်းချက်များနှင့်အညီ Quarantine ပြုလုပ်မှုကို ကြည်ဖြူစွာ လက်ခံပူးပေါင်းပေးကြရေး စည်းရုံးဆောင်ရွက်သွားကြရန်နှင့် စည်းရုံးခြင်းဖြင့် ဆောင်ရွက်၍မရပါက သက်ဆိုင်ရာဥပဒေအရ အရေးယူသွားမည်ဆိုသည်ကို သိရှိအောင် ချပြကြရမည်**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်သိပြည်သူများ၏ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေမှုများကို မိမိတို့အနေဖြင့် အသိအမှတ်ပြု မှတ်တမ်းတင်ထားရှိမည်ဖြစ်ပြီး ၎င်းတို့ တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းပူးပေါင်း ဆောင်ရွက်ပေးနေမှုများအပေါ် နိုင်ငံတော်အစိုးရကိုယ်စား၊ ပြည်သူလူထုများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုပါကြောင်း။

**ပွင့်ပွင့်လင်းလင်းဆွေးနွေး**

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးလုပ်ငန်းများ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး အတွက် ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသူများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများနှင့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပေးကြရန် ဖိတ်ခေါ်ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး(၁)၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသူက Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များအပေါ် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ အမျိုးသားအဆင့်ဗဟိုကော်မတီ၏ အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ အတွင်းရေးမှူး(၂)၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က “Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ အတွင်းရေးမှူးရုံးအဖွဲ့” ဖွဲ့စည်းထားရှိမှုအခြေအနေ၊ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဆင့်အလိုက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အရေးပေါ်အခြေအနေတွင် တုံ့ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကော်မတီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးတို့က COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် အရေးပေါ်တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် တပ်မတော်အနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်နိုင်ဦးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းတို့က Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများ၊ COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နယ်စပ်ဝင်ပေါက်များ၊ အပြည်ပြည်ဆိုင်ရာ ဝင်ပေါက်များမှ မိမိနိုင်ငံသားများ ပြန်လည်ဝင်ရောက်လာမှုအခြေအနေများ၊ အလုပ်သမားရေးရာ ကိစ္စရပ်များ၊ COVID–19 ရောဂါကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတ ဦးမြင့်ဆွေက ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း အာဆီယံ + ၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မေ ၃**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အာဆီယံနိုင်ငံများနှင့် တရုတ်၊ ဂျပန်၊ ကိုရီးယားနိုင်ငံတို့မှ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံ+၃ မက်ခရိုစီးပွားရေးသုတေသနရုံးတို့မှ တာဝန်ရှိသူများပါဝင်သော Teleconference ဖြင့်ပြုလုပ်သည့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အထူးအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

**ဆွေးနွေး**

အစည်းအဝေးတွင် အာဆီယံ+၃ မက်ခရိုစီးပွားရေးသုတေသနရုံး(AMRO)မှ အာဆီယံဒေသတွင်း ဘဏ္ဍာရေးနှင့် စီးပွားရေးဆိုင်ရာအခြေအနေများ၊ ငွေကြေးဈေးကွက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များနှင့် ကမ္ဘာအနှံ့ ပြန့်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်လျက်ရှိသည့် အခက်အခဲများနှင့် စိန်ခေါ်မှုများအပေါ် သုံးသပ်တင်ပြခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် ဘဏ္ဍာရေးဆိုင်ရာ မူဝါဒချမှတ်ဆောင်ရွက်ထားရှိမှုများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ စီစဉ်ထားရှိမှုများ၊ SME လုပ်ငန်းများ အရှိန်မပျက်ဆောင်ရွက်နိုင်ရေးအတွက် အတိုးနှုန်းသက်သာသောချေးငွေများ ပံ့ပိုးပေးနိုင်ရေး အစီအစဉ်များ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးမှာ ပုံမှန်အားဖြင့် အလှည့်ကျ အိမ်ရှင်နိုင်ငံတွင် ကျင်းပပြုလုပ်သော အစည်းအဝေးဖြစ်သော်လည်း ကိုဗစ်-၁၉ အခြေအနေကြောင့် Teleconference ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး အစည်းအဝေးမှာ နှစ်နာရီခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# စံပြဇာတ်ဆောင်

## (ကိုမြင့်မောင်များနှင့် လတ်ငြိမ်းများသို့ ဂုဏ်ပြုအမှတ်တရ)

■ **ပန်းသွန်းသွန်းခက်**

ကိုဗစ်ကြောင့် အိမ်မှာနေရသောအချိန်များတွင် စာဖတ်လိုက်၊ သတင်းကြည့်လိုက်နှင့် အချိန်တွေကို အသုံးချဖြစ်နေသည်။ သတင်းများကိုကြည့်ရင်း ကိုဗစ်ရောဂါပိုးရှိသူများတွေ့သည့် ဆေးရုံများတွင် နေ့မနား ညမနား သွားရောက်တာဝန်ထမ်းဆောင်နေကြသော၊ စေတနာ့ဝန်ထမ်းတွေအဖြစ် သွားရောက်ရန် ဆုံးဖြတ်ကြသော ဆရာဝန်များ၊ သူနာပြုများ၏ ပုံရိပ်များ၊ သတင်းများကို တွေ့ရမြင်ရတော့ ကြည်နူးဂုဏ်ယူဝမ်းသာမိသည်။ ရှေ့တန်းမှ ကာကွယ်တိုက်ပွဲဝင်နေကြသော သူတို့တွေကို စာနာသောအားဖြင့် ကိုယ်ကိုယ်တိုင် တတ်နိုင်သရွေ့ အိမ်ထဲမှာနေဖြစ်ရင်း အပျင်းပြေအဖြစ် ဝတ္ထုများ ဖတ်ဖြစ်သည်။ ဝတ္ထုဖတ်ရင်းမှ ဝတ္ထုထဲမှ ဇာတ်ဆောင်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ စဉ်းစားကြည့်မိပြန်သည်။

ဇာတ်ဆောင်ဆိုသည်မှာ "ဇာတ်လမ်းတွင် ပါဝင်လှုပ်ရှားသူ" ဟု ကျွန်မတို့ သင်ခဲ့ဖူး၊ မှတ်သားခဲ့ဖူးသည်။ ဝတ္ထုရေးဆရာများသည် ဇာတ်ဆောင်များကို ဖန်တီးသည့်နေရာတွင် လူသားအားလုံးအတွက် အားကျအတုယူစရာစံပြဇာတ်ဆောင်တွေကို အများအားဖြင့် ဖန်တီးလေ့ရှိကြကြောင်း သတိရမိပြန်သည်။ စံပြဇာတ်ဆောင်များသည် သာမန်လူတို့မရှိနိုင်သော အကျင့်စရိုက်များ၊ တစ်နည်းအားဖြင့် သာမန်လူများထက် ထူးခြားသော စရိုက်များကို ပိုင်ဆိုင်ထားတတ်ကြပြီး လူ့လောကကို တစ်နည်းမဟုတ် တစ်နည်း အကျိုးပြုနေသူဖြစ်နေတတ်သည်။ ဝတ္ထုတစ်ပုဒ်တွင် စံပြဇာတ်ဆောင်သည် အဓိကဇာတ်ဆောင်ဖြစ်ချင်ဖြစ်တတ်သည်၊ တစ်ခါတစ်ရံတော့ အရံဇာတ်ဆောင်လည်း ဖြစ်နိုင်သည်။ သို့မဟုတ် စံပြဇာတ်ဆောင်သည် တစ်ယောက်တည်းလည်း ဖြစ်နိုင်သလို အများလည်းဖြစ်နိုင်သည်။ သို့သော် လူသားတို့အတွက် အားကျအတုယူဖွယ် ဂုဏ်အရည်အချင်း တစ်ခုခုတော့ ရှိနေတတ်သည့် သဘောရှိပါသည်။

တစ်ပြိုင်နက်တည်းမှာပင် ကျွန်မတို့ မြန်မာစာသမားများနှင့် မစိမ်းသည့် ဆရာဝန်ဇာတ်ဆောင်ကို စံပြဇာတ်ဆောင်အဖြစ် ဖန်တီးထားသော ဝတ္ထုနှစ်ပုဒ်ကို သွားသတိရမိသည်။

ထိုဝတ္ထုများသည် တတိယနှစ် မြန်မာစာအထူးပြုတန်းတွင် ပြဋ္ဌာန်းခဲ့ဖူးသော၊ ပြဋ္ဌာန်းနေဆဲဖြစ်သော ဝတ္ထုများဖြစ်သည်။ ပထမတစ်ပုဒ်က ဆရာကြီးရွှေလင်းယုန်၏ "သူ" ဝတ္ထုဖြစ်ပြီး ဒုတိယတစ်ပုဒ်က ဆရာလက်ျာရည်ကျော်၏ "ကြိုးကြာတောင်ပံခတ်သံ" ဝတ္ထုဖြစ်သည်။ "သူ" ဝတ္ထုကို ယခင်က ပြဋ္ဌာန်းခဲ့သဖြင့် ကျွန်မတို့ သင်ခဲ့ရသည်။ ယခုခေတ် ကျောင်းသားများကတော့ ကြိုးကြာတောင်ပံခတ်သံကိုသာ သိပါလိမ့်မည်။ ဝတ္ထုနှစ်ပုဒ်လုံးသည် ခေတ်အခြေအနေချင်း မတူညီသော်လည်း အဓိကဇာတ်ဆောင်များသည် ဆရာဝန်များဖြစ်နေကြခြင်းနှင့် အများအကျိုးကို ကိုယ်ကျိုးစွန့်အနစ်နာခံထမ်းရွက်ခြင်းဟူသော ရည်ရွယ်ချက်ချင်းက တူညီသည်။

ပထမတစ်ပုဒ်ဖြစ်သော "သူ" ဝတ္ထုတွင် အဓိကဇာတ်ဆောင်မှာ ကိုမြင့်မောင်ဖြစ်သည်။

"သူ" ဝတ္ထုတွင် စိတ်သဘောထားမွန်မြတ်လှသော ဆရာဝန်ကိုမြင့်မောင်၏ လေးစားချီးကျူးဖွယ်ကောင်းသော၊ ကိုယ်ကျိုးစွန့်အနစ်နာခံစိတ်၊ ပရဟိတစိတ်ဓာတ်နှင့် အမူအကျင့်တို့ကို ပေါ်လွင်အောင်ရေးဖွဲ့ထားပါသည်။

"ကိုမြင့်မောင်သည် လူ့လောကပတ်ဝန်းကျင်က လိုလားနှစ်သက်သော ဇာတ်ဆောင်ဖြစ်သည်။ အပြုအမူအကျင့်စာရိတ္တမွန်မြတ်သကဲ့သို့ သည်းခံမှုလွန်ကဲသည်။ အများအကျိုးကို စွမ်းစွမ်းတမံ သယ်ပိုးထမ်းရွက်သူဖြစ်သည်" စသည်ဖြင့် စာအော်ပြီး ကျက်မှတ်ခဲ့ဖူးပါသည်။ ကျွန်မတို့ "သူ" ဝတ္ထုကိုသင်စဉ်ကစ၍ ယခုထိအမှတ်ရနေသော ဇာတ်ကွက်မှာ ပုလိပ်ရောဂါကျရောက်နေသော အချိန်တွင် တောရွာများသို့ နေ့ညမနားဘဲ သွားရောက်ဆေးကုသပေးခဲ့ပုံ၊ နှလုံးသားရေးထက် လူနာများ၏ အရေးကိစ္စကိုသာ ပဓာနထားခဲ့သဖြင့် ချစ်သူကို ဆုံးရှုံးခဲ့ရပုံပင်ဖြစ်သည်။

ကိုမြင့်မောင်နှင့်ပတ်သက်၍ ကျွန်မတို့ သူငယ်ချင်းတစ်သိုက် ဆွေးနွေးတိုင်း အရာရာသည်းခံလွန်းသော၊ ကိုယ့်အကျိုးထက် သူများအကျိုးသာ ထမ်းရွက်သော၊ နောက်ဆုံးဒုက္ခိတဘဝ ဖြစ်ရသည်အထိ သည်းခံနိုင်လွန်းသော ကိုမြင့်မောင်အပေါ် အားမလိုအားမရနှင့် သူကလည်း ဒီလို လုပ်လိုက်ပါလား၊ ဒီလို ရှင်းပြလိုက်ရင်ပြီးရောနှင့် မကျေမနပ်ဖြစ်ခဲ့ရသည့် အဖြစ်များကို သတိရမိသည်။ နောက်ဆုံးတွင် "ကိုမြင့်မောင်သည် လူ့လောကအတွက် လိုလားသော၊ အားကျအတုယူထိုက်သော စံပြဇာတ်ဆောင်ပင်ဖြစ်သည်"ဟု နိဂုံးချုပ်တတ်ကြသော်လည်း တကယ့်ပြင်ပတွင်မူ "ကိုမြင့်မောင်လိုလူတော့ အပြင်မှာ ရှိမယ်မထင်ပါဘူးကွာ" ဟု ရယ်ပဟာနှင့် မှတ်ချက်ပေးခဲ့ကြသေးသည်ပင်။

ဒုတိယတစ်ပုဒ်ဖြစ်သော "ကြိုးကြာတောင်ပံခတ်သံ" ဝတ္ထုမှာတော့ အဓိကဇာတ်ဆောင်က ဒေါက်တာလတ်ငြိမ်း(ခေါ်) ချင်းတောင်လတ်ငြိမ်း(ခေါ်) ကိုလတ် ဖြစ်သည်။ ဆရာလက်ျာရည်ကျော်သည် ပြင်ပတွင် တကယ်ရှိသော ဆရာဝန်ကြီး ဒေါက်တာသိန်းလှိုင် (ခ) နာဂသိန်းလှိုင်၏ လေးစားအတုယူဖွယ် ဆရာဝန်စိတ်ဓာတ်နှင့် စာရေးသူကိုယ်တိုင် မိမိကိုယ်ကို အားမရခြင်း၊ မကျေနပ်ခြင်း၊ ကိုယ့်ကိုယ်ကိုယ်အထင်သေးခြင်းများ စသည့် အချက်အလက်များကို ပေါင်းစပ်ကာ ဖန်တီးခဲ့သည်ဟု မှတ်သားရပါသည်။

အားအင်အပြည့်ဖြင့် အများအကျိုးကို သယ်ပိုးစေသော စေတနာရည်ရွယ်ချက်ကို မိုင်ထောင်ချီ ပျံသန်းနေသော ကြိုးကြာငှက်တို့၏ အားမာန်ဖြင့် ကိုလတ်ဟူသော စံပြဇာတ်ဆောင်ကို ဖန်တီးခဲ့ကြောင်း သိရသည်။

"ဘာလီရည်တစ်ပုလင်းနဲ့ ညနေအထိ အမြဲလူနာကြည့်တာတွေ၊ ဆေးရုံကို လှူကြတာတွေ၊ အလှူရှင်တွေအားနဲ့ တိုးချဲ့ဆောင် ဆောက်ရတာတွေ၊ အိပ်ပျက်လွန်းလို့ ခဏခဏ ရင်ကျပ်ကျပ်နေတယ်ဆိုတာတွေ၊ အလုပ်ကိုအလွန် မဲလုပ်တာပဲဆိုတာတွေ . . ." စသည်ဖြင့် ဒေါက်တာလတ်ငြိမ်း၏ အများအကျိုးအတွက် ကိုယ်ကျိုးစွန့်ပုံများကို အားကျလေးစားဖွယ် ဖတ်မှတ်ခဲ့ရသည်။

သွားလာရေးခက်ခဲသော ချင်းတောင်တွင် ဒုက္ခခံ ကိုယ်ကျိုးစွန့်ကာ တာဝန်ထမ်းဆောင်ခဲ့သော ဒေါက်တာလတ်ငြိမ်းကို ချင်းတောင်တွင်ပြန်လည်ထမ်းဆောင်ရမည်ဟု သတင်းကြားရုံနှင့်ပင် ဒေသခံများက ဝမ်းသာလှိုက်လှဲစွာဖြင့် ကားများနှင့် ဆင်းကာလာကြိုနေကြသည်ဆိုသော အဖြစ်က ကြက်သီးထလောက်အောင် ကြည်နူးရသည့် ဇာတ်ကွက်ဖြစ်သည်။ တစ်ဆက်တည်းမှာလည်း "လတ်ငြိမ်းလိုလူမျိုးတော့ တစ်ရာမှာ တစ်ယောက်ရှိနိုင်ပဲ့မလားမသိဘူးနော်" ဟု မရေရာ မသေချာသော၊ ဘဝင်မကျသော စိတ်ဖြင့် ဆရာတပည့်တွေ အဆုံးသတ်ရမြဲပင်။

အခုတော့ ကိုဗစ်ကို အကြောင်းပြုလျက် ဝတ္ထုထဲက လူတွေကို ကျွန်မတို့ မျက်ဝါးထင်ထင် မြင်ခဲ့ရလေပြီ။ ကိုဗစ်ရောဂါပိုးရှိသူ တီးတိန်မှာတွေ့ပြီဟု ဆိုသောအခါ ချက်ချင်း တီးတိန်မှာသွားကူဖို့ စေတနာ့ဝန်ထမ်းအဖြစ် ချက်ချင်း ဆုံးဖြတ်ချက်ချခဲ့ကြသော ဆရာဝန်လေးများ၊ ဝေဘာဂီမှာတော့ လူနာတွေ ပုံနေပြီဟု ဆိုသောအခါ ချက်ချင်းသွား ရောက်ကူညီဖို့ဆုံးဖြတ်ခဲ့သော ဆရာဝန်များ၊ သူနာပြုသင်တန်းတက်နေဆဲမှာပင် မြဝတီသို့ သွားရောက်ရန် မိမိတို့ကိုယ်ကို သရဏဂုံတင်ပြီး တက်တက်ကြွကြွ သွားခဲ့ကြသော သူနာပြုကလေးများ၊ ရှေ့တန်းမှထွက်ကာ ကာကွယ်ကုသပေးနေသူများကို စိတ်ဓာတ်မကျအောင် နောက်တန်းမှ လိုသမျှဖြည့်ဆည်းပေးနေကြသော အမြို့မြို့ အနယ်နယ်ဆေးရုံအသီးသီးမှ တာဝန်ကျကြသော ဆရာဝန်များ၊ ၁၄ ရက်စောင့်ကြည့်စခန်းများတွင် အချိန်ပြည့်နေပေးကြသော ကျန်းမာရေးဝန်ထမ်းများ၊ ထိုသူများ၏ သတင်းများ တက်လာတိုင်း တက်လာတိုင်း ကြက်သီးထလောက်အောင်ပင် လှိုက်လှဲစွာ ဂုဏ်ယူမိသည်။

ဝတ္ထုရေးဆရာများသည် စံပြဇာတ်ဆောင်များကို ဖန်တီးရာတွင် သာမန်လူသားတို့ မဖြေရှင်းနိုင်သော ပြဿနာတစ်ခုခုကို ချပြကာ စံပြဇာတ်ဆောင်ကို ဖြေရှင်းခိုင်းသည်။ ထိုစံပြဇာတ်ဆောင်ကို အခက်အခဲပေါင်းများစွာဖြင့် တွေ့ကြုံစေပြီးကာမှ နောက်ဆုံး ဂုဏ်ယူစရာ အားကျလေးစားစရာ ဖြစ်ရပ်မျိုးနှင့် အဆုံးသတ်ပေးတတ်ကြောင်း လေ့လာမှတ်သားခဲ့ဖူးသည်။ အများပြည်သူများ ဒုက္ခရောက်သည့်အချိန်များတွင် ကူညီရန်ရောက်လာကြသော Superman တို့၊ Spiderman တို့ စသော သူတို့ကို ကျွန်မတို့ ငယ်ငယ်က နှစ်သက်စွာ၊ လေးစားစွာ၊ အားကျစွာ၊ ဂုဏ်ယူစွာ ကြည့်ခဲ့ဖူးကြသည်မဟုတ်ပါလား။ ဒုက္ခရောက်တိုင်း သူတို့ကို တမ်းတခဲ့ကြဖူးသည်မဟုတ်လား။

ယခု လည်း ကျွန်မတို့ မြန်မာနိုင်ငံတွင် "ကိုမြင့်မောင်တွေ၊ လတ်ငြိမ်းတွေ အများကြီးပါလားဟေ့" လို့ ဂုဏ်ယူလို့ရခဲ့ပါပြီ။ ရောဂါကပ်ဆိုးကြီးမှ ကင်းဝေး၍ ကျောင်းပြန်ဖွင့်လျှင် သင်ကြားရမည့် ဝတ္ထုများအတွက် သင်ထောက်ကူပစ္စည်းများက ဝေးဝေးလံလံကို ရှာစရာမလိုတော့ပေ။ ရောဂါကပ်ဆိုးကြီးကို လောလောလတ်လတ်ကြုံခဲ့ရသော ကျွန်မတို့ ဆရာတပည့်တွေအားလုံးအတွက် သူ့ဝတ္ထုထဲက ကိုမြင့်မောင်ကို သင်တိုင်း၊ ကြိုးကြာတောင်ပံခတ်သံထဲက လတ်ငြိမ်းကို ပြောတိုင်း သက်ရှိ ကိုမြင့်မောင်တွေ၊ လတ်ငြိမ်းတွေကို ပြနိုင်ခဲ့ပါပြီ။ ဝတ္ထုထဲက ကိုမြင့်မောင်နှင့် လတ်ငြိမ်းတို့ထက် စိတ်ဓာတ်ပိုမြင့်မားသော၊ စွန့်လွှတ်စွန့်စားသော သက်ရှိ ကိုမြင့်မောင်များ၊ သက်ရှိ လတ်ငြိမ်းများ ကျွန်မတို့ပတ်ဝန်းကျင်တွင် ရှိနေခဲ့ပါပြီ. . .။

(ရှေ့တန်းကလူတွေကို ဂုဏ်ယူစာနာသောအားဖြင့် ကာကွယ်ရေးနည်းလမ်းများအတိုင်း မိမိကိုယ်ကို အတတ်နိုင်ဆုံး ကာကွယ်နေထိုင်ကြပါစို့လို့ တိုက်တွန်းလိုက်ပါရစေ)

**ရောဂါကပ်ဆိုးကြီးမှ ကင်းဝေး၍ ကျောင်းပြန်ဖွင့်လျှင် သင်ကြားရမည့် ဝတ္ထုများအတွက် သင်ထောက်ကူပစ္စည်းများက ဝေးဝေးလံလံကို ရှာစရာမလိုတော့ပေ။ ရောဂါကပ်ဆိုးကြီးကို လောလောလတ်လတ်ကြုံခဲ့ရသော ကျွန်မတို့ ဆရာတပည့်တွေအားလုံးအတွက် သူ့ဝတ္ထုထဲက ကိုမြင့်မောင်ကို သင်တိုင်း၊ ကြိုးကြာတောင်ပံခတ်သံထဲက လတ်ငြိမ်းကို ပြောတိုင်း သက်ရှိ ကိုမြင့်မောင်တွေ၊ လတ်ငြိမ်းတွေကို ပြနိုင်ခဲ့ပါပြီ။ ဝတ္ထုထဲက ကိုမြင့်မောင်နှင့် လတ်ငြိမ်းတို့ထက် စိတ်ဓာတ်ပိုမြင့်မားသော၊ စွန့်လွှတ်စွန့်စားသော သက်ရှိ ကိုမြင့်မောင်များ၊ သက်ရှိ လတ်ငြိမ်းများ ကျွန်မတို့ပတ်ဝန်းကျင်တွင် ရှိနေခဲ့ပါပြီ. . .**

# ကမ္ဘောဇဘဏ်မှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး အထောက်အကူပြုပစ္စည်းများ ထပ်မံရောက်ရှိ

**ရန်ကုန် မေ ၃**

ကိုဗစ်-၁၉ရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇဘဏ်က ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများကို MAI စင်းလုံးငှားလေယာဉ်ဖြင့် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ ရန်ကုန်မြို့သို့ တိုက်ရိုက်သယ်ယူပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ မေ ၃ ရက်တွင် ကမ္ဘောဇဘဏ်၏ ဒုတိယအမှုဆောင်အရာရှိချုပ် ဒေါ်နန်းလိုင်းခမ်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်ထံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပေးအပ်လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးအတွက် ငွေကျပ်သိန်း ၁၄၀၀၀ ကျော်တန်ဖိုးရှိဥရောပအရည်အသွေးမီ ဆေးရုံသုံးပစ္စည်းများဖြစ်သည့် CE Standard PPE ဝတ်စုံ ၂၃၀၀၀၊ ဆေးရုံသုံး နှာခေါင်းစည်း ၇၀၀၀၀၀၊ ၅၀၀ မီလီ ပါဝင်သည့် Hand Gel ဘူး ၁၀၀၀၀၊ အပူချိန်တိုင်းစက် ၃၀၀၊ N95 နှာခေါင်းစည်း ၁၇၀၀၀၊ မျက်မှန် ၁၇၀၀၀၊ ဖိနပ်စွပ် ၁၅၀၀၀၊ ဆေးရုံသုံးလက်အိတ်အတို ၁၅၀၀၀၊ ဆေးရုံသုံးလက်အိတ်အရှည် ၁၅၀၀၀၊ မျက်နှာအကာ ၁၅၀၀၀ နှင့် ခွဲစိတ်ခန်းသုံး လက်အိတ် ၁၀၀၀၀ ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းပေးခဲ့သည်။

အဆိုပါလှူဒါန်းထားသော ဆေးရုံသုံး ပစ္စည်းများသည် မတ်လ စတုတ္ထပတ်မှ စတင်၍ ကုန်းလမ်းဖြင့် ဆက်တိုက်ရောက်ရှိနေသော်လည်း အမြန်ဆုံးနှင့် အထိရောက်ဆုံး ကာကွယ်ကုသနိုင်ရန်အတွက် MAI စင်းလုံးငှားလေယာဉ်ဖြင့် အမြန်ဆုံးသယ်ယူလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ယခု MAI စင်းလုံးငှား လေယာဉ်ဖြင့် တရုတ်နိုင်ငံ ကွမ်ကျိုးမြို့မှ တိုက်ရိုက်သယ်ယူရာတွင် အရေးပေါ်လိုအပ်နေသော CE Standard PPE ဝတ်စုံ၊ KN95 နှာခေါင်းစည်း၊ ခွဲစိတ်ခန်းသုံးနှာခေါင်းစည်း၊ မျက်မှန်၊ မျက်နှာအကာ၊ ခွဲစိတ်ခန်းသုံးလက်အိတ်အတို၊ ခွဲစိတ်ခန်းသုံး လက်အိတ်အရှည်၊ ဖိနပ်များ လေယာဉ်စင်းလုံးပြည့် ပါဝင်လာခဲ့သည်။

အခြားပစ္စည်းများကို မတ် ၂၇ ရက်မှ စတင်ပြီး ကုန်းလမ်းဖြင့် အသုတ်ခွဲ၍ ဆက်တိုက်ရောက်ရှိခဲ့ပြီး ယနေ့တွင် ဆေးရုံသုံး နှာခေါင်းစည်း ၃၀၀၀၀၀ နှင့် ဝတ်စုံပြည့် CE Standard PPE အစုံ ၃၀၀၀ မူဆယ်မြို့သို့ ထပ်မံရောက်ရှိလာသဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ လှူဒါန်းထားရာ မတ် ၂၇ ရက်မှ မေ ၃ ရက်အထိ ဆေးရုံသုံး နှာခေါင်းစည်း ၆၀၀၀၀၀ နှင့် ဝတ်စုံပြည့် PPE အစုံ ၃၀၀၀ လှူဒါန်းခဲ့ပြီးဖြစ်သည်။




ကမ္ဘောဇဘဏ်၏ လှူဒါန်းမှုနှင့်ပတ်သက်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းမြင့်က "အခုလို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လိုအပ်မှုအရှိဆုံးနေရာတွေကို တစ်ကိုယ်ရေသုံး ကာကွယ်ရေးပစ္စည်း၊ ဆေးရုံသုံးပစ္စည်းနဲ့ ကျန်းမာရေးအထောက်အကူပြုပစ္စည်းတွေ ထောက်ပံ့လှူဒါန်းပေးပြီး အရေးပေါ်လိုအပ်နေတဲ့ အရာတွေကို အချိန်နဲ့တစ်ပြေးညီ ဖြန့်ဝေနိုင်အောင် ဖြည့်ဆည်းပေးတဲ့ ကမ္ဘောဇဘဏ်ကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်" ဟု ပြောသည်။

**ကိုဇော်**

# ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့မှ ကြီးမှူး၍ Teleconference ဖြင့် ပြုလုပ်သည့် High- Level Discussion သို့ တက်ရောက်



**နေပြည်တော် မေ ၃**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းသည် ယနေ့ နံနက် ၈နာရီခွဲတွင် ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့တို့မှ ကြီးမှူး၍ အာဆီယံ+၃ အဖွဲ့ဝင်နိုင်ငံများ၊ မွန်ဂိုလီးယားနိုင်ငံ၊ တီမောလက်စတီနိုင်ငံတို့မှ အဆင့်မြင့် ကိုယ်စားလှယ်များ၊ World Bank, IMF, ADB နှင့် AIIB တို့မှ ကိုယ်စားလှယ်များနှင့် အဆင့်မြင့် တာဝန်ရှိသူများပါဝင်သည့် Teleconference ဖြင့်ပြုလုပ်သည့် High–Level Discussion သို့ နေပြည်တော်ရှိ စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ပါဝင်တက်ရောက်သည်။

**ရှင်းလင်းဆွေးနွေး**

ဆွေးနွေးပွဲကို ကမ္ဘာ့ဘဏ်၊ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Ms.Victoria Kwakwa၊ ကမ္ဘာ့ဘဏ်အုပ်စုများ ဖြစ်ကြသည့် International Finance Corporation(IFC)နှင့် Multilateral Investment Agency (MIGA)တို့မှ ဒုတိယ ဥက္ကဋ္ဌများ၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF)မှ ညွှန်ကြားရေးမှူး Mr. Changyong Rhee တို့က ဦးဆောင်၍ နှစ်နာရီကြာကျင်းပရာ ကမ္ဘာတစ်ဝန်းကူးစက်ပျံ့နှံ့လျက်ရှိသည့် ကိုဗစ်–၁၉ ရောဂါကြောင့် Global Supply Chain တွင် Temporary Shock များရှိခဲ့သဖြင့် အာရှနှင့်ပစိဖိတ်ဒေသနိုင်ငံများ၏ Crisis Response Facility များ၊ ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်နှင့် IMF တို့မှ အတိုးနှုန်းသက်သာသော ချေးငွေများ အမြန်ဆုံး ပံ့ပိုးကူညီပေးနိုင်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

**ပါဝင်ဆွေးနွေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက ပါဝင်ဆွေးနွေးရာတွင် ကမ္ဘာ့ဘဏ်နှင့် IMF တို့မှ အတိုးနှုန်းသက်သာသော ချေးငွေများ အမြန်ဆုံးပံ့ပိုးကူညီပေးနိုင်မည့် အစီအစဉ်များအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ကြောင့် လတ်တလော စီးပွားရေးထိခိုက်မှု အများဆုံးခံစားရသည့် CMP လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများသို့ အတိုးနှုန်းသက်သာသောချေးငွေများ ထုတ်ချေးပေးနိုင်ရေး အတွက် ကိုဗစ်–၁၉ ရန်ပုံငွေအား ငွေကျပ် ဘီလီယံ ၁၀၀ ဖြင့် တည်ထောင်ထားပါကြောင်း၊ အဆိုပါရန်ပုံငွေမှ တစ်နှစ်လျှင် အတိုးနှုန်း (၁) ရာခိုင်နှုန်းဖြင့် တစ်နှစ်ကာလအတွက် ချေးငွေထောက်ပံ့ ပေးမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ဆိုင်ရာ အလျင်အမြန် အထောက်အကူပေးမည့်အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ ရယူရန်ကိစ္စရပ်အား ယခုနှစ် ဧပြီလကုန်တွင် ကျင်းပမည့် လွှတ်တော်သို့ တင်ပြဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Essential Health Services Access Project မှ အမေရိကန်ဒေါ်လာ ၅ သန်းကို COVID–19 Response Plan အတွက် ထုတ်ယူသုံးစွဲမည်ဖြစ်ပါကြောင်း၊ COVID–19 အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ပြန့်ပွားမှုအား ကြိုတင်ကာကွယ်ထိန်းချုပ်ခြင်းနှင့် ထိရောက်စွာကုသနိုင်ရေးတို့အတွက် ADB ချေးငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် Greater Mekong Sub–region Hearth Security Project အောက်မှ အမေရိကန်ဒေါ်လာလေးသန်းကိုကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ယူသုံးစွဲမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကိုဗစ်–၁၉ ကြောင့် ထိခိုက်မှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် နိုင်ငံ၏ ကိုယ်ပိုင်ရန်ပုံငွေဖြင့် မလုံလောက်ပါက နိုင်ငံတကာငွေရေးကြေးရေး အဖွဲ့အစည်းများမှ ယခုထက်ပိုမို၍ ချေးငွေနှင့် ငွေကြေးထောက်ပံ့မှုများ၊ အကူအညီများအား ပံ့ပိုးပေးနိုင်ပါရန် မျှော်လင့်ပါကြောင်း ပါဝင်ဆွေးနွေးသည်။

အဆိုပါဆွေးနွေးပွဲသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်း၊ ဦးဆက်အောင်၊ ဒေါက်တာ မင်းရဲပိုင်ဟိန်းနှင့် ဌာနဆိုင်ရာ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူများသို့ လျှပ်စစ်မီးပြတ်တောက်ခဲ့မှုအား အသိပေးပန်ကြားခြင်း

၁။ ယနေ့ ၁၃:၅၅ နာရီအချိန်ခန့်တွင် ၂၃၀ ကေဗွီ မြောင်းတကာ–လှိုင်သာယာ ဓာတ်အားလိုင်း ယာယီအပြစ်ဖြစ်၍ တစ်နိုင်ငံလုံးသို့ ဖြန့်ဝေထားရှိသော နိုင်ငံတော်ဓာတ်အားစနစ်တစ်ခုလုံး ၃၅ မိနစ်ခန့် ဓာတ်အားပြတ်တောက်ခဲ့ပါသည်။

၂။ အဆိုပါဓာတ်အားပြတ်တောက်မှုအကြောင်းရင်းအား စစ်ဆေးရာတွင် မြောင်းတကာ စက်မှုဇုန်အတွင်း ဖြတ်သန်းတည်ဆောက်ထားသော ၂၃၀ ကေဗွီ မြောင်းတကာ–လှိုင်သာယာ ဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ် ၅ နှင့် ၆ အကြားရှိ တယ်လီဖုန်းတိုင်ကို မော်တော်ယာဉ်တိုက်မှုဖြစ်ပွားခဲ့ပါသဖြင့် မြောင်းတကာ–လှိုင်သာယာ ဓာတ်အားလိုင်းအောက်ရှိ ၃၃ ကေဗွီ မြောင်းတကာ–စက်မှုဇုန်အမှတ်(၇) ဓာတ်အားလိုင်းအား ရိုက်မိပြီး မီးများပန်းထွက်ကာ ဓာတ်အားလိုင်းအောက်ရှိ မြက်ခြောက်ပင်များကို မီးလောင်မှုဖြစ်ပွားခဲ့ပါသည်။ အဆိုပါ မီးလောင်မှုကြောင့် ၂၃၀ ကေဗွီ မြောင်းတကာ–လှိုင်သာယာ ဓာတ်အားလိုင်းအား မီးဟပ်၍ ယာယီအပြစ်ဖြစ်ပြီး ဓာတ်အားစနစ်တစ်ခုလုံး ခေတ္တ ပြတ်တောက်မှု ဖြစ်ပွားခဲ့ပါသည်။

၃။ ယင်းဓာတ်အားပြတ်တောက်မှုအတွက် ဓာတ်အားအမြန်ရရှိရေးအား လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ရာ ၁၄:၃၀ နာရီခန့်တွင် တစ်နိုင်ငံလုံး၏ ၆၆ ရာခိုင်နှုန်းအား ဓာတ်အားပြန်လည်ပို့လွှတ်နိုင်ခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ ဓာတ်အားသုံးစွဲသူပြည်သူများအား ၁၇:၁၅ နာရီခန့်တွင် ၁၀၀ ရာခိုင်နှုန်းအား ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

၄။ နိုင်ငံတော်ဓာတ်အားစနစ်မှ တစ်နိုင်ငံလုံး၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်ရန် ထုတ်လုပ်ပေးလျက်ရှိသော်လည်း အဆိုပါ မတော်တဆဖြစ်ပွားမှုကြောင့် လျှပ်စစ်မီးခေတ္တပြတ်တောက်သွားခဲ့ကာ ဓာတ်အားစနစ်အား ပြန်လည်တည်ငြိမ်စေရန်အတွက် တစ်နိုင်ငံလုံးရှိ ဓာတ်အားပေးစက်ရုံနှင့် ခွဲရုံများကို အဆင့်ဆင့် ဓာတ်အားပို့လွှတ်ပေးခဲ့ရပါသဖြင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုအချိန် အနည်းငယ်မျှကြာမြင့်ခဲ့ရခြင်းဖြစ်ပါသည်။

၅။ အဆိုပါဓာတ်အားပြတ်တောက်မှုအချိန်ကာလအတွင်း အဆင်မပြေမှုများရှိခဲ့ပါက နားလည်ခွင့်လွှတ်ပေးနိုင်ပါရန်နှင့် ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေး အထူးဂရုပြု ဆောင်ရွက်လျက်ရှိပါကြောင်း မိဘပြည်သူများထံသို့ အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် မေ ၃**

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၇၉ ဒသမ ၉၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၀၈ ဒသမ ၂၅ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၈၈ ဒသမ ၁၆ သန်းဖြစ်ပါသည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၇၂ ဒသမ ၀၇သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန် ဒေါ်လာ ၂၈၀ ဒသမ ၁၃ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၅၂ ဒသမ ၂၀သန်း ဖြစ်သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ဇန်နဝါရီလအတွက် စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၃၅၄၀ ဒသမ ၃၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၆၄ ဒသမ ၀၄ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၇၀၂ ဒသမ ၂၁ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၅၄၈ ဒသမ ၀၉ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၂၅၀ ဒသမ ၃၀ သန်းဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၉၄၅ ဒသမ ၀၀သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၉၇ ဒသမ ၄၆ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၀၄၂ ဒသမ ၄၆ သန်းဖြစ်သည်။

၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာလမှ ဇန်နဝါရီလအထိ စုစုပေါင်းကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၁၃၂၉၂ ဒသမ ၇၆ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၇၉၂ ဒသမ ၁၆ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေအစီရင်ခံစာအရ သိရှိရသည်။

**သတင်းစဉ်**

■ **အွန်လိုင်းစနစ်မှ**

ထိုသို့ ဆောင်ရွက်ပေးရာတွင် စတင်သည့် မေ ၁ ရက်တွင် ပို့ကုန်သွင်းကုန် လိုင်စင်စောင်ရေ ၄၆ စောင်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ သန်းကျော်နှင့် မေ ၂ ရက်တွင် ပို့ကုန်သွင်းကုန်လိုင်စင်စောင်ရေ ၆၇ စောင်၊ တန်ဖိုး ကန်ဒေါ်လာသန်း၂၀ ခန့်အား အွန်လိုင်းမှ ခွင့်ပြုထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ခွင့်ပြုထုတ်ပေးလျက်ရှိ**

လက်ရှိအချိန်တွင် လုပ်ငန်းရှင်များအနေဖြင့် အွန်လိုင်းမှ လျှောက်ထားနိုင်သကဲ့သို့ ဌာနတွင်လည်း လာရောက်လျှောက်ထားပါက ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

သို့သော် မေ ၉ ရက်မှစတင်ပြီး အွန်လိုင်းမှ လျှောက်ထားခွင့်ပြုထားသည့် သွင်းကုန်ပစ္စည်းအမယ် ၉၁ မျိုးနှင့် ပို့ကုန်ပစ္စည်းအမယ် ၇၃ မျိုးတို့ကို အွန်လိုင်းစနစ်ဖြင့်သာ လျှောက်ထားခွင့်ပြုတော့မည်ဖြစ်ကြောင်း သိရသည်။

အွန်လိုင်းပေါ်မှ ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကိုလည်း လုပ်ငန်းလိုအပ်ချက်ပေါ်မူတည်၍ ထပ်မံတိုးမြင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်မှုလုပ်ငန်းရှင်များအား အသိပေးထားသည်။

**အွန်လိုင်းမှ ထုတ်ပေး**

ယခင်ထုတ်ပေးဆောင်ရွက်လျက်ရှိသည့် CMP (အထည်ချုပ်) သွင်းကုန်လိုင်စင်များအပြင် လျှောက်ထားမှုအရေအတွက်အများဆုံးဖြစ်ပြီး ပြည်သူလူထုအတွက် လိုအပ်မည့်ပစ္စည်းများ သွင်းကုန်ပစ္စည်းများဖြစ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံးစက်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ဓာတ်မြေသြဇာ၊ စားအုန်းဆီနှင့် ဆီထွက်ကုန်ပစ္စည်းများ၊ နို့နှင့်နို့ထွက်ပစ္စည်းများ၊ အီလက်ထရွန်နစ်ပစ္စည်းများ၊ စွမ်းအင်သုံးပစ္စည်းများ၊ ချောဆီ၊ ဆိုင်ကယ်စက်ဘီးများနှင့် ပို့ကုန်အတွက် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ ခဲသတ္တု၊ သကြား၊ သဘာဝဓာတ်ငွေ့များ အပါအဝင် အခြားသွင်းကုန် ပို့ကုန်ပစ္စည်း ၁၆၄ မျိုးကို အွန်လိုင်းမှ ထုတ်ပေးသွားမည်ဖြစ်သည်။

**ငြိမ်းငြိမ်း**

❍ **ဒီးမော့ဆိုမြို့မှ**

ဒီးမော့ဆိုမြို့မဈေးသည် အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် စနေနေ့တို့တွင် ပုံမှန်ဈေးများ ဖွင့်လှစ်ရောင်းချလျက်ရှိပြီး ဈေးဖွင့်လှစ်သည့်နေ့များတွင် လူဝင်လူထွက်များပြားသည့်အတွက် ကမ္ဘာ့တစ်ဝန်းတွင် ဖြစ်ပွားနေသော ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကြိုတင်ကာကွယ်နိုင်ရန် ဈေးဖွင့်လှစ်ရောင်းချခြင်းမရှိသောနေ့များတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် မြို့နယ်မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကြည်စိုးဟန်နှင့် တပ်ဖွဲ့ဝင်များက စောင့်ကြည့်လူနာများထားရှိသည့် မိုးလုံလေလုံ အားကစားခန်းမ၊ အခြေခံပညာအထက်တန်းကျောင်း (ဒီးမော့ဆို) ကျောင်းနှင့် ကျောင်းအတွင်း၌ မြဝတီနယ်စပ်ဂိတ်မှ ပြန်လည်ဝင်ရောက်လာသူ ၁၁ ဦး သီးခြားထားရှိမည့် စာသင်ခန်းနေရာတို့အား ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး နှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း

ရုပ်ရှင်စတန့်မင်းသားတွေဟာ သက်စွန့်ဆံဖျား အသက်ကိုရင်းပြီးတော့ စတန့်တွေကို လုပ်ခဲ့ကြတာကို ကျွန်တော်တို့ တွေ့ခဲ့ရပါတယ်။ တချို့ဆိုရင်လည်း စိတ်တွေဘာတွေ ကယောက်ကယက်ဖြစ်ပြီးတော့ အသက်တိုကြရတာ၊ ဒီလိုဟာတွေ တော်တော်များများကို ကျွန်တော်တွေ့ခဲ့ရပါတယ်။ စတန့်မင်းသားရဲ့ ဘဝဆိုတာဟာ တကယ့်ကိုနုနုနယ်နယ်နဲ့ ပျော့ပျော့ပျောင်းပျောင်း ဘဝခရီးကို လျှောက်ရတဲ့ပုဂ္ဂိုလ်တွေမဟုတ်ပါဘူး။ ဒါကြောင့်လည်း ဒီအချိန်မှာ တော်တော်များများ စတန့်မင်းသားတွေဟာ မရှိကြတော့ပါဘူး။ အဲဒီအထဲမှာ ကျွန်တော်တို့ ရှားရှားပါးပါးနဲ့ ထူးထူးခြားခြားတွေ့ရတဲ့ စတန့်မင်းသားတစ်ယောက် ရှိပါတယ်။ သူကတော့ အခုကျွန်တော်နဲ့ဆွေးနွေးမယ့်ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူ့ရဲ့အသက်ကို ပြောရမယ်ဆိုရင်တော့ အခုဆိုရင် ၉၄ နှစ်ထဲကို ရောက်နေပါပြီ။ သူကတော့ ကျွန်တော်တို့အရွယ်တွေ တော်တော်များများသိကြ၊ အားပေးခဲ့ကြ၊ လက်ခုပ်တီးခဲ့ကြ၊ လက်ခေါက်မှုတ်ခဲ့ကြတဲ့ စတန့်မင်းသား ဒိုင်ဗင်တင်လှ ဖြစ်ပါတယ်။

တွေ့ဆုံမေးမြန်း
ဒါရိုက်တာ ကြည်စိုးထွန်း

(ယမန်နေ့မှအဆက်)

**ကြည်စိုးထွန်း။** ။အဘ ဓားခုတ်တဲ့ကားလည်း တွေ့ဖူးတယ်။

**ဒိုင်ဗင်တင်လှ။** ။အဘ ဓားခုတ်တာတို့ ဘာတို့ ဒါပေါ့။

**ကြည်စိုးထွန်း။** ။ရဲချစ်နဲ့လေ ဓားခုတ်တဲ့ ကားလည်းကျွန်တော်တွေ့ဖူးတယ်၊ လက်သီးထိုးတဲ့ ကားတွေကတော့ အများကြီးပဲ။

**ဒိုင်ဗင်တင်လှ။** ။ဟာထိုးတာပေါ့။ လက်သီးကတော့ ထိုးတာပေါ့။

**ကြည်စိုးထွန်း။** ။ထိုးတယ်၊ ဟုတ်ကဲ့ အခုနေ ထိုးရင်ကော။

**ဒိုင်ဗင်တင်လှ။** ။ထိုးနိုင်တာပေါ့။ ခုနကားပေါ်မှာဘတ်စ်ကားပေါ်မှာ အရက်မူးသမားတစ်ယောက်က ရုတ်ရုတ်လုပ်တာ ကိုယ်ကတစ်ချက်တည်းတီးလိုက်တာ တစ်ခါတည်းထိုင်သွားရော။

**ကြည်စိုးထွန်း။** ။သြော် ဆုံးမလိုက်တာ၊ အခုထိလက်သီးက ပြင်းတုန်းပေါ့။

**ဒိုင်ဗင်တင်လှ။** ။တောင့်တာပေါ့။

**ကြည်စိုးထွန်း။** ။ဟုတ်လား၊ တောင့်တုန်း ၉၄ နှစ်။

**ဒိုင်ဗင်တင်လှ။** ။အခုလည်းအားကစားလုပ်နေရတာပေါ့။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။လမ်းလျှောက်၊ တန်းခိုရတာပေါ့ ။

**ကြည်စိုးထွန်း။** ။ကောင်းပါတယ်အဘ၊ အခုကျန်းကျန်းမာမာနဲ့လေ။

**ဒိုင်ဗင်တင်လှ။** ။စားတာတော့ ထမင်းသိပ်စားလို့ မကောင်းဘူး၊ လက်ဖက်ရည်နဲ့၊ မုန့်တွေနဲ့၊ မုန့်ဖိုးတွေ တစ်နေ့တစ်နေ့ ငါးရာဖိုးလောက်စားတယ်။

**ကြည်စိုးထွန်း။** ။သြော် ဟုတ်လား။

**ဒိုင်ဗင်တင်လှ။** ။သားကကျွေးတယ်၊ သားကလက်ဖက်ရည်ဆိုင်မှာ ကြိုက်တာစား။

**ကြည်စိုးထွန်း။** ။သြော် သြော် ကျွန်တော်လည်း ကျွေးမှာပေါ့၊ အခုဒါပြီးရင် ကျွေးမယ်။

**ဒိုင်ဗင်တင်လှ။** ။အခုဘုရင့်နောင်တံတားမှာ ဒိုင်ဗင်ထိုးပြချင်တယ်။



ရဲချစ်၊ ဒိုင်ဗင်တင်လှ

အောက်မှာ လှေတစ်စင်းပဲထား၊ ဒိုင်ဗင်ထိုးပြီး ရေကူးပြီး တက်သွားမှာ။

**ကြည်စိုးထွန်း။** ။ပေါ်မလာရင်ကော။

**ဒိုင်ဗင်တင်လှ။** ။ဟာ ပေါ်တာပေါ့။

**ကြည်စိုးထွန်း။** ။ဟုတ်ပြီ ကျွန်တော်လာမယ်။ ကျွန်တော်က ကင်မရာနဲ့၊ အဘနဲ့၊ ကျွန်တော်နဲ့ တစ်ခါလောက်ရိုက်ပြီး။

**ဒိုင်ဗင်တင်လှ။** ။ရိုက်တဲ့အခါ ရုပ်ရှင်ကောင်စီကို အကြောင်းကြားလိုက်။

**ကြည်စိုးထွန်း။** ။အကြောင်းကြားမယ်လေ။

**ဒိုင်ဗင်တင်လှ။** ။တံတားပေါ်က ဒိုင်ဗင်ထိုးတော့မယ်ဆိုရင်။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။အဘ ဘောင်းဘီတွေ၊ ဘာတွေ ဝတ်လာမယ် ဘောင်းဘီအတိုတွေ။

**ကြည်စိုးထွန်း။** ။သြော်ဘောင်းဘီအတိုလေး၊ ဟုတ်ကဲ့၊ ဟုတ်ပါပြီ၊ အရှည်ကော၊ အရှည် ဝတ်လည်းရပါတယ်၊ အရင်ကလိုပေါ့ ရှမ်းဘောင်းဘီ။

**ဒိုင်ဗင်တင်လှ။** ။ဘောင်းဘီအရှည်လည်းရတာပေါ့လေ။ ရှမ်းဘောင်းဘီနဲ့ပေါ့။

**ကြည်စိုးထွန်း။** ။အဘကလေ မင်းသားသာဖြစ်တာ အရပ်နည်းနည်းပုတယ်နော်။ အဲဒီတော့အရပ်ပုတော့ ဘယ်သူနဲ့သွားတူလဲဆိုတော့ နိုင်ငံခြားက



Audie Murphy

မင်းသားတစ်ယောက်ရှိတယ်။ Audie Murphy လေ။ အရပ်ပုပုနဲ့လေ။

**ဒိုင်ဗင်တင်လှ။** ။Audie Murphy။

**ကြည်စိုးထွန်း။** ။ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ကျွန်တော်က ဘားမား Audie Murphy

**ကြည်စိုးထွန်း။** ။သြော် အဘကို ဘားမား Audie Murphy လို့ လူတွေကခေါ်ကြတယ်။

**ဒိုင်ဗင်တင်လှ။** ။လူတွေက ဘွဲ့ပေးတာ၊ အဘကို Audie Murphy ဆိုပြီးတော့ ဘွဲ့ပေးတာ။

**ကြည်စိုးထွန်း။** ။Audie Murphy ကားတွေ အဘကြည့်ဖူးမှာပေါ့။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်ကဲ့ကြည့်တယ်။

**ကြည်စိုးထွန်း။** ။ကောင်းတယ်နော် Audie Murphy ကားတွေလည်း ကျွန်တော်က ကြည့်ရတယ်။ အဘကားတွေလည်း ငယ်ငယ်တုန်းက ကြည့်ရတယ်။ အဲဒီတုန်းကတော့ အခုနဲ့မတူဘူးပေါ့ ငယ်သေးတာကိုး။

**ဒိုင်ဗင်တင်လှ။** ။ငယ်သေးတာကိုး။

**ကြည်စိုးထွန်း။** ။လူကလည်း သိပ်ချောတာပဲ။ မင်းညီ မင်းသားပုံစံဆို သိပ်ချောတယ်။

**ဒိုင်ဗင်တင်လှ။** ။အခု အဘပုံတွေမြင်ရင် တောင်မှ အဘမမှတ်မိဘူး။ မေ့ကုန်ပြီ အသက်ကကြီးသွားတော့ old man ဖြစ်သွားတော့ I forgot လေ။

**ကြည်စိုးထွန်း။** ။မေ့တာပေါ့၊ ဒါကတော့လေ နော် အသက်ကကြီးလာတော့ ဒါပေမယ့် အခုစတန့်မင်းသားတွေထဲမှာဆို အဘတစ်ယောက်ပဲကျန်တော့တယ်။ မှန်တယ် ပထမဆုံး စတန့်မင်းသားတွေပေါ်တဲ့အခါမှာ ဆိုပါတော့ အဘရယ် ဥပမာဆိုပါတော့ ကျော်စိုး၊ ကျော်မိုး၊ ကျော်ဟိုး။ နောက်ပြီးတော့ တင်ဖေ၊ တင်ဆွေ၊ တင်ငွေ။

**ဒိုင်ဗင်တင်လှ။** ။ကိုကျော်ညွန့်။

**ကြည်စိုးထွန်း။** ။ကျော်ညွန့်၊ ကျော်အေး၊ ချစ်ရွှေ၊ နောက်ပြီးတော့ ရွှေမန်းထွန်းတင်၊ အဲဒါတွေပြီးတော့ ဒါစစ်ကြိုခေတ်က မင်းသားကြီးတွေ။ နောက်ပိုင်းကျတော့ အဘတို့ကစစ်ကြိုခေတ်ကို အသံတိတ်လည်း မီတယ်။ ဒါပေမယ့် အဲဒီတုန်းကတော့



တင်ငွေ

ဒီမင်းသားကြီးတွေလောက်တော့ ဟိုဒင်းမဖြစ်ဘူးပေါ့နော်။ ဒီဘက်ကျတော့ အဘရယ်၊ ရွှေဘရယ်၊ တင်ညွန့်ရယ်၊ ကျော်ဆွေရယ် စသည်အားဖြင့် စတန့်မင်းသားတွေ နာမည်ကြီးလာတာကိုး။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်တယ်၊ ဟုတ်တယ်၊ စတန့်မင်းသားတွေ။

**ကြည်စိုးထွန်း။** ။အဲဒီအထဲက အခုဆိုရင် မရှိကြတော့ဘူး။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ရွှေဘလည်း မရှိတော့ဘူး၊ ဦးကျော်ဆွေလည်းမရှိတော့ဘူး၊ ဦးတင်ညွန့်လည်း ဟိုတစ်လောကပဲ ကွယ်လွန်သွားပြီ။

**ဒိုင်ဗင်တင်လှ။** ။တစ်ခုရှိတယ်၊ အဘက အရက်မသောက်ဘူး၊ ဆေးလိပ်မသောက်ဘူး၊ ကွမ်းငုံတာပဲရှိတယ်။ ငုံထားတာပဲရှိတယ်။

**ကြည်စိုးထွန်း။** ။ကွမ်းလည်းမကောင်းဘူး၊ မစားနဲ့။

**ဒိုင်ဗင်တင်လှ။** ။ကွမ်းကိုမငုံရရင် မနေနိုင်ဘူး၊ ကွမ်းငုံထားရတယ်။

**ကြည်စိုးထွန်း။** ။သြော် ဟုတ်ကဲ့ ဟုတ်ကဲ့၊ ရှုပ်ရှုပ်ပွေပွေလည်းမနေဘူး။

**ဒိုင်ဗင်တင်လှ။** ။ဟုတ်တာပေါ့။

**ကြည်စိုးထွန်း။** ။သြော် ဟုတ်ပြီ ဟုတ်ပြီ။

**ဒိုင်ဗင်တင်လှ။** ။အဲဒါအားလုံး stop။ အနန္တော အနန္တငါးပါးပဲ၊



တင်ဖေ

ထိုင်နေရင်လည်း "သောဘဂဝါ ဣတိပိ အရဟံ အရဟံဗုဒ္ဓေါ အရဟံဘဂဝါ သိဒ္ဓိ" ရောက်အောင်ဒါပဲ။

**ကြည်စိုးထွန်း။** ။ဘာသာရေးပဲ။

**ဒိုင်ဗင်တင်လှ။** ။အာရုံပြုနေတာ။

စာမျက်နှာ ၉ သို့ ➝



တင်ညွန့်၊ ရွှေဘ



မျိုးချစ်၊ ဝင်နီ

# မြန်မာ့ရိုးရာမဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အထူးအစီအစဉ်များ ထည့်သွင်းပြသသွားမည်

**နေပြည်တော်　မေ ၃**

၂၀၂၀ ပြည့်နှစ် ဧပြီ ၁၀ ရက်မှ ၁၉ ရက်ထိ မြန်မာ့ရိုးရာမဟာသင်္ကြန် ရုံးပိတ်ရက်ကာလအတွင်း မူလပြသနေသည့် ရုပ်သံဇာတ်လမ်းတွဲများအပြင် မိသားစုနှင့်အတူ အပန်းဖြေအနားယူကြမည့် မိဘပြည်သူများအတွက် အထူးအစီအစဉ်အဖြစ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထင်ရှားကျော်ကြားသည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားကောင်းများ၊ သင်္ကြန်နှင့် ပတ်သက်သည့် ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားကောင်းများကို နေ့စဉ် မွန်းလွဲပိုင်းနှင့် ညပိုင်းတွင်လည်းကောင်း၊ ရုပ်သံဇာတ်လမ်းတွဲများကို နံနက်ပိုင်းနှင့် ညနေပိုင်းများတွင်လည်းကောင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

၂၀၂၀ ပြည့်နှစ် သင်္ကြန်ကာလအတွင်း မွန်းလွဲ ၁ နာရီခွဲနှင့် ည ၉ နာရီခွဲတို့တွင် ပြသမည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် ဗီဒီယိုဇာတ်ကားများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -




၁၀-၄-၂၀၂၀ (သောကြာနေ့) နေ့လယ်

**ကြိုးတန်း**

**(အကယ်ဒမီ ဆေးရောင်စုံရုပ်ရှင်)**

**{ကျော်ဟိန်း၊ ကျော်ရဲအောင်၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်သူဇာ- ဒါရိုက်တာ မီးပွား}**

မြင်းလှည်းသမား ကိုကျောက်နီနှင့် ဈေးသည် မကျော့တို့ ချစ်ကြိုက်ပြီး ကိုကျောက်နီ၏ ဆန္ဒဖြစ်သော လှေနှင့် ကွန်ကိုဝယ်ပြီး တံငါသည်ဘဝဖြင့် သဲသောင်ပြင်တွင် တဲထိုးကာ တစ်အိုးတစ်အိမ် ထူထောင်၍ နေထိုင်ခဲ့ကြသည်။ ကိုလှဆောင်နှင့် မလှစိန် တို့ လင်မယားမှာလည်း တံငါသည်ဘဝဖြင့် ကျင်လည်နေထိုင်ကြဖို့ သူတို့တဲအနီး လာရောက်နေထိုင်ခဲ့ကြသည်။

တံငါသည်နှစ်ဦး တစ်ဦးနှင့်တစ်ဦး အထင်လွဲကာ လောဘ၊ ဒေါသ၊ မောဟများ ဖုံးလွှမ်းသွားကြသည့်အခါ ချစ်ခင်ရင်းနှီးစွာ နေထိုင်နေခဲ့ရာမှ ဘယ်လိုတွေ ပြောင်းလဲသွားမလဲဆိုတာကို စောင့်မျှော်ကြည့်ရှုနိုင်မည့် အကယ်ဒမီ ဆေးရောင်စုံရုပ်ရှင်ဇာတ်ကားဖြစ်ပါသည်။



၁၁-၄-၂၀၂၀ (စနေနေ့) နေ့လယ်

**ကျနော့်စိုးမမပိုင်**

**(ဖြူမည်းရုပ်ရှင်)**

**{ဇော်ဝမ်း၊ နွဲ့နွဲ့မူ၊ ချိုပြုံး - ဒါရိုက်တာ မြတ်ထွန်းနိုင်}**

ကလျာ၏ မိဘများက မွေးစားစောင့်ရှောက်မှုကြောင့် ကိုအောင် ဆရာဝန်ဖြစ်လာခဲ့သည်။ ကိုအောင့်မှာ သိပ်ချစ်ရသည့်ချစ်သူ စိုးမမပိုင်ရှိသည်။ ကလျာနှင့် သူ၏ချစ်သူ လူရှုပ် တော်မီတို့ သင်္ကြန်တွင်းလျှောက်လည်ကြရာမှ လွန်ကျူးမိခဲ့ကြသည်။ ကိုယ်ဝန်ရလာ၍ လက်ထပ်ဖို့ တော်မီက ငြင်းဆန်နေ၍ ကလျာ၏ အရှက်ကို ကာကွယ်ဖို့ ကိုအောင်က လက်ထပ်ယူခဲ့သည်။ ချစ်သူနှင့် ခွဲခွာခဲ့ရပြီး စိုးမမပိုင်က မိဘသဘောတူသည့် တော်မီနှင့် လက်ထပ်မည့်အကြောင်း ကလျာသိသွားသည့်အခါ ဘာတွေဆက်ဖြစ်မလဲ စောင့်မျှော်ကြည့်ရှုရမည့် ဖြူမည်းရုပ်ရှင်ဇာတ်ကား ဖြစ်ပါသည်။



၁၂-၄-၂၀၂၀ (တနင်္ဂနွေနေ့) နေ့လယ်

**ကောင်းချစ်တဲ့ မမ**

**(ဆေးရောင်စုံ ရုပ်ရှင်)**

**{ကျော်သူ၊ ခင်သန်းနု၊ စုမြတ်နိုင် - ဒါရိုက်တာ ကျော်သူ}**

ကောင်းမြတ်နှင့် ဘိုမတို့သည် အိမ်နီးနားချင်း သူငယ်ချင်းများဖြစ်ကြသည်။ ကောင်းမြတ်ကို ဘိုမက စိတ်ဝင်တစားရှိသော်လည်း ကောင်းမြတ်က သင်္ကြန်မှာဆုံတွေ့ခဲ့ရသော မာစတာတက်နေသူ သက်ဝေကို ချစ်မိသွားခဲ့သည်။ သက်ဝေမှာ အိမ်ထောင်ကွဲတစ်ဦးဖြစ်ကြောင်း ကောင်းမြတ်မိခင် သိသွားသည့်အခါ သဘောမတူဘဲ သက်ဝေကို အလိမ္မာသုံးပြီး သွားပြောခဲ့သည်။ ကောင်းမြတ်နှင့် ဝေးရာကို သက်ဝေထွက်လာခဲ့သော်လည်း ကောင်းမြတ်က ရအောင်လိုက်သွားခဲ့သည်။ ကောင်းမြတ်နှင့် သက်ဝေ၊ ဘိုမတို့ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်း ဘာတွေဆက်ဖြစ်လာမလဲဆိုတာကို စောင့်မျှော်ကြည့်ရှုနိုင်မည့် ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကား ဖြစ်ပါသည်။




၁၀-၄-၂၀၂၀ (သောကြာနေ့) ည

**သင်္ကြန်ဂိမ်း**

**(ဗီဒီယိုဇာတ်လမ်း)**

{အောင်ရဲလင်း၊ ဝတ်မှုံရွှေရည်- ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)}

အိမ်နီးနားချင်းများ ဖြစ်ကြသည့် လင်းသစ်နှင့် သရဖီတို့ သင်္ကြန်ကာလအတွင်း သင်္ကြန်ရေပက်သူတွေကြားမှ ရေမစိုအောင် ထွက်လာနိုင်သည့် ဂိမ်းတစ်ခုကို ကစားကြဖို့ သဘောတူခဲ့ကြသည်။ သူတို့နှစ်ဦး ဘယ်သူက ရေမစိုအောင် ဆောင်ရွက်နိုင်မလဲဆိုတာ စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်း ဖြစ်ပါသည်။




၁၁-၄-၂၀၂၀ (စနေနေ့) ည

**ချစ်ရှင်ဖက်ထား**

**(ဗီဒီယိုဇာတ်လမ်း)**

**{ပြေတီဦး ၊ ဝတ်မှုံရွှေရည် - ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)}**

အလုပ်ကိုပဲ စိတ်ဝင်စားတဲ့ လူပျိုကြီး ပြေသုတက တူနှစ်ယောက်ကို စည်းကမ်းတင်းကျပ်ပြီး သင်္ကြန်မလည်ဖို့ တားဆီးထားသည်။ တူနှစ်ယောက်က သင်္ကြန်လည်ချင်၍ နုပျိုနှင့် တိုင်ပင်ပြီး လူပျိုကြီးကို ချစ်ဟန်ဆောင်ပြီး နုပျို ချဉ်းကပ်စေခဲ့သည်။ တူနှစ်ယောက်နှင့် ပေါင်းကြံကြပုံကို သိသွားသည့်အခါ သင်္ကြန်ထွက်လည်ဖို့ တိုက်တွန်းသော ချစ်သူကို လူပျိုကြီး အလျှော့ပေးပါ့မလားဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်းဖြစ်ပါသည်။

၁၂-၄-၂၀၂၀

(တနင်္ဂနွေနေ့) ည

**အတာလေပြေ**

**(ဗီဒီယို ဇာတ်လမ်း)**

**{ လူမင်း၊ ထွန်းအိန္ဒြာဗို - ဒါရိုက်တာ အာယု }**



မိုးထက်မြင့်နှင့် ယွန်းတို့အား မိဘများက သဘောတူပေးစားဖို့ စီစဉ်ကြသည်။ လက်မထပ်ခင် ခရီးထွက်ချင်လို့ ယွန်းက ချောင်းသာကို ခရီးထွက်လာခဲ့သည်။ မိုးထက်မြင့်ကလည်း ချောင်းသာလိုက်သွားခဲ့ပြီး တစ်ယောက်နှင့်တစ်ယောက် မာနချင်းပြိုင်နေကြရင်း ပြေလည်မှုရနိုင်ပါ့မလားဆိုတာကို စောင့်မျှော်ကြည့်ရှုရမည့် ဗီဒီယိုဇာတ်လမ်း ဖြစ်ပါသည်။

---

✢ စာမျက်နှာ ၈ မှ

**ကြည်စိုးထွန်း။** ။ကောင်းတယ်အဘ၊ကောင်းပါတယ်၊ ကောင်းပါတယ်။

**ဒိုင်ဗင်တင်လှ။** ။ မနက်ဘုရားရှိခိုး၊ည ဘုရားရှိခိုး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ ဒါဖြင့်ရင်တော့ အဘရဲ့ အတွေ့အကြုံပေါ်မှာ မူတည်ပြီးတော့ပြောရရင် အဘဟာ အရက်မသောက်ဘူး။ မိန်းမလည်း မလိုက်စားဘူး၊ နောက် ဆေးလိပ်လည်း မသောက်ဘူး။ အဲဒီအတွက် အဘက ဒီလို အသက်ရှည်ရှည်လေး နေရတယ်ဆိုတာ ကျွန်တော်သိရတော့ နောင် အခုတက်လာတဲ့ မင်းသားတွေပေါ့နော်၊ သရုပ်ဆောင်တွေ ပြောချင်တာပေါ့နော် ဘာလို့လဲဆိုတော့ အထူးသဖြင့်ပေါ့ ဆေးလိပ်မသောက်တာ ကောင်းတယ်၊ ဆေးလိပ်သောက်တာ အင်မတန်ဆိုးကျိုးဖြစ်တယ်။

**ဒိုင်ဗင်တင်လှ။** ။ နှလုံးမှာ လာရောင်စေတယ်၊ အသည်းဒုက္ခပေးတာပေါ့။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ခင်ဗျ အဆုတ်။

**ဒိုင်ဗင်တင်လှ။** ။ ကွမ်းငုံတာက ကွမ်းလေးငုံထွေးလိုက်တာပဲ။ ဘာမှမဖြစ်ဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ အဲဒီတော့အဘရေအသံတိတ်ထဲမှာဆိုရင် အဘ 'သူပုန်မ'တို့။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ 'စောရသက်ပြင်း'။



**ဒိုင်ဗင်တင်လှ။** ။ 'စောရလက်ဝဲ'　　'ချစ်ဘေးဒဏ်'။

**ကြည်စိုးထွန်း။** ။ 'စောရလက်ဝဲ'　　**ဒိုင်ဗင်တင်လှ။** ။ 'ချစ်ဘေးဒဏ်'။

**ကြည်စိုးထွန်း။** ။ တွဲရတဲ့မင်းသမီးတွေ ကြည့်လိုက်တဲ့အခါကျတော့။

**ဒိုင်ဗင်တင်လှ။** ။ မေ့ကုန်ပြီ။

**ကြည်စိုးထွန်း။** ။အဲဒီအထဲမှာ ထူးခြားတဲ့ မင်းသမီး တစ်ယောက်ပါတယ်၊ သူကဘယ်သူလဲဆိုတော့ ခင်စန်းရီလို့ ခေါ်တဲ့ ဝင်နီ။

**ဒိုင်ဗင်တင်လှ။** ။ ဝင်နီ၊ ဝင်နီ သူက ကပြား။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ သူ့ကို တော်တော်များများ ကျွန်တော်တွေ့ခဲ့ဖူးတယ်လေ၊ နောက်ကျတော့ သူကရုပ်ရှင်ထဲက ထွက်ပြီးတော့ ကျောင်းဖွင့်တယ်။ သူက ကျောင်းဖွင့်တဲ့ဟာလေး ကျွန်တော်သွားတွေ့တယ်။

**ဒိုင်ဗင်တင်လှ။** ။ ဟုတ်ကဲ့။

**ကြည်စိုးထွန်း။** ။ ဒိုင်ဗင်ထိုးရတဲ့အခါမှာ တစ်ခါတစ်ခါကျရင် အခက်အခဲမတွေ့ဘူးလား၊ ဥပမာ ဒိုင်ဗင်ထိုးလိုက်တယ်။ ကိုယ်မှန်းသလို နေရာကိုမရောက်ဘဲနဲ့ မမှန်းတဲ့နေရာကို ရောက်ပြီးတော့ သတိမေ့သွားတာတို့၊ ဒဏ်ရာရသွားတာတို့ မဖြစ်ဖူးဘူးလား။

**ဒိုင်ဗင်တင်လှ။** ။ မဖြစ်ဖူးဘူး၊ သူ့ဟာနဲ့သူ လုပ်သွားတာ။

**ကြည်စိုးထွန်း။** ။ အတိအကျပဲလား။

**ဒိုင်ဗင်တင်လှ။** ။ အတိအကျ အလုပ်လုပ်ရတယ်။

**ကြည်စိုးထွန်း။** ။ ဩော် တကယ်လို့မြေကြီးပေါ်မှာ။

**ဒိုင်ဗင်တင်လှ။** ။ ရေတိမ်တယ်ဆိုရင် ထိုးပြီးတော့ rollလုပ်လိုက်ရတာ။

**ကြည်စိုးထွန်း။** ။ ဩော် ရေတိမ်ရင်။

**ဒိုင်ဗင်တင်လှ။** ။rollလုပ်တော့ကျောနောက်က အသားဖြစ်သွားတယ်။

**ကြည်စိုးထွန်း။** ။ ကျောနဲ့ပဲကျတယ်။

**ဒိုင်ဗင်တင်လှ။** ။ နို့မို့ဆို ခေါင်းနဲ့၊ မြေကြီးနဲ့ ဆောင့်မိမယ်။

**ကြည်စိုးထွန်း။** ။ ဩော် ခေါင်းနဲ့၊ မြေကြီးနဲ့ စိုက်။

**ဒိုင်ဗင်တင်လှ။** ။ ရေတိမ်မှာဆို roll လုပ်လိုက်ရတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ ကျောနဲ့ကျတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့။

**ဒိုင်ဗင်တင်လှ။** ။ အဲဒီလိုလုပ်ရတယ်။

**ကြည်စိုးထွန်း။** ။အဲဒီလိုစိုက်ပြီးတော့ သေခဲ့တဲ့ လူတွေလည်းရှိတယ်နော်။ အဲဒီလို မြေကြီးထဲကို စိုက်ပြီးတော့ ပေါ်မလာဘဲနဲ့ သေခဲ့တဲ့ စတန့်သမားတွေလည်း ရှိတယ်နော်။

**ဒိုင်ဗင်တင်လှ။** ။ တချို့လည်းရှိတယ်။

**ကြည်စိုးထွန်း။** ။ တချို့လည်း ဇက်ကျိုးပြီးတော့လေ၊ အဲဒီတော့ အင်းလျားကန်မှာသွားပြီးတော့ ဒိုင်ဗင်လေ့ကျင့်တဲ့အခါမှာ အဲဒီတုန်းက အဘနဲ့အတူတူလေ့ကျင့်တဲ့ လူတွေရှိလား။

**ဒိုင်ဗင်တင်လှ။** ။ ဒိုင်ဗင်သိန်းတို့ ဘာတို့ဆိုတာရှိတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**မြန်မာနိုင်ငံဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅ ။)

၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်

၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၃ ရက်

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေတွင်ပါရှိသော "ကျန်းမာရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကန့်သတ်အထွေထွေဆေးကုသခွင့်လိုင်စင်" ဆိုသည့် စကားရပ်ကို "သီးခြားသတ်မှတ် အထွေထွေဆေးကုသခွင့်လိုင်စင်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကန့်သတ် အထူးဆေးကုသခွင့်လိုင်စင်" ဆိုသည့် စကားရပ်ကို "သီးခြားသတ်မှတ် အထူးဆေးကုသခွင့်လိုင်စင်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ဆေးကုသသည့် လုပ်ငန်း" ဆိုသည့် စကားရပ်ကို "အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဆေးပညာ ဆိုသည်မှာ ကျန်းမာမှုအဆင့်မြှင့်တင်ခြင်း၊ ရောဂါကြိုတင်ကာကွယ်ခြင်း၊ ရောဂါစစ်ဆေးရှာဖွေခြင်း၊ ရောဂါကုသခြင်း၊ ဝေဒနာသက်သာစေခြင်း၊ ကျန်းမာမှုပြန်လည်ထူထောင်ခြင်း၊ သုတေသနပြုခြင်း၊ လေ့ကျင့်သင်ကြားခြင်းနှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့အပါအဝင် အနောက်တိုင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းအားလုံးနှင့်စပ်ဆိုင်သော ပညာရပ်ကို ဆိုသည်။"

၄။ မြန်မာနိုင်ငံဆေးကောင်စီဥပဒေ ပုဒ်မ ၆ တွင်-

(က) ပုဒ်မခွဲ (က) ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"(က) နာယကအဖွဲ့သည် ကောင်စီကို ၇၅ ဦးထက်မပိုသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်-"

(ခ) ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၃)၊ (၁၀) နှင့် (၁၂) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၃) ညွှန်ကြားရေးမှူးချုပ်
ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊

(၁၀) ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊

(၁၂) ကောင်စီ၏လုပ်ငန်းများတွင် စိတ်ပါဝင်စား၍ အများပြည်သူ၏ ယုံကြည်လေးစားမှုကိုရရှိသော အငြိမ်းစား ဆရာဝန်ကြီး ၁၅ ဦး၊"

၅။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ခ) ၏ နောက်တွင် ပုဒ်မခွဲ (ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဂ) နာယကအဖွဲ့သည် ကောင်စီက ကျင်းပပြုလုပ်သော အစည်းအဝေးများတွင် တက်ရောက်ခြင်း၊ ပါဝင်ဆွေးနွေးခြင်းနှင့် အကြံပြုချက်များပေးခြင်း ပြုနိုင်သည်။"

၆။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၈ တွင် -

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(၃) ကောင်စီဝင် ၁၆ ဦး အဖွဲ့ဝင်များ"

(ခ) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) ပါ အဖွဲ့ဝင်များထဲမှ ၁၃ ဦးကို ကောင်စီဝင်များ၏ ဆန္ဒမဲဖြင့် ရွေးချယ်တင်မြှောက်ပြီး ကျန်အဖွဲ့ဝင်သုံးဦးကို ကောင်စီဥက္ကဋ္ဌက တိုက်ရိုက် ရွေးချယ်ရမည်။"

၇။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၉ ၏ ခြေဆင်းကို အောက်ပါ အတိုင်း အစားထိုးရမည်-

"၉။ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူး တို့သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။"

၈။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ အခန်း (၅) ၏ အခန်းခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်-

**"နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များ"**

၉။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၁၅ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော နာယကအဖွဲ့ဝင်၊ ကောင်စီဝင်နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်တို့၏ ရပိုင်ခွင့်များမှာ အောက်ပါ အတိုင်းဖြစ်သည်-"

၁၀။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က) ကို အောက်ပါ အတိုင်း အစားထိုးရမည်-

"(က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို လေးလလျှင်တစ်ကြိမ် ကျင်းပပြုလုပ်ခြင်းနှင့် လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပခြင်း၊"

၁၁။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေပုဒ်မ ၂၀ တွင်-

(က) ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ခ) စီမံရေးရာဌာန၊ မှတ်ပုံတင်ဌာန၊ ငွေစာရင်းဌာန၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် စစ်ဆေးခြင်းဌာန၊ နိုင်ငံခြားဆက်သွယ်ရေးဌာန၊ ကျင့်ဝတ်သိက္ခာနှင့် စည်းကမ်းထိန်းသိမ်းရေးဌာနတို့တွင် လက်ထောက်ရုံးအဖွဲ့မှူး တစ်ဦးစီ။"

(ခ) ပုဒ်မခွဲ (ဂ) ကို ပယ်ဖျက်ရမည်။

၁၂။ မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေပုဒ်မ ၃၀ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၃၀။ (က) ကောင်စီသည် မှတ်ပုံတင် ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိရပါက မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ရမည်-

(၁) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါး သုံးစွဲကြောင်း ပေါ်ပေါက်ခြင်း၊

(၂) ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းကိုခံရပြီး ယင်းပြစ်မှုသည် ဆရာဝန်အဖြစ် ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထားသော ပြစ်မှုဖြစ်ခြင်း၊

(၃) ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ယွင်းသည်ဟု ကောင်စီက စစ်ဆေးတွေ့ရှိခြင်း။

(ခ) ပုဒ်မခွဲ (က) အရ ဆရာဝန် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း ခံရသော ဆရာဝန်တစ်ဦးဦးသည် ပေါ်ပေါက်ခဲ့သော အခြေအနေများမှ ပြန်လည်ပြုပြင်ပြီးဖြစ်သည်ဟု ခံယူပါက ဆရာဝန်မှတ်ပုံတင်လက်မှတ်ရရှိရန် ကောင်စီသို့ ပြန်လည် လျှောက်ထားနိုင်သည်။

(ဂ) ကောင်စီသည် ပုဒ်မခွဲ (ခ) အရ ပြန်လည်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်၊ စစ်ဆေး၊ သုံးသပ်ပြီး ဆရာဝန်မှတ်ပုံတင်လက်မှတ်ကို ပြန်လည် ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မည်ကို ပြည်သူများ စိုးရိမ်ပူပန်စရာမလို ယခင်ဈေးနှုန်းထက် ဈေးလျှော့ရောင်းချပေးလျက်ရှိ

**ရန်ကုန် မေ ၃**

လတ်တလောဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ အခြေအနေကြောင့် ငါး၊ ပုစွန်နှင့် ရေထွက်ပစ္စည်းများ ဈေးနှုန်းကြီးမြင့်မည်ကို ပြည်သူများ စိုးရိမ်ပူပန်စရာ မလိုကြောင်း၊ ယခင်ရောင်းချနေသည့် ဈေးနှုန်းထက် ဈေးလျှော့ရောင်းချပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

'' စားသုံးသူတွေကို ပြောချင်တာက ဆန်၊ ဆီ စတဲ့ မီးဖိုချောင်သုံးပစ္စည်းတွေနဲ့ပတ်သက်ပြီး ပစ္စည်းပြတ်လပ်မှာတို့၊ ဈေးကြီးမှာတို့ စိတ်ပူဖို့မလိုသလို ငါး၊ ပုစွန်၊ ငါးပိ၊ ငါးခြောက် စတဲ့ ရေထွက်ပစ္စည်းတွေအတွက်လည်း စိတ်မပူပါနဲ့။ ပြည်တွင်းစားသုံးဖို့ အလုံအလောက်ရှိပါတယ်" ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။



မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်

**အသိပေးကြေညာချက်များ ထုတ်ပြန်**

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိပြီး နောက်ပိုင်း ပြည်သူများ စိုးရိမ်စိတ်မြင့်တက်ကာ အခြေခံစားသောက်ကုန်များ စုဆောင်းဝယ်ယူနေကြသည့်အတွက် ဈေးကွက်အတွင်း ကုန်ဈေးနှုန်းမြင့်တက်မှုနှင့် ကုန်ပစ္စည်းပြတ်လပ်မှုမရှိစေရန် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ကြိုးပမ်းလျက်ရှိသည့်အပြင် အခြေခံစားသောက်ကုန်များနှင့်ပတ်သက်၍ ပြည်သူများ စိတ်ပူပန်မှုမရှိရန်နှင့် ပစ္စည်းအလုံအလောက်ရှိကြောင်းကိုလည်း အသိပေးကြေညာချက်များ ထုတ်ပြန်ခဲ့ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"ပြည်ပကို ငါးတင်ပို့မှုက ၈၀ ရာခိုင်နှုန်းလောက် လျော့ကျသွားတယ်။ ပြည်တွင်းမှာလည်း လူစုလူဝေးနဲ့ လုပ်တဲ့ ပွဲတော်တွေ ရပ်သွားတယ်။ စားသောက်ဆိုင်တွေလည်း ပိတ်လိုက်တော့ ပြည်တွင်းငါးစားသုံးမှုက လျော့သွားတယ်။ လက်ကားဈေးကြီးတွေမှာ ငါးဈေးတွေကျသွားတယ်။ ငါးကိုကုန်အောင်တောင် လျှော့ဈေးနဲ့ မနည်းရောင်းနေရတယ်။ ဒါကြောင့် ဈေးနှုန်းမြင့်တက်မှုမရှိနိုင်ပါဘူး" ဟု အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။

ငါး၊ ပုစွန် အစရှိသည့် ရေထွက်ပစ္စည်းများကို ပြည်တွင်းစားသုံးမှုဖူလုံစေရန်နှင့် ပြည်ပတင်ပို့နိုင်ရန် အင်း၊ အိုင်၊ မြစ်၊ ချောင်းများမှ ဖမ်းဆီးထုတ်လုပ်ခြင်း၊ ပင်လယ်ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းဆီးခြင်းနှင့် မွေးမြူရေးမှ ထုတ်လုပ်ခြင်း စသည့် နည်းလမ်းသုံးမျိုးဖြင့် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

**တင်ပို့ရောင်းချ**

မြန်မာနိုင်ငံတွင် ငါး၊ ပုစွန် မွေးမြူရေးဧကပေါင်း ငါးသိန်းခန့်ရှိပြီး အဆိုပါမွေးမြူရေးကန်များမှ ထွက်ရှိလာသည့် ရေချိုငါးများကို နေ့စဉ် ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင် ဗဟိုစံပြငါးဈေးသို့ ပိဿာချိန် သုံးသိန်းခွဲခန့်၊ ရွှေပိတောက် ငါးဈေးသို့ ပိဿာချိန် ငါးသောင်းခန့်၊ လှိုင်သာယာမြို့နယ် ငွေပင်လယ်ဇုန်ရှိ ငါးဈေးသို့ ပိဿာချိန်ငါးသောင်းခန့်၊ ပြည်ပတင်ပို့ရန် စက်ရုံများသို့ ပိဿာချိန် သုံးသောင်းခန့်နှင့် ဒေသအသီးသီးရှိ ဈေးများသို့ ပိဿာချိန် တစ်သိန်းခုနစ်သောင်းခန့် စုစုပေါင်းငါးပိဿာချိန် ခြောက်သိန်းခွဲခန့်ကို ပုံမှန်ရောင်းချနေရာမှ ကိုဗစ်-၁၉ ဖြစ်ပေါ်ပြီးနောက်ပိုင်း ရန်ကုန်မြို့ရှိ ကြည့်မြင်တိုင် ဗဟိုစံပြ ငါးဈေးကြီးအပါအဝင် တစ်နိုင်ငံလုံးရှိ ဈေးများသို့ ပိဿာချိန် နှစ်သိန်းခွဲခန့်သာ တင်ပို့ရောင်းချနေရကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မင်းသစ်**(MNA)

## အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင်စိုက်ပျိုးနိုင်သည့် မှိုစိုက်ပျိုးရေးနှိုးဆော်ချက်

၁။ ပြည်သူများ မိမိတို့၏ အိမ်ခြံဝင်းအတွင်း အာဟာရပြည့်ဝ၍ အလွယ်တကူစိုက်ပျိုးနိုင်သည့် မှိုသီးနှံ(ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှို)တို့ကို မြေနေရာ သီးသန့်မလိုဘဲ အိမ်ခြံဝင်းအတွင်း၌ စိုက်ပျိုးနိုင်ရန် အတွက် စိုက်ပျိုးရေးဦးစီးဌာနက မှိုမျိုးထုပ်များ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။

၂။ ငွေနှင်းမှိုနှင့် ကြွက်နားရွက်မှိုတို့ကို မိမိတို့အိမ်၏ နေရောင်ခြည်တိုက်ရိုက်မထိသော၊ လေပြင်းမတိုက်ခတ်သော အစိုဓာတ်ရှိသည့် ရေချိုးခန်းနှင့် မီးဖိုခန်းတို့တွင် ထားရှိ၍ အလွယ်တကူစိုက်ပျိုးနိုင်၍ စတင်စိုက်ပျိုးပြီး (၇-၁၀)ရက်အတွင်း ဆွတ်ခူးစားသုံးနိုင်ပါသည်။ မှိုမျိုးထုပ်တစ်ထုပ်လျှင် (၃-၄) ကြိမ်အထိ ဆွတ်ခူးနိုင်ပြီး တစ်ကြိမ်လျှင် အများဆုံး (၁၀)ကျပ်သားအထိ ထွက်ရှိနိုင်ပါသည်။

၃။ စိုက်ပျိုးရေးဦးစီးဌာန၏ မှိုသုတေသနနှင့် မျိုးပွားခြံများတွင် ငွေနှင်းမှိုမျိုးထုပ် (၂၇၇၅၀) နှင့် ကြွက်နားရွက်မှိုမျိုးထုပ်(၁၃၇၅၀)ခန့် ထုတ်လုပ်ထားရှိပြီးဖြစ်သဖြင့် မိမိတို့၏အိမ်ခြံဝင်းအတွင်း စိုက်ပျိုးရန်အတွက် မှိုမျိုးထုပ်နှင့် နည်းပညာများလိုအပ်ပါက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ (၉)မိုင်မှိုခြံ (ဖုန်း-၀၉၄၀၂၅၆၈၉၀၁)၊ ညောင်နှစ်ပင်မှိုခြံ(ဖုန်း-၀၉၄၄၀၃၃၃၅)၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ (၁၀)မိုင် မှိုခြံ(ဖုန်း- ၀၉၄၂၀၁၇၇၁၁၅)၊ ကျောက်တိုင်မှိုခြံ (ဖုန်း- ၀၉၄၂၁၁၅၂၇၆၅)၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပြင်ဦးလွင်မှိုခြံ (ဖုန်း-၀၉၄၂၆၆၅၉၇၃၅)တို့တွင် ဆက်သွယ်စုံစမ်း ဝယ်ယူစိုက်ပျိုးနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**သင့်စီးပွားရေးအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

# တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သန်းကျော်နှင့် သေဆုံးသူ ၅၂၀၀၀ ကျော်ရှိ

**ဝါရှင်တန် မေ ၃**

ကမ္ဘာတစ်ဝန်း၌ အတည်ပြုထားသော ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်းမှာ မေ ၂ ရက်နေ့အထိ တစ်သန်းကျော်ရှိပြီး သေဆုံးသူ ၅၂၀၀၀ ကျော်အထိ မြင့်တက်လာခဲ့သည်။ ဥရောပတိုက်သည် ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုဒဏ် အများဆုံးခံခဲ့ရပြီး အမေရိကန်နိုင်ငံက အဆိုပါကူးစက်ရောဂါကြောင့် နေ့စဉ်သေဆုံးသူအများဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

ကမ္ဘာ့နိုင်ငံထက်ဝက်ကျော်ရှိ ပြည်သူများကို အသွားအလာပြုလုပ်ခွင့် ပိတ်ပင်ထားသော်လည်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ထောင်ချီသောလူ့အသက်များ သေဆုံးခဲ့ပြီး အမေရိကန်၊ စပိန်နှင့် ဗြိတိန်တို့မှာ ကမ္ဘာပေါ်တွင် နေ့စဉ်သေဆုံးသူဦးရေ အများဆုံးနိုင်ငံများ ဖြစ်လာခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါက ကမ္ဘာ့စီးပွားရေးအပေါ် ထိခိုက်နေမှုကြောင့် ပြီးခဲ့သည့်သီတင်းပတ်က အလုပ်သမား ၆ ဒသမ ၆၅ သန်းမှာ အလုပ်လက်မဲ့ထောက်ပံ့ကြေးများ စံချိန်တင် လျှောက်ထားခဲ့ကြောင်း အမေရိကန်နိုင်ငံက ကြေညာခဲ့ပြီး စပိန်နိုင်ငံတွင်လည်း အလုပ်လက်မဲ့နှုန်း လစဉ်အမြင့်ဆုံးရောက်လာခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။ ကိုဗစ်-၁၉ ကပ်ရောဂါသည် လက်ရှိအချိန်တွင် ကူးစက်လူနာ ၂၄၃၄၅၃ ဦးရှိပြီး သေဆုံးသူ ၅၉၂၆ ဦးရှိသည့် အမေရိကန်နိုင်ငံ၌ အမြန်ဆန်ဆုံး ပျံ့နှံ့လျက်ရှိကြောင်း ဂျွန်ဟော့ကင်း တက္ကသိုလ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အမေရိကန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ နာရီအတွင်း ၁၁၆၉ ဦး သေဆုံးခဲ့ရာ တစ်ကမ္ဘာလုံး အတိုင်းအတာအရ ကပ်ရောဂါစတင်ပြန့်ပွားပြီး နောက်ပိုင်း တစ်ရက်အတွင်း လူသေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်လာခဲ့သည်။ ယခင်တစ်ရက်အတွင်း ကူးစက်လူနာ စံချိန်တင်သေဆုံးမှုမှာ မတ် ၂၇ ရက်ကဖြစ်ပြီး အီတလီနိုင်ငံတွင် ၉၆၉ ဦး သေဆုံးခဲ့သည်။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း တရုတ်နိုင်ငံတွင် စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါက လူ ၁၀၁၃၁၅၇ ဦးကို ကူးစက်ခဲ့ပြီး ၅၂၉၈၃ ဦး သေဆုံးခဲ့ကြောင်း ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ သိရသည်။ အဆိုးရွားဆုံးဒဏ်ခံခဲ့ရသည့် အီတလီနိုင်ငံက ကူးစက်လူနာ ၁၁၅၂၄၂ ဦးရှိပြီး သေဆုံးသူ ၁၃၉၁၅ ဦးရှိကြောင်း ကြေညာခဲ့သည်။ စပိန်နိုင်ငံတွင် ကူးစက်မှု ၁၁၀၂၃၈ မှုရှိပြီး သေဆုံးလူနာ ၁၀၀၀၃ ဦးအထိ မြင့်တက်လာခဲ့သည်။

ကမ္ဘာ့နိုင်ငံအများစုက ရောဂါပြင်းထန်သော သို့မဟုတ် ဆေးရုံတင်ရန် လိုအပ်သော လူနာများကိုသာ စစ်ဆေးနိုင်ကြရာ အမှန်တကယ် ကူးစက်သည့် လူနာအရေအတွက်မှာ ပိုမိုမြင့်မားသည်ဟု ယူဆရသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# အမေရိကန်စစ်သင်္ဘော သီရိုဒိုရုစဗဲ့မှ ကပ္ပတိန်အား ရာထူးမှ ဖယ်ရှား

**ဝါရှင်တန် မေ ၃**

အမေရိကန်စစ်သင်္ဘော သီရိုဒိုရုစဗဲ့ပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုနှင့်ပတ်သက်ပြီး အထက်ဌာနနှင့်ဆက်သွယ်ဆောင်ရွက်ရာတွင် မှားယွင်းစွာ စီမံခန့်ခွဲခဲ့သူ သင်္ဘောကပ္ပတိန် ဘရက်ကော်ဇီယာအား ရာထူးမှထုတ်ပယ်လိုက်ကြောင်း အမေရိကန်ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားသည်။

ကပ္ပတိန် ဘရက်ကော်ဇီယာသည် သင်္ဘောသား ၅၀၀၀ ခန့်ရှိသော အထက်ပါသင်္ဘောပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေခြင်းနှင့်ပတ်သက်ပြီး စိတ်ခံစားချက်များပါဝင်သော စာမျက်နှာ လေးမျက်နှာပါစာတစ်စောင်ကို ရေတပ်အကြီးအကဲများ မသိရှိရမီ မီဒီယာသို့ ဖြန့်ဝေခဲ့သည်ဟု ခေတ္တရေတပ်ဝန်ကြီး သောမတ်စ်မော့လီက ပြောကြားသည်။ ကိုဇီယာ၏စာတွင်ရေးသားထားချက်များအရ သင်္ဘောပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားနေသည့် အခြေအနေမှာ ပြင်းထန်သောအခြေအနေတွင်ရှိပြီး လက်ငင်းအရေးယူဆောင်ရွက်မှုမပြုပါက သင်္ဘောသားများသေဆုံးနိုင်ကြောင်း ရေးသားထားသည်။

“သင်္ဘောသားတွေရဲ့ဘေးကင်းလုံခြုံရေးနဲ့ ကျန်းမာရေးအတွက် ကပ္ပတိန်ကော်ဇီယာအနေနဲ့ အကောင်းဆုံးဆောင်ရွက်ခဲ့တယ်ဆိုတဲ့အကြောင်း ယုံမှားသံသယမရှိပါဘူး”ဟု သောမတ်စ်မော့လီက ပြောကြားသည်။ ရေတပ်ခေါင်းဆောင်ပိုင်းအနေဖြင့် သင်္ဘောပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုနှင့်ပတ်သက်ပြီး အချိန်နှင့် တစ်ပြေးညီဆောင်ရွက်မှုမရှိဟူသည့်အချက်မှာ မမှန်ကန်ကြောင်း မော့လီက ပြောကြားသည်။ **ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**



သင်္ဘောကပ္ပတိန် ဘရက်ကော်ဇီယာ

# တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည့်စည်းကမ်းကို ချိုးဖောက်သည့် ဂျာမနီပြည်သူများကို ယူရိုငွေ ၅၀၀ အထိ ဒဏ်ငွေချမှတ်မည်

**ဘာလင် မေ ၃**

ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုကို ထိန်းချုပ်ရန် တာဝန်ရှိသူများက ချမှတ်သည့်စည်းကမ်းများကို မထီမဲ့မြင်ပြုသည့်သူများကို အရေးယူမည်ဖြစ်ရာ သောကြာနေ့မှစ၍ ဂျာမနီနိုင်ငံသားများသည် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်ရပ်နေပါက ယူရိုငွေ ၅၀၀ (အမေရိကန်ဒေါ်လာ ၅၄၀)အထိ ဒဏ်ငွေရိုက်ခြင်းခံရမည်ဖြစ်သည်။

**ညွှန်ကြားထား**

ဂျာမနီဝန်ကြီးချုပ် အန်ဂျလာမာကယ်၏ အစိုးရက စားသောက်ကုန်ပစ္စည်းဝယ်ယူခြင်း၊ ကျန်းမာရေးလေ့ကျင့်ခန်းလုပ်ခြင်း၊ ဆေးခန်း၊ ဆေးဆိုင်များသို့ သွားခြင်းစသည့်ကိစ္စများမှလွဲ၍ အိမ်အပြင်သို့ မထွက်ကြရန် ပြည်သူများကို ညွှန်ကြားထားသည်။

လူနှစ်ဦးထက်ပို၍ စုဝေးခြင်းကို တားမြစ်ထားပြီး မည်သည့်အချိန်တွင်မဆို တစ်ဦးနှင့်တစ်ဦး အနည်းဆုံး ၁ ဒသမ ၅ မီတာ ( ၅ ပေ)ခွာ၍ နေရမည်ဖြစ်သည်။ ဒေသန္တရအစိုးရများတွင် စည်းကမ်းဥပဒေချိုးဖောက်သူများကို ဒဏ်ငွေရိုက်နိုင်သည့် လုပ်ပိုင်ခွင့်အာဏာရှိသည်။ ဘာလင်မြို့မှ တာဝန်ရှိသူများက ၎င်းတို့ချမှတ်မည့် ဒဏ်ငွေသည် ယူရိုငွေ ၅၀၀ အထိ မြင့်မားနိုင်သည်ဟု ပြောကြားသည်။




**ဒဏ်ငွေချမှတ်မည်**

အလားတူ ကြေညာချက်များ ဂျာမနီနိုင်ငံရှိ ပြည်နယ် ၁၆ ခုမှ ထွက်ပေါ်လာခဲ့သည်။ ဘဏ္ဍာရေးဗဟိုချက်ဖြစ်သည့် ဖရန့်ဖော့ထ်မြို့တည်ရှိရာ ဟတ်ဆီပြည်နယ်နှင့် နော့သ်ရိုင်းဝက်စ်ဖာလီယာ ပြည်နယ်နှစ်ခုစလုံးက နှစ်ဦးထက်ပို၍ စုဝေးနေသူများကို ယူရိုငွေ ၂၀၀ အထိ ဒဏ်ငွေချမှတ်မည်ဟု ကတိပြုကြသည်။

ဂျာမနီနိုင်ငံ၏ အကြီးမားဆုံးပြည်နယ်ဖြစ်သည့် ဘာဗေးရီးယားပြည်နယ်သည် ယခုအချိန်အထိ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု အဆိုးရွားဆုံးခံစားရသည့် ပြည်နယ်ဖြစ်ပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာ ၁၈၀၀၀ ကျော်ရှိသည်။ အဆိုပါ ပြည်နယ်တွင် အနည်းဆုံး ၁ ဒသမ ၅ မီတာ မခွာဘဲ ရပ်နေသူများကို ယူရိုငွေ ၁၅၀ ဒဏ်ရိုက်မည်ဖြစ်သည်။

**ခပ်ခွာခွာရပ်**

ဂျာမနီ ဈေးဝယ်စင်တာများနှင့် ဆေးဆိုင်များ၏ အပြင်ဘက်၌ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာရပ်၍ တန်းစီနေသည့်လူတန်းများသည် မကြာခဏ မြင်တွေ့ရသည့်မြင်ကွင်းများဖြစ်လာသည်။ ထိုနေရာများရှိ ပလက်ဖောင်းပေါ်တွင် တန်းစီသူများ ရပ်ရမည့်နေရာများကို တိပ်များဖြင့်ကပ်၍ အမှတ်အသားလုပ်ထားသည်။

သို့သော်လည်း စည်းကမ်းချိုးဖောက်မှု အများအပြားရှိကြောင်း ဂျာမနီရဲများက သတင်းပို့တင်ပြသည်။ ရောဂါထိန်းချုပ်ရေး ရောဘတ်ကို့ချ်သိပ္ပံ၏အဆိုအရ ဂျာမနီနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူ ၇၉၀၀၀ ကျော်ရှိသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူ စုစုပေါင်း ၁၀၁၇ ဦးရှိသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀၃ ဦး ထပ်မံတွေ့ရှိ၊ စုစုပေါင်းလူနာ ၁၉၇၈ ဦးရှိ

**ဗန်ကောက် မေ ၃**

ထိုင်းနိုင်ငံ ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကူးစက်ခံရသူ လူနာသစ် ၁၀၃ ဦး ထပ်မံတွေ့ရှိပြီး လူနာလေးဦး ထပ်မံသေဆုံးကြောင်း သောကြာနေ့က ထုတ်ပြန်ရာ စုစုပေါင်း ကိုဗစ်-၁၉ လူနာအရေအတွက် ၁၉၇၈ ဦးနှင့် စုစုပေါင်း သေဆုံးသူအရေအတွက် ၁၉ ဦးသို့ ရောက်ရှိခဲ့သည်။ လူနာအားလုံးအနက်မှ လူနာ ၅၈၁ ဦးသည် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံမှ ဆင်းသွားကြပြီဖြစ်သည်။

ထပ်မံသေဆုံးသည့်လူနာ လေးဦးအနက် တစ်ဦးသည် ထိုင်းနိုင်ငံ မီးရထားဌာနမှ အသက် ၅၉ နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးဖြစ်သည်။ ၎င်းအမျိုးသားသည် လုပ်ငန်းခွင်သို့ မဝင်ရောက်မီဖျားနာသဖြင့် ဆရာဝန်တစ်ဦးထံတွင် ဆေးကုသမှုခံယူခဲ့သည်။ ၎င်းသည် အသက်ရှုရခက်ခဲခြင်း ရောဂါလက္ခဏာများ ခံစားခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါစမ်းသပ်စစ်ဆေးတွေ့ရှိခဲ့ရပြီးနောက် ၎င်းအမျိုးသားသည် သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

ဒုတိယသေဆုံးသူလူနာသည်အသက်၇၂နှစ်အရွယ်ထိုင်းအမျိုးသားဖြစ်သည်။ ၎င်း၏သားဖြစ်သူသည် လက်ဝှေ့အားကစားရုံသို့ သွားရောက်လည်ပတ်ခဲ့သူဖြစ်သည်။ ၎င်းအမျိုးသားသည် မူလကပင် ကျောက်ကပ်ရောဂါရှိသူဖြစ်သည်။

တတိယသေဆုံးသူ လူနာသည် အသက် ၈၄ နှစ်အရွယ် ထိုင်းအမျိုးသားဖြစ်သည်။ ၎င်းသည် ဗန်ကောက်မြို့ရှိ လက်ဝှေ့အားကစားရုံတွင် အလုပ်လုပ်ခဲ့သူဖြစ်သည်။ ၎င်းအမျိုးသားသည် မူလကပင် ကျောက်ကပ်ရောဂါ၊ သွေးတိုးရောဂါနှင့် အဆစ်အမျက်ရောင်ရောဂါရှိသူဖြစ်သည်။

စတုတ္ထသေဆုံးသူ လူနာသည် အသက် ၈၄ နှစ်အရွယ် အမျိုးသားဖြစ်သည်။ ၎င်းသည် အဖျားပြင်းထန်ခြင်း၊ နှာစေးခြင်း၊ ချောင်းဆိုးခြင်းတို့ ခံစားရသဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ရသူဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ခံရသူ လူနာအသစ်များသည် လက်ဝှေ့အားကစားရုံ၊ ဖျော်ဖြေရေးနေရာများ၊ အင်ဒိုနီးရှားနိုင်ငံရှိ ဘာသာရေးအခမ်းအနားများ၊ လူနာများနှင့် ထိတွေ့ခဲ့မှု နှင့် နိုင်ငံခြားမှပြန်လာသူများနှင့် အများစုဆက်စပ်နေကြောင်း ကိုဗစ်-၁၉ အခြေအနေ စီမံခန့်ခွဲမှုဌာနမှ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် သာဝီဆင်ဝစ်ဆာနူယိုသင်က ပြောကြားသည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အောင်ဇော်လင်း**



# ကမ္ဘာ့နိုင်ငံများက ကိုဗစ်-၁၉ တိုက်ဖျက်ရေးရန်ပုံငွေ ဒေါ်လာ သန်း ၄၀၀ နီးပါးထည့်ဝင်ဟု ကုလသမဂ္ဂပြော

**ကုလသမဂ္ဂ မေ ၃**
အလှူရှင်နိုင်ငံများက ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးရန်ပုံငွေ ဒေါ်လာသန်း ၄၀၀ နီးပါးထည့်ဝင်ရန် ကတိပြုခဲ့ပြီး အကူအညီငွေကြေး ပိုမိုရရှိရန် ကြိုးပမ်းနေကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ရက်ရောသော အလှူရှင်နိုင်ငံများက ကိုဗစ်-၁၉ တိုက်ဖျက်ရေး ရန်ပုံငွေ ဒေါ်လာ ၃၇၄ သန်း ထည့်ဝင်ခဲ့ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖက်နီဒူဂျာရက်က သတင်းထောက်များကို ပြောကြားခဲ့သည်။ ဂျပန်နိုင်ငံက ဒေါ်လာ ၁၀၆ သန်းဖြင့် ပမာဏအများဆုံး ထည့်ဝင်ပြီး ကူဝိတ်၊ ဥရောပသမဂ္ဂနှင့် ဂျာမနီတို့ကလည်း ထိပ်တန်းအလှူရှင် ငါးနိုင်ငံစာရင်းတွင် ပါဝင်ကြောင်း ၎င်းက ပြောသည်။ "ကျွန်တော်တို့အားလုံး ကိုရိုနာဗိုင်းရပ်စ်ကို တိုက်ဖျက်နိုင်စွမ်းမရှိသရွေ့ အဲဒီကူးစက်ရောဂါကို အနိုင်ယူဖို့ မဖြစ်နိုင်ပါဘူး" ဟု ၎င်းကဆိုသည်။

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုထိန်းချုပ်ရာတွင် ဒေါ်လာ နှစ်ဘီလီယံတန်ကြေးရှိ အစီအမံများဖော်ဆောင်မည့် အစီအစဉ်တစ်ရပ် ပြီးခဲ့သည့်လက ကြေညာခဲ့စဉ် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ ငွေကြေးရန်ပုံငွေများထည့်ဝင်ရန် ကုလသမဂ္ဂက အကူအညီတောင်းခံခဲ့သည်။ ကျန်းမာရေးစနစ်များ လိုအပ်ချက်ရှိသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ပိုမိုဖြစ်နိုင်ကြောင်း၊ ကျန်းမာရေးစနစ်များနှင့် သန့်ရှင်းရေးကိရိယာများ ကောင်းမွန်လာစေရန် လုပ်ဆောင်မည်ဟု ကုလသမဂ္ဂက ပြောကြားခဲ့သည်။


လစ်ဗျားနိုင်ငံတွင် လူ ၁၀ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရကြောင်း၊ မြို့တော် ထရီပိုလီဝန်းကျင်၌ လက်ရှိဖြစ်ပွားနေသော တိုက်ခိုက်မှုများရပ်စဲရန် လိုအပ်ကြောင်း ၎င်းက ပြောသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆီးရီးယားနိုင်ငံ ဒမတ်စကတ်မြို့သို့ အကူအညီများ ထောက်ပံ့ပေးလျက်ရှိရာ ပြည်သူများကို ပိုမိုစစ်ဆေးပေးနိုင်တော့မည်ဟု သူကဆိုသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး



ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူ စတီဖက်နီဒူဂျာရက်

## ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားနေသောနိုင်ငံများအား ဂျပန်က အေဗီဂန်ဆေးဝါးများ အခမဲ့ထောက်ပံ့မည်




**တိုကျို မေ ၃**
ဂျပန်ကုမ္ပဏီမှ ထုတ်လုပ်သော အေဗီဂန်ဆေးဝါးများကို ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးအတွက် ရောဂါကူးစက်မှုခံနေရသော နိုင်ငံများအား ဂျပန်အစိုးရက ထောက်ပံ့ပေးအပ်သွားမည်ဟု သိရသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာသော ရောဂါလက္ခဏာများကို ထိရောက်စွာ ကုသမှုပေးနိုင်ရန်အတွက် ဂျပန်နိုင်ငံတွင် အဆိုပါဆေးဝါးအား လက်တွေ့စမ်းသပ်မှုများ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းဆေးဝါးများအား ထောက်ပံ့ပေးရန် နိုင်ငံပေါင်း ၃၀ မှ မေတ္တာရပ်ခံချက်များ ရရှိခဲ့ကြောင်း ဂျပန်ကက်ဘိနက် အကြီးအကဲ ယိုရှီဟီဒီရှူဂါက ပြောကြားသည်။

ဆေးဝါးရရှိရန် မေတ္တာရပ်ခံထားသော နိုင်ငံများနှင့် ဆွေးနွေးမှုများ ပြုလုပ်နေပြီး ဆေးဝါးလက်တွေ့စမ်းသပ်မှုများကိုတိုးချဲ့နိုင်ရန် ဂျပန်အစိုးရက ဆောင်ရွက်နေကြောင်း၊ ဆေးဝါးလိုအပ်နေသော နိုင်ငံများအား လုံလောက်သည့် အတိုင်းအတာအထိ အေဗီဂန်ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးသွားမည်ဟု ယိုရှီဟီဒီရှူဂါက ပြောကြားသည်။

ဂျပန်အစိုးရသည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ပေါ်လာသောဖျားနာမှုများကို ကုသရန်အတွက် အေဗီဂန်ဆေး သန်းပေါင်းများစွာကို စုဆောင်းထားရန် စီစဉ်နေကြောင်း၊ အေဗီဂန်ဆေးဝါးသည် ကိုရိုနာဗိုင်းရပ်စ် လူနာများအား ကုသရေးအတွက် စမ်းသပ်ရာတွင် ထိရောက်မှုရှိကြောင်း သိရသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ

## ခြောက်ရက်အတွင်း အသက်ရှူအထောက်အကူပြုကိရိယာပြတ်လပ်နိုင်ဟု နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး သတိပေး

**နယူးယောက် မေ ၃**
လက်ရှိနှုန်းအတိုင်းသာ ဆေးရုံများသို့ လူများဆက်လက်ရောက်လာပါက နယူးယောက်ပြည်နယ်တွင် ခြောက်ရက်စာအတွက်သာ အသက်ရှူအထောက်အကူပြုကိရိယာများ ရှိတော့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အန်ဒရူးကူမိုက သတိပေးပြောကြားသည်။

**လူနာအရေအတွက် မြင့်တက်လာမည်ကို စိုးရိမ်**

နယူးယောက်ပြည်နယ်အနေဖြင့် အပြင်းအထန်ဖျားနာနေသည့် လူနာများ၏အသက်ကို ကယ်တင်နိုင်တော့မည်မဟုတ်ဟု အန်ဒရူးက မေ ၂ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု အမြင့်ဆုံးအချိန် ရောက်ပြီးသွားလျှင်ပင် နွေရာသီအထိ လူနာအရေအတွက် မြင့်တက်လာမည်ကို စိုးရိမ်မိကြောင်း ၎င်းက ထုတ်ဖော်ပြောကြားခဲ့သည်။ ဂျွန်ဟော့ကင်းတက္ကသိုလ်မှ အချက်အလက်များအရ အမေရိကန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှု ၂၄၀,၀၀၀ ကျော်ရှိပြီး ကမ္ဘာပေါ်တွင် ကူးစက်ခံရသူအများဆုံးဖြစ်သည်။ ကိုဗစ်-၁၉ ရောဂါကြောင့် အမေရိကန်နိုင်ငံတွင် လူပေါင်း ၅၉၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။ နယူးယောက်ပြည်နယ်ဝန်းကျင်တွင်သာမက အမေရိကန်နိုင်ငံ အနောက်အလယ်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်အချို့တွင်လည်း လူနာအရေအတွက် မြင့်တက်လျက်ရှိသည်။

လူဝီစီယားနားပြည်နယ်၌ တစ်ရက်အတွင်း ကိုရိုနာဗိုင်းရပ်စ် လူနာအရေအတွက် ၄၀ ရာခိုင်နှုန်းကျော် မြင့်တက်လာခဲ့ရာ ကူးစက်လူနာ ၉၀၀၀ ကျော်အထိ ရောက်ရှိလာခဲ့ပြီဟု ကြေညာခဲ့သည်။ ကိုဗစ်-၁၉ ရောဂါကူးစက်လူနာ၏ ၂၀ ရာခိုင်နှုန်းကို ဆေးရုံတင်ခဲ့ပြီး များပြားလာသော လူနာအရေအတွက်ကြောင့် ခုတင်နှင့် အသက်ရှူအထောက်အကူပြုကိရိယာများရှာဖွေရန် လူဝီစီယားနားပြည်နယ်အတွက် ခက်ခဲလာခဲ့သည်။ ယခင်က ရောဂါပြင်းထန်ခဲ့သော်လည်း ယခုအခါ ပြန်လည်သက်သာလာသည့် လူနာများထားရှိရန် နယူးအော်လင်း ကွန်ဗင်းရှင်းဗဟိုဌာနကို ခုတင် ၁၀၀၀ ယာယီဆေးရုံတစ်ခုအဖြစ် ပြောင်းလဲပစ်ရန် ပြည်နယ်တာဝန်ရှိသူများက စီစဉ်လျက်ရှိသည်။

မီချီဂန်၊ ဖလော်ရီဒါနှင့် တက္ကဆက်ပြည်နယ်များတွင်လည်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်လူနာအရေအတွက် မြင့်တက်လာလျက်ရှိသည်။

ကိုးကား-အင်န်အိတ်ချ်ကေ
ဘာသာပြန်-ကျော်ထိုက်စိုး

## အိန္ဒိယတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၆ ဦးနှင့် ကူးစက်လူနာ ၂၃၀၀ ကျော် ရှိလာ

**နယူးဒေလီ မေ ၃**
အိန္ဒိယနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၆ ဦးနှင့် အတည်ပြု ကူးစက်လူနာအရေအတွက် ၂၃၀၁ ဦးအထိ ရောက်ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့နံနက်ပိုင်းတွင် ပြောကြားသည်။

ယမန်နေ့ညနေနောက်ပိုင်း သေဆုံးသူသုံးဦးနှင့် ကူးစက်မှု ၂၃၂ မှု မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၏ ပြောကြားချက်အရ ကျန်းမာရေးကောင်းမွန်လာသည့် လူ ၁၅၇ ဦးကို ဆေးရုံများမှ ဆင်းခွင့်ပြုခဲ့ကြောင်း သိရသည်။ လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၌ ကူးစက်လူနာ ၂၀၈၈ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ မေ ၃ ရက်သည် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါပျံ့နှံ့မှု ထိန်းချုပ်ရန် အစိုးရက ကြေညာခဲ့သည့် နိုင်ငံတစ်ဝန်း ၂၁ ရက်ကြာ ပြည်သူများ အသွားအလာပြုလုပ်ခွင့် ပိတ်ပင်ထားသည့် ၁၀ ရက်မြောက်နေ့ဖြစ်သည်။

နိုင်ငံတစ်ဝန်း ပြည်သူများ၏လှုပ်ရှားမှုကို တားဆီးရန် အာဏာပိုင်များက တင်းကျပ်သော ညမထွက်ရအမိန့် ပြဋ္ဌာန်းခဲ့သည်။ ခြွင်းချက်ပေးထားသည့် မရှိမဖြစ်လုပ်ငန်းများမှလွဲ၍ ကုန်းလမ်း၊ ရထားလမ်း၊ လေကြောင်းလုပ်ငန်းများအားလုံး ရပ်ဆိုင်းခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုထိန်းချုပ်ရန်နှင့် နိုင်ငံအတွင်း ကူးစက်မှုလမ်းကြောင်းကို ချိုးဖျက်ရန် လက်ရှိသတ်မှတ်ထားသော ပြည်သူများ အသွားအလာပြုလုပ်မှု ပိတ်ပင်ခြင်းကို တင်းကျပ်စွာ ပြဋ္ဌာန်းရန် ဗဟိုအစိုးရက ပြည်နယ်များသို့ တိုက်တွန်းခဲ့သည်။



လာမည့် တနင်္လာနေ့ ဒေသစံတော်ချိန် ည ၉ နာရီတွင် နေအိမ်များ၌ မီးများပိတ်ကာ ကိုးမိနစ်ကြာ ဖယောင်းတိုင်ထွန်းခြင်း၊ မိုဘိုင်းဖုန်းများဖြင့် မီးဖွင့်ပြခြင်းဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါတိုက်ဖျက်ရေးတွင် ပူးတွဲစိတ်ဓာတ်ကြံ့ခိုင်မှုပြသရန် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ပြည်သူများသို့ တိုက်တွန်းခဲ့သည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

## အီရန်နိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၁၅ ဦး စမ်းသပ်တွေ့ရှိ

**တီဟီရန် မေ ၃**
အီရန်နိုင်ငံတွင် တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၇၁၅ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ပြီးနောက် ရောဂါကူးစက်ခံရသူ စုစုပေါင်း ၅၃၁၈၅ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယနေ့ ပြောကြားသည်။

ထို့အတူ အီရန်နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်တာအတွင်း ၁၃၄ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် ကိုဗစ်- ၁၉ ရောဂါကြောင့် နိုင်ငံအတွင်း သေဆုံးသူစုစုပေါင်း ၃၂၉၄ ဦးရှိလာခဲ့ကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာ ဝန်ကြီးဌာနအောက်ရှိ ပြည်သူ့ဆက်ဆံရေးနှင့် သတင်းအချက်အလက်ဌာနအကြီးအကဲ ကီယာနုဒ်ဂျဟန်ပူရ်က ယနေ့ အတည်ပြုကြေညာသည်။

နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအားလုံးအနက် ၁၇၉၃၅ ဦးတို့သည် ၎င်းတို့၏ ရောဂါဝေဒနာမှ ပြန်လည်ကျန်းမာသွားပြီး ဆေးရုံများမှ ဆင်းကြပြီဖြစ်ကြောင်း၊ သို့သော် ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးဝါးကုသမှုခံယူလျက်ရှိသော ၄၀၃၅ ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ စိုးရိမ်ရကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အီရန်အစိုးရသည် နိုင်ငံ၏ လူဦးရေ ၈၂ သန်းနီးပါးရှိသည့်အနက် လူဦးရေ ၆၉ သန်းကျော်ကို ကိုဗစ်-၁၉ ရောဂါရှိမရှိ စစ်ဆေးခဲ့ကြောင်းသိရသည်။ အီရန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့် နိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ

# ကိုဗစ်-၁၉ တိုက်ဖျက်ရေးမှာ ရှေ့တန်းမျက်နှာစာက တိုက်ပွဲဝင်နေတဲ့ ကျန်းမာရေးဝန်ထမ်းများ

■ အောင်ကျော်ကျော်



တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ရန် ပိုးသတ်ဆေးဖျန်းနေသည်ကို တွေ့ရစဉ်။

ကမ္ဘာတစ်ဝန်းမှာဖြစ်ပွားနေတဲ့ ကပ်ရောဂါဆိုးကြီးဟာ ကမ္ဘာသူ၊ ကမ္ဘာသားတို့ကို သူ့ရဲ့ပြင်းထန်လှတဲ့ ထိုးနှက်ချက်တွေနဲ့အတူ ဇီဝိန်ခြွေခဲ့တာ အခုဆိုရင် ကမ္ဘာတစ်ဝန်းမှာ သေဆုံးသူ ၅၂၀၀၀ ကျော်ရှိသွားပြီ ဖြစ်ပါတယ်။ ဒီရောဂါကြီး ကမ္ဘာပေါ်ကို ရောက်ရှိလာချိန်မှစပြီး ကမ္ဘာ့နိုင်ငံအစိုးရအသီးသီးကလည်း ကာကွယ်ရေးလုပ်ငန်းစဉ်တွေကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ အစိုးရအဖွဲ့အစည်းတွေက ပြည်သူတွေကို ရောဂါဆိုးကြီး ကူးစက်မှုမရှိအောင် ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်း၊ စည်းကမ်းတွေချမှတ်တယ်။ ဒေသန္တရအာဏာပိုင်တွေက အစိုးရချမှတ်လိုက်တဲ့ စည်းမျဉ်းတွေကို ပြည်သူတွေ လိုက်နာမှုရှိ၊ မရှိ စောင့်ကြည့်အရေးယူမှုတွေပြုလုပ်တယ်။ ဆရာဝန်တွေ၊ ကျန်းမာရေးဝန်ထမ်းတွေကလည်း ရောဂါကူးစက်ခံရသူတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေပေးပြီး ရောဂါပိုးဆက်လက်ပြန့်ပွားမှုမရှိအောင် ကာကွယ်ထိန်းသိမ်းပေးတယ်။ ဒီလိုတာဝန်အသီးသီးကို လိုက်နာဆောင်ရွက်တဲ့နေရာမှာ ရှေ့တန်းမျက်နှာစာကနေ ကိုယ့်အသက်ကို ပဓာနမထားဘဲ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ကျန်းမာရေးပြုစုစောင့်ရှောက်မှုတွေပေးနေတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ဘယ်လိုအခက်အခဲအကျပ်အတည်းတွေကို ဘယ်လိုရင်ဆိုင်နေရသလဲ၊ ကမ္ဘာ့နိုင်ငံတွေအနေနဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ဘယ်လိုအထောက်အပံ့တွေပေးဖို့လိုအပ်နေသလဲဆိုတာ လေ့လာသုံးသပ်ကြည့်ပါစို့။

**စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေ ခံစားရ**

ဆရာဝန်တွေ၊ သူနာပြုတွေအပါအဝင် ကျန်းမာရေးဝန်ထမ်းအသီးသီးဟာ နေ့စဉ်နဲ့အမျှ ကမ္ဘာတစ်ဝန်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံလူနာတွေကို တာဝန်ကျေပွန်စွာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေပေးနေရပါတယ်။ ဒီလိုကျန်းမာရေးစောင့်ရှောက်မှုတွေပေးတဲ့နေရာမှာ အချို့ကျန်းမာရေးဝန်ထမ်းတွေဆိုရင် စိတ်ဓာတ်ကျဆင်းတာတွေ၊ စိုးရိမ်ကြောင့်ကြဗျာပါဒများတာတွေ၊ ညအိပ်မပျော်တာတွေ၊ စိတ်ဖိစီးမှုများတာတွေကို ခံစားနေကြရပါတယ်။ ဒါတွေဟာ ရောဂါကာကွယ်ရေးလုပ်ငန်းတွေကို နေ့၊ ည မပြတ်ဆောင်ရွက်ရင်းနဲ့ ရရှိလာတဲ့စိတ်ပိုင်းဆိုင်ရာထိခိုက်မှုတွေပဲဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်လူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးရင်း စိတ်ပိုင်းဆိုင်ရာကျန်းမာရေးထိခိုက်မှုတွေကို ခံစားနေရတဲ့ ကျန်းမာရေးဝန်ထမ်းအရေအတွက်ဟာ တရုတ်နိုင်ငံအတွင်းမှာ ၁၃၀၀ နီးပါးရှိတယ်လို့ ဟန်ဖူးမြို့ရှိ ဇီကျန်းဆေးတက္ကသိုလ်ရဲ့ သုတေသနတစ်ခုအရ သိရပါတယ်။

**ဗိုင်းရပ်စ်ကူးစက်ခံနေရ**

အာရှ-ပစိဖိတ်ဒေသမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်လူနာတွေကို ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးရင်း အသက်ဆုံးရှုံးသွားတဲ့ ဆရာဝန် အနည်းဆုံး ၃၅ ဦးရှိပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ထမ်း ၃၅၀၅ ဦးဟာ ဗိုင်းရပ်စ်ကူးစက်ခံနေရပြီး ၄၂၀၀ ကျော်ဟာ သီးခြားစောင့်ကြည့်ခြင်းခံနေရတယ်လို့ စစ်တမ်းတစ်ရပ်အရ သိရပါတယ်။ တရုတ်နိုင်ငံမှာ ကျန်းမာရေးဝန်ထမ်း ၃၃၀၀ ကျော် ဗိုင်းရပ်စ်ကူးစက်ခံနေရပြီး ၁၃ ဦးသေဆုံးခဲ့တယ်လို့ တရုတ်အမျိုးသားကျန်းမာရေးကော်မရှင်က အတည်ပြုပြောကြားခဲ့ပါတယ်။ ပါကစ္စတန်နိုင်ငံမှာ ဆရာဝန်လေးဦး ဗိုင်းရပ်စ်ကူးစက်ခံရပြီး နှစ်ဦး သေဆုံးခဲ့ပါတယ်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာ ဆရာဝန်သုံးဦးနဲ့ သူနာပြုနှစ်ဦး ဗိုင်းရပ်စ်ကူးစက်ခံနေရပါတယ်။ အိန္ဒိယနိုင်ငံမှာ ဆရာဝန်ခြောက်ဦးနဲ့ သူနာပြုသုံးဦး ရောဂါကူးစက်ခံထားရပြီး ဆရာဝန်ခြောက်ဦးအပါအဝင် ဆေးဘက်အကူ ၁၅ ဦး သီးခြားစောင့်ကြည့်ခြင်းခံနေရပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံမှာ ဆရာဝန်တွေအပါအဝင် ကျန်းမာရေးဝန်ထမ်း ၁၅ ဦး ရောဂါကူးစက်ခံထားရပါတယ်။ ဖိလစ်ပိုင်နိုင်ငံမှာ ဆရာဝန် ၁၇ ဦးသေဆုံးခဲ့ပြီး ကျန်းမာရေးဝန်ထမ်း ၇၄၀ သီးခြားစောင့်ကြည့်ခြင်းခံနေရပါတယ်။ မလေးရှားနိုင်ငံမှာ ကျန်းမာရေးဝန်ထမ်း ၈၀ နီးပါးနဲ့ စင်ကာပူနိုင်ငံမှာ ရှစ်ဦး ဗိုင်းရပ်စ်ကူးစက်ခံထားရပါတယ်။ ဘူတန်နိုင်ငံမှာ ကျန်းမာရေးဝန်ထမ်း ၃၄ ဦး သီးခြားစောင့်ကြည့်ခြင်းခံနေရပါတယ်။ အင်ဒိုနီးရှားနိုင်ငံမှာ ဆရာဝန်သုံးဦး သေဆုံးပြီး ကျန်းမာရေးဝန်ထမ်း ၈၄ ဦး ရောဂါကူးစက်ခံထားရတယ်လို့ စစ်တမ်းတစ်ရပ်အရ သိရပါတယ်။

**စိန်ခေါ်မှုတွေအများကြီး**

ကျန်းမာရေးဝန်ထမ်းတွေ နောက်ထပ်ရင်ဆိုင်ရတဲ့ စိန်ခေါ်မှုတွေကတော့ ဗိုင်းရပ်စ်ကူးစက်ခံလူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ဆေးဝါးထောက်ပံ့မှုတွေ ညီတူညီမျှရရှိအောင် ဘယ်လိုမျှဝေပေးမလဲဆိုတာနဲ့ ကျန်းမာရေးထောက်ပံ့ပစ္စည်းပြတ်လပ်မှုတွေနဲ့ ရင်ဆိုင်နေရခြင်းပဲဖြစ်ပါတယ်။ ဒီစိန်ခေါ်မှုတွေကို ဖွံ့ဖြိုးမှုနည်းတဲ့နိုင်ငံတွေသာမက ဖွံ့ဖြိုးမှုအမြင့်မားဆုံးဖြစ်တဲ့နိုင်ငံတွေမှာတောင် ရင်ဆိုင်နေရပါတယ်။

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့က ပရီဘီတီရီးယန်းဆေးရုံမှာ ပုံမှန်နေ့တွေဆို တစ်နေ့ကို နှာခေါင်းစည်း ၄၀၀၀ ပုံမှန်သုံးစွဲရပါတယ်။ ဒါပေမယ့် အခု ဗိုင်းရပ်စ်ကူးစက်လူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနေရတဲ့အချိန်မှာ တစ်နေ့ကို နှာခေါင်းစည်း ၄၀၀၀၀ ပုံမှန် သုံးစွဲနေရပါတယ်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကျန်းမာရေးထောက်ပံ့ပစ္စည်းတွေပြတ်လပ်နေတဲ့အတွက် နိုင်ငံအတွင်းက မော်တော်ကားကုမ္ပဏီတွေကို အသက်ရှူအထောက်အကူပြုကိရိယာတွေ ထုတ်လုပ်ပေးဖို့ တောင်းဆိုထားပါတယ်။ အမေရိကန်နိုင်ငံမှာ နှာခေါင်းစည်း အရေအတွက် သန်း ၃၀ ခန့်ရှိခဲ့ပါတယ်။ ဒါပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကပ်ဆိုးကြီးဖြစ်လာတဲ့အချိန်မှာတော့ နှာခေါင်းစည်း ၃ ဒသမ ၅ ဘီလီယံ လိုအပ်နေပါတယ်လို့ အမေရိကန်ကျန်းမာရေးဌာန တာဝန်ရှိသူ ရောဘတ်ကာလက်စ်က ဆိုပါတယ်။ ဒီလိုဖွံ့ဖြိုးမှုအမြင့်မားဆုံးဖြစ်တဲ့ အမေရိကန်နိုင်ငံမှာတောင် ကျန်းမာရေးထောက်ပံ့ပစ္စည်းတွေ ပြတ်လပ်နေတာကို တွေ့ရပါတယ်။ ကပ်ရောဂါတစ်ခုဖြစ်လာပြီဆိုရင် နှာခေါင်းစည်း၊ လက်အိတ်၊ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံတွေဖြစ်တဲ့ ကျန်းမာရေးအထောက်အပံ့ပစ္စည်းတွေဟာ လုံလောက်မှုမရှိတော့ပါဘူး။ ကျန်းမာရေးအထောက်အကူပြုပစ္စည်းတွေ ပြတ်လပ်လေလေ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ဗိုင်းရပ်စ်ကူးစက်ခံရမှုနှုန်းဟာ ပိုမိုမြင့်မားလာလေလေပါပဲ။ ကျန်းမာရေးထောက်ပံ့ပစ္စည်းတွေပြတ်လပ်လာလို့ ဗိုင်းရပ်စ်ကူးစက်ခံရတဲ့ ကျန်းမာရေးဝန်ထမ်းအရေအတွက်ဟာ အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုးပြည်နယ်မှာရှိတဲ့ ဗိုင်းရပ်စ်ကူးစက်ခံလူနာအားလုံးရဲ့ ၁၆ ရာခိုင်နှုန်းရှိပါတယ်။ အီတလီနိုင်ငံမှာ ဗိုင်းရပ်စ်ကူးစက်ခံရပြီး ဆရာဝန်အယောက် ၂၀ ကျော်လောက်သေဆုံးခဲ့ပါတယ်။ ဒါ့အပြင် ကျန်းမာရေးဝန်ထမ်းအားလုံးရဲ့ ၂၀ ရာခိုင်နှုန်းဟာ ဗိုင်းရပ်စ်ပိုးကူးစက်ခံထားရပါတယ်။ စပိန်နိုင်ငံမှာ ကျန်းမာရေးဝန်ထမ်း ၃၉၀၀ ကျော်ဟာ ဗိုင်းရပ်စ်ကူးစက်ခံထားရပါတယ်။ အမေရိကန်ပြည်ထောင်စု ကွန်နီတီကတ်ပြည်နယ်မှာ သူနာပြု ၂၀၀ ခန့်ဟာ ရောဂါပိုးရှိ၊ မရှိ သီးခြားစောင့်ကြည့်ခြင်းခံနေရပါတယ်။ ဒီလိုပဲ ကျန်းမာရေးထောက်ပံ့ပစ္စည်းတွေပြတ်လပ်လို့ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ ကျန်းမာရေးဝန်ထမ်းတွေ ရောဂါကူးစက်ခံနေရ(သို့မဟုတ်) သီးခြားစောင့်ကြည့်ခံနေရပါတယ်။ ဒါကြောင့် အစိုးရအဖွဲ့အစည်းတွေအနေနဲ့ သက်ဆိုင်ရာကုမ္ပဏီတွေကို ကျန်းမာရေးထောက်ပံ့ပစ္စည်းတွေ များများထုတ်လုပ်ပေးဖို့ စီစဉ်ညွှန်ကြားသင့်ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေကို ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်နဲ့ ကာကွယ်ရေးဆိုင်ရာ ထောက်ပံ့ပစ္စည်းတွေကို လုံလုံလောက်လောက် ထောက်ပံ့ပေးထားမှသာ ရှေ့တန်းမျက်နှာစာမှာ နောက်ဆံတင်းမှုမရှိဘဲနဲ့ လူနာတွေကို ကျန်းမာရေးပြုစုစောင့်ရှောက်မှုတွေ စိတ်ချလက်ချ လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။

**ခြိမ်းခြောက်ခံနေရ**

အချို့နိုင်ငံတွေက ဆေးရုံတွေမှာဆို ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကို ထိန်းချုပ်ကာကွယ်တဲ့နေရာမှာ ဆေးဝါးပြတ်လပ်မှုတွေ၊ ထောက်ပံ့ပစ္စည်းပြတ်လပ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီအကြောင်းတွေနဲ့ပတ်သက်ပြီးတော့ ထုတ်ဖော်ပြောမယ်ဆိုရင် အလုပ်ဖြုတ်ပစ်မယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေကိုလည်း ကျန်းမာရေးဝန်ထမ်းတွေ ရင်ဆိုင်နေရပါတယ်။ ဝါရှင်တန်မြို့က အရေးပေါ်ကုသခန်းက ဆရာဝန်တစ်ဦးဟာ ဗိုင်းရပ်စ်ပိုးစစ်ဆေးတဲ့ကိရိယာတွေ၊ ထောက်ပံ့ပစ္စည်းတွေ မလုံလောက်ဘူးလို့ ပြောကြားခဲ့တဲ့အတွက် အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရပါတယ်။ အလားတူပဲ ချီကာဂိုမြို့က သူနာပြုတစ်ယောက်ကလည်း ကျန်းမာရေးထောက်ပံ့ပစ္စည်းတွေ ပိုမိုဝတ်ဆင်ထားဖို့ လိုအပ်တယ်ဆိုတာကို သူ့ရဲ့သူငယ်ချင်းတွေကို ပြောတဲ့အတွက် အလုပ်မှ ထုတ်ပယ်ခြင်းခံခဲ့ရပါတယ်။ ဒါကြောင့် ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဗိုင်းရပ်စ်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ပတ်သက်ပြီး သူတို့ရဲ့ဆေးရုံတွေ အကြောင်း အင်တာဗျူးလုပ်ဖို့ သတင်းဌာနတွေရဲ့ ကမ်းလှမ်းမှုတွေကို အခုအချိန်မှာ ငြင်းဆန်နေကြရပါတယ်။ လက်ရှိအချိန်မှာ ကျန်းမာရေးဝန်ထမ်းတွေဟာ ဗိုင်းရပ်စ်ကူးစက်လူနာတွေကို ကျန်းမာရေးပြုစုစောင့်ရှောက်မှုပေးရင်း ကိုယ်တိုင်လည်း ဗိုင်းရပ်စ်ကူးစက်မှာကို စိုးရိမ်နေရတဲ့အပြင် သူတို့ရင်ဆိုင်နေရတဲ့အခက်အခဲတွေကို ပြောကြားလိုက်ရင်လည်း အလုပ်ပြုတ်သွားမှာကို စိုးရိမ်နေကြရပါတယ်။

**ချီးကျူးထောမနာပြု**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့နေတဲ့အချိန်မှာ ရောဂါကူးစက်မှုမရှိစေဖို့အတွက် နေအိမ်အတွင်းမှာသာ နေထိုင်ဖို့ အစိုးရအဖွဲ့အစည်းတွေက ပြည်သူတွေကို တိုက်တွန်းထားပါတယ်။ ဒီလိုအချိန်မှာ ဗိုင်းရပ်စ်ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းတွေကို အာဏာပိုင်တွေနဲ့ ရှေ့တန်းမျက်နှာစာကနေ ရှပ်ရှပ်ချွံချွံတိုက်ပွဲဝင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ကမ္ဘာ့ပြည်သူတွေက ချီးကျူးထောမနာပြုနေကြတာတွေကို တွေ့မြင်ရပါတယ်။ အီတလီ၊ စပိန်၊ ပြင်သစ်နိုင်ငံတွေမှာ ခရီးသွားလာမှုတွေ ကန့်သတ်ထားတဲ့အတွက် ပြည်သူတွေက နေအိမ်ပြတင်းပေါက်၊ ထပ်ခိုးပေါ်တွေကနေ လမ်းမတွေပေါ်မှာ ဗိုင်းရပ်စ်ကာကွယ်ရေးတွေ လုပ်ဆောင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို အားပေးနေကြတာ တွေ့မြင်ရပါတယ်။ ဒါ့အပြင် တူရကီ၊ အစ္စရေးနဲ့ ဘယ်လ်ဂျီယံနိုင်ငံပြည်သူတွေကလည်း ကျန်းမာရေးဝန်ထမ်းတွေကို အသိအမှတ်ပြုတဲ့အနေနဲ့ လက်ခုပ်လက်ဝါးတွေတီးပြီး အားပေးနေတာကိုတွေ့ရပါတယ်။ ဘာစီလိုနာမြို့က ဆေးရုံတစ်ရုံရှေ့မှာ ရဲအရာရှိတွေနဲ့ ပြည်သူတွေဟာ စုဝေးပြီး ကျန်းမာရေးဝန်ထမ်းတွေကို ကျေးဇူးတင်တဲ့အနေနဲ့ လက်ခုပ်တီးအားပေးနေတာကို တွေ့ရပါတယ်။ တရုတ်နိုင်ငံ ဝူဟန်မြို့မှာလည်း ဇန်နဝါရီလလယ်ပိုင်းက ရောဂါပိုးကူးစက်မှုကို ထိန်းချုပ်နိုင်လို့ ပြည်သူတွေက ကျန်းမာရေးဝန်ထမ်းတွေကို ချီးကျူးထောမနာပြုတာတွေ ရှိခဲ့ပါတယ်။

**ပြည်သူတွေရဲ့အကူအညီလို**

လက်ရှိအချိန် ကမ္ဘာတစ်ဝန်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက်ဟာ တစ်သန်းကျော်သွားပြီဖြစ်ပါတယ်။ ရောဂါကူးစက်မှုနှုန်းတွေ ဆက်လက်မြင့်မားနေတဲ့အတွက် ကျန်းမာရေးဝန်ထမ်းတွေအနေနဲ့ ဗိုင်းရပ်စ်ပိုးရှိ၊ မရှိ စစ်ဆေးတဲ့စက်ကိရိယာတွေ၊ ကျန်းမာရေးထောက်ပံ့ပစ္စည်းတွေ အလုံအလောက်ရှိဖို့ လိုအပ်ပါတယ်။ အာဏာပိုင်တွေအနေနဲ့လည်း ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းတွေကို ပြည်သူတွေ လိုက်နာမှု ရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးမှုတွေ လုပ်ဆောင်ပြီး ကျန်းမာရေးဝန်ထမ်းတွေကို ကူညီပေးသင့်ပါတယ်။

ပြည်သူတွေကလည်း ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းတွေကို လိုက်နာမယ်၊ နေအိမ်အတွင်းမှာ နေထိုင်မယ်၊ လူစုလူဝေးပြုလုပ်ခြင်းတွေကို ရှောင်ကြဉ်မယ်၊ လက်ကို ဆပ်ပြာနဲ့ စနစ်တကျဆေးကြောမယ်၊ ခရီးသွားလာခဲ့တဲ့သူတွေကလည်း ကိုယ်သွားခဲ့တဲ့ ခရီးစဉ်လမ်းကြောင်းကို မထိမ်ချန်ဘဲ အမှန်အတိုင်းပြောပြမယ်၊ ရောဂါလက္ခဏာခံစားနေတဲ့သူတွေ ကိုယ့်အနီးဝန်းကျင်မှာရှိရင် သက်ဆိုင်ရာကျန်းမာရေးဌာနကို အသိပေးအကြောင်းကြားမယ်ဆိုရင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း သိသိသာသာလျော့ကျသွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်တာဟာ အသက်စွန့်တိုက်ပွဲဝင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို တစ်ဖက်တစ်လမ်းက ကူညီပေးရာရောက်ပါတယ်။

ကျွန်တော်တို့ပြည်သူတွေဟာ ရောဂါကပ်ဆိုးကြီးကို ကာကွယ်ထိန်းချုပ်ရာမှာ အရေးပါလှတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ပံ့ပိုးကူညီမှုတွေ အများကြီးလုပ်ဆောင်သင့်ပါတယ်။ ဒါကြောင့် ကိုယ်ကျိုးမကြည့်ဘဲ လူသားတွေရဲ့အသက်ကို ကယ်တင်ပေးနေတဲ့ ကမ္ဘာတစ်ဝန်းက ကျန်းမာရေးဝန်ထမ်းတွေကို လက်လှမ်းမီတဲ့နေရာကနေ ကူညီဖေးမပေးဖို့လိုအပ်နေပြီဆိုတဲ့အကြောင်း တိုက်တွန်းရေးသားလိုက်ပါတယ်။ ။

# မြဝတီ၊ နမ့်စန်၊ မဘိမ်းနှင့် ပုံပါကျင်မြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂ ရက် ညနေ ၄ နာရီက မြဝတီမြို့ အမှတ်(၄)ရပ်ကွက် အေးသာယာ(၂)လမ်းနေ ဖြိုးဝေကျော်(ခ) ကိုဖြိုး၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ အောင်ပြည့်ဖြိုး၊ ဇော်ဝင်းအောင်တို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၄ ပြား၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန်မြို့ အမှတ်(၅) ရပ်ကွက် တောင်ပေါ်ရေကန်လမ်းနေ ဇော်ဦး၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၀ ကို လည်းကောင်း။

ထို့အတူ ယင်းနေ့နံနက် ၉ နာရီခွဲက မဘိမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မဘိမ်းမြို့နယ် ဘဟဲကျေးရွာအုပ်စု ပွေးတူးကျေးရွာနေ မအေးလွင်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၉၀၀ ကို လည်းကောင်း၊ အလားတူ ထိုနေ့နံနက် ၃ နာရီက တပ်မတော်မှ မိုင်းတုံမြို့နယ် ပုံပါကျင်မြို့ နမ့်ဟူးခွန်ကျေးရွာအုပ်စု ပါချီးကျေးရွာ၏တောင်ဘက် သုံးမိုင်ခန့်အကွာ ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ်အနီး၌ ပလတ်စတစ်အိတ်ဖြင့် ထုပ်ပိုးထားသည့် အိုက်စ် သုံးကီလိုကို သိမ်းဆည်းရမိခဲ့ပြီး ၎င်းနေရာနှင့် ကိုက်



မအေးလွင်အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့် အတူ တွေ့ရစဉ်။

၁၅၀ ခန့် အကွာရှိ ဆာလာအိတ်အတွင်းမှ အိုက်စ် သုံးကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ပြစ်မှုကျူးလွန်သူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဧပြီ ၃**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဧပြီ ၂ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၅၉၃ စီး၊ သွင်းကုန် ၁၆၅၅ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၅၁ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂ ရက်တွင် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု တစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် သုညဒသမ ၁၃ သန်းတန်ဖိုးရှိ Lipo(100 ml) (1x50)(10 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# မိုင်းဆတ်မြို့နယ် ကျေးရွာနှစ်ရွာ၌ တောမီးမှတစ်ဆင့် လူနေအိမ် ၃၆ လုံးသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွား

**မိုင်းဆတ် ဧပြီ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ်ကျေးရွာအုပ်စု ပုံတပ်(၁)ကျေးရွာနှင့် ခတ်ကြားဒေကျေးရွာတို့တွင် ယမန်နေ့က တောမီးမှတစ်ဆင့် လူနေအိမ် ၃၆ လုံး မီးကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ပုံတပ်(၁)ကျေးရွာ၏ အနောက်ဘက် တောအုပ်အတွင်း၌ ယမန်နေ့ မွန်းလွဲ ၂ နာရီခန့်က တောမီးလောင်ကျွမ်းနေ၍ရွာသားများ ဝိုင်းဝန်းငြိမ်းသတ်နေစဉ် ညနေ ၃ နာရီခွဲခန့်တွင် လေပြင်းတိုက်ခတ်သဖြင့် ကျေးရွာ၏ အနောက်တောင်ဘက်အစွန်ရှိ ဦးကျဟယ် နေအိမ်သို့ မီးပွားကျကာ မီးကူးစက်လောင်ကျွမ်းခဲ့သည်။

မီးလောင်ရာသို့ မိုင်းခုတ်မြို့ အုပ်ချုပ်ရေးမှူး ဦးလှိုင်ကျော်သူနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာသူကျေးရွာသားများနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်မှုကြောင့် သက်ငယ်မိုး ဝါးထရံကာ အိမ် ၂၁ လုံး၊ သွပ်မိုး ပျဉ်ကာ အိမ် ၁၁ လုံး၊ အလျား ပေ ၃၀၊ အနံ ၁၅ ပေရှိ သွပ်မိုး ထရံကာ မူလတန်းကျောင်း တစ်ကျောင်း မီးလောင်ကျွမ်းခဲ့ပြီး အိမ်ထောင်စု ၃၂ စု၊ လူဦးရေ ၁၃၉ ဦး အိမ်ရာမဲ့ဖြစ်ပွားကာ လူနှင့် တိရစ္ဆာန် ထိခိုက်မှုမရှိကြောင်း သိရသည်။



အလားတူ မိုင်းတွမ်းတောင်ပေါ် အုပ်စု ခတ်ကြားဒေ(၁)ကျေးရွာ၌ ယမန်နေ့ ညနေ ၃ နာရီက တောမီးမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ရွာသူ ရွာသားများ ဝိုင်းဝန်းငြိမ်းသတ်ရာ ညနေ ၄ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး မီးလောင်မှုကြောင့် သက်ငယ်မိုး ဝါးထရံကာ အိမ်လေးလုံး ပျက်စီးဆုံးရှုံး၍ အိမ်ထောင်စု လေးစု၊ လူဦးရေ ၁၉ ဦး အိမ်ရာမဲ့ဖြစ်ပွားကာ လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်း သိရသည်။

အဆိုပါ မီးဘေးသင့်ပြည်သူများအား နီးစပ်ရာ ၎င်းတို့၏ ဆွေမျိုးများ နေအိမ်တွင် ခေတ္တနေရာချထားပေးပြီး ကျေးရွာမှ နေထိုင်စားသောက်ရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ထားကြောင်း သိရသည်။

**မြင့်မောင်(ပြန်/ဆက်)**

# အင်းစိန် တောင်သူကုန်း၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ယနေ့ နံနက် ၅ နာရီ ၅၆ မိနစ်ခန့်က တောင်သူကုန်းရပ်ကွက် အမှတ်(၈) ဂျူပလီထီးမှူးလမ်း အိမ်ရှင် နော်စေးဖော၏ နေအိမ်မှစတင်မီးလောင်ခဲ့ရာမှ နောက်ထပ် နေအိမ်နှစ်လုံးအား မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးဝင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးမြင့်ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်နိုင်ဖြိုးနှင့် မီးသတ်တပ်ဖွဲ့ဝင် ၉၅ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၄ ဦးနှင့် ပြည်သူများက မြို့နယ်မီးသတ်စခန်းများမှ မီးငြိမ်းသတ်ယာဉ်/ရေသယ်ယာဉ် ၁၀ စီး၊ အုပ်ချုပ်မှုယာဉ် နှစ်စီး စုစုပေါင်း ၁၂ စီးတို့ဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ညနေ ၆ နာရီ ၁၃ မိနစ်၌ မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



# ကျောက်တံခါးမြို့၌ လူသတ်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး

**ကျောက်တံခါး ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့ ကင်းစုကျေးရွာအုပ်စု နီမကွင်းကျေးရွာတွင် ဧပြီ ၂ ရက် ည ၈ နာရီခွဲခန့်က လူသတ်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်တံခါးမြို့နယ် ဘာလကိုပင်ကျေးရွာမှ ဦးနိုင်ဦးသည် နီမကွင်းကျေးရွာ၌ နေထိုင်သော အစ်မဖြစ်သူ မမြင့်သန်း၏ နေအိမ်သို့ အလည်ရောက်ရှိနေစဉ် တစ်အိမ်ကျော်တွင် နေထိုင်သော အစ်မအကြီးဆုံးဖြစ်သူ ဒေါ်မြင့်ခိုင်၏ အိမ်မှ အော်သံကြားသဖြင့် သွားရောက်ကြည့်ရှုရာ စစ်ဗိုလ်ကြီးကျေးရွာ ကျောက်တံခါးမြို့နယ်နေ တင်ဦးမှာ ဒေါ်မြင့်ခိုင်နေအိမ်ပေါ်မှ ပြေးဆင်းသွားသည်ကိုမြင်ပြီး အစ်မဖြစ်သူအား သွားကြည့်ရာ ဒေါ်မြင့်ခိုင်တွင် ထိုးသွင်း၊ ပြတ်ရှဒဏ်ရာများရရှိသဖြင့် မြို့ချောင်းဆေးရုံသို့ ပို့ဆောင်ခဲ့စဉ် ဧပြီ ၂ ရက် ည ၉ နာရီတွင် သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြစ်မှုကျူးလွန်သူ တင်ဦးအား ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# မတ္တရာမြို့နယ်၌ အမျိုးသားတစ်ဦး ဓာတ်လိုက် သေဆုံး

**မတ္တရာ ဧပြီ ၃**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ကုန်းတန်းကျေးရွာတွင် ဧပြီ ၂ ရက် ည ၇နာရီက အမျိုးသား တစ်ဦး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

သတင်းအရ မတ္တရာမြို့နယ်ရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ သေဆုံးသူ ဦးမြတ်ကို သံပန်းဆရာ ပတ္တမြားရပ်ကွက် စစ်ကိုင်းမြို့နေသူသည် ကုန်းတန်းကျေးရွာတွင် လုပ်ကိုင်ဖော်တစ်ဦးနှင့်အတူ အမြင့် ပေ ၂၀ ရှိ ကွန်ကရစ်ရေစင်၌ သံဂဟေဆက်လုပ်ငန်းများဆောင်ရွက်စဉ် ဓာတ်အားလိုင်းကြိုးနှင့်ထိ၍ ဓာတ်လိုက်မှုဖြစ်ပွားကာ သေဆုံးသွားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်၍ မတ္တရာမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **စိုးကျော်သူထွေး(မတ္တရာ)**



စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် မြေသာကျေးရွာအုပ်စု ပိန်းနဲကုန်းကျေးရွာတွင် ယနေ့ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်က လေပွေတိုက်ခတ်မှုကြောင့် လူနေအိမ်တစ်လုံး အမိုးလန်ပျက်စီးသွားသည်ကိုတွေ့ရစဉ်။ မျိုးလွင်(ပင်လည်ဘူး)

# ရေကြည်-ကျုံပျော် ကားလမ်းမပေါ်၌ ယာဉ်တိုက်မှုဖြစ်ပွားရာ နှစ်ဦး သေဆုံး

**ရေကြည် ဧပြီ ၃**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကညင်လေးပင်ရွာထိပ်အနီး ရေကြည်-ကျုံပျော် ကားလမ်းမပေါ်တွင် ယနေ့နံနက် ၉ နာရီခွဲက ရေကြည်မြို့မှ ကျုံပျော်မြို့သို့ ဇင်မောင်မောင် မောင်းနှင်လာသော ယာဉ်မှာ မိုင်တိုင်အမှတ် ၄၁/၅ နှင့် ၆ ကြားအရောက်၌ ရှေ့မှမောင်းနှင်နေသော ယာဉ်အား ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိပြီး မျက်နှာချင်းဆိုင်မှ ဦးသန်းနိုင် မောင်းနှင်ပြီး မမြင့်ထက်ထက်လှိုင် လိုက်ပါသည့် ဆိုင်ကယ်အား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့ရာ ဆိုင်ကယ်မောင်းနှင်သူ ဦးသန်းနိုင်နှင့် မမြင့်ထက်ထက်လှိုင်တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုနှင့်ပတ်သက်၍ ဇင်မောင်မောင်အား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့မရဲစခန်းမှ သိရသည်။

**အောင်မြင့်မြတ်(ရေကြည်)**


# မြန်မာနိုင်ငံ၏ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကိုဆန်းစစ်ခန့်မှန်းခြင်း

ဒေါက်တာသိန်းထွန်း(ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း)

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ရောဂါ အစုလိုက်အပြုံလိုက် ဖြစ်နိုင်သည့် အလားအလာရှိမရှိ၊ ဖြစ်လာမည်ဆိုပါက မည်သည့်အချိန်တွင်စတင်ပြီး မည်မျှကြာကြာဖြစ်မည်ကို သိလိုကြပေမည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏၂၁-၃-၂၀၂၀ ရက်နေ့မှစ၍ ထုတ်ပြန်သော Novel Coronavirus (2019-nCoV) Situation Report မှ စာရင်းဇယားများကို အဓိကအခြေခံပြီး နိုင်ငံအချို့၏ဖြစ်စဉ်ကိုလေ့လာ၍ မြန်မာနိုင်ငံ၌ ဖြစ်လာနိုင်သည့် အခြေအနေကို ခန့်မှန်း တင်ပြထားခြင်းဖြစ်ပါသည်။


### တရုတ်နိုင်ငံ ဟူပေပြည်နယ် ဝူဟန်မြို့

ဝူဟန်မြို့၏ပထမဆုံးလူနာသည် ၁-၁၂-၂၀၁၉ ရက်နေ့တွင် ရောဂါလက္ခဏာများ စတင်ပြသခဲ့သည်။ လူနာများ များပြားလာသည့်ကူးစက်မှုအသွင် (out-break) ကို သတိမပြုမိကြပါ။ ၂၇-၁၂-၂၀၁၉ ရက်နေ့တွင် ဝူဟန်ဆေးရုံက ဒေသတွင်းရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာသို့ သတင်းပို့ခဲ့သည်။ ဒေသတွင်း ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစင်တာက ဟွာနန် ပင်လယ်စာဈေးနှင့်ဆက်စပ်ပြီး အဆုတ်ဝေဒနာလူနာများ ဖြစ်ပွားလျက်ရှိကြောင်း ဝန်ခံခဲ့သည်။ South China Morning Post သတင်းစာက ၁၇-၁၁-၂၀၂၀ ရက်နေ့ ကတည်းက ပထမဆုံးလူနာဖြစ်ပွားခဲ့ကြောင်း ဖော်ပြခဲ့သည်။ ၇-၁-၂၀၂၀ ရက်နေ့တွင် ကိုရိုနာဗိုင်းရပ်စ်အမျိုး အစားအသစ်ကြောင့်ဖြစ်ကြောင်း တရုတ်အာဏာပိုင်များ က ဖော်ထုတ်နိုင်ခဲ့သည်။ ရောဂါပိုးအသစ်ဖြစ်သောကြောင့် အစပိုင်းတွင် ရောဂါကာကွယ်ထိန်းချုပ်မှုများ နှောင့်နှေးခဲ့ရ သည်။ ကူးစက်မှုဖြစ်ပွားနေသည့် အချိန်မှာပင် ဝူဟန်မိသားစု ၄၀၀၀၀ ကျော် တက်ရောက်ပြီး နှစ်ပေါင်း ၂၀ ကျော် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် Kitchen God ပွဲတော်-Potluck စားသောက်ပွဲကို ၁၉-၁-၂၀၂၀ ရက်နေ့ တွင် ကျင်းပခဲ့ကြသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းအရ ၂၀-၁-၂၀၂၀ ရက်နေ့တွင် ဟူပေပြည်နယ် ဝူဟန် တွင် ၂၅၈ ဦး၊ ဂွမ်ဒေါင်းတွင် ၁၄ ဦး၊ ပီကင်းတွင် ငါးဦး ၊ ရှန်ဟိုင်းတွင်တစ်ဦး ပိုးတွေ့ရှိထားပြီးဖြစ်ပါသည်။ ဟူပေပြည်နယ် ဝူဟန်တွင်၂၀-၁-၂၀၂၀ ရက်နေ့၌ ပိုးတွေ့ ၂၅၈ ဦးရှိရာမှ တစ်ရက်ပြီးတစ်ရက် များပြားလာပြီး ၅-၂-၂၀၂၀ ရက်နေ့တွင် အမြင့်ဆုံးနေ့စဉ်ပိုးတွေ့ လူနာအရေအတွက် ၃၁၅၆ ဦးသို့ ရောက်ရှိသွားပါသည်။ ၎င်းနေ့တွင် တစ်နိုင်ငံလုံးအနေဖြင့် ၃၈၉၂ ဦး ပိုးတွေ့ပါသည်။ ထို့နောက် လူနာတွေ့ရှိမှု တဖြည်းဖြည်း လျော့နည်းသွားပြီး ဝူဟန်တွင် ၁၅-၃-၂၀၂၀ ရက်နေ့၌ လူနာလေးဦးသာ ပိုးတွေ့ပါသည်။ ဝူဟန်တွင် နေ့စဉ် ပိုးတွေ့လူနာကျဆင်းသွားသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအရ ၁-၄-၂၀၂၀ ရက်နေ့တွင် လူနာသစ် ၈၆ ဦး ရှိနေပါသည်။




### တောင်ကိုရီးယားနိုင်ငံ

တောင်ကိုရီးယားနိုင်ငံ၏ လူနာနံပါတ် - ၁ သည် တရုတ်နိုင်ငံ ဝူဟန်မှလာသောအမျိုးသမီးတစ်ဦး ဖြစ်သည်။ ၂၀-၁-၂၀၂၀ ရက်နေ့တွင်တွေ့ရှိပါသည်။ ၂၀-၁-၂၀၂၀ မှ ၁၆-၂-၂၀၂၀ ရက်နေ့အထိနေ့စဉ်သို့မဟုတ်ရက်ခြား တစ်ဦး၊ နှစ်ဦး တွေ့ရှိခဲ့ပြီး စုစုပေါင်း ၃၀ ပိုးတွေ့ခဲ့ရာ ၁၁ ဦးမှာ နိုင်ငံတွင်းကူးစက်မှုကြောင့်ဖြစ်ပါသည်။ ကျန် ၁၉ ဦးမှာ ပြည်ပ(အများစုမှာဝူဟန်) မှ ရောဂါရလာသူများဖြစ် သည်။ ၁၈-၂-၂၀၂၀ ရက်နေ့တွင် ဒေဂူးမြို့၌ တွေ့ရသော လူနာနံပါတ်-၃၁ သည် Shincheonji ဘာသာရေးအဖွဲ့ ဝင်တစ်ဦးဖြစ်သည်။ ၁၉-၂-၂၀၂၀ ရက်နေ့တွင် နေ့စဉ်လူနာသစ် ၂၀ အထိ ရောက်ရှိလာပြီး ဆက်လက်၍ လူနာသစ်များ အဆများစွာ များပြားလာကာ ၂၉-၂-၂၀၂၀ ရက်နေ့တွင် လူနာသစ် ၈၁၃ ဦးအထိ အမြင့်ဆုံးသို့ ရောက်ရှိ လာပါသည်။ ထို့နောက် တဖြည်းဖြည်းနေ့စဉ်လူနာသစ် တွေ့ရှိမှုကျဆင်းသွားပြီး ၂၃-၃-၂၀၂၀ ရက်နေ့တွင် လူနာသစ် ၆၄ ဦးဖြင့် အနည်းဆုံးအဆင့်သို့ ရောက်ရှိသွား ပါသည်။ သို့သော် လူနာသစ်များဆက်လက်တွေ့ရှိလျက် ရှိရာ ၁-၄-၂၀၂၀ ရက်နေ့တွင် လူနာသစ် ၁၀၁ ဦးတွေ့နေဆဲ ဖြစ်ပါသည်။ တောင်ကိုရီးယား ပိုးတွေ့လူနာအားလုံး၏ ၇၀ ဒသမ ၅ ရာခိုင်နှုန်းသည် ဒေဂူးမှဖြစ်ပါသည်။ ၁၉-၂-၂၀၂၀ ရက်နေ့မှစ၍ အစုလိုက်အပြုံလိုက်ဖြစ်ပွားမှုသည် အဓိက အားဖြင့် ၎င်းမတိုင်မီ Shincheonji ဘုရားကျောင်း၌ လူစုလူဝေးဖြင့် ဝတ်ပြုဆုတောင်းပွဲများ ပြုလုပ်ခြင်းနှင့် ဆက်နွယ်နေပါသည်။ တစ်နိုင်ငံလုံး ပိုးတွေ့မှု စုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းခန့်သည် အဆိုပါဘုရားကျောင်းနှင့် ဆက်စပ် နေပါသည်။ လူနာနံပါတ်-၁ တွေ့သည့် ၂၀-၁-၂၀၂၀ ရက် နေ့မှ ကပ်ရောဂါအသွင်စတင်ဖြစ်ပွားသည့် ၁၉-၂-၂၀၂၀ ရက်နေ့အထိ ရက်ပေါင်း ၃၀ ကြာမြင့်ပါသည်။ ကပ်ရောဂါ အသွင်စတင်ဖြစ်ပွားသော ၁၉-၂-၂၀၂၀ ရက်နေ့မှ တွေ့ရှိမှု အမြင့်ဆုံးဖြစ်သည့် ၂၉-၂-၂၀၂၀ ရက်နေ့အထိ ၁၀ ရက် ကြာပါသည်။ အဆိုပါ အများဆုံးရက် ၂၉-၂-၂၀၂၀ ရက်နေ့မှ လူနာဦးရေပြန်လည်နည်းသွားပြီး လူနာအနည်းဆုံးရက် ၂၃-၃-၂၀၂၀ရက်နေ့အထိ၂၃ရက် ကြာပါသည်။





### ထိုင်းနိုင်ငံ

ထိုင်းနိုင်ငံ၏လူနာနံပါတ်-၁သည် ဝူဟန်မှလာသော သူဖြစ်သည်။ ၁၃-၁-၂၀၂၀ရက်နေ့တွင်တွေ့ရှိပါသည်။ ထို့နောက် နိုင်ငံတွင်းသို့ဝင်လာသူများကို စောင့်ကြပ်စစ်ဆေးရာ ဇန်နဝါရီလတစ်လလုံး လူနာအနည်းငယ်သာတွေ့ရသည်။ အားလုံးသည် တရုတ်ပြည်မှလာသူများဖြစ်သည်။ ၃၁-၁-၂၀၂၀ ရက်နေ့တွင် ပြည်တွင်းကူးစက်မှုကြောင့်ဖြစ်သော လူနာအနည်းငယ် တွေ့ရသည်။ ဖေဖော်ဝါရီလတစ်လလုံး လူနာအနည်းငယ်သာ တွေ့ရသည်။ ဖေဖော်ဝါရီလအကုန် အထိ စုစုပေါင်းလူနာ ၄၀ သာရှိခဲ့သည်။ မတ်လလယ်တွင် လူနာသစ်များ တစ်ရှိန်ထိုးတိုးတက်များပြားလာပါသည်။ ၂၂-၃-၂၀၂၀ ရက်နေ့တွင် လူနာသစ် ၁၈၈ ဦးဖြင့် တွေ့ရှိမှု အမြင့်ဆုံးသို့ရောက်ရှိခဲ့ပါသည်။ ၁-၄-၂၀၂၀ ရက်နေ့အထိ အတက်အကျအနည်းငယ်ဖြင့် အကျဘက်သို့ ဦးတည် နေပါသည်။ မတ်လလယ်တွင် လူနာများလာရခြင်းမှာ နေရာအနှံ့အစုအဖွဲ့များတွင် ကူးစက်မှုဖြစ်ပွား သောကြောင့်ဖြစ်သည်။ အများဆုံးဖြစ်ရသည့် အကြောင်း ရင်းတစ်ခုမှာ ၆-၃-၂၀၂၀ ရက်နေ့တွင် ကုမ္ဘဏီလက်ဝှေ့ရုံ၌ ကျင်းပသော မွေထိုင်းလက်ဝှေ့ပြိုင်ပွဲမှ ကူးစက်သွားခြင်း ဖြစ်သည်။ တစ်နိုင်ငံလုံး ပိုးတွေ့သူ စုစုပေါင်း၏ ၇၀ ရာခိုင် နှုန်းခန့်မှာ ဗန်ကောက်မှဖြစ်ပါသည်။ ထိုင်းနိုင်ငံတွင် လူနာနံပါတ်-၁ တွေ့သည့် ၁၃-၁-၂၀၂၀ ရက်နေ့မှ ကပ်ရောဂါအသွင် စတင်ဖြစ်ပွားသည့် ၁၁-၃-၂၀၂၀ ရက်အထိ ရက်ပေါင်း ၅၈ ရက် ကြာပါသည်။ လူနာအရေအတွက် စတင်မြင့်တက်လာသည့် ၁၁-၃-၂၀၂၀ ရက်နေ့မှ လူနာသစ် တွေ့ရှိမှု အများဆုံး ၂၂-၃-၂၀၂၀ ရက်နေ့အထိ ၁၁ရက် ကြာပါသည်။

### မြန်မာနိုင်ငံ

မြန်မာနိုင်ငံတွင် ၂၃-၃-၂၀၂၀ ရက်နေ့၌ ပြည်ပမှ ပြန်လာသော အမျိုးသားနှစ်ဦး၌ ရောဂါပိုးစတင်တွေ့ရှိခဲ့ သည်။ ၂၄-၃-၂၀၂၀ ရက်နေ့ မှ ၂-၄-၂၀၂၀ ရက်နေ့အထိ စုစုပေါင်းပိုးတွေ့သူ ၂၀ ရှိပြီး ရှစ်ဦးမှအပ ကျန်၁၂ ဦးသည် ပြည်ပမှ ရောဂါရရှိလာသူများဖြစ်သည်။ ကိုဗစ်-၁၉ သည် ကိုရိုနာဗိုင်းရပ်စ်အမျိုးတွင် ပါဝင်သော်လည်း မျိုးရိုးဗီဇအရ ရောဂါပိုးအသစ် ဖြစ်ပါသည်။ လူတိုင်းလိုလို ရောဂါပိုးကို ခုခံနိုင်သည့်ခုခံအားမရှိကြသေးပါ။ လူထုတွင် ရောဂါပိုး ဝင်ရောက်ပြီးကူးစက်ဖြစ်ပွားပါက ၈၀ ရာခိုင်နှုန်းသည် မပြင်းထန်သော သာမန်ရောဂါလက္ခဏာပြသူများနှင့် အချို့မှာပိုးရှိသော်လည်း ရောဂါလက္ခဏာမပြသူများ ဖြစ်ကြပါသည်။ ၁၄ ရာခိုင်နှုန်းမှာ ရောဂါပြင်းထန်ပြီး ခြောက် ရာခိုင်နှုန်းခန့်မှာ အသည်းအသန်ရောဂါပြင်းသူများဖြစ် နိုင်ပါ သည်။ အသည်းအသန် ရောဂါပြင်းသူများနှင့်သေဆုံးသူများမှာ အများအားဖြင့် အသက်ကြီးသူများဖြစ်ကြပါသည်။ တောင်ကိုရီးယားတွင် အသည်းအသန် ရောဂါပြင်းသူများ၏ ၉၀ ရာခိုင်နှုန်းသည်အသက်၆၀ အထက်လူကြီးများဖြစ်သည်။ အီတလီနိုင်ငံတွင် ၁၉-၃-၂၀၂၀ ရက်နေ့အထိစာရင်းအရ သေဆုံးသူပေါင်း၏ ၉၆ ရာခိုင်နှုန်းသည်လည်းကောင်း၊ စပိန်နိုင်ငံတွင် ၂၆-၃-၂၀၂၀ ရက်နေ့အထိစာရင်းအရ သေဆုံးသူပေါင်း၏ ၉၅ ရာခိုင်နှုန်းသည်လည်းကောင်း အသက် ၆၀အထက် လူကြီးများဖြစ်သည်။ ပိုးတွေ့သူ ၁၀၀ လျှင် သေဆုံးမှုအရေအတွက်မှာ တောင်ကိုရီးယားတွင် အနည်းဆုံးတွေ့ရသည်။ တောင်ကိုရီးယား ၁ ဒသမ ၆ ရာခိုင်နှုန်း၊ ဟူပေပြည်နယ် ဝူဟန် ၄ ဒသမ ၅ ရာခိုင်နှုန်း၊ အီတလီ ၁၁ ရာခိုင်နှုန်းဖြစ်ပါသည်။ တစ်ချိန်တည်း တစ်ပြိုင်တည်း လူနာအစုအပြုံလိုက် ကူးစက်များပြားလာလေ သေဆုံး မှုနှုန်းများလေဖြစ်ပါသည်။ ဟူပေပြည်နယ်တွင် လူနာအများဆုံးတွေ့ရသည့် ၅-၂-၂၀၂၀ ရက်နေ့တွင်လူနာ သစ် ၃၁၅၆ ဦးရှိပြီး တောင်ကိုရီးယားတွင် လူနာအများဆုံး တွေ့ရသည့် ၂၉-၂-၂၀၂၀ ရက်နေ့တွင် လူနာသစ် ၈၁၃ ဦး ရှိပါသည်။ အီတလီတွင်သေဆုံးမှုနှုန်း များပြားရခြင်းမှာ လူဦးရေအချိုးအရ သက်ကြီးရွယ်အိုများပြားခြင်းနှင့် လူနာများ တစ်ဟုန်ထိုးများပြားလာခြင်းတို့ကြောင့် ဖြစ်ပါသည်။ မိမိနိုင်ငံကျန်းမာရေးစနစ်၏ ရောဂါပြင်းလူနာ များအား နိုင်နိုင်နင်းနင်း ကိုင်တွယ်ကုသနိုင်သည့် အရေအတွက်ပမာဏထက် လူနာများလာလေ၊ သေဆုံးမှုများလေ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် တစ်ချိန် တည်း လူနာအများအပြား အဆမတန် မဖြစ်ပွားစေရန် ကာကွယ်ထိန်းချုပ်ရေးသည် အလွန်အရေးကြီးပါသည်။ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့သည် ပထမဆုံး လူနာတွေ့ရှိသည့် အချိန်မှစ၍ ကာကွယ်ထိန်းချုပ်မှုများ လုပ်ကိုင်ခဲ့ကြသည်။ တောင်ကိုရီးယားနိုင်ငံ ဒေဂူးတွင် လူစုလူဝေးဖြင့် ဘုရားကျောင်းဝတ်ပြုမှုကို မကန့်သတ် နိုင်ခြင်းနှင့် ထိုင်းနိုင်ငံတွင် မွေထိုင်းလက်ဝှေ့ပွဲကဲ့သို့ ပွဲများခွင့်ပြုခြင်းတို့သည် အစုအပြုံလိုက်များပြားလာရ သည့် အကြောင်းအချက်အချို့ ဖြစ်ပါသည်။ သတိထား ဆင်ခြင်သင့်သည့်သာဓကများ ဖြစ်သည်။ တောင်ကိုရီးယား ၏အားသာချက်တစ်ခုမှာ လူနာဓာတ်ခွဲစစ်ဆေးမှုအများ ဆုံး လုပ်နိုင်သည့်နိုင်ငံတစ်ခု ဖြစ်ပါသည်။ ပိုးရှိလူနာများ ကို စောစီးစွာမြန်မြန်ဆန်ဆန်တွေ့ရပြီး ကာကွယ်ထိန်းချုပ် ရေးလုပ်ငန်းကို များစွာအထောက်အကူဖြစ်စေပါသည်။




မြန်မာနိုင်ငံတွင် မည်သည့်အချိန်၌ အဓိကကူးစက်မှု အသွင်ရောက်ရှိလာမည်ကို အခြားနိုင်ငံများ၏ဖြစ်စဉ် အရ ခန့်မှန်းရပါက လူနာနံပါတ်-၁ တွေ့ရသည့်အချိန်မှ ကပ်ရောဂါအသွင် စတင်များပြားလာသည့်အချိန်အထိ တောင်ကိုရီးယားတွင် ရက်ပေါင်း ၃၀၊ ထိုင်းနိုင်ငံတွင် ၅၈ ရက်ကြာပါသည်။ မြန်မာနိုင်ငံတွင် ထိုင်းနိုင်ငံကဲ့သို့ ရက်ပေါင်း ၆၀ ခန့် ကြာကောင်းကြာနိုင်ပါသည်။ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မှုအပေါ်တွင်လည်း မူတည်ပါသည်။ ကိုဗစ်-၁၉သည် ကူးစက်မြန်ရောဂါဖြစ်သော်လည်း ဝက်သက်ရောဂါလောက် မမြန်ဆန်ပါ။ ဝက်သက် ရောဂါပိုး၏အခြေခံကူးစက်ပြန့်ပွားနှုန်းမှာ ၁၈ အထိ မြင့်မားပါသည်။ ဆိုလိုသည်မှာ ရောဂါပိုးကိုခုခံနိုင်သည့် ခုခံအားမရှိသည့်လူစုတွင် ပိုးရှိသူတစ်ဦးမှ အခြားလူ ၁၈ ဦးသို့ ကူးစက်နိုင်ခြင်း ဖြစ်ပါသည်။ ကိုဗစ်- ၁၉ ပိုး၏ အခြေခံကူးစက်ပြန့်ပွားနှုန်းမှာ ၂ - ၃ ခန့်ရှိပါသည်။ လူနာတစ်ဦးမှ အခြားလူ နှစ်ဦးမှ သုံးဦးခန့်သို့သာ ကူးစက် နိုင်ပါသည်။ ယခုဆောင်ရွက်နေသောထိတွေ့ ဆက်ဆံမှု ကန့်သတ်သောနည်းလမ်းများအား ပြည့်ပြည့်ဝဝ ဆောင် ရွက်ပါက ကူးစက်မှုကို များစွာမမြင့်တက်စေဘဲ ဖြစ်ပွားမှု ကာလကို အနည်းငယ်ဆွဲဆန့်ခြင်းဖြင့် ထိန်းချုပ်ထား နိုင်မည်ဟုယူဆရပါသည်။ လအနည်းငယ်ကြာကောင်း ကြာနိုင်ပါသည်။ ပြည်သူများအနေဖြင့် ကျန်းမာရေးဌာန က တိုက်တွန်းနှိုးဆော်သတိပေးချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ခြင်းဖြင့် ဤကပ်ဘေးအား ကျော်လွှား နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ ။

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများက အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ရေးအတွက် အသိပေးမေတ္တာရပ်ခံခြင်း

၁။ တစ်ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID–19) နှင့်ပတ်သက်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်က အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ၎င်းအပြင် (၁၆–၃–၂၀၂၀)ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်သူလူထုသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းတွင် Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ရန်ပုံငွေတစ်ရပ် ထူထောင်ရာတွင် ပြည်သူလူထုအနေဖြင့် တတ်နိုင်သမျှ ပူးပေါင်းပါဝင်ထည့်ဝင်လှူဒါန်းသွားရန် တိုက်တွန်းနှိုးဆော်ခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် တတ်အားသရွေ့ အလှူငွေများ ပါဝင်လှူဒါန်းလိုပါက အောက်ဖော်ပြပါဘဏ်များတွင် ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးမေတ္တာရပ်ခံအပ်ပါသည်–

| | | | | | |
|---|---|---|---|---|---|
| (က) | မြန်မာ့စီးပွားရေးဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | CF 004880 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | EDN 600010 |
| (ခ) | ကမ္ဘောဇဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 034 103 034 0232 8301 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 034 109 034 0232 8301 |
| (ဂ) | ရောဝတီဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | A/C 000 110 501 002 5635 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | A/C 000 110 503 000 0425 |
| (ဃ) | CB ဘဏ် | – | မြန်မာကျပ်ငွေစာရင်းအမှတ် | – | 0093 1005 0000 1333 |
| | | | နိုင်ငံခြားငွေစာရင်းအမှတ် | – | 0093 1012 0000 2957 |

၄။ ဆေးဝါးများ၊ ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများအား လှူဒါန်းလိုပါက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးရုံးများ၊ နီးစပ်ရာပြည်သူ့ဆေးရုံကြီးများ၊ ဆေးရုံများသို့ တိုက်ရိုက်ဆက်သွယ်လှူဒါန်းနိုင်ကြပါသည်။

**Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့်ဗဟိုကော်မတီ**



## ပဲခူးမြို့နယ် ပညာရေးမိသားစု အလှူငွေကျပ်သိန်း ၅၀ လှူဒါန်း

**ပဲခူး မေ ၃**

ပဲခူးမြို့နယ် ပညာရေးဌာနမိသားစုများမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အလှူငွေလှူဒါန်းခြင်းအခမ်းအနားကို မေ ၂ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ပဲခူးမြို့နယ်ပညာရေးဝန်ထမ်း(အငြိမ်းစားများ)၊ ပဲခူးတိုင်းဒေသကြီး ခရိုင်/မြို့နယ်ရုံးများ၊ အခြေခံပညာကျောင်းများမှ ပညာရေးမိသားစုများ၊ ပဲခူးမြို့နယ် ပညာရေးလုပ်သားသမဂ္ဂအဖွဲ့များ စုပေါင်း၍ ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် အလှူငွေကျပ်သိန်း ၅၀ ကို ပဲခူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်ရှိန်းထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

## သန်လျင်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးထောက်ပံ့ပစ္စည်းနှင့် အလှူငွေလှူဒါန်း

**ရန်ကုန် မေ ၃**

ကိုဗစ်– ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအတွက် အလှူရှင်များက ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို မေ ၃ ရက် နံနက် ၉ နာရီက သန်လျင်မြို့နယ် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှု အထောက်အကူပြုကော်မတီထံ ပေးအပ်လှူဒါန်းသည်။

သန်လျင်မြို့နေ ဦးအုန်းမြင့် (ထွန့်ခေါင်ဆောက်လုပ်ရေး)မိသားစုက အလှူငွေကျပ်သိန်း ၂၀၀၊ ဆရာမကြီး ဒေါ်အုန်းကြည် (မြို့နယ်ပညာရေးမှူး–အငြိမ်းစား) မိသားစုက ငွေကျပ် ၂၀၂၀၀၀၀၊ ဒေါ်သန်းရွှေ (အထည်ဆိုင်) မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ နှင့် ဒုတိယရဲမှူးကြီး ကျော်မိုးကြည်(ငြိမ်း) မိသားစုက နှာခေါင်းစည်း အခု ၁၀၀၀၊ ဆရာမဒေါ်ငွေးရီ (မြို့မတောင်ရပ်ကွက်) က ငွေကျပ် ၁၀၀၀၀၀၊ ဦးလှဝင်းမောင် (မြို့မတောင်ရပ်ကွက်) က ငွေကျပ် ၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ သန်လျင်မြို့နယ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှု ကော်မတီ နာယကများဖြစ်ကြသော



သန်လျင်မြို့ နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလွင်ကိုလတ်၊ သန်လျင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးနေလင်းအောင်နှင့် ဦးအောင်နိုင်ထွန်း၊ မြို့မိမြို့ဖ ဦးတင်ဝင်းတို့က လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

**သက်ခိုင်(သန်လျင်)**

## ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံသို့ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းက နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် မေ ၃**

မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် နှာခေါင်းစည်း အခု ၁၀၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ဗိုလ်ချုပ်ပြတိုက်လမ်းရှိ ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံသို့ မေ ၃ ရက်နံနက်ပိုင်းက ပေးအပ်လှူဒါန်းသည်။

မြန်မာ–တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ဦးအေးမင်းနှင့် ဒေါ်စိုးယုတို့က နှာခေါင်းစည်း အခု ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာသင်းယုဇော်နှင့် ဆေးရုံတာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ကျေးဇူးတင်စကား ပြောကြားသည်။

ယခင်က တာဝါလိန်းဆေးရုံဟု အမည်တွင်ခဲ့သော ဒေါ်ခင်ကြည်ဆေးရုံအဆောက်အအုံကို ၁၉၃၃ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၁၉၄၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် အမျိုးသမီးနှင့် ကလေးများစောင့်ရှောက်ရေးအဖွဲ့သို့ လွှဲပြောင်းပေးခဲ့ရာ ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်က ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့် စီမံခန့်ခွဲခဲ့ရာမှ ဒေါ်ခင်ကြည်သားဖွားဆေးရုံအဖြစ် နာမည်တွင်ခဲ့သည့် ဆေးရုံဖြစ်သည်။




**အဓိကကူညီ လှူဒါန်း**

၁၉၅၃ ခုနှစ်တွင် ကျန်းမာရေးဦးစီးဌာနက စီမံခန့်ခွဲခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် ဗဟန်းအမျိုးသမီးဆေးရုံဟု အမည်ပြောင်းလဲခဲ့သည်။ အဆောက်အအုံများ ဟောင်းနွမ်းပျက်စီးလာမှုများ ရှိခဲ့သောကြောင့် ၂၀၁၆ ခုနှစ်တွင် တရုတ်–မြန်မာ ချစ်ကြည်ရေး တိုးမြှင့်မှုအစီအစဉ်အရ မူလဆေးရုံအဆောက်အအုံကို ရှေးပုံစံမပျက် အကြီးစားပြန်လည်ပြုပြင်မွမ်းမံခဲ့ရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် တရုတ်နိုင်ငံ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဖောင်ဒေးရှင်းတို့မှ အဓိကကူညီ လှူဒါန်းပေးခဲ့ခြင်းဖြစ်ပြီး Art Wave Group Co.,Ltd က တာဝန်ယူတည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ စီမံကိန်းအဆင်ပြေမြန်ဆန်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းမှ ကူညီဆောင်ရွက်ပေးခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဖွင့်လှစ်ပေးခဲ့သည်။

လက်ရှိတွင် အတွင်းလူနာ ၄၀ မှ ၅၀ ကြား လက်ခံကုသပေးလျက်ရှိပြီး ပြင်ပလူနာလက်ခံကြည့်ရှုရက်များတွင် တစ်နေ့လျှင် ပျမ်းမျှလူနာ ၁၅၀ ဝန်းကျင်ခန့် လာရောက်ပြသလျက်ရှိကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

မြန်မာ–တရုတ်ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းသည်မတ်၃၁ရက်ကလည်း နတ်မောက်မြို့နယ်ရှိ မြန်မာ–တရုတ်ချစ်ကြည်ရေး အမှတ် (၂) ဆေးရုံသို့ ငွေကျပ်သိန်း ၁၃၀ တန်ဖိုးရှိ နှာခေါင်းစည်း အခု ၂၀၀၀၀ အား လှူဒါန်းခဲ့ပြီး ယခု ဒေါ်ခင်ကြည်အမျိုးသမီးဆေးရုံသို့ ငွေကျပ် ၆၅ သိန်းခန့်တန်ဖိုးရှိ နှာခေါင်းစည်း အခု ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့ခြင်း ဖြစ်သည်။

"ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးဟာ အားလုံးပူးပေါင်းဆောင်ရွက်ကြဖို့ အလွန်အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်တော်တို့ မြန်မာ–တရုတ် ပူးပေါင်းဆက်ဆံရေးဗဟိုအသင်းကလည်း အစိတ်အပိုင်းတစ်ခုအနေနဲ့ ပူးပေါင်းပါဝင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီရောဂါ ကာကွယ်ရေးအတွက် အခြားလိုအပ်တာတွေကိုလည်း တတ်နိုင်သရွေ့ ကူညီပေးသွားဖို့ စီစဉ်ထားပါတယ်"ဟု အသင်း၏ ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ဦးသစ္စာက ပြောသည်။

**မြင့်မောင်**

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၃-၄-၂၀၂၀) ရက်နေ့၊ ည (၈) နာရီ**

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံများတွင် ကူးစက်ပျံ့နှံ့လျက်ရှိသည့် COVID-19 ရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း၊ ရောဂါရှာဖွေ၍ ထိရောက်စွာကုသမှုပေးခြင်း၊ ရောဂါပိုးတွေ့ရှိသူများနှင့် ထိတွေ့မှုရှိခဲ့သူများအား ရှာဖွေဖော်ထုတ်၍ အသွားအလာကန့်သတ်ခြင်း၊ လိုအပ်ပါက ဆေးရုံတက်ရောက်ကုသမှု ခံယူနိုင်စေရေးဆောင်ရွက်ခြင်း၊ ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့များ၊ အခြားဌာနဆိုင်ရာများနှင့် ချိတ်ဆက်၍ သတင်းရယူခြင်း၊ အသွားအလာ ကန့်သတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ COVID-19 ရောဂါနှင့်ပတ်သက်၍ ပြည်သူလူထုမှ သတင်းမှန်များ ရရှိနိုင်ရေးအတွက် နေ့စဉ်သတင်းထုတ်ပြန်ခြင်းလုပ်ငန်းများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

၂။ (၂-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီမှ (၃-၄-၂၀၂၀) ရက်နေ့၊ ညနေ (၆) နာရီအထိ စောင့်ကြည့်လူနာအသစ် (၄၆) ဦး ရှိပါသည်။

၃။ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (၃-၄-၂၀၂၀) ရက်နေ့၊ ည (၅:၃၀) နာရီ ဓာတ်ခွဲစစ်ဆေးမှုအဖြေများအရ စောင့်ကြည့်လူနာနှင့် ဆေးရုံတွင် အသွားအလာကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိသော လူနာ (၅၅) ဦး၏ ဓာတ်ခွဲနမူနာများအား စစ်ဆေးခဲ့ရာ လူနာအားလုံး၏ ဓာတ်ခွဲအဖြေများတွင် COVID-19 ရောဂါပိုး မရှိကြောင်း (မရှိကြောင်း) တွေ့ရှိရပါသည်။

၄။ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၉) ဦးအနက် ချင်းပြည်နယ်၊ တီးတိန်ပြည်သူ့ဆေးရုံတွင် လူနာ (၁) ဦး၊ ရန်ကုန်မြို့၊ ဝေဘာဂီအထူးကုဆေးရုံကြီးတွင် လူနာ (၉) ဦးနှင့် မန္တလေးမြို့၊ ကန်တော်နဒီဆေးရုံတွင် လူနာ (၁) ဦး၊ နေပြည်တော်ပြည်သူ့ဆေးရုံကြီးတွင် လူနာ (၁) ဦး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ပြည်သူ့ဆေးရုံကြီး၊ လားရှိုးမြို့တွင် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံမှ ပြောင်းရွှေ့လူနာ (၁) ဦး၊ ပဲခူးတိုင်းဒေသကြီး၊ ပြည်သူ့ဆေးရုံကြီး၊ ပြည်မြို့တွင် ပြည်သူ့ဆေးရုံ၊ ပေါက်ခေါင်းမြို့မှ ပြောင်းရွှေ့လူနာ (၄) ဦး၊ စုစုပေါင်း (၁၇) ဦးတို့၏ ကျန်းမာရေးအခြေအနေမှာ တည်ငြိမ်လျက်ရှိပါသည်။ ဝေဘာဂီအထူးကုဆေးရုံကြီးရှိ လူနာ (၂) ဦးအား အထူးကြပ်မတ်ခန်း၌ သီးခြားထားရှိ ဆေးကုသမှုပေးလျက်ရှိပါသည်။

၅။ ယခုအခါ (၂၃-၃-၂၀၂၀) ရက်နေ့မှ (၃-၄-၂၀၂၀) ရက်နေ့အထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀) ဦးခန့် တွေ့ရှိလာရပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးပညာပေးအချက်အလက်များအား တိကျစွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် မိမိသာမက မိမိ၏မိသားစုနှင့် ပတ်ဝန်းကျင်မှ လူများအတွက်ပါ ရောဂါကူးစက်မှုမရှိစေရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အလှူငွေများ လှူဒါန်း

**နေပြည်တော် မေ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အလှူငွေများ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များကိုယ်စား ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက လှူဒါန်းရသည့် အကြောင်းရင်းအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့က လှူဒါန်းငွေကျပ် ၄၃၈၀၁၀၀ နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက လှူဒါန်းငွေကျပ် ၃၀၀၀၀၀၀ တို့ကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းစဉ်**

## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ကျေးဇူးတင်လွှာပေးပို့

**နေပြည်တော် မေ ၃**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီက မေ ၂ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သို့ ကျေးဇူးတင်လွှာပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးဇူးတင်လွှာတွင် Coronavirus Disease 2019 (COVID-19) သည် ယခုအခါ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကူးစက်ပြန့်ပွားနေသော ကပ်ရောဂါအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မတ် ၁၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာနိုင်ငံအနေဖြင့်လည်း အထူးအလေးထားပြီး ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ အစီအမံများ ချမှတ်ခြင်းနှင့် ရေရှည်ထိခိုက်လာနိုင်သည့် အကျိုးဆက်များ၊ ဆိုးကျိုးများကို ဖြေရှင်းရေးဆိုင်ရာ နည်းလမ်းများ ကျင့်သုံးဆောင်ရွက်ခြင်းတို့ကို ပိုမိုထိရောက်စွာ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဤသို့သော အချိန်ကာလမျိုးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းများပူးပေါင်း၍ အခြေခံစားသောက်ကုန်များကို ဈေးကွက်အတွင်း ပြတ်လပ်ခြင်း မရှိစေရေးနှင့် သက်သာသော နှုန်းထားဖြင့် ပြည်သူများသို့ ရောင်းချခြင်းဖြင့် COVID-19 သက်ရောက်မှုကြောင့် အများပြည်သူများ ထိခိုက်မှုမရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မတ် ၂၆ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ကို သိရှိရပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရ၏ COVID-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အား ကျေးဇူးတင်ရှိပါကြောင်းနှင့် စုပေါင်းအားဖြင့် ညီညီညွတ်ညွတ် ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် မည်သို့သော အခက်အခဲမျိုးကိုမဆို ကျော်လွှားနိုင်ပါသဖြင့် ရှေ့ဆက်၍လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**



## ပဲခူးမြို့ စံထိပ်ထားအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ချုပ်လုပ်လှူဒါန်း

**ပဲခူး မေ ၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့တွင် စံထိပ်ထားအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး သမဝါယမအသင်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် တစ်ခါသုံး နှာခေါင်းစည်းများကို စံချိန်စံညွှန်းများနှင့်အညီ ချုပ်လုပ်၍ မေ ၃ ရက်က ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ကုသရေးကော်မတီသို့ လှူဒါန်းခဲ့ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက လက်ခံရယူခဲ့သည်။ ထို့ပြင် ရပ်ရွာအတွင်းရှိ လက်လုပ်လက်စားပြည်သူများသို့ လှူဒါန်းဖြန့်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**

## မွန်ပြည်နယ်အတွင်း သမဝါယမမိသားစုများက ပြည်သူများအား လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်များ ပုံမှန်ဈေးနှုန်းဖြင့် ရောင်းချလျက်ရှိ

**မော်လမြိုင် မေ ၃**

မွန်ပြည်နယ် သမဝါယမအသင်းစုချုပ်နှင့် မြို့နယ် ၁၀ မြို့နယ်အတွင်းရှိ ရောင်းဝယ်ရေး သမဝါယမအသင်းများက ပြည်သူများအား ပုံမှန်ဈေးနှုန်းများဖြင့် အခြေခံစားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကို အသင်းသားပြည်သူများအား ရောင်းချပေးနေသည့်အပြင် ဌာနဆိုင်ရာဝန်ထမ်းများ အဆင်ပြေမှုရှိစေရန် ဝန်ထမ်းတစ်ဦးလျှင် ကျပ် သုံးသိန်းမှ ငါးသိန်းအထိ လူသုံးကုန်ပစ္စည်းများကို ၁၀ လ အရစ်ကျဖြင့် ရောင်းချနိုင်ရေးအတွက် သမဝါယမဦးစီးဌာနမှ တာဝန်ရှိသူများကလည်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ်အတွင်း သမဝါယမမိသားစုများက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအတွက် မတ် ၃၀ ရက်တွင် မွန်ပြည်နယ် သမဝါယမမိသားစုများက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၁၆ စုံကို မွန်ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း၊ မော်လမြိုင်မြို့နယ် သမဝါယမမိသားစုများက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၀ ကို မြို့နယ်ပြည်သူ့ဆေးရုံနှင့် CBFQ တာဝန်ခံသို့လည်းကောင်း၊ ကျိုက်မရောမြို့နယ် သမဝါယမမိသားစုများက ဝတ်စုံ ၁၂ စုံကို မြို့နယ်ပြည်သူ့ဆေးရုံသို့ လည်းကောင်း၊ ရေးမြို့နယ် သမဝါယမမိသားစုများက အပူချိန်တိုင်းကိရိယာငါးခုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လည်းကောင်း၊ သထုံမြို့နယ် သမဝါယမမိသားစုများက ခရိုင်ပြည်သူ့ဆေးရုံသို့ တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ၁၀ စုံနှင့် လက်အိတ်များကို လည်းကောင်း၊ ချောင်းဆုံမြို့နယ် သမဝါယမမိသားစုများက တစ်ကိုယ်ရေသုံးကာကွယ်ရေး ဝတ်စုံ ၁၀ စုံကို မြို့နယ်အထောက်အကူပြုကော်မတီသို့ လည်းကောင်း၊ ပေါင်မြို့နယ် သမဝါယမမိသားစုများက ဆေးဖျန်းစက်နှစ်လုံး၊ လက်အိတ်လေးဖာ၊ နှာခေါင်းစည်း အခု ၁၂၀ နှင့် ဆေးဖျန်းကာဗာတစ်ထုပ်ကို မြို့နယ်လူမှုကယ်ဆယ်ရေးအဖွဲ့သို့ လည်းကောင်း၊ ကျိုက်ထိုမြို့နယ် သမဝါယမအသင်းစု ဝန်ထမ်းမိသားစုက စုစုပေါင်းငွေကျပ် ၁၀ သိန်းခန့်တန်ဖိုးရှိ ရောဂါကာကွယ်ရေးပစ္စည်းမျိုးစုံကို မြို့နယ်ပြည်သူ့ဆေးရုံသို့ လှူဒါန်းခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



## ကျောက်ပန်းတောင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပညာပေးစာစောင်နှင့် နှာခေါင်းစည်းများ ဝေငှ



**ကျောက်ပန်းတောင်း မေ ၃**
မန္တလေးတိုင်းဒေသကြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ကျောက်ပန်းတောင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာနှင့် လူငယ်ရေးရာအဖွဲ့တို့ ပူးပေါင်း၍ ယနေ့ မွန်းလွဲ ၂ နာရီက ကျောက်ပန်းတောင်းမြို့မ စည်ပင်သာယာဈေးကြီးအတွင်းနှင့် ဝန်းကျင်တို့တွင် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများနှင့် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအသင်းဥက္ကဋ္ဌ ဒေါ်တင်ထွေးရီနှင့်အဖွဲ့သည် မြို့မစည်ပင်သာယာဈေးကြီးအတွင်းရှိဈေးရောင်းချသူများနှင့် ဈေးအလုပ်သမားများ၊ ဈေးပတ်ဝန်းကျင်ရှိ အနေးယာဉ်လုပ်သားများ၊ ကာယလုပ်သားများအား ကိုဗစ်-၁၉ အဆုတ်ရောင်ရောဂါဆိုင်ရာ သိမှတ်ဖွယ်ရာများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပညာပေးခြင်း၊ ပညာပေးလက်ကမ်းစာစောင်များနှင့် နှာခေါင်းစည်းများဝေငှပြီး နှာခေါင်းစည်းစနစ်တကျတပ်ဆင်နည်းနှင့် စွန့်ပစ်ရမည့် နည်းလမ်းများကို ရှင်းလင်းပညာပေးခဲ့ကြသည်။

အဆိုပါအဖွဲ့က နှာခေါင်းစည်း အခု ၁၀၀ နှင့် ပညာပေးလက်ကမ်းစာစောင် ၂၀၀ ဝေငှပေးခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## စဉ့်ကိုင်မြို့နယ် ကျေးရွာအချို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဒေသခံပြည်သူများ ပူးပေါင်းလုပ်ဆောင်

**မန္တလေး မေ ၃**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မရှိစေရေးအတွက် ကာကွယ်ရေးလုပ်ငန်းများအား ကျေးရွာနေပြည်သူများက ပူးပေါင်းလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

### စုပေါင်းလုပ်ဆောင်လျက်ရှိ

အဆိုပါ ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို လက်ရှိတွင် စဉ့်ကိုင်မြို့နယ်အတွင်းရှိ ဘယ်လင်းကျေးရွာနှင့် ထောင့်ကြီးကွေ့ကျေးရွာများတွင် ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်မှူး၊ ရာအိမ်မှူးများ၊ ပရဟိတအဖွဲ့များ ပူးပေါင်း၍ ကျန်းမာရေး အသိစိတ်ဓာတ်ဖြင့် ကိုယ်ထူကိုယ်ထ စုပေါင်းလုပ်ဆောင်လျက်ရှိပြီး ကာကွယ်ရေးလုပ်ငန်းများအဖြစ် ရွာအဝင်ထိပ်တွင် ဧည့်သည်များအား စိစစ်ကန့်သတ်ခြင်း၊ လက်ဆေးကန်များ ထားရှိခြင်း၊ ရောဂါကာကွယ်ရေးဆိုင်ရာ အသိပညာပေးဗီနိုင်းများ ချိတ်ဆွဲခြင်းများဆောင်ရွက်လျက်ရှိကြောင်း စဉ့်ကိုင်မြို့နယ် ဘယ်လင်းကျေးရွာအုပ်ချုပ်ရေးမှူး ဦးသူရထွန်းက ပြောသည်။



"ကျွန်တော်တို့ ကျေးရွာအုပ်စုမှာ အိမ်ခြေ ၁၁၀၀ ကျော် ရှိပါတယ်။ ဒီရောဂါပိုး ကျွန်တော်တို့ရွာက လူတွေကူးစက်မှုမရှိစေဖို့နဲ့ ရောဂါရှိသူတွေ ကျွန်တော်တို့ရွာထဲကို ဝင်လာတာမျိုးမရှိစေဖို့ ကာကွယ်တဲ့အနေနဲ့ မတ် ၂၂ ရက်ကစလို့ ရွာထိပ်မှာ လက်ဆေးကန်တွေထားပြီး ရွာသူရွာသားတွေ ရွာထဲပြန်ဝင်ရင် လက်ကို စင်အောင်ဆေးပြီးမှ ဝင်ခွင့်ပေးသလို စုပေါင်းလှူဒါန်းထားတဲ့ အပူချိန်တိုင်းကိရိယာနဲ့လည်း ကျန်းမာရေးစစ်ဆေးမှုတွေ လုပ်ပေးပြီးမှ ရွာထဲကို ဝင်ခွင့်ပြုပါတယ်။ ရွာကဈေးမှာလည်း ပိုးသတ်ဆေးတွေ ဖျန်းပေးပြီး ဈေးနေ့မှာ သုံးပေခွာပြီး အရောင်းအဝယ်လုပ်ကြဖို့ စီစဉ်ပေးထားပါတယ်။ ဒါ့အပြင် သံသယလူနာတွေရှိလာရင် ရွာကစာသင်ကျောင်းမှာ သီးသန့်ထားဖို့လည်း ပြင်ဆင်ထားပါတယ်"ဟု ၎င်းက ပြောသည်။

ထို့ပြင် အဆိုပါမြို့နယ်အတွင်းရှိ ထောင့်ကြီးကွေ့ကျေးရွာတွင်လည်း ရွာဦးကျောင်းဆရာတော်၏ ဦးဆောင်ပံ့ပိုးမှုနှင့်အတူ ဒေသခံပြည်သူများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

"ဒီရောဂါပိုး ကျွန်တော်တို့ကျေးရွာမှာ ကူးစက်မှုမရှိအောင် မတ် ၃၀ ရက်ကစပြီး ကာကွယ်ရေးလုပ်ငန်းတွေ အနေနဲ့ ရွာကျောင်းဆရာတော်က ရွာထဲဝင်ရင် လက်ကို စင်ကြယ်အောင်ဆေးပြီးမှ ဝင်ကြဖို့ မိန့်ကြားခဲ့ပါတယ်။ ရွာအဝင်လမ်းကလည်း ရွာထိပ်က ဘုန်းကြီးကျောင်းကို ဖြတ်ပြီးမှ သွားရတဲ့အတွက် လက်ဆေးကန်တွေကို ဆရာတော်က စိုက်ထုတ်သုံးစွဲပြီး လုပ်ပေးထားပါတယ်။ ဒါ့အပြင် ရောဂါကာကွယ်ရေးနည်းလမ်းတွေကို သိရှိစေဖို့ ဗီနိုင်းတွေနဲ့ ရေးဆွဲပြီး ရွာထိပ်မှာ ချိတ်ဆွဲပေးထားတဲ့အပြင် လက်ကမ်းစာစောင်တွေလည်း ရွာထဲမှာ ဖြန့်ဝေပေးဖို့ ဆရာတော်က စီစဉ်နေပါတယ်။ ကျွန်တော်တို့ရွာမှာ ရန်ပုံငွေမရှိတဲ့အတွက် လက်သန့်ဆေးရည်တွေ လက်ရှိမှာ မသုံးနိုင်သေးပေမယ့် ဆပ်ပြာဆီ လှူဒါန်းမယ့်အလှူရှင်တော့ ရှိနေပါပြီ။ ဒီရောဂါက ကူးစက်တာအလွန်မြန်ဆန်တဲ့အတွက် လူကြီး လူငယ်အားလုံး မပေါ့ဆသင့်ပါဘူး။ ဒါကြောင့် ကိုဗစ်-၁၉ ရောဂါကို ရှေ့တန်းက တိုက်ပွဲဝင်နေကြတဲ့ ကျန်းမာရေးဝန်ထမ်းတွေကို ကူညီပေးတဲ့အနေနဲ့ ကျွန်တော်တို့အားလုံး အိမ်ထဲမှာနေကြဖို့ တိုက်တွန်းလိုပါတယ်"ဟု ထောင့်ကြီးကွေ့ကျေးရွာမှ ကိုဇင်မင်းထွန်းက ပြောသည်။

လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါအား မိမိတို့ ကျေးရွာသူ ကျေးရွာသားများ ကူးစက်မှုမရှိစေရန်နှင့် ကျေးရွာအတွင်းသို့ ရောဂါပိုးကူးစက်ခံထားရသည့် လူနာများ ဝင်ရောက်မှုမရှိစေရန်တို့အတွက် ပူးပေါင်း၍ ကာကွယ်ရေးလုပ်ငန်းများအား လုပ်ဆောင်လျက်ရှိသည့်နည်းတူ ယခုကာလအတွင်း အခြားမြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များ၌လည်း ဒေသခံပြည်သူများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းအိမ်ရာများအား ကလိုရင်းပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၃**
ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းအိမ်ရာများအား ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မီးရထားဝန်ထမ်းများ စုပေါင်း၍ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူရထားရပ်ကွက် အိမ်ရာများအား ယနေ့ နံနက် ၈ နာရီခွဲမှ ညနေ ၆ နာရီခွဲအထိ ကလိုရင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာ့မီးရထား အင်ဂျင်နီယာမှူး (မြို့ပြ/အလုပ်ရုံ)မှ ကိုယ်ပိုင်တီထွင်ထုတ်လုပ်ထားသော စက်ပစ္စည်းများဖြင့် ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ထိုသို့ ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာ့မီးရထား (အောက်မြန်မာပြည်) အထွေထွေမန်နေဂျာ ဦးအောင်သူလတ်၏ လမ်းညွှန်မှုဖြင့် အင်ဂျင်နီယာမှူး(မြို့ပြ/အလုပ်ရုံ)နှင့် ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ခဲ့ကြသည်။ ဆက်လက်၍ မြန်မာ့မီးရထား ဝန်ထမ်းရပ်ကွက်များဖြစ်သည့် စက်ဆန်းနှင့် မလွှကုန်းရပ်ကွက်တို့အား ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့မီးရထားနှင့် ဗိုလ်တထောင်မြို့နယ် ပရဟိတအဖွဲ့များ ပူးပေါင်း၍ ဗိုလ်တထောင်မြို့နယ်အတွင်းရှိ ရပ်ကွက်များ၊ မြန်မာ့မီးရထား အောက်မြန်မာပြည်အုပ်ချုပ်ရေးဌာန လက်အောက်ရှိ ရုံးများ၊ ဝန်ထမ်းအိမ်ရာများနှင့်ကုန်ရုံများအား မေ ၂ ရက် နံနက်ပိုင်းမှ ညနေပိုင်းအထိ ကလိုရင်းပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**



သိမ်ဖြူရထားရပ်ကွက်အိမ်ရာများအား ကလိုရင်း ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။



## စောင့်ကြည့် ၁၄ ရက် ပြည့်မြောက်၍ နေအိမ်များသို့ ပြန်လည်စေလွှတ်

**ညောင်ဦး မေ ၃**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ကိုဗစ်-၁၉ ရောဂါပိုးရှိသူ No.8 နှင့် နီးကပ်ခဲ့သူ ၉၁ ဦးအား မေ ၂ ရက် မွန်းလွဲ ၁ နာရီက စောင့်ကြည့် ၁၄ ရက်ပြည့်မြောက်ပြီဖြစ်သဖြင့် မိမိတို့နေအိမ်သို့ ပြန်လည်စေလွှတ်ပေးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ပြင်သစ်ဧည့်လမ်းညွှန်နှင့်ထိတွေ့ခဲ့သည့် ဒေသခံ ၉၁ ဦးအား ရာဇဂြိုဟ်ဟိုတယ်၌ ၁၅ ဦး၊ လောကသစ္စာဟိုတယ်၌ ၄၆ ဦး၊ တိုင်းရင်းဆေးရုံ၌ ၁၉ ဦး၊ ရွှေပိုးအိမ်ဟိုတယ်၌ ၁၁ ဦးတို့ကို မတ် ၂၀ ရက်မှစတင်၍ စောင့်ကြည့်လူနာအဖြစ် တစ်နေ့နှစ်ကြိမ် ကိုယ်အပူချိန်တိုင်းတာခြင်းများဖြင့် စောင့်ကြည့်ခဲ့ရာ မေ ၂ ရက်တွင် စောင့်ကြည့် ၁၄ ရက် ပြည့်မြောက်သည့်အတွက် မိမိတို့နေအိမ်များသို့ ပြန်လည်စေလွှတ်ပေးခဲ့ကြောင်း သိရသည်။

စောင့်ကြည့် ၁၄ ရက်ပြည့်မြောက်သည့် ဒေသခံများအား ညောင်ဦးမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်း၊ ညောင်ဦးခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လွင်ဦး၊ ညောင်ဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်အောင်နှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးစကားပြောကြားကာ မိမိတို့အိမ်၌ နေထိုင်စဉ်တွင်လည်း ယခုနေထိုင်သလို နေထိုင်ကြရန်လိုအပ်ကြောင်း ဒေါက်တာအောင်အောင်က မှာကြားသည်။ **ကိုထိန်(ငါ့သရောက်)**

**ပြင်ဆင်ဖတ်ရှုပါရန်**

မေ ၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၃ တွင် ဖော်ပြခဲ့သော ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်နိုင်ရေး လှုပ်ရှားမှုမြင်ကွင်းတွင် ဝဲဘက်အောက်ဆုံးပုံစာ၌ ဖော်ပြခဲ့သော **ပြည့်သိင်္ဃဟိုတယ်** အစား **ပြည်ရွှေသိင်္ဃဟိုတယ်** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

# အမျိုးသားသွေးဌာန၌ သွေးလှူရှင်များ လျော့ကျသွားသည့်အတွက် အရေးပေါ်လူနာများကိုသာ ထောက်ပံ့ပေးနေရ

**ရန်ကုန် ဧပြီ ၃**

ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကြောင့် အမျိုးသားသွေးဌာန၌ လာရောက်လှူဒါန်းကြသည့် စေတနာသွေးလှူရှင်များ လျော့ကျသွားသည့်အတွက် အရေးပေါ်လူနာများကိုသာ ထောက်ပံ့ပေးနေရကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ တာဝန်ခံဒေါက်တာ ဒေါ်သီတာအောင်က ပြောသည်။

အမျိုးသားသွေးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပါအဝင် အစိုးရဆေးရုံစုစုပေါင်း ၁၄ ရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအတွက် သွေးပုလင်းစုစုပေါင်း ၁၇၅၀၀ ကျော်ကို လစဉ်ထောက်ပံ့ဖြန့်ဖြူးပေးနေခြင်းဖြစ်ပြီး အဆိုပါ ၁၇၅၀၀ ကျော်စာအတွက် တစ်လလျှင် သွေးလှူရှင် ၉၀၀၀ ကျော် လိုအပ်ချက်ရှိကြောင်း၊ အမျိုးသားသွေးဌာနသို့ လာရောက်လှူဒါန်းသည့် သွေးလှူရှင် ၅၅ ရာခိုင်နှုန်းကျော်ခန့်မှာ အစုအဖွဲ့ဖြင့် လာရောက်လှူဒါန်းကြခြင်းဖြစ်ပြီး ယခုကဲ့သို့သော လူစုလူဝေးမှုတစ်ဆင့် အလျင်အမြန်ကူးစက်နိုင်သည့် ကိုဗစ်-၁၉ ရောဂါအန္တရာယ်နှင့် ရင်ဆိုင်နေရချိန်တွင် အစုအဖွဲ့ဖြင့် လာရောက်လှူဒါန်းမှုများမရှိသည့်အတွက်ကြောင့် သွေးလှူရှင်များ လျော့ကျခဲ့ခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ခုဆိုရင် သွေးလှူရှင်များအတွက် လူနည်းနည်းနဲ့ခွဲပြီး လာဖို့ စီမံပေးထားပါတယ်။ လှူဒါန်းမယ့်သူတွေအနေနဲ့ တစ်ခါတည်းနဲ့ စုပြီးလာစရာမလိုတော့ဘဲ အချိန်ခွာပြီးလာရတဲ့အတွက်ကြောင့် သွေးလှူရှင်များအတွက်လည်း ကာကွယ်ပြီးသားဖြစ်သွားပါတယ်"ဟု ဒေါက်တာဒေါ်သီတာအောင်က ပြောသည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကြောင့် သွေးလှူရှင် ၃၇ ရာခိုင်နှုန်းခန့် လျော့ကျသွားသည့်အတွက် အသေးစားသွေးလိုအပ်မှုများကို လျှော့ချထားရပြီး လိုအပ်မှုများအား အပြည့်အဝထောက်ပံ့နိုင်ရန်အတွက် သွေးလှူရှင်အများအပြား လိုအပ်နေကြောင်းလည်း သိရသည်။

"ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကလည်း အရေးကြီးသလို ရှိပြီးသားရောဂါဝေဒနာခံစားနေကြရတဲ့ လူနာတွေကို ကုသပေးဖို့ကလည်း ရှိနေသေးတာမို့ သွေးလိုအပ်တဲ့ လူနာများကို စဉ်ဆက်မပြတ် ထောက်ပံ့နိုင်ဖို့ လာရောက်လှူဒါန်းပေးမယ့် သွေးလှူရှင်ကြီးများအတွက် ဘေးကင်းလုံခြုံမှုရှိအောင် အတတ်နိုင်ဆုံးဆောင်ရွက်ထားပါတယ်။ ဒါကြောင့် ကျန်းမာတဲ့သူတွေအနေနဲ့ သွေးလှူဒါန်းပေးစေလိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

အမျိုးသားသွေးဌာနအား နံနက် ၈ နာရီမှ ည ၇ နာရီအထိ ပိတ်ရက်မရှိဖွင့်လှစ်ပေးထားပြီး စေတနာသွေးလှူရှင်များအနေဖြင့်သွေးလှူဒါန်းလိုပါကဖုန်းနံပါတ် ၀၁-၃၇၂၇၅၃ သို့ ဆက်သွယ်၍လှူဒါန်းနိုင်ကြသည့်အပြင် ဝက်ဘ်ဆိုက်လိပ်စာဖြစ်သော www.donatebloodmyanmar.org တွင်လည်း ဝင်ရောက်ကြည့်ရှုမေးမြန်းကာ လှူဒါန်းနိုင်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာနမှ သိရသည်။



ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန၌ ရွှေပါရမီအဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းကြသည်ကို တွေ့ရစဉ်။

**သတင်း-ပွင့်သစ္စာ**
**ဓာတ်ပုံ-စိုးမြင့်အောင်**

# ကြက်သွန်တစ်ပိဿာ ကျပ်ငါးရာသာရှိခြင်းကြောင့် ကြက်သွန်စိုက်တောင်သူများတွက်ခြေမကိုက်



**ကျောက်ပန်းတောင်း ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ချောင်းနှင့် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများတွင် ဆောင်းကြက်သွန်များ စတင်နုတ်သိမ်းနေပြီဖြစ်ကာ ကြက်သွန်တစ်ပိဿာငါးရာကျပ် ဈေးသာရရှိပြီး ဆောင်းကြက်သွန်နုတ်သိမ်းချိန် အလုပ်သမားခ ဈေးကြီးကာ လုပ်သားရှားပါးမှုများလည်း ကြုံတွေ့နေရကြောင်း မုန့်ကုန်းကျေးရွာ ကြက်သွန်စိုက်တောင်သူ ဦးနန်းတင်ထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ချောင်းနှင့် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာ ၂၀ ကျော်သည် ဆောင်းကြက်သွန်အမြောက်အမြား စိုက်ပျိုးကြသည်။

ဆောင်းကြက်သွန်တစ်သီးပျိုးထောင်ချိန်မှ နုတ်သိမ်းသည်အထိ ငါးလခန့်ကြာမြင့်သည်။

ကြက်သွန်တစ်ဧကလျှင် သိန်းနှစ်ဆယ်ခန့် ကုန်ကျကြောင်းသိရကာ ကြက်သွန်နုတ်သိမ်းစတစ်ပိဿာကျပ် ၇၀၀ ဈေးမှသာ ဈေးနှုန်းအသင့်ဖြစ်ကာ တစ်ပိဿာကျပ် ၅၀၀ ဈေးဖြစ်နေခြင်းကြောင့် ဆောင်းကြက်သွန်စိုက်တောင်သူများ အဆင်မပြေဖြစ်နေကြကြောင်း ကျောက်ပန်းတောင်းမြို့နယ် ဆောင်းကြက်သွန်စိုက်တောင်သူများက ပြောကြားသည်။

ဆောင်းကြက်သွန်များသည် အထားခံခြင်းကြောင့် တစ်နှစ်ပတ်လုံးလှောင်၍ရသော်လည်း ငွေကြေးအခက်အခဲရှိသည့် တောင်သူများနုတ်သိမ်းပြီးချိန် ရောင်းချရပြီး ငွေကြေးတတ်နိုင်သူများ လှောင်ထားကြကာ လှောင်ကြက်သွန်ဈေးကောင်းချိန်ဖြစ်သည့် ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ်လများတွင် ဆောင်းကြက်သွန်များ ထုတ်ရောင်းကြသည်။

**ကိုထိန်**
**(ငွါသရောက်)**



# ရွှေဘိုမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆေးဖျန်း

**ရွှေဘို ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ဧပြီ ၃ ရက် နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆေးဖျန်းခြင်းကို ရွှေဘိုခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့် ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်ခြောက်ဦးတို့က ခရိုင်သာသနာရေးမှူးရုံး၊ မြို့ထောင့်စေတီဘုရား၊ ရွှေသိမ်တော်ဘုရား၊ ရွှေဘိုမြို့နယ် တအုံကျေးရွာရှိ ကျေးလက်ဆေးပေးခန်း၊ ဈေးနှင့် ဘုန်းကြီးကျောင်းများကို ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ ရွှေဘိုမြို့နယ် ကျောက်မြောင်းမြို့ရှိ တည်ပင်ကျေးရွာနှင့် ကိုးပင်ကျေးရွာမှ ဘုန်းကြီးကျောင်းများ၊ ညောင်ပင်သာကျေးရွာရှိ ဘုန်းကြီးကျောင်းများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးဆေးဖျန်းခြင်းကို နယ်မြေမီးသတ်စခန်းတာဝန်ခံများက ဆောင်ရွက်ခဲ့ကြောင်း ခရိုင်မီးသတ်ဦးစီးမှူး ဦးအေးမြင့်က ပြောသည်။

**မိုးသောက်(ရွှေဘို)**

# ပေါ်ဦးပေါ်ဖျား နွေစပါးအစိုတင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀၀ ဖြင့်ဝယ်ယူ

**ရေတာရှည် ဧပြီ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသည့် ရက် ၉၀ ထိုင်းကောက်စပါးမျိုးများ စတင်ရိတ်သိမ်းပြီဖြစ်ရာ စက်ကျစပါးအစို တင်း ၁၀၀ လျှင် ကျပ် ၅၀၀၀၀၀ နှုန်းဖြင့် စတင်ဝယ်ယူနေပြီဖြစ်သည်။

တောင်သူများ စပါးစိုက်ပျိုးရာတွင် အဓိကသွင်းအားစုကုန်ကျစရိတ်မှာ ဓာတ်မြေဩဇာဖြစ်ပြီး သုံးလသက်တမ်းနှင့် သုံးလခွဲသက်တမ်းရှိစပါးမျိုးများအတွက် တစ်လတစ်ကြိမ် မြေဩဇာကြဲပက်ကြပြီး တစ်ဧကလျှင် မြေဩဇာအိတ်ကြီးသုံးအိတ်မှ လေးအိတ်အထိသုံးစွဲကြသည်ကို တွေ့ရှိရသည်။

''အခုဝယ်တဲ့စပါးဈေးနှုန်းအတိုင်းဆိုရင် တောင်သူတွေအားလုံးအဆင်ပြေကြပါပြီ။ ဈေးကွက်အနေနဲ့ ဝယ်လိုအားက ဒီထက်ပိုကောင်းမယ်လို့ ကျွန်တော်တို့တွက်ထားတယ်။ စပါးကလည်း ထွက်နှုန်းကောင်းမယ်၊ ဈေးကလည်းကောင်းမယ်ဆိုရင်တော့ တောင်သူတွေအနေနဲ့ စပါးစိုက်ရကျိုးနပ်ပြီလို့ ပြောလို့ရတယ်'' ဟု ဆွာမင်းလမ်းကျေးရွာအုပ်စု မှန်စီကျေးရွာနေ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

စပါးဝယ်ယူရာတွင် ဆန်စက်များနှင့် ဆန်အရောင်းအဝယ်လုပ်ကိုင်သူများက လိုအပ်သောငွေကြေးကို ထုတ်ပေး၍ ကျေးရွာအလိုက်စပါးအရောင်းအဝယ်လုပ်ကိုင်သူများကို စပါးဝယ်ယူရရှိသည့်တင်းအရေအတွက်ကို ကော်မရှင်ပေးကာ ဝယ်ယူခိုင်းကြခြင်းဖြစ်သည်။

''ကျွန်တော်တို့ဝယ်ယူတဲ့စပါးက မြက်သီးမပါဘူး၊ အမှည့်လည်းညီမယ်ဆိုရင် စက်ကျစပါးတင်း ၁၀၀ ကို ကျပ် ၅၀၀၀၀၀ ဈေးနဲ့ဝယ်တာပါ။ တောင်သူတွေကိုယ်တိုင်က သူတို့စပါးခင်းရိတ်လို့ရပြီလား လာကြည့်တယ်၊ ရပြီဆိုရင် တစ်ခါတည်းရိတ်ပြီး ရောင်းတာပဲ'' ဟု ကုန်းကြီးကျေးရွာအုပ်စု အင်ကြင်းကုန်းကျေးရွာနေ စပါးဝယ်ယူသူ ဦးကျော်ဆန်းက ပြောသည်။



တောင်သူများအနေဖြင့် နွေစပါးစိုက်ပျိုးရာတွင် ထွန်ယက်စရိတ်၊ စပါးမျိုးနှင့် သွင်းအားစုများဖြစ်သော လုပ်သားငှားရမ်းခ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ ဓာတ်မြေဩဇာများအတွက် ကုန်ကျစရိတ်များမှာ အကြွေးစနစ်ဖြင့်ဝယ်ယူကြပြီး ပြန်လည်ပေးဆပ်သည့်အချိန်ကာလကို တွက်ချက်၍အတိုးငွေပါထပ်ဆောင်းပေးကြရခြင်းဖြစ်ရာ စပါးကို ခြောက်သည်အထိ ဆောင်ရွက်မည်ဆိုပါက သယ်ယူစရိတ်၊ စပါးလှန်းခအတွက် ထပ်မံကုန်ကျမည့်စရိတ် သက်သာစေရန် စက်ဖြင့်ရိတ်သိမ်းပြီးသည်နှင့် စက်ကျအစိုပေါက်ဈေးနှုန်းအတိုင်း ရောင်းချကြခြင်းဖြစ်သည်။

**ကိုလွင်(ဆွာ)**

## နွေရာသီဈေးကွက်အတွင်း မန်ယူသို့ ပြောင်းလာရန် အခွင့်အရေးမရှိဟု ဂျက်ဂရီလစ်ရှ် ပြောကြား

မန်ယူအသင်းနည်းပြ ဆိုးရှားက ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်ကို ခေါ်ယူဖို့ ဆုံးဖြတ်ထားပေမယ့် ကစားသမားကိုယ်တိုင်ကတော့ နွေရာသီဈေးကွက်အတွင်းမှာ မန်ယူအသင်းဆီ ပြောင်းရွှေ့လာဖို့ အခွင့်အရေးမရှိဘူးလို့ ဆိုပါတယ်။

ဘာမင်ဂမ်နွယ်ဗွား ကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်ဟာ နွေရာသီဈေးကွက်အတွင်း အိုးထရက်ဖို့ဒ်ဆီ ပြောင်းရွှေ့ဖို့ရှိတယ်ဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်နေသူဖြစ်ပြီး နည်းပြဆိုးရှားကလည်း ကွင်းလယ်ပိုင်းအတွက် လက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ဂျိမ်းစ်မက်ဒီဆင်နဲ့ အက်စတွန်ဗီလာအသင်းကွင်းလယ်ကစားသမား ဂျက်ဂရီယယ်လစ်ရှ်တို့ကို ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။





## ဘယ်လ်ဂျီယံပရီးလိဂ်ပြိုင်ပွဲ ဖျက်သိမ်းရန် စီစဉ်ထားသဖြင့် ထိပ်ဆုံးက ကလပ်ဘရုဂျ်အသင်း ချန်ပီယံဖြစ်လာမည်

ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် ဘယ်လ်ဂျီယံပရီးလိဂ်ပြိုင်ပွဲရဲ့ ပွဲစဉ်တွေကို ဖျက်သိမ်းဖို့ စီစဉ်ခဲ့တာကြောင့် ဥရောပမှာ ပထမဆုံးဖျက်သိမ်းလိုက်တဲ့ ဘောလုံးပြိုင်ပွဲအဖြစ်လည်း မှတ်တမ်းဝင်လာတော့မှာ ဖြစ်ပါတယ်။

အဲဒီလို ဖျက်သိမ်းဖို့ စီစဉ်လိုက်တဲ့အတွက် လက်ရှိ အမှတ်ပေးဇယား ထိပ်ဆုံးတွင် ရပ်တည်နေတဲ့ ကလပ်ဘရုဂျ်အသင်းက ချန်ပီယံအဖြစ် ကြေညာတော့မှာ ဖြစ်ပါတယ်။ ဘယ်လ်ဂျီယံပရီးလိဂ်ရဲ့ ညွှန်ကြားရေးမှူး ဘုတ်အဖွဲ့ကလည်း ပြိုင်ပွဲ ဖျက်သိမ်းဖို့ ဆုံးဖြတ်ချက်ချခဲ့တာဖြစ်ပြီး အထွေထွေညီလာခံဆိုင်ရာ အကြံပြုချက်တစ်ရပ်လည်း ပြုလုပ်ထားတယ်လို့ ဆိုပါတယ်။ ဘယ်လ်ဂျီယံပရီးလိဂ်ပြိုင်ပွဲ ဖျက်သိမ်းရေးနဲ့ စပ်လျဉ်းပြီး မေ ၁၅ ရက်မှာ တရားဝင် ကြေညာတော့မှာလည်းဖြစ်ပါတယ်။

ကလပ်ဘရုဂျ် အသင်းဟာ ဘယ်လ်ဂျီယံပရီးလိဂ် အမှတ်ပေးဇယားရဲ့ အဆင့် ၂ နေရာက ဂျန့်အသင်းကို ၁၅ မှတ်ဖြတ်ထားပြီး အမှတ်ပေးဇယားထိပ်ဆုံးမှာ ဦးဆောင်နေတာ ဖြစ်ပါတယ်။ ကလပ်ဘရုဂျ်အသင်းဟာ ၂၉ ပွဲကစားပြီးချိန်မှာ ရမှတ် ၇၀ အထိ စုဆောင်းထားနိုင်ခဲ့တာဖြစ်ပြီး ဂျန့်အသင်းက ရမှတ် ၅၅ မှတ် ရရှိထားတာဖြစ်ပါတယ်။

## လီဗာပူးဂိုးသမား အဲလစ်ဆင်ကို ခေါ်ယူနိုင်ရေး ချယ်လ်ဆီးအသင်းက ဆွေးနွေးမှုများ လုပ်ဆောင်

ချယ်လ်ဆီးအသင်းဟာ ပရီမီယာလိဂ်ပြိုင်ဘက် လီဗာပူးအသင်းရဲ့ ဂိုးသမား အဲလစ်ဆင်ကို ခေါ်ယူနိုင်ရေးအတွက် ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

ဘရာဇီးဂိုးသမား အဲလစ်ဆင်ဟာ ၂၀၁၈ ခုနှစ်က အီတလီစီးရီးအေကလပ် ရိုးမားအသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၆၇ သန်းနဲ့ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လက်ရှိမှာ ချယ်လ်ဆီးအသင်းက ခေါ်ယူဖို့ ဆွေးနွေးနေသလို ကစားသမားကိုယ်တိုင်ကလည်း စတမ်းဖို့ဒ်ဘရစ်ချ်ဆီ ပြောင်းရွှေ့ဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

ဂိုးသမားအဲလစ်ဆင်ဟာ ပြီးခဲ့တဲ့ဘောလုံးရာသီနှစ်ရာသီက လီဗာပူးအသင်းအတွက် အောင်မြင်မှုတွေ ရယူပေးနိုင်တာမို့ ကမ္ဘာ့အကောင်းဆုံးဂိုးသမားအဖြစ် လူအများရဲ့ သတ်မှတ်ခြင်းကို ခံခဲ့ရသူဖြစ်ပါတယ်။

ချယ်လ်ဆီးအသင်းဟာ လက်ရှိဂိုးသမား ကေ်ာတိုရစ်ကိုလည်း အသင်းမှာ ဆက်ထားဖို့ရှိနေပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့သွားခဲ့တာကြောင့် ဘီဘာအိုအသင်းမှ ဂိုးသမားကီပါကို ပြောင်းရွှေ့ကြေးပေါင် ၇၃ သန်းပေးပြီး အစားထိုးခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ချယ်လ်ဆီးအသင်းနည်းပြ ဖရန့်လမ်းပတ်က လက်ရှိမှာ အသင်းအတွက် အားထားရမယ့် ထိပ်တန်းအဆင့်ရှိ ဂိုးသမားတစ်ဦး ထပ်မံခေါ်ယူဖို့ စီစဉ်လာခဲ့တာ ဖြစ်ပါတယ်။

ငွေကြယ်-စုစည်းသည်

## အနုပညာ

## ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးအတွက် အော်ပရာဝင်းဖေး အမေရိကန်ဒေါ်လာ ဆယ်သန်း လှူဒါန်း

ကျော်ကြားတဲ့ အမေရိကန်ကြယ်ပွင့်တစ်ဦးဖြစ်သူ အော်ပရာဝင်းဖေးက လတ်တလောဖြစ်ပွားနေတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေအတွက် အမေရိကန်ဒေါ်လာ ဆယ်သန်း လှူဒါန်းခဲ့ကြောင်း လူမှုကွန်ရက်မီဒီယာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာ ဖြစ်တယ်လို့ အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။



အမေရိကန်ရဲ့ အချမ်းသာဆုံးနဲ့ လွှမ်းမိုးမှုအရှိဆုံးသော အမျိုးသမီးဖြစ်တဲ့ အော်ပရာဝင်းဖေးက ယခုလို အလှူငွေ လှူဒါန်းခဲ့တာလို့ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာပေါ်မှာ ရေးသားဖော်ပြခဲ့ပြီး မေ ၂ ရက်က လှူဒါန်းခဲ့တာဖြစ်ကြောင်းလည်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။

အသက် ၆၆ နှစ်အရွယ် အော်ပရာဝင်းဖေးက ကိုရိုနာဗိုင်းရပ်စ်တိုက်ဖျက်ရေးနဲ့ ပြန်လည်ထူထောင်ရေးအတွက် ရည်ရွယ်လှူဒါန်းတဲ့ အဆိုပါ အလှူငွေတွေကို အမေရိကန်နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် အစားအစာကောင်းမွန်စွာ မရရှိတဲ့သူတွေအတွက် အဓိက သုံးစွဲဖြည့်ဆည်းပေးသွားမှာဖြစ်ကြောင်းလည်း တစ်ပါတည်း ရေးသားဖော်ပြခဲ့ပါတယ်။ ဒါ့အပြင် အော်ပရာဝင်းဖေးက အမေရိကန်နိုင်ငံတစ်ဝန်းက လူတွေအတွက် လှူဒါန်းသွားမှာဖြစ်ပြီး သူ့ရဲ့ဇာတိမြေက လူတွေအတွက်လည်း အလှူငွေတွေကို သုံးစွဲသွားမှာဖြစ်ကြောင်း သိရပါတယ်။



## ကိုဗစ်-၁၉ ကူးစက်ခံရကြောင်း အတည်ပြုပြောကြားလာတဲ့ ပထမဆုံးသော ကေပေ့ါပ်ကြယ်ပွင့် ယွန်ဟပ်

တောင်ကိုရီးယားအမျိုးသား တေးဂီတအဖွဲ့ Supernova ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ယွန်ဟပ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း လတ်တလောမှာ တရားဝင်ထုတ်ဖော်ပြောကြားလာပါတယ်။ သူဟာ တောင်ကိုရီးယားကြယ်ပွင့်တွေအနက် အဆိုပါဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တရားဝင်ထုတ်ဖော်ပြောကြားလာတဲ့ ပထမဆုံးသောသူလည်းဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဧပြီ ၃ ရက်မှာ စပို့ခ်တီဗီက ယွန်ဟပ်ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်းနဲ့ ဧပြီ ၁ ရက်မှ စတင်ကာ ကုသမှုခံယူနေပြီဖြစ်ကြောင်း ဖော်ပြခဲ့တာပါ။ ဒီသတင်းကို ယွန်ဟပ်ရဲ့ ကိုယ်စားလှယ်ကလည်း အတည်ပြုခဲ့ပြီးဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

ပေ့ါပ်ကြယ်ပွင့်ရဲ့ ကိုယ်စားလှယ်က ယွန်ဟပ်ဟာ မတ် ၂၄ ရက်က တောင်ကိုရီးယားကို ပြန်လည်ရောက်ရှိခဲ့တာဖြစ်ကြောင်း၊ ဂျပန်မှာ တစ်ဦးတည်း ပရိုမိုးရှင်းလုပ်ငန်းတွေ လုပ်ဆောင်ခဲ့ပြီးနောက် တောင်ကိုရီးယားကို ပြန်လည်ရောက်ရှိခဲ့ပြီးနောက်မှာ ယခုလို ကိုရိုနာဗိုင်းရပ်စ် စမ်းသပ်တွေ့ရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။ ယွန်ဟပ်နဲ့အတူ အရောင်းမြှင့်တင်ရေးလုပ်ငန်းတွေကို လုပ်ဆောင်ခဲ့ကြတဲ့ ဝန်ထမ်းတွေ၊ အလှဖန်တီးရှင်တွေ၊ ဒီဇိုင်နာတွေကို စစ်ဆေးခဲ့ရာမှာတော့ တစ်ဦးမျှ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရခြင်းမရှိဘူးလို့လည်း သိရပါတယ်။

လက်ရှိမှာ ယွန်ဟပ်ရဲ့ ရောဂါလက္ခဏာဟာ ပြင်းထန်ခြင်းမရှိပါဘူး။ သူဟာ ဂျပန်က ပြန်လာစဉ်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း လက္ခဏာပြသခဲ့ခြင်းမရှိဘဲ နောက်ပိုင်းမှာ တဖြည်းဖြည်းပေါ်လာတာကြောင့် မတ် ၃၁ ရက်မှာ စစ်ဆေးမှုခံယူခဲ့တာပါ။ စစ်ဆေးခဲ့ပြီးနောက်နေ့မှာ ရောဂါပိုးတွေ့ရှိကြောင်း သိခဲ့ရတာကြောင့် ကုသမှုခံယူခဲ့တာ ဖြစ်ပါတယ်။ လက်ရှိမှာ ပေ့ါပ်ကြယ်ပွင့်ရဲ့ ကျန်းမာရေးအခြေအနေ ကောင်းမွန်နေပြီး ပြန်လည်ကောင်းမွန်ဖို့ ကြိုးစားနေကြောင်းလည်း သိရပါတယ်။

အေးပြည့်-စုစည်းသည်

## လင်ဆေးလိုဟန်ရဲ့ တေးသီချင်းသစ် ထွက်ရှိ

၁၉ နှစ်ကြာ တေးသီချင်းသစ်တွေနဲ့ ဝေးကွာနေခဲ့တဲ့ လင်ဆေးလိုဟန်ဟာလတ်တလောမှာသူ့ရဲ့တေးသီချင်းသစ်ကို ထုတ်လွှင့်ခဲ့ပါတယ်။ လင်ဆေးလိုဟန်ဟာ တေးဂီတလောကအတွင်းကို တေးသီချင်းသစ် Back To Me နဲ့ ပြန်လည်ဝင်ရောက်လာတာ ဖြစ်ကြောင်း အီးတီ အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါ တေးသီချင်းသစ်ဟာ လင်ဆေးလိုဟန်ရဲ့ ပွဲဦးထွက် တေးအယ်လ်ဘမ် Speak ကို ၂၀၀၄ ခုနှစ်အတွင်း ထုတ်လွှင့်ပေးခဲ့ပြီးနောက် ၁၆ နှစ်အကြာမှာ ထုတ်လွှင့်ပေးခဲ့တဲ့ တေးသီချင်းလည်းဖြစ်ပါတယ်။

## ကန်းရီဝက်စ်ထ်ရဲ့ အထက်တန်းကျောင်းသားဘဝက ပန်းချီလက်ရာများ ပြသ

ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ကန်းရီဝက်စ်ထ်ရဲ့ အထက်တန်းကျောင်းသားဘဝက ရေးဆွဲခဲ့တဲ့ ပန်းချီလက်ရာတွေကို လတ်တလောမှာ ခင်းကျင်းပြသခဲ့ရာ ပန်းချီကားတစ်ချပ်ကို အမေရိကန်ဒေါ်လာ ၁၆၀၀၀ ကနေ ၂၃၀၀၀ အထိ ရရှိခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ရက်ပ်တေးသံရှင် ကန်းရီဝက်စ်ထ်နဲ့ ဝမ်းကွဲညီအစ်ကို တော်စပ်သူတစ်ဦးက တေးသံရှင်ရဲ့ ပန်းချီလက်ရာတွေကို လက်မှုပညာပြပွဲတစ်ခုမှာ ပါဝင်ပြသခဲ့တာဖြစ်ပါတယ်။ အဆိုပါ ပန်းချီကားတွေကို ကန်းရီဝက်စ်ထ်ဟာ အသက် ၁၇ နှစ်အရွယ်မှာ ရေးဆွဲခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကန်းရီဝက်စ်ထ်ဟာ လတ်တလော ပြသခဲ့တဲ့ ပန်းချီကားတွေကို ၁၉၉၅ ခုနှစ်မှာ ရေးဆွဲခဲ့ပုံရပါတယ်။ တေးသံရှင်ဟာ ချီကာဂို အထက်တန်းကျောင်းမှာ တက်ရောက်နေစဉ်က သူ့ရဲ့ ပန်းချီကား သုံးချပ်ကနေ ၁၂ ချပ်အထိကို အမေရိကန်ဒေါ်လာ ၁၀ နဲ့ ရောင်းချခဲ့ဖူးတယ်လို့လည်း သိရပါတယ်။ ကန်းရီဝက်စ်ထ်ဟာ ပန်းချီပညာကို အသက် လေးနှစ်ကတည်းက စတင်သင်ယူခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။



# “ပိတောက်ကတဲ့ဂီတ” ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ဆက်လက်ရိုက်ကူး



“ပိတောက်ကတဲ့ဂီတ” ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲ MRTV တွင် ရိုက်ကူးနေစဉ်။

**ရန်ကုန် ဧပြီ ၃**

“သင်္ကြန်ရင်ခုန်သံ” အစီအစဉ်အဖြစ် “ပိတောက်ကတဲ့ဂီတ” ရုပ်ရှင်ဇာတ်ကားအကြောင်း စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စတူဒီယို၌ ဆက်လက်ရိုက်ကူးသည်။

သင်္ကြန်ကာလအတွင်း မဏ္ဍပ်များနှင့် ဖျော်ဖြေပွဲများ ရပ်ဆိုင်းထားချိန်တွင် မြန်မာ့ရိုးရာသင်္ကြန်၏ပုံရိပ်ကို ထင်ဟပ်စေသည့် ရုပ်ရှင်ဇာတ်ကားများ၌ ပါဝင်ခဲ့ကြသော အနုပညာရှင်၊ အတတ်ပညာရှင်များ၏ စကားဝိုင်းဆွေးနွေးပွဲများကို ရုပ်မြင်သံကြားနှင့် အင်တာနက်တို့မှ တစ်ဆင့် ထုတ်လွှင့်နိုင်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ ရုပ်ရှင်ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံပိုင်ရှင်များနှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ(FDC)မှ တာဝန်ရှိသူများ ပူးပေါင်း၍ စီစဉ်ရိုက်ကူးခြင်းဖြစ်သည်။

ထိုသို့ ရိုက်ကူးရာတွင် အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်က အစီအစဉ်မှူးအဖြစ် ပါဝင်ဆောင်ရွက်ပြီး “ပိတောက်ကတဲ့ဂီတ” ရုပ်ရှင်ဇာတ်ကားထုတ်လုပ်သူနှင့် သရုပ်ဆောင် စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ အေးမြတ်သူနှင့် သရုပ်ဆောင် ပိုးမမှီသာတို့ ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးမှုတွင် Frenzo ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်သည့် “ပိတောက်ကတဲ့ဂီတ” ဇာတ်ကားကို ဒါရိုက်တာမီးပွားက ဂီတနှင့် မေတ္တာတရားကိုအခြေခံပြီး ပုံဖော်ရိုက်ကူးထားပုံ၊ အယူအဆမတူညီမှု၊ မျိုးဆက်ကွာဟမှုများနှင့် ဇာတ်လမ်းတည်ဆောက်ထားပုံ၊ ဇာတ်ကွက်များကို သီချင်းများဖြင့် သီကုံးထားပုံ၊ ဇာတ်လမ်းဇာတ်ကွက်နှင့် လိုက်ဖက်သော မတူညီသည့် သံစဉ်များဖြင့် ထည့်သွင်းရိုက်ကူးထားပုံ၊ မန္တလေးမြို့၏ အထင်ကရ မြို့မတေးဂီတအဖွဲ့နှင့် ဂီတပညာရှင်များက ဂီတဆိုင်ရာ ပံ့ပိုးပေးပုံ၊ ခေတ်အလိုက်ပေါ်ထွက်ခဲ့ကြသည့် ဂီတအမျိုးအစားများအလိုက် အလှကိုယ်စီရှိမှုနှင့် လူငယ်များ သဘောကျသည့် Music များ ထည့်သွင်းရိုက်ကူးထားပုံ၊ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်သည် ရေကစားခြင်းသာမကဘဲ ဂီတနှင့် တွဲလျက် ခွဲခြားမရပုံ၊ ဇာတ်ဝင်ခန်းများကို ၂၀၁၉ ခုနှစ် မန္တလေးသင်္ကြန်နှင့် ၂၀၁၉ ခုနှစ် မေလက ပြုလုပ်ခဲ့သည့် စိုင်းစိုင်းခမ်းလှိုင်၏ Mandalay Show မှ ဖျော်ဖြေမှုများဖြင့် ပေါင်းစပ်ဖန်တီးထားပုံတို့ကို ဆွေးနွေးကြခြင်းဖြစ်သည်။

အဆိုပါ သင်္ကြန်ရင်ခုန်သံစကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို သင်္ကြန်ကာလအတွင်း MRTV မှ ထုတ်လွှင့်မည်ဖြစ်ကြောင်း သိရသည်။

**နီနီမျိုး (FDC)**

# မြင်းမူမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်



**မြင်းမူ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း၊ စစ်ကိုင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းလှိုင်နှင့်အဖွဲ့ဝင်များသည် ဧပြီ ၁ ရက်ညနေပိုင်းက မြင်းမူမြို့ ယာယီစခန်းများ၌ ၁၄ ရက်စောင့်ကြည့်ခံနေထိုင်နေသူများအား ကြည့်ရှုအားပေးခြင်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် မိတ်ဖက်လူမှုကူညီရေးအသင်း တာဝန်ရှိသူများကို အားပေးစကားပြောသည်။

ယင်းနောက် မြင်းမူမြို့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် ဆေးဝါးများ စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုကာ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ငါးထည်၊ လက်အိတ်နှစ်ဘူးနှင့် နှာခေါင်းစည်း ၅၀၀ တို့ကို လူမှုရေးဝန်ကြီးကပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာကေသီခိုင်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**အောင်စိုးဖေ (မြင်းမူ)**

# စောင့်ကြည့်ခံရသူများအား အစားအသောက်များ ထောက်ပံ့ပေးအပ်

**မိုင်းယု ဧပြီ ၃**



ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသ မိုင်းယုမြို့သို့ ပြည်တွင်းပြည်ပမှ ပြန်လည်ရောက်ရှိလာကြသည့် ၁၄ ရက်ကြာ စောင့်ကြည့်ခံထားရသူ ဒေသခံများအား အစားအသောက်များ သွားရောက် ထောက်ပံ့ပေးအပ်ခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးနှိုးဆော်ခြင်းများကို ဧပြီ ၂ ရက် နေ့လယ်ပိုင်းက မြို့ပေါ်နှင့် ရပ်ကွက် ကျေးရွာများ၌ သွားရောက်ပြုလုပ်ခဲ့ကြသည်။

မိုင်းယုမြို့ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ပြည့်ဖြိုးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များက မိုင်းယုမြို့ပေါ်နှင့် ရပ်ကွက်/ကျေးရွာများရှိ ပြည်တွင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာကြသည့် စောင့်ကြည့်ခံရသူ ဒေသခံပြည်သူ ၂၂ ဦးအား သောက်ရေသန့်များ၊ အစားအသောက်များ၊ နှာခေါင်းစည်းများနှင့် ကာဘော်လစ်ဆပ်ပြာခဲများကို သွားရောက်ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းပြည်သူတို့ကို မည်သည့်နေရာမျှ ထွက်ခွင့်မပြုဘဲ မိမိတို့နေအိမ်များ၌ ၁၄ ရက်ကြာ စောင့်ကြည့်မှုများပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ စောင့်ကြည့်ခံရသူများ လိုက်နာရမည့် စည်းကမ်းများလည်း ပြောကြားခဲ့ကြသည်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့များစသည့် ပူးပေါင်းအဖွဲ့တို့က မိုင်းယုမြို့ပေါ်နှင့်ရပ်ကွက်/ကျေးရွာများသို့ လှည့်လည်၍ အသံချဲ့စက်များဖြင့် ဒေသန္တရအမိန့်ပါ ကြေညာချက်များ၊ ယင်းအမိန့်များကို မလိုက်နာပါက ပေးအပ်မည့်ဥပဒေပုဒ်မများနှင့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ နေထိုင်စားသောက်ရမည့်နည်းလမ်းများကို အသိပညာပေး လိုက်လံနှိုးဆော်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်(မိုင်းယု)**

# ဒလမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး စည်းဝေး

**ရန်ကုန် ဧပြီ ၃**

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကူးစက်မှုမဖြစ်ပေါ်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၁ ရက် ညနေ ၃ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်း၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အတွင်း ပြည်ပမှ နေရပ်ပြန်လည်ရောက်ရှိလာသူများနှင့် ထပ်မံရောက်ရှိလာမည့်သူများအား စောင့်ကြပ်ကြည့်ရှုမှုနှင့် လိုအပ်သည့် အထောက်အပံ့များပြုလုပ်ပေးနိုင်ရေးအတွက် ကန့်သတ်စောင့်ကြည့်နေရာအဖြစ် အသုံးပြုရန် သတ်မှတ်နေရာ ၃၀ ထားရှိရာ ထပ်မံတိုးချဲ့နိုင်ရေး၊ မြို့နယ်အဆင့် ကော်မတီဝင်များနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ကြက်ခြေနီဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် အထောက်အကူပြုကော်မတီများကို မြို့ပေါ်ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ဖွဲ့စည်းထားရှိမှုအခြေအနေများ၊ မြို့တွင်း၌ လူစုလူဝေးဖြင့် ဝတ်ပြု၊ ဆုတောင်းခြင်းမပြုလုပ်ရန် သက်ဆိုင်ရာ ဘာသာရေးခေါင်းဆောင်များအား ပြောကြားထားမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိန်မြအေးက ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် စေတနာထားပြီးလုပ်ဆောင်ပေးကြရန်၊ ကော်မတီအနေဖြင့် စနစ်တကျစီမံဆောင်ရွက်ပေးနိုင်ရေးနှင့် ပြည်သူများ စိုးရိမ်ကြောင့်ကြမှုမဖြစ်ပေါ်စေရေး မှန်ကန်သောသတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနိုင်ရေးအတွက် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာထွန်းဝင်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိမှုနှင့် လိုအပ်ချက်များကို တင်ပြခဲ့သည်။ ထို့နောက် ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းအကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် စေတနာရှင်များကလှူဒါန်းသည့် ငွေကျပ်သိန်း ၅၀ ဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တစ်ကိုယ်ရေကာကွယ်ရေးဝတ်စုံ ၂၁၆ စုံ၊ ကိုယ်ပူချိန်တိုင်းကိရိယာ ၂၃ ခု၊ နှာခေါင်းစည်း ၅၀ ပါ ၁၀ ဘူးနှင့် ဆက်စပ်ပစ္စည်းများကို မြို့နယ်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်ကြီးတိုက်နယ်ဆေးရုံနှင့် ရခိုင်ချောင်တိုက်နယ်ဆေးရုံ၊ လူမှုကူညီရေးအသင်းများနှင့် ကျန်းမာရေးဌာနရှိ ဝန်ထမ်းများအား ဖြန့်ဝေပေးထားကြောင်း သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# ချင်းပြည်နယ် တီးတိန်မြို့နယ်၌ ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ဆက်ဆံသူများအား သတ်မှတ်ကာလပြီးစီး၍ နေအိမ်များသို့ ပြန်လည်စေလွှတ်

**တီးတိန် ဧပြီ ၃**

ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် ကိုဗစ်-၁၉ လူနာနှင့် ထိတွေ့ဆက်ဆံသူများအား သတ်မှတ်ကာလပြီးစီး၍ ဧပြီ ၂ ရက်က နေအိမ်များသို့ ပြန်လည်စေလွှတ်ပြီးဖြစ်ကြောင်း ချင်းပြည်နယ် လူမှုရေးဝန်ကြီး ဦးပေါင်လွန်မင့်ထန်ထံမှ သိရသည်။

"ကိုဗစ်-၁၉ လူနာနဲ့ ထိတွေ့ဆက်ဆံတဲ့သူတွေကို ကျန်းမာရေးဌာနက ၁၄ ရက်စောင့်ကြည့်တယ်။ သတ်မှတ်ကာလပြီးစီးလို့ပါ။ ကျန်းမာရေးကောင်းလို့ ကျန်းမာရေးဌာနရဲ့ထောက်ခံချက်အရ ဆင်းခွင့်ပြုပါတယ်" ဟု ဦးပေါင်လွန်မင့်ထန်က ပြောကြားသည်။

တီးတိန်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူနှင့် ထိတွေ့ဆက်ဆံသူ ၄၄ ဦးကို နေအိမ်၌သာ နေထိုင်စေပြီး စောင့်ကြပ်ကြည့်ရှုသတ်မှတ်ကာလ ၁၄ ရက်ပြည့်ကာ ကျန်းမာရေးအခြေအနေကောင်းမွန်သဖြင့် ဧပြီ ၂ ရက်မှစ၍ စောင့်ကြပ်ကြည့်ရှုခြင်းမှ ရပ်နားပေးလိုက်ကြောင်း သိရသည်။

ချင်းပြည်နယ်တစ်ဝန်းလုံး၌ နေအိမ်အတွင်း စောင့်ကြည့်ခံရသူ ၂၇၈ ဦး၊ ဆေးရုံတွင် စောင့်ကြည့်ခံရသူ ခုနစ်ဦးနှင့် စာသင်ကျောင်းတွင်ထားရှိကာ သီးခြားစောင့်ကြည့်ခံရသူ ၁၄ ဦးရှိကြောင်း သိရသည်။

ယခုလက်ရှိ ချင်းပြည်နယ် တီးတိန်မြို့ ပြည်သူ့ဆေးရုံတွင် အမေရိကန်နိုင်ငံမှပြန်လာသည့် ချင်းအမျိုးသားတစ်ဦးသာ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိထားပြီး နောက်ထပ်စောင့်ကြည့်ခံရသူများထဲမှ ရောဂါပိုးရှိသူမတွေ့ရှိကြသေးကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## စစ်ကိုင်းတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ကွန်ပျူတာနှင့်ပရင်တာ ထောက်ပံ့

**မုံရွာ ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ကွန်ပျူတာ ထောက်ပံ့လှူဒါန်းခြင်း အခမ်းအနားကို ဧပြီ ၂ ရက် မွန်းတည့် ၁၂ နာရီက စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ကွန်ပျူတာလှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကွန်ပျူတာနှင့် ပရင်တာ အစုံ ၄၀ ကို ထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် ဒေါ်မြင့်မြင့်သီနှင့် အဖွဲ့ဝင် ဦးစောထွန်းတို့က လက်ခံရယူခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအတွက် ကွန်ပျူတာနှင့် ပရင်တာသုံးစုံ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲရုံး ၃၇ ရုံး အတွက် ကွန်ပျူတာနှင့် ပရင်တာ ၃၇ စုံ စုစုပေါင်း ကွန်ပျူတာနှင့် ပရင်တာ အစုံ ၄၀ ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ကိုဗစ်-၁၉ ကာကွယ်ကုသရေးအတွက် အသုံးပြုရန်အလှူငွေ လှူဒါန်း

**ပဲခူး ဧပြီ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများအတွက် အသုံးပြုရန် သဲကုန်းမြို့နယ် သမဝါယမမိသားစုက ဧပြီ ၂ ရက် မွန်းလွဲပိုင်းက မြို့နယ် ကျန်းမာရေး ဦးစီးဌာနသို့ အလှူငွေ ပေးအပ်လှူဒါန်းသည်။

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် သမဝါယမအသင်းမိသားစုမှ မြို့နယ်ကျန်းမာရေး ဦးစီးဌာနသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ကုသရေး လုပ်ငန်းများအတွက် အထွေထွေအသုံးပြုနိုင်ရန် အလှူငွေကျပ် နှစ်သိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## စားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာရောင်းချနိုင်ရေး ဆောင်ရွက်

**မိုးမိတ် ဧပြီ ၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် စည်ပင်သာယာဈေး၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း ဆန်၊ ဆီ၊ ဆားအပါအဝင် အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာရောင်းချနိုင်ရေးအတွက် ဧပြီ ၃ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြပ်မတ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ခရိုင်နှင့် မြို့နယ်အဆင့်လုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီဇော်၊ မြို့နယ်စည်ပင်သာယာရေးဦးစီးမှူး ဦးတင်ရှိန်နှင့် စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များသည် စည်ပင်သာယာဈေးအတွင်း ရောင်းချလျက်ရှိသော ကုန်စုံဆိုင်များမှ ဆန်၊ ဆီ၊ ဆားအပါအဝင် အခြေခံစားသောက်ကုန်များ ဈေးနှုန်းတည်ငြိမ်စွာရောင်းချနိုင်ရေးနှင့် ဈေးနှုန်းများမတန်တဆတက်၍ ရောင်းချခြင်းများမပြုလုပ်ကြရန်အတွက် မေတ္တာရပ်ခံခဲ့ကြကြောင်း သိရသည်။

“ကျွန်မတို့ဆိုင်ကတော့ ဆား၊ ဆီ အပါအဝင် အခြေခံစားသောက်ကုန်တွေကို ရောင်းချလျက်ရှိပါတယ်၊ ကြက်သွန်ဈေးနှုန်းကတော့ အရင်ကထက် ဈေးကျပါတယ်၊ ကြက်ဥကတော့ ငါးကျပ်တက်ပါတယ်၊ ကျန်တဲ့စားကုန်တွေကတော့ ပုံမှန်ဈေးနှုန်းအတိုင်းပဲ ရောင်းချလျက်ရှိပြီး ဈေးနှုန်းမတန်တဆတက်ပြီး ရောင်းချခြင်းမရှိပါဘူး”ဟု ကုန်စုံရောင်းချသူ ဈေးသည်ဒေါ်မိကာက ပြောသည်။

"မိုးမိတ်မြို့နယ်စည်ပင်သာယာဈေးမှာ ဒေသဆန် (ပထမတန်း)တစ်ပြည် ကျပ် ၁၄၀၀ ၊ ပဲဆီ တစ်ပိဿာ ကျပ် ၃၀၀၀ ၊ ပဲဆီသန့် တစ်ပိဿာ ကျပ် ၈၀၀၀၊ စားအုန်းဆီတစ်ပိဿာ ကျပ် ၂၃၀၀ နဲ့ ဆားတစ်ပိဿာ ကျပ် ၆၀၀ ဖြင့် နေ့စဉ်ရောင်းချလျက်ရှိပြီး လက်သန့်ဆေးရည်တွေက ဈေးတက်ပြီး နှာခေါင်းစည်းတွေကတော့ ဆိုင်တိုင်းလိုလို ပြတ်လပ်နေပါတယ်" ဟု ဈေးခေါင်းဦးဝင်းမောင်က ပြောသည်။

**မိုးမိတ်သား(စည်သူငွေး)**



## ခေတ်မီနည်းစနစ်ဖြင့် ဓာတုကင်းစင်သည့် မြန်မာ့ငရုတ်သီးထုတ်ကုန် ထုတ်လုပ်

**ရန်ကုန် ဧပြီ ၃**

မြန်မာ့ငရုတ်သီးထွက်ကုန်များကို ဓာတုကင်းစင်သည့် စားသောက်ကုန်ဖြစ်စေရန် ခေတ်မီနည်းစနစ်များဖြင့် ထုတ်လုပ်နေပြီး ပြည်ပမှ ထုတ်လုပ်သည့် ငရုတ်ထွက်ကုန်များနှင့် အရည်အသွေး ယှဉ်ပြိုင်ကာ ထုတ်လုပ်နေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါတွင် မြန်မာနိုင်ငံ၌ စားသုံးမှုများပြားပြီး မီးဖိုချောင်သုံး စိုက်ပျိုးရေးထွက်ကုန်ဖြစ်သည့် ငရုတ်သီးမှုန့်၊ နနွင်းမှုန့်နှင့် ချင်းတို့ကို အသည်းကင်ဆာဖြစ်စေမည့် ဘေးအန္တရာယ်လျော့ကျစေရန်နှင့် မှိုကင်းစင်စေရန် ခေတ်မီနည်းစနစ်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး အခြောက်လှန်းစနစ်ကို အသုံးပြုကာ ထုတ်လုပ်နေပြီဖြစ်ကြောင်း Natural Farm Fresh Myanmar မှ အမှုဆောင်အရာရှိချုပ် ဦးနေဦးက ပြောသည်။

"ကျွန်တော်တို့ရဲ့ Natural Farm Fresh က လူမှုစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီးတော့ မှိုကင်းတဲ့ငရုတ်သီးထုတ်ကုန်တွေကို ခေတ်မီနည်းပညာနဲ့ ထုတ်လုပ်နေတာဖြစ်တဲ့အတွက် ဒီနည်းပညာကိုလည်း ငရုတ်စိုက်တောင်သူတွေကို ဖြန့်ဝေပေးနေတာဖြစ်ပါတယ်။ ဒီလို ခေတ်မီနည်းစနစ်ကို ပြောင်းလဲလုပ်ဆောင်လိုက်တဲ့အတွက် စားသုံးသူတွေမှာလည်း အရည်အသွေးကောင်းမွန်ပြီး မှိုကင်းစင်တဲ့ ထုတ်ကုန်ကို စားသောက်နိုင်မှာဖြစ်သလို တောင်သူတွေအနေနဲ့လည်း ထုတ်လုပ်မှုပိုင်းမှာ အလေအလွင့်လျော့ကျတဲ့အတွက် ဝင်ငွေတိုးလာပါတယ်" ဟု ၎င်းကပြောသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ငရုတ်စိုက်တောင်သူပေါင်း ၁၀၀ ကျော်နှင့် လုပ်ငန်းစုစုပေါင်း ၄၀ ကျော်တို့သည် ခေတ်မီနည်းစနစ်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး အခြောက်လှန်းစနစ်ကို အသုံးပြုကာ ထုတ်လုပ်နေပြီဖြစ်ကြောင်း၊ လက်ရှိတွင် Natural Farm Fresh Myanmar အနေဖြင့် ရခိုင်ပြည်နယ် ဂွဒေသရှိ မိုးမျှော်ငရုတ်သီးစိုက်တောင်သူများအား ခေတ်မီနည်းပညာများ ဖြန့်ဝေပေးလျက်ရှိပြီး အဆိုပါဒေသသည် နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နေသည့် တောင်သူအများအပြားရှိရာဒေသဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ် ဦးနေဦးက ရှင်းပြသည်။

စနစ်တကျ အခြောက်လှန်းထားခြင်းမရှိသည့် ငရုတ်သီးထွက်ကုန်များသည် စားသုံးသူကို အန္တရာယ်ဖြစ်စေသည့် မှိုကိုဖြစ်စေနိုင်ပြီး ယင်းမှိုကြောင့် အသည်းကိုထိခိုက်စေနိုင်ကြောင်း၊ ခန့်မှန်းခြေအားဖြင့် မြန်မာနိုင်ငံသားခြောက်ရာခိုင်နှုန်း (သို့) ခုနစ်ရာခိုင်နှုန်းခန့်သည် မှိုပါဝင်သည့် အစားအစာများကြောင့် အသည်းရောဂါဝေဒနာကို ခံစားနေရကြောင်း၊ ထို့ကြောင့် ငရုတ်ခူးပြီး ၂၄ နာရီအတွင်း ထုတ်လုပ်မှုမပြုလုပ်မီ မှိုနှင့်ပတ်သက်သည့် အဆိပ်အတောက်များ ပါဝင်မှု ရှိ၊ မရှိ အဏုဇီဝဗေဒစစ်ဆေးမှုများကို ပြုလုပ်ပြီး ထုတ်လုပ်မှသာ စားသုံးသူများအတွက် အာမခံနိုင်မည်ဖြစ်ကြောင်း အစာအာဟာရပညာရှင် ဒေါက်တာကျော်ငြိမ်းအေးက ပြောသည်။

**အေးမင်းသူ၊ ဇာနည်မောင်**

## မီးခိုးမြူမှုန်များ ထူထပ်သဖြင့် လေအရည်အသွေးတိုင်းတာ

**ကောလင်း ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းနှင့် ဝန်းသိုမြို့နယ်တို့တွင် မီးခိုးမြူမှုန်များထူထပ်သဖြင့် လေအရည်အသွေးတိုင်းတာခြင်းလုပ်ငန်းကို ကောလင်းမြို့၌ ဧပြီ ၂ ရက် မွန်းလွဲ ၁နာရီမှစတင်၍ ဧပြီ ၃ ရက် ညနေ ၄ နာရီထိ တိုင်းတာပြီး ဝန်းသိုမြို့တွင် ဧပြီ ၃ ရက် ညနေ ၅ နာရီမှ ၄ ရက် ည ၈ နာရီထိ တိုင်းတာမည်ဖြစ်ပြီး ရရှိလာသည့်ရလဒ်များကိုပြည်သူများအား သိရှိနိုင်ရန် အသိပေးထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

လေထုထဲတွင်လေအရည်အသွေးအညွှန်းကိန်း (AQI)၀-၅၀ ဆိုလျှင် လေထုညစ်ညမ်းမှုအန္တရာယ်မရှိကြောင်း၊ (AQI) ၅၁-၁၀၀ ဆိုလျှင် လေထုအရည်အသွေးမှာ လက်ခံနိုင်စရာ ဖြစ်သော်လည်း လေထု ညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသူများအတွက် ကျန်းမာရေး ထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိကြောင်း၊ (AQI) ၁၀၁-၁၅၀ ဆိုလျှင် လေထု ညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်ပြီး စိုးရိမ်ဖွယ်မရှိကြောင်း၊ (AQI)၁၅၁-၂၀၀ ဆိုလျှင် လူတိုင်းကျန်းမာရေး ထိခိုက်နိုင်ပြီး လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများကို ပိုမိုထိခိုက်နိုင်ကြောင်း သိရသည်။ (AQI)၂၀၁-၃၀၀ ဆိုလျှင် ကျန်းမာရေး အသိပေးချက် ထုတ်ပြန်ရမည်ဖြစ်ပြီး လူတိုင်းကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်ကြောင်း၊ (AQI) ၃၀၁-၅၀၀ ဆိုလျှင် အန္တရာယ်ရှိပြီး လူထုတစ်ရပ်လုံး ကျန်းမာရေးထိခိုက်နိုင်ခြေ ပိုများကြောင်း ကသာခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးက ပြောသည်။

**မြင့်ထွန်းမင်း (ကောလင်း)**





ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကလိုရင်း ပိုးသတ်ဆေး ထောက်ပံ့ပေးမှုဖြင့် ဧပြီ ၃ ရက် ညနေပိုင်းတွင် ကြေးမုံသတင်းစာတိုက် ရုံးအတွင်း၊ အပြင်ကို အမှတ် (၁၀) ရပ်ကွက် ကလျာဏလူငယ်များ ပရဟိတအသင်းက ပိုးသတ်ဆေးများ လာရောက်ဖျန်းပေးစဉ်။

**မောင်မောင်ဇော်**

# ရှေ့နေနှင့် သိင်္ဂါလောဝါဒဆုံးမစာ

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

“ဆရာ”

“ဗျာ”

“ဒီတစ်ပတ် ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ”

“ရှေ့နေနှင့် သိင်္ဂါလောဝါဒဆုံးမစာတဲ့ဗျ”

“ဗျာ၊ ထူးထူးဆန်းဆန်းပါပဲကလား”

“ဟုတ်တယ်ဗျ ၊ စိတ်ဝင်စားစရာပါပဲ”

“ဘယ်လိုစိတ်ဝင်စားစရာပါလိမ့်ဆရာ”

“ကိုင်း....... ဖတ်ကြည့်ကြစို့ဗျ”

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကိုဗစ်-၁၉ နှင့်ပတ်သက်၍ နိုင်ငံတော်သို့ မိန့်ခွန်းတစ်ရပ်ပြောကြားသည် - (၂၄-၃-၂၀၂၀)

- အဂတိဆိုတာ မမှန်ကန်တဲ့လမ်းပါ။ မမှန်ကန်တဲ့လမ်းပေါ်ကို တွန်းပို့တာကတော့ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟတို့ပဲ ဖြစ်ပါတယ်။ ယခု ကျွန်မတို့အားလုံး အခြားနိုင်ငံများနည်းတူ ရင်ဆိုင်နေရတဲ့ COVID-19 နှင့် ပတ်သက်လို့ လမ်းလွဲပေါ် မရောက်သွားဖို့ အရေးကြီးပါတယ်။
- ဆန္ဒကတွန်းပို့လို့ မလုပ်သင့် မလုပ်ထိုက်တာတွေ လူစုလူဝေးဖြစ်စေခြင်း၊ ရိက္ခာတွေ ဆေးဝါးတွေ စုဆောင်းခြင်း၊ ကျန်းမာရေးညွှန်ကြားချက်တွေ မလိုက်နာခြင်း ဆိုတာကို ရှောင်ပါ။
- ဒေါသကတွန်းပို့လို့ မလိုတမာစိတ်နဲ့ မမှန်သတင်းတွေ လူအများထိတ်လန့်ပြီး ရပ်ရွာတည်ငြိမ်မှု ထိခိုက်စေမယ့်စကားတွေ ပြန့်ပွားစေခြင်းကို ရှောင်ပါ။
- ဘယ၊ အကြောက်တရားလွှမ်းပြီး ရိက္ခာစုဆောင်းခြင်း၊ ရောဂါလက္ခဏာ ဖုံးကွယ်ထားခြင်းများကို ရှောင်ပါ။
- မောဟ၊ နိုင်ငံတော်အစိုးရဌာနအသီးသီးက ထုတ်ပြန်ချက်တွေကို မလေ့လာဘဲ အထင်အမြင်မှားပြီး မလုပ်သင့်တာတွေ လုပ်၊ လုပ်သင့်တာတွေ မလုပ်ခြင်း၊ ဒီအဂတိတရား(၄)ပါးကို ရှောင်ကြပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်ဟု ပြောကြားထားလေသည်။

**ရတနာ့သုတ်ပရိတ်တော်**

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော် အရှင်ဉာဏိဿရ ဆရာတော်ကြီး ဦးဆောင်ရွတ်ဖတ်တော်မူသော ရတနသုတ္တ(ရတနသုတ်) “ပဏိဓာနတော ပဋ္ဌာယ တထာဂတဿ ဒသ ပါရမီယော” အစချီသော ပရိတ်တော်သံများသည် ယနေ့အချိန်အခါဝယ် အိမ်တိုင်းစေ့၊ ကျောင်းတိုင်းစေ့၊ ရွာတိုင်းစေ့၊ မြို့တိုင်းစေ့၊ နယ်တိုင်းစေ့ ရွတ်ဖတ်ပူဇော်ဆုတောင်းလျက်ရှိပေသည်။

ထို့အပြင် ဒေသဆိုင်ရာ ဗုဒ္ဓဘာသာဝင် ဆရာတော်၊ သံဃာတော်အသီးသီးကလည်း မိမိတို့ ဒေသအလိုက် ရတနသုတ်တော်များကို အသီးသီးရွတ်ဖတ်ပူဇော်လျက်ရှိကြပေသည်။

ဘေးဥပဒ်အန္တရာယ် အသွယ်သွယ်ကို ဖယ်ရှားလွတ်မြောက်စေခြင်းအကျိုးငှာ ဗုဒ္ဓဘာသာဝင်များသာမက ဘာသာပေါင်းစုံ အဖွဲ့အစည်းအသီးသီးကလည်း ဆုတောင်းပတ္ထနာ မေတ္တာပို့သွတ်ခြင်းများ နည်းလမ်းအသွယ်သွယ် ပွားများနေကြလေကုန်သည်။

ဤနေရာတွင် အများပြည်သူအပေါင်း စောင့်ထိန်းအပ်သည့် ကျင့်စဉ်များကို စဉ်ဆက်မပြတ် ကျင့်ကြံကြဖို့ လိုပေသည်။ ကျမ်းစာအသီးသီးတွင် ဖော်ပြပါရှိသော သိင်္ဂါလောဝါဒဆုံးမစာဟူသည် အဘယ်နည်း။ ယနေ့လူငယ်အပေါင်း အလှမ်းကွာဝေး၍ သိမီသူများ နည်းပါးနေပေသည်။ သို့ဖြစ်၍ သိင်္ဂါလောဝါဒဆုံးမစာနိဒါန်းကို အချိန်အခါသင့်၍ လေ့လာမှတ်သားကျင့်ကြံကြရန် ကောက်နုတ်တင်ပြအပ်ပါသည်။

**ဘေးဥပဒ်အန္တရာယ် အသွယ်သွယ်ကို ဖယ်ရှားလွတ်မြောက်စေခြင်းအကျိုးငှာ ဗုဒ္ဓဘာသာဝင်များသာမက ဘာသာပေါင်းစုံ အဖွဲ့အစည်းအသီးသီးကလည်း ဆုတောင်းပတ္ထနာ မေတ္တာပို့သွတ်ခြင်းများ နည်းလမ်းအသွယ်သွယ် ပွားများနေကြ...**

**သိင်္ဂါလောဝါဒ ဆုံးမစာ နိဒါန်း**

ဗုဒ္ဓမြတ်စွာ သက်တော်ထင်ရှားရှိစဉ်က ရာဇဂြိုဟ်ပြည်တွင် သူဌေးကြီးတစ်ဦးရှိသည်။ သူဌေးကြီးသည် မြတ်စွာဘုရားအား ကြည်ညိုကိုးကွယ်သူဖြစ်သော်လည်း သူဌေးကြီး၏ တစ်ဦးတည်းသောသားဖြစ်သူ သိင်္ဂါလလုလင်ကား သာသနာတော်နှင့် မနီးစပ်ဘဲရှိနေသည်။ တစ်နေ့တွင် သူဌေးကြီးသည် သားဖြစ်သူအား ဤသို့မှာကြားလေသည်။ “ချစ်သား သိင်္ဂါလ ငါတို့မိဘများ မရှိသည့်အခါတွင် ချစ်သားသည် အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်ဟူသော အရပ်ခြောက်မျက်နှာကို ရှိခိုးပါလေ့”ဟု မှာကြားခဲ့သည်။ ထို့နောက် မကြာမီ သူဌေးကြီးနှင့် သူဌေးကြီးကတော်တို့ ကွယ်လွန်သွားကြလေသည်။

**အရပ်ခြောက်မျက်နှာ**

သားဖြစ်သူ သိင်္ဂါလလုလင်သည် ကွယ်လွန်သူ မိဘများ၏ ဆုံးမစကားကို လိုက်နာရမည့် ထုံးတမ်းစဉ်လာအတိုင်း မြို့အပြင်ရှိ ရေကန်တွင် ရေချိုး၍ ကန်ပေါင်ပေါ်၌ အရပ်ခြောက်မျက်နှာကို ရှိခိုးနေလေသည်။ ထိုအခါ မြတ်စွာဘုရားသည် သံဃာတော်များနှင့် ဆွမ်းခံကြွလာကာ သိင်္ဂါလလုလင်အနီးသို့ ရောက်တော်မူလာ၍ သိင်္ဂါလ၏ အပြုအမူကို မြင်သည်နှင့် မည်သည့်အမှုကိုပြုပါသနည်းဟု မေးတော်မူ၏။ လုလင်က ဖခင်မှာကြားခဲ့သည့်အတိုင်း အရပ်ခြောက်မျက်နှာကို ရှိခိုးပါသည်ဟု လျှောက်သော် မြတ်စွာဘုရားက “အို ဒါယကာ ငါဘုရားသာသနာတော်၌ ရှိခိုးအပ်သော အရပ်ခြောက်မျက်နှာဟူသည်ကား ဤ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ အထက်၊ အောက်ဟူသော အရပ်ခြောက်မျက်နှာမဟုတ်ပေ” ဟု မိန့်တော်မူကာ သိင်္ဂါလ သတို့သားကို အကြောင်းပြု၍ ဤသိင်္ဂါလောဝါဒသုတ်တော်ကို ဟောတော်မူလေသည်။

**သိင်္ဂါလောဝါဒသုတ်တော်**

ယင်း သိင်္ဂါလသုတ် ခေါ် သိင်္ဂါလောဝါဒသုတ်သည်ကား သုတ်သုံးကျမ်း ပါဠိတော်တွင် ပါထိကဝဂ်၌ ပါရှိ၍ အရပ်ခြောက်မျက်နှာ ဥပမာပြုအပ်သော မိဘ၊ ဆရာသမား စသည်များနှင့် ရှိခိုးခြင်းနှင့်တူစွာ ကျင့်သုံးစရာ ကျင့်ဝတ်များကို ဖော်ပြဟောတော်မူထားလေသည်။ ထို့ပြင် ထိုသုတ်တွင်ပင် လူတို့ကျင့်စရာ ဥစ္စာပျက်ကြောင်း၊ အပေါင်းအသင်းစသည့် ကျင့်စဉ်များလည်း ပါရှိပေသည်။ ဘယ်အချိန်ဘယ်အခါမဆို အမြဲကျင့်ကြံပွားများရမည့် ကျင့်ဝတ်များပေတည်း။

ဖော်ပြပါ ကျင့်ဝတ်တရား ကျင့်စဉ်များကို သာသနာပြုသင်္ဃာဆရာတော်ကြီးက လွယ်ကူစွာ ကျက်မှတ်နိုင်ရန် ဆောင်ပုဒ်လင်္ကာများ ရေးသားထားခဲ့သည်။ ယင်းကို သိင်္ဂါလောဝါဒ ဆုံးမစာဟူသောအမည်ဖြင့် ဗုဒ္ဓဘာသာဝင်များ လက်သုံးပြုကာ ကျက်မှတ်လေ့လာခဲ့ကြသည်။ စတုတ္ထအင်းဝမြို့တည် မင်းလက်ထက် နာမည်ကျော်ဆရာတော်ဦးဗုဓ်က ဂိဟီဝိနယ ဆုံးမစာဟူသောအမည်ဖြင့် ဆောင်ပုဒ်လင်္ကာများ ပြုစုထားခဲ့သည်။ ထိုသိင်္ဂါလောဝါဒ ဆောင်ပုဒ်များနှင့် ဆရာတော်ဦးဗုဓ်၏ ဂိဟီဝိနယ ဆုံးမစာဆောင်ပုဒ်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်ခန်းစာ၊ ကောဇာ-၁၃၆၂၊ စာ-၅၉ မှ ထုတ်နုတ်ဝေငှဖော်ပြလိုက်ပါသည်။

(က) **သားသမီးကျင့်ဝတ် ငါးပါး**

ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမှုဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

(ခ) **မိဘကျင့်ဝတ် ငါးပါး**


မကောင်းမြစ်တာ၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

(ဂ) **တပည့်ကျင့်ဝတ် ငါးပါး**

ညီညာထကြွ၊ ဆုံးမနာယူ၊ လာမူကြိုဆီး၊ ထံနီးလုပ်ကျွေး၊ သင်တွေးအံ့ရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ။

(ဃ) **ဆရာကျင့်ဝတ် ငါးပါး**

အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ ဝတ်ငါးဖြာ။



(င) **လင်ကျင့်ဝတ် ငါးပါး**

မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

(စ) **မယားကျင့်ဝတ် ငါးပါး**

အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချီ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

(ဆ) **မိတ်ဆွေကျင့်ဝတ် ငါးပါး**

ပေးကမ်းချီးမြှင့်၊ ကိုယ်နှင့်ယှဉ်ထား၊ စီးပွားဆောင်ရွက်၊ နှုတ်မြွက်ချိုသာ၊ သစ္စာမှန်စေ၊ ဝတ်ငါးထွေ၊ ကျင့်လေ မိတ်သဟာ။

(ဇ) **ကျေးဇူးတုံ့ပြန်သူ မိတ်ဆွေကျင့်ဝတ် ငါးပါး**

မေ့လျော့စောင့်လှာ၊ ဥစ္စာစောင့်ရှောက်၊ ကြောက်လန့်ပယ်လေ့၊ ဘေးတွေ့မစွန့်၊ ဆက်ညွှန့်သားမြေး၊ မြတ်လေးပူဇော်၊ ဤငါးဖော်ကား၊ ညီလျော်တို့လမ်း- ကျင့်ဝတ်တည်း။

(ဈ) **သခင်ကျင့်ဝတ် ငါးပါး**

ဝစွာကျွေးမွေး၊ ပြုရေးစီရင်၊ နာလျှင်ကုစေ၊ ငှဝေရသာ၊ အခါကိုလွှတ်၊ အရှင့်ဝတ်၊ မချွတ် ငါးခုသာ။

(ည) **ကျွန်ကျင့်ဝတ် ငါးပါး**

အိပ်သော် နောက်ကျ၊ ထသော်ကား ရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။

(ဋ) **ဒါယကာကျင့်ဝတ် ငါးပါး**

မေတ္တာစိတ်သက်၊ ဆောင်ရွက်ချစ်ကြင်၊ ခင်မင်နှုတ်ချို၊ လိုလျှင် ဖိတ်ထား၊ တက်အား လှူစေ၊ ဝတ်ငါးထွေ၊ ပြုလေဒါယကာ။

(ဌ) **ရဟန်းကျင့်ဝတ် ခြောက်ပါး**

မကောင်းမြစ်တာ၊ ကောင်းရာညွှန်လစ်၊ အသစ်ဟောကျူး၊ နာဖူးထပ်မံ၊ နတ်ထံတင်ရာ၊ မေတ္တာလည်းပြု၊ ရဟန်းမှု၊ ခြောက်ခု လွှန်သေချာ။

**နိဂုံး**

ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်ပူဇော်လျက် ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ ရှောင်ကွင်းကြပြီး အဂတိတရားကင်းစင်စွာ ကျင့်ဝတ် ကျင့်စဉ်များ စောင့်ထိန်းပွားများခြင်းဖြင့် အများပြည်သူအပေါင်း ဘေးဥပဒ်အန္တရာယ်အသွယ်သွယ်မှ ကင်းစင်ပပျောက်ကြပါစေကြောင်း ...။ ။

# စောင့်ကြည့်များထားရှိသော နေရာများသို့ ကွင်းဆင်းကြည့်ရှု

**ကျောက်တလုံး မေ ၃**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများသည် မေ ၃ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့နယ် ကျောက်တလုံးမြို့ နောင်ယာဆိုင်းဂိတ်တွင် ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ကျန်းမာရေးစစ်ဆေးနေမှုကို ဝင်ရောက်ကြည့်ရှုပြီး တာဝန်ကျဝန်ထမ်းများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူများသည် ကျောက်တလုံးမြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် နောင်ကားကျေးရွာအုပ်စု အခြေခံပညာ အထက်တန်းကျောင်း(လုံကား)တို့၌ ဖွင့်လှစ်ထားသော ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပြည်တော်ပြန် ၁၄ ရက် စောင့်ကြည့်အဖွဲ့များအား သွားရောက်ကြည့်ရှုပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကာကွယ်ရေးလုပ်ငန်း၌ အသုံးပြုနိုင်ရန်အတွက် နှာခေါင်းစည်း၊ လက်အိတ်၊ လည်ရှည်ဖိနပ်များနှင့် တာဝန်ကျဝန်ထမ်းများ လိုအပ်သည့်နေရာတွင် အသုံးပြုနိုင်ရန်အတွက် ငွေကျပ် ၅၀၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ကျောက်တလုံးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၁ ဦးတို့ကို မတ် ၂၄ ရက်မှ စတင်စောင့်ကြည့်ထားရှိပြီး လုံကားအခြေခံပညာအထက်တန်းကျောင်း၌ ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၁၂ ဦးတို့ကို မတ် ၂၅ ရက်မှ စတင်စောင့်ကြည့်ထားရှိကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**





# ရောဂါကာကွယ်ထိန်းချုပ်ရေးစခန်းများအား အလှူငွေနှင့်ထောက်ပံ့ပစ္စည်းများလှူဒါန်း

**ပုလော မေ ၃**

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများသည် မေ ၂ ရက် မွန်းလွဲ ၂ နာရီက ပုလောမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးစခန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်နှင့် တာဝန်ရှိသူများသည် ပုလောမြို့နယ် ပြည်သူ့ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါ သံသယလူနာထားရှိဆောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပုလောမြို့ အမှတ်(၂)ရပ်ကွက်အတွင်းရှိ လယ်ဝိုင်းဘုန်းတော်ကြီးကျောင်းတိုက်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးစခန်းရှိစောင့်ကြည့်လူနာသုံးဦး ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ၁၄ ရက်တာ စောင့်ကြည့်ကာ ကျန်းမာရေးစစ်ဆေးပြီး မိမိသက်ဆိုင်ရာကျေးရွာများသို့ ပြန်လည်စေလွှတ်မည်ဖြစ်ကြောင်း၊ အစားအသောက်၊ နေရေးထိုင်ရေး လိုအပ်ချက်ကိစ္စရပ်များကို မေးမြန်းကာ လိုအပ်သည်များကို သက်ဆိုင်ရာဌာနဆိုင်ရာများက ကူညီဆောင်ရွက်ပေးကြရန်နှင့် စောင့်ကြည့်လူနာသုံးဦးအား အားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ပုလောမြို့နယ် မကျည်းကုန်းကျေးရွာ မြို့နယ်ခန်းမ၌ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်းအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က ကန့်သတ်စောင့်ကြည့်နေရာများတွင် အသုံးပြုရန်အတွက် ငွေကျပ်သိန်း ၁၀၀၊ တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံ ၅၀၊ နှာခေါင်းစည်း ဘူး ၃၀ ကို ပုလောမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ကုသရေးကော်မတီအဖွဲ့အား ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

**ထူးဝေယံ(ပုလော)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့်အစည်းအဝေး ကျင်းပ

**ဟားခါး မေ ၃**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီ အစည်းအဝေးကို မေ ၂ ရက် ညနေ ၄ နာရီက ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က ချင်းပြည်နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းများ ကြိုတင်ပြင်ဆင်ထားရှိမှု ကောင်းမွန်စွာ ဆောင်ရွက်ထားရှိပြီးဖြစ်သော်လည်း လိုအပ်မည့်အခြေအနေများကို ကြိုတင်စဉ်းစားပြီး စီမံဆောင်ရွက်ထားရှိရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပြည်နယ်အဆင့်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွန်းမင့်ထန်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မြို့နယ်အလိုက် ဆေးရုံသုံးပစ္စည်းများ၊ ကာကွယ်ရေးပစ္စည်းများ ရောက်ရှိမှုအခြေအနေများနှင့် ကန့်သတ်စောင့်ကြည့်မည့်သူများထားရှိနိုင်ရေး မြို့နယ်အလိုက် ကိုဗစ်-၁၉ Community များ ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြည်နယ်အဆင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာအောင်ငွေစံက ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှု၊ ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှု၊ သက်ဆိုင်ရာ နယ်မြေတာဝန်ခံပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ သက်ဆိုင်ရာမြို့နယ်များရှိ ကိုဗစ်-၁၉ Community များနှင့် ပူးပေါင်း၍ လုပ်ငန်းများ စနစ်တကျအောင်မြင်မှု ရှိစေရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဝင်များက ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြပြီးနောက် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က တင်ပြချက်များကို ပူးပေါင်းညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးသို့ ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေး ပြည်နယ်အဆင့် လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**မြင့်နိုင်စိုး(ပြန်/ဆက်)**

# ကန့်သတ်စောင့်ကြည့်ခံရသူအားလုံး စည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဥပဒေနှင့်အညီဆောင်ရွက်မည်



**မန္တလေး မေ ၃**

ကိုဗစ်-၁၉ ရောဂါဖြစ်နိုင်ဖွယ်ရှိသည့်အတွက် ကန့်သတ်စောင့်ကြည့်ခံရသူအားလုံး လိုက်နာရမည့်စည်းကမ်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှထုတ်ပြန်ထားပြီးဖြစ်ကာ လိုက်နာဆောင်ရွက်ခြင်းမရှိသူများကိုလည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်းနှင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်အဆင့်ဆင့်တို့မှ ကြုံတွေ့လာနိုင်သည့် အခက်အခဲများအတွက် ဆုံးဖြတ်ချက်များလိုအပ်လာပါက မန္တလေးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ ခရိုင်အလိုက်တာဝန်ပေးထားသည့် တိုင်းဒေသကြီးဝန်ကြီးများထံ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်သွားရမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ် ဦးဇာနည်အောင်က မေ ၁ ရက် ညနေပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင်ပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

"ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှု မြင့်မားလာနိုင်သည့်အဆိုးဆုံးအခြေအနေအထိ ကြိုတင်မျှော်မှန်းထားပြီး ကြိုတင်ပြင်ဆင်မှုတွေလုပ်နေပါတယ်။ မန္တလေးတိုင်းဒေသကြီးအတွင်းမှာ ပြည်ထောင်စုကနေ တိုက်ရိုက်ကွပ်ကဲစီမံခန့်ခွဲတဲ့ ဗဟိုအဆင့် ဆေးရုံကြီးများမှလွဲပြီး ကျန်တဲ့ဆေးရုံတွေမှာ လိုအပ်တဲ့ ကိုဗစ်-၁၉ နဲ့ပတ်သက်တဲ့ ပစ္စည်းတွေ၊ ဆေးဝါးတွေကိစ္စကို တိုင်းဒေသကြီးကနေ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးသွားမှာဖြစ်ပါတယ်။ ရောဂါရှာဖွေရေး ပိုမိုလျင်မြန်စေရေးအတွက် မန္တလေး PHL ကို အဆင့်မြှင့်တင်နိုင်ရေးကိစ္စကို ပြည်ထောင်စုကျန်းမာရေးဝန်ကြီးဌာနနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး မကြာခင် ကိုဗစ်-၁၉ ရောဂါပိုးကို စမ်းသပ်ရှာဖွေနိုင်တော့မှာဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး ခေတ္တဝန်ကြီးချုပ်က ဆက်လက် ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်အလိုက် တိုင်းဒေသကြီးဝန်ကြီးများက ကွပ်ကဲဆောင်ရွက်လျက်ရှိသည်။

**ထိပ်ထားနိုင်**



## ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆေးဖျန်း

**ညောင်ဦး ဧပြီ ၃**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီး၌ ဧပြီ ၂ ရက် နံနက် ၈ နာရီခွဲက ပြတိုက်ကြီးအတွင်း၊ အပြင်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြတိုက်တာဝန်ရှိသူများက ပုဂံဒေသဖွံ့ဖြိုးရေးအသင်း၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ရှေးဟောင်းပစ္စည်းများအား ဆေးဖျန်းခြင်းမရှိဘဲ ပြတိုက်အတွင်း၊ အပြင်ကို စနစ်တကျဆေးဖျန်းခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဦးစိုးစိုးလင်း (ဒုတိယညွှန်ကြားရေးမှူး) ထံမှ သိရသည်။

ထိုသို့ပိုးသတ်ဆေးဖျန်းရာတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ထိရောက်စွာဆောင်ရွက်နိုင်ရန်နှင့် မလိုလားအပ်သည့်အခြားဘေးထွက်ဆိုးကျိုးများ မဖြစ်ပေါ်စေရေးအတွက် သင့်တော်သည့်ဆေးများအား အနည်းဆုံးလိုအပ်ချက်ပမာဏအချိုးအစားသာပေါင်းစပ်၍ ဆေးဖျန်းခြင်းများ ဆောင်ရွက်ခဲ့ကြသည်။ **ကိုထိန် (ငါ့သရောက်)**

## မံစီတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးပက်ဖျန်း

**မံစီ ဧပြီ ၃**

ကချင်ပြည်နယ် မံစီမြို့နယ် မံဝန်းကြီးကျေးရွာအတွင်း ဧပြီ ၂ ရက် နံနက် ၁၀ နာရီက ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးများ ပက်ဖျန်းခဲ့ကြောင်း သိရသည်။

ရပ်ကွက် (၄) အခြေခံပညာအထက်တန်းကျောင်းနှင့် ကျောင်းဝင်းအတွင်း၌လည်းကောင်း၊ ရပ်ကွက် (၁) ရှိတိုက်ပွဲရှောင်စခန်းတို့၌လည်းကောင်း ပက်ဖျန်းခဲ့ကြသည်။

ဆေးဖျန်းခြင်းလုပ်ငန်းကို နယ်မြေရဲစခန်းမှူး ရဲအုပ်ခင်မောင်ထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးလနူးနှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးတာဝန်ရှိသူများ၊ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ ပန်ခမ်းနယ်မြေ မီးသတ်စခန်းတာဝန်ခံ တပ်ကြပ်ကြီး ဘရန်ရှောင်နှင့် တပ်ဖွဲ့ဝင်များက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မံဝန်းကြီးကျေးရွာအုပ်စုသည် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်နှင့် တရုတ်နိုင်ငံတို့နှင့်ထိစပ်နေသည့် မံစီမြို့နယ်၏ ကျေးရွာအုပ်စုတစ်ခုဖြစ်သည်။ **ရိန်(ပြန်/ဆက်)**



## ပြည်ကြီးတံခွန်မြို့နယ် ဌာနဆိုင်ရာများ ပိုးသတ်ဆေးဖျန်း

**မန္တလေး ဧပြီ ၃**

ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ဌာနဆိုင်ရာများအား ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်မျိုးထက်နှင့်အဖွဲ့ဝင် ၁၀ ဦးတို့က မန္တလေးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန၊ မြို့နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်ဆက်သွယ်ရေးရုံးများသို့သွားရောက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးများ ဖျန်းပေးခဲ့ကြသည်။

"ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေး လိုက်လံဖျန်းပေးနေတာပါ။ မနေ့က YGW မိဘမဲ့ကလေးများကျောင်း၊ သုခရိပ်မြုံကျောင်းနဲ့ အင်းခရုဘုရားတို့မှာ ဆောင်ရွက်ခဲ့ပါတယ်။ တခြား လူစည်ကားတဲ့နေရာတော်တော်များများကိုလည်း ပိုးသတ်ဆေးဖျန်းတာတွေ ဆောင်ရွက်ထားပါတယ်။ မြို့နယ်အတွင်းမှာ ကျန်ရှိနေတဲ့ ဌာနဆိုင်ရာတွေနဲ့ ကျန်ရှိတဲ့နေရာတွေကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ခွင့်ပြုချက်တင်ပြီးလိုက်လံဖျန်းပေးသွားမှာပါ"ဟု ဒုတိယဦးစီးမှူး ဦးဇော်မျိုးထက်က ပြောသည်။

ပြည်ကြီးတံခွန်မြို့နယ်အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့်လည်းကောင်း၊ မီးသတ်ဦးစီးဌာန၏ အစီအစဉ်ဖြင့် လည်းကောင်း၊ ကြက်ခြေနီတပ်ဖွဲ့များနှင့် လူမှုရေးအသင်းအဖွဲ့များ၏ အစီအစဉ်ဖြင့်လည်းကောင်း လှည့်လည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## ပင်လည်ဘူးမြို့နယ် ပြည်သူ့စာကြည့်တိုက်၌ ပိုးသတ်ဆေးဖျန်း

**ပင်လည်ဘူး ဧပြီ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ပင်လည်ဘူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး မြို့နယ်ပြည်သူ့စာကြည့်တိုက်၌ မြို့နယ်မီးသတ်ဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းကို ဧပြီ ၂ ရက် ညနေ ၄ နာရီခွဲက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

### ဆေးဖျန်းဆောင်ရွက်

ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့ရုံးအနေဖြင့် ပြည်သူများအသုံးပြု ဝင်ထွက်သွားလာလျက်ရှိပြီး စာကြည့်တိုက်ရှိစာအုပ်များ လာရောက်ငှားရမ်းကြသော စာပေချစ်မြတ်နိုးသူ ရဟန်းရှင်လူ၊ မိဘပြည်သူ၊ ကျောင်းသား ကျောင်းသူများအားလုံး ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုအန္တရာယ်မှ ကာကွယ်ရန်ရည်ရွယ်၍ လူထုအခြေပြုဗဟိုဌာနခန်းမ၊ ကလေးစာဖတ်ခန်း၊ ရုံးအတွင်း၊ အပြင်၊ ရုံးရှေ့၊ မြေစိုက်ဘုတ်နှင့် လူဝင်၊ လူထွက်များသောနေရာအားလုံးကို ဆေးဖျန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မျိုးလွင်(ပင်လည်ဘူး)**



## တံတားမြို့၌ ပိုးသတ်ဆေးဖျန်း

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ပြည်သူ့ဆေးရုံ၌ မတ် ၃၀ ရက် နံနက် ၉ နာရီက ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခဲ့ကြသည်။

တံတားမြို့ ပြည်သူ့ဆေးရုံတာဝန်ခံ ဆရာမကြီး ဒေါ်သန်းသန်းအေးက ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများစုပေါင်း၍ တံတားမြို့ ဆေးရုံနှင့် တံတားမြို့ရှိသက်မွေးဝမ်းကျောင်း ပညာသင်တန်းကျောင်းတို့တွင် ပိုးသတ်ဆေးဖျန်းခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**



## မင်္ဂလာတောင်ညွန့်၌ ပိုးသတ်ဆေးနှင့် ဆပ်ပြာရည်ဖျန်း

**ရန်ကုန် ဧပြီ ၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကိုဗစ်-၁၉ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းအဖြစ် ရပ်ကွက်များအတွင်း လမ်းများအလိုက် ပိုးသတ်ဆေးများဖျန်းခြင်းနှင့် ဆပ်ပြာရည်များဖြင့် ဆေးကြောခြင်းတို့ကို မြို့နယ်မီးသတ်ဦးစီးဌာနနှင့် တာဝန်ရှိသူများ ပူးပေါင်းကာ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၉ နာရီက ဖို့မြေရပ်ကွက် (၁၀၁) လမ်းတွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ ဖို့မြေပရဟိတအဖွဲ့နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ပူးပေါင်းကာ ပိုးသတ်ဆေးများဖျန်းခြင်းနှင့် ဆပ်ပြာရည်များဖြင့် ဆေးကြောခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့ဆောင်ရွက်ပေးမှုနှင့်ပတ်သက်၍ ရပ်ကွက်နေပြည်သူများက ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရခြင်းမှ လျှော့ချပေးနိုင်သည့်အတွက် ဆောင်ရွက်ပေးသည့် သက်ဆိုင်ရာအဖွဲ့အစည်းများအား ကျေးဇူးတင်ရှိကြောင်း သိရသည်။ **ချစ်စုဝေ(ပြန်/ဆက်)**

## မူပိုင်ခွင့်ဆိုင်ရာ ခွင့်ပြုချက်တောင်းခံခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနတို့ ပူးပေါင်းကာ အောက်ဖော်ပြပါ တေးသီချင်းများအား ရိုက်ကူးထုတ်လုပ်၍ သင်္ကြန်ကာလအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအစီအစဉ်တွင် အများပြည်သူများကြည့်ရှုနိုင်ရန် ထုတ်လွှင့်လိုပါသဖြင့် သုံးစွဲခွင့်ပြုနိုင်ပါရန် တေးသီချင်းများနှင့် ပတ်သက်သည့် မူပိုင်ခွင့်ရှိသူများအား မေတ္တာရပ်ခံအပ်ပါသည်။

၂။ အကယ်၍ သဘောမတူခဲ့ပါက ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဖုန်း ၀၆၇-၇၉၄၇၇၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မိုးဥ ဖုန်း ၀၉-၅၁၉၆၈၅၀ ထံသို့ ဆက်သွယ် အကြောင်းပြန်ကြားပေးနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

### မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်မည့် သင်္ကြန်တေးသီချင်းများ

| စဉ် | သီချင်းအမည် | သီဆိုသူ |
|---|---|---|
| ၁ | ပျော်ခင်းသင်္ကြန် | ရွှေယမင်းဦး |
| ၂ | မန်းတောင်ရိပ်ခို | ဂရေဟမ် |
| ၃ | ချစ်စရာ့သင်္ကြန် | ဆောင်းနှင်းဝေဝေ |
| ၄ | သင်္ကြန်တော်ဦး | ကျော်သီယ |
| ၅ | နှစ်သစ်နိဒါန်း | ဖြူနှင်းခိုင် |
| ၆ | ချမ်းခိုက်ခိုက်တုန် | စိမ့်နေခြည် |
| ၇ | တစ်နှစ်နွမ်းတစ်နှစ်ဆန်း | အိုင်းရင်းဇင်မာမြင့် |
| ၈ | ကဲကြမယ်ဒီရေပွဲ | ဇာနည်အောင် |
| ၉ | လမ်းလျှောက်သင်္ကြန် | ဇာနည်အောင် |
| ၁၀ | တစ်ခိုင်လုံးရွှေ | အောင်ကျော်ဆန်း |
| ၁၁ | ပုဂံကစတဲ့သင်္ကြန် | ဇာနည်အောင် |
| ၁၂ | ချစ်စရာ့မဟာသင်္ကြန် | ကျော်ဇင်သက် |
| ၁၃ | အေးမြကြည်စေသင်္ကြန်ရေ | အောင်ကျော်ဆန်း |
| ၁၄ | ရွှေမန်းသင်္ကြန် | ဇာနည်အောင် |
| ၁၅ | သင်္ကြန် Non Stop<br>(တူးပို့၊ ရွှေမန်းမာလာ၊ ရွှင်လန်းချမ်းမြေ့ပါစေ) | ရင်ဂို၊စည်သူလွင်၊ဂရေဟမ် |
| ၁၆ | ရွှေစွန်ညို | အောင်ကျော်ဆန်း |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အရှေ့(၁)ရပ်ကွက်၊ ထူပါရုံ(၁၆)လမ်း၊ အမှတ်(၁၅၄၉/က+ခ)၊ နှစ်ခန်းတွဲRC(၆)ထပ်တိုက်မှ တတိယထပ်(၄-လွှာ)(တိုက်မျက်နှာမူလက်ဝဲဘက်အခန်း)ဧရိယာ ၉၇၂ စတုရန်းပေရှိတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံကတိပြုသူ ဦးကျော်ဇင်ခိုင် [၁၂/ကမတ(နိုင်)၀၆၃၃၆၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဇွန်သဲဖြူဖြူ [၉/ပဥလ(နိုင်)၀၃၂၂၈၉]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **ဒေါ်ဇွန်သဲဖြူဖြူ ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| ဦးဝင်းမင်းစိုး | ဒေါ်သူဇာကျော် | ဒေါ်ဝေဖြိုးအောင် |
|---|---|---|
| LL.B,WIPO(Switzerland) | LL.B,D.B.L,D.I.L,<br>D.I.P.L, WIPO (Switzerland) | LL.B |
| တရားလွှတ်တော်ရှေ့နေ<br>(စဉ်-၁၂၆၆၄) | တရားလွှတ်တော်ရှေ့နေ<br>(စဉ်-၁၆၅၂၆) | တရားလွှတ်တော်ရှေ့နေ<br>(စဉ်-၁၅၄၅၅) |
| Ph-09-450023651 | Ph-09-254508917 | Ph-09-421157856 |

Level(၅၊ ၆၊ ၇၊ ၈)၊ တာဝါ(၂)၊ HAGL Myanmar Center Towen
အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## စစ်ကိုင်းတိုင်းဒေသကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၃၃ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ ဆက်စပ်ပစ္စည်းများဝယ်ယူခြင်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၆-၄-၂၀၂၀ ရက်မှ ၅-၅-၂၀၂၀ ရက်အထိ

၃။ တင်ဒါတင်သွင်းရမည့်ရက် - ၈-၅-၂၀၂၀ ရက် (၁၆:၀၀နာရီ)

၄။ တင်ဒါတင်သွင်းရမည့်နေရာ - တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့။

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာရုံး၊**
**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့။**
**ဖုန်းနံပါတ်-၀၇၁-၂၂၈၁၇**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ကျွန်တော်၊ ကျွန်မတို့၏သမီး မစုမြတ်ကျော် [၁၂/တတန(နိုင်)၂၅၂၀၀၆] ကိုင်ဆောင်သူသည် မိဘနှစ်ဦး၏ ဆိုဆုံးမမှုကိုမနာခံဘဲ အိမ်မှ မိမိအလိုအလျောက်ထင်ရာလုပ်ပြီး ခဏခဏအမှားများလုပ်ကာ မိဘကို အရှက်ရစေခဲ့ပါသည်။ ၁-၄-၂၀၂၀ ရက်တွင်လည်း မိမိသဘောအရ နေအိမ်မှထပ်မံ၍ ထွက်သွားခဲ့ပါသည်။ မိဘအား အကြိမ်ကြိမ်ခွင့်လွှတ်လို့မရသောကိစ္စများကို ပြုလုပ်နေပါသဖြင့် မိဘနှစ်ပါးတို့မှ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**အဖ-ဦးသန့်ဇင်ဦး[၁၂/တတန(နိုင်)၁၄၀၃၁၀]**
**အမိ-ဒေါ်တင်တင်ဝင်း[၁၂/တတန(နိုင်)၁၄၂၃၈၅]**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ (၆၄)ရပ်ကွက်၊ အင်းတော်လမ်း၊ အမှတ်(၅၃၃)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၆၄)၊ မြေကွက်အမှတ်(၅၃၃)၊ အကျယ်အဝန်း(၀.၀၅၆)ဧက၊ ဧရိယာ ၂၄၆၀ စတုရန်းပေ(အလျား ၄၁ ပေxအနံပေ ၆၀) ရှိ နှစ်(၆၀)ဂရန်ရှိ မြေကွက်၊ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေအမည်ပေါက်သူ ဦးမောင်လှိုင် [E/RGN-၀၂၁၀၃၇]၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ်-၁၄၆၂၃/၂၀၁၉ ဖြင့် ကိုယ်စားလှယ်လွှဲစာရရှိထားသူ) ဒေါ်နီနီဦး[၁၂/လသန(နိုင်)၀၁၄၁၃၂]မှ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဇော်ဇော်[၁၂/ပဇတ(နိုင်)၀၃၀၃၆၁]က ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရန်ငွေအချို့ကို ၂၄-၃-၂၀၂၀ ရက်တွင် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ခင်ဌေး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၁၅) (၁၄-၂-၂၀၁၇)**
**အမှတ်(၃၀)၊ ဗမ္ဗူသီရိအနောက်(၁)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ ဦးသိန်းအောင် အမည်ပေါက်မြေကွက်အမှတ်(S-286) အတွက် မြေပေးမိန့် မိတ္တူမှန်ထုတ်ပေးပါရန် အမည်ပေါက်သူ ဦးသိန်းအောင်(ဘ)ဦးရန်ကွယ်ဖျင်(ခ) ဦးလောဝူး [၉/မရမ(နိုင်)၀၆၄၆၈၉]မှ နေပြည်တော်စည်ပင်သာတရားရုံး၏ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်အမှတ်(၂၂၈/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ မြေပေးမိန့်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံ ကတိပြုချက်၊ အသိသက်သေ (၃)ဦးတို့မှ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ၎င်းမြေကွက်ကို ပိုင်ဆိုင်သည်မှာမှန်ကန်ကြောင်း ထောက်ခံချက်များ တင်ပြ၍ မြေပေးမိန့် မိတ္တူမှန်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ (၃၀)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ ဦးသိန်းအောင် အမည်ပေါက် မြေကွက်အမှတ်(S-284)အတွက် မြေပေးမိန့်မိတ္တူမှန်ထုတ်ပေးပါရန် အမည်ပေါက်သူ ဦးသိန်းအောင် (ဘ) ဦးရန်ကွယ်ဖျင်(ခ) ဦးလောဝူး[၉/မရမ(နိုင်)၀၆၄၆၈၉]မှ နေပြည်တော်စည်ပင်သာတရားရုံး၏ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်အမှတ် (၂၂၈/၂၀၂၀)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ မြေပေးမိန့်ပျောက်ဆုံးကြောင်း ရပ်ကွက်ထောက်ချက်၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်၊ အသိသက်သေ(၃)ဦးတို့မှ ပေါင်နှံထားခြင်း၊ ရောင်းချထားခြင်း၊ ပေးကမ်းထားခြင်း၊ ၎င်းမြေကွက်ကို ပိုင်ဆိုင်သည်မှာ မှန်ကန်ကြောင်း ထောက်ခံချက်များတင်ပြ၍ မြေပေးမိန့်မိတ္တူမှန်လျှောက်ထားခြင်းကို ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြပြီး ယနေ့မှစ၍ (၃၀)ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၃-၂၀၂၀ ရက်တွင် ကြေးမုံသတင်းစာ စာမျက်နှာ(၂၆)ပါ ဒေါ်ခင်ဒါလီစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟုဝန်ခံသူဖြစ်သော ဦးလှဝင်း [၁၂/တမန(နိုင်)၀၇၃၅၆၅]၊ ဦးမောင်မောင်ဦး [၁၀/မလမ(နိုင်)၀၃၆၀၇၈]ဟု ထည့်သွင်းပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၀-၃-၂၀၂၀ ရက်တွင် ကြေးမုံသတင်းစာ စာမျက်နှာ(၂၇)ပါ ဦးဇော်လင်းထွဋ်၊ ဒေါ်နွေးနွေးနိုင်တို့၏ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် (၂)ခန်းတွဲ RC(၆)ထပ်တိုက်၏ (၅လွှာ)မျက်နှာမူလျှင် လက်ဝဲဘက်ခန်းဟု ထည့်သွင်းပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၅-၃-၂၀၂၀ ရက်တွင် ကြေးမုံသတင်းစာ စာမျက်နှာ(၂၅)ပါ ဦးရဲလင်းထွဋ်၊ ဒေါ်ပန်းအိစံတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် ဒေါ်ပန်းအိစံ [၃/ဘသစ(နိုင်)၀၀၀၀၀၁]ဟု မှားယွင်းဖော်ပြမိသဖြင့် ဒေါ်ပန်းအိစံ [၃/ဘသဆ(နိုင်)၀၀၀၀၀၁]ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ဦးသန့်စင် [၉/မနမ(နိုင်)၁၀၉၂၄၀]နှင့် တရားလွှတ်တော်ရှေ့နေ ဦးအုန်းသောင်းတို့၏ ၁-၄-၂၀၂၀ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာချက်နှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးနေလင်းအောင် [၇/ပခန(နိုင်)၂၁၄၈၄၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးနေလင်းအောင်သည် ဦးသန့်စင်နှင့် ခင်မင်ရင်းနှီးသူ မိတ်ဆွေများဖြစ်ကြပြီး ဦးသန့်စင်မှ အတိုးဖြင့် ငွေချေးငှားပေးရန် အကူအညီတောင်းခံမှုကြောင့် (၂၀၁၀)ခုနှစ်မှစ၍ ဦးနေလင်းအောင်သည် ဦးသန့် စင်အား ငွေတိုးချေးပေးခြင်းကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ အကြိမ်ပေါင်းများစွာ ဆက်သွယ်လုပ်ကိုင်ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ၁-၄-၂၀၂၀ရက် ကြေညာချက်ပါ ငွေကျပ်သိန်း (၇၀၀၀၀၀၀၀/-) (ကျပ်သိန်းခုနစ်ရာကို ဦးနေလင်းအောင်မှတစ်ဆင့် အတိုးဖြင့်ချေးငှားပေးခဲ့ခြင်းသာဖြစ်ပြီး ဦးနေလင်းအောင် ချေးယူခဲ့မှုမရှိသည်ကို ဦးသန့်စင်မှ သိရှိထားပြီးဖြစ်သည့်အပြင် ဦးသန့်စင်မှ ငွေချေးယူသူ၏ ဧရာဝတီဘဏ်ငွေစာရင်းသို့ လွှဲအပ်ပေးအပ်ခဲ့ခြင်းဖြစ်ပါလျက် ဦးနေလင်းအောင်အကောင့်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မမှန်မကန်ဖော်ပြကြေညာခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ထုတ်ချေးငွေကျပ်သိန်း (၇၀၀၀၀၀၀၀/-) (ကျပ်သိန်းခုနစ်ရာ) အတွက် စတင် ချေးယူသည့် ၂၄-၅-၂၀၁၇ရက်မှ ၃၁-၁၂-၂၀၁၉ ရက်အထိ လစဉ်အတိုးငွေများအား ဦးသန့်စင်နှင့် ဇနီးဖြစ်သူ ဒေါ်ခင်ကြူကြူတို့ထံသို့ ပုံမှန်ပေးအပ်ခဲ့ပြီး ၁၀-၁၀-၂၀၁၉ ရက်တွင် ချေးယူငွေအနက် ငွေကျပ် သိန်း (၃၀ ၀၀၀ ၀၀၀/-) (ကျပ်သိန်း သုံးရာ)ကို (ငွေချေးယူသူကိုယ်တိုင်လိုက်ပါ၍ ဦးနေလင်းအောင်မှတစ်ဆင့် ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ဦးသန့်စင်သိရှိထားပြီးဖြစ်ပါသည်။

၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ မှ ဖေဖော်ဝါရီလအထိ ဦးနေလင်းအောင်၏ ဖုန်းဆော့ဖ်ဝဲလ်ပျက်၍ ဖုန်းပြင်ထားရခြင်းနှင့် ဦးနေလင်းအောင်၏မိသားစုအတွင်း နာရေးကိစ္စဖြစ်ပေါ်ခဲ့၍ ငွေချေးယူသူမှ ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ (၃)လခန့် အတိုးငွေပေးရန် ပျက်ကွက်ခဲ့ခြင်းကို ဦးနေလင်းအောင်သည် ၂၀၂၀ ခုနှစ်၊ မတ်လ၌ သိရှိခဲ့ရသောကြောင့် ငွေချေးယူသူပေးဆပ်ရှင်းလင်းရန်ရှိသည့် အတိုးငွေနှင့် ချေးယူသည့် ကျန်ငွေကျပ်သိန်း (၄၀၀၀၀၀၀၀/-)(ကျပ်သိန်းလေးရာ)တို့ကို ၂၀၂၀ ခုနှစ်၊ ဧပြီလ (သို့မဟုတ်)မေလ နောက်ဆုံးထား၍ ပေးအပ်ရှင်းလင်းလိုကြောင်း ငွေချေးယူသူ၏ပြောကြားမှုကို ဦးသန့်စင်အား ဆက်သွယ်ပြောဆိုခဲ့ပြီးဖြစ်ပါလျက် ဦးသန့်စင်သည် အတိုးငွေ (၃)လခန့် မရရှိခဲ့ခြင်း အပေါ် ဦးနေလင်းအောင်မှ အကျိုးအမြတ်ရယူမှုမရှိဘဲ ခင်မင်ရင်းနှီးမှုဖြင့် တာဝန်ခံချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိပါလျက် ဦးနေလင်းအောင်၏ လုပ်ငန်းဂုဏ်သိက္ခာထိခိုက်ကျဆင်းစေရန်ရည်ရွယ်၍ ၁-၄-၂၀၂၀ရက် ကြေးမုံသတင်းစာကြေညာချက်အား ဖြစ်စဉ်မှန်ပေါ် ဖုံးကွယ်၍ မမှန်မကန်ဖော်ပြကြေညာခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ဦးသန့်စင်၏ကြေညာချက်နှင့်ပတ်သက်၍ ဦးနေလင်းအောင်၏အမည်ဂုဏ်သိက္ခာများစွာထိခိုက် နစ်နာစေခဲ့မှုအပေါ် ယနေ့မှစ၍ (၇)ရက်အတွင်း နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ဦးနေလင်းအောင်အား တရားဝင်ပြန်လည်တောင်းပန်ပါရန်နှင့် ပြန်လည်တောင်းပန်ဖြေရှင်းမှုမရှိပါက ဦးနေလင်းအောင်မှ ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးရှင်းလင်းကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဦးနေလင်းအောင် [၇/ပခန(နိုင်)၂၁၄၈၄၇]** | **ဒေါ်ခင်မာလွင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၅၂)** |
| **အမှတ်-၁၇၅၊ ၉လမ်း၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။** | **အမှတ်-၁၉၂၊ ဗိုလ်ချုပ်လမ်း၊ ၂ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း ၀၉-၅၁၀၉၆၀၉** |

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ နတ်ရှင်နောင်ရပ်)၊ ဦးပိုင်အမှတ်(၂၁၇)၊ ဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်ကို ဒေါ်မြငွေ(ဘ) ဦးပုလေး [၉/တကန(နိုင်)၀၀၉၆၄၅]မှ တရားရုံးကျမ်းကျိန်လွှာအမှတ် (၁၀၃/၂၀၂၀)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

သင့်

သွေးဖြင့်

အသက်

ကယ်ပါ

## ၂၉-၃-၂၀၂၀ ရက် ကြေးမုံသတင်းစာပါ Sofidar(ခ) မသဉ္ဇာဖြူ၏လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးရွှေလှိုင်တင်နှင့် ဒေါ်ခင်အေးလှိုင်တို့က Ziaul Haque(ခ) မောင်ပိုင်စိုးနှင့် အများသိစေရန်ကြေညာချက်နှင့်ပတ်သက်၍ ပြန်လည်ရှင်းလင်းကြေညာခြင်း

Ziaul Haque(ခ) မောင်ပိုင်စိုးနှင့် Sofidar(ခ) မသဉ္ဇာဖြူတို့သည် ၂၆-၇-၂၀၁၉ရက်တွင် အစ္စလာမ့်တရားတော်နှင့်အညီ ထိမ်းမြားလက်ထပ်ခဲ့ကြပြီး အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ မောင်ပိုင်စိုးသည် စီးပွားရေးလုပ်ငန်းဖြင့် မန္တလေးသို့ သွားရောက်ရာတွင် မသဉ္ဇာဖြူကိုလည်း ခေါ်ဆောင်သွားကာ အလုပ်လုပ်ကိုင်ခဲ့ကြောင်း၊ ယင်းနောက် ရန်ကုန်သို့ပြန်လာ၍ နေထိုင်ခဲ့ကြောင်း၊ ဒုတိယအကြိမ် စီးပွားရေးလုပ်ငန်းအရ မူဆယ်မြို့သို့ သွားရောက်ရမည့်အချိန်တွင် မသဉ္ဇာဖြူမှာ ကိုယ်ဝန်ရှိလာသဖြင့် မခေါ်ဆောင်သွားတော့ဘဲ ၎င်း၏မိဘ ဦးမုဟမ္မဒ်ဆူလ်တန်အိမ်တွင် စရိတ်ပေး၍ နေထိုင်စေခဲ့ကြောင်း၊ လင်မယားနှစ်ဦးမှာ အမြဲအဆက်အသွယ်ရှိနေရာမှ ၂၆-၃-၂၀၂၀ ရက်တွင် အလုပ်ကိစ္စပြီး၍ ၅-၄-၂၀၂၀ ရက်တွင် ပြန်လာမည်ဖြစ်ကြောင်း အကြောင်းကြားခဲ့ပြီးသည့်နောက် မသဉ္ဇာဖြူထံ ဖုန်းဆက်၍ပင်မရတော့ဘဲ အဆက်အသွယ်ပြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းနောက် ၂၉-၃-၂၀၂၀ ရက် ကြေးမုံသတင်းစာတွင် မသဉ္ဇာဖြူက ကြေညာထည့်သွင်းခဲ့သည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ယင်းကြေညာတွေ့ရှိပြီးသည့်နောက် မသဉ္ဇာဖြူထံ ဆက်သွယ်ရာတွင် မည်သို့မျှဆက်သွယ်၍မရခဲ့ခြင်းဖြစ်ကြောင်း၊ မောင်ပိုင်စိုးသည် မသဉ္ဇာဖြူအပေါ် မည်သူနှင့်မျှတွေ့ခွင့်မပေးဘဲ သော့ခတ်ပိတ်ထားခြင်း၊ ဆဲဆို၊ ခြိမ်းခြောက်ခြင်း၊ ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင်ပြုလုပ်ခြင်း အလျဉ်းမရှိသည့်အပြင် ခရီးသွားစဉ် စရိတ်လုံလောက်စွာပေးအပ်လျက်ရှိနေပါလျက် မမှန်မကန်ဖော်ပြရေးသား စွပ်စွဲကြေညာခဲ့ခြင်းဖြစ်ပါသည်။

မသဉ္ဇာဖြူသည် မောင်ပိုင်စိုး၏တရားဝင်ဇနီးဖြစ်ပြီး ခင်ပွန်းဖြစ်သူ မောင်ပိုင်စိုးနှင့် အဆက်အသွယ်ပြုလုပ်၍မရအောင် ဟန့်တားနှောင့်ယှက်၊ တားဆီးပိတ်ပင်၊ ဖြားယောင်းသွေးဆောင်ထားသူ မည်သူကိုမဆို တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

| **(လွှဲအပ်ညွှန်ကြားသူ)** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **Ziaul Haque(ခ) မောင်ပိုင်စိုး** | **ဦးမျိုးညွှန့် LL.B (ဖျာပုံ)** |
| | **တရားလွှတ်တော်ရှေ့နေ၊ စဉ်(၈၇၂၆/၂၄-၁-၂၀၁၃)** |
| | **အမှတ်-၄၂(၅)လွှာ၊ ၁၃၇ လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်။** |
| | **ဖုန်း-၀၉-၄၅၀၀၁၂၇၀၆၊ ၀၉-၇၈၈၂၀၄၁၂** |

## ပူးတွဲပါကြေညာချက်

၃၁-၃-၂၀၂၀ရက် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၇)ရှိ စိုင်းသီဟ[၁၂/ဒဂတ(နိုင်)၀၄၄၄၈၁] (ဘ) ဦးမျိုးသန့်နှင့် သက်ဆိုင်သူများသို့ အသိပေး အကြောင်းကြားတောင်းဆိုခြင်း ကြေညာချက်အပေါ် "ဒေါ်ချိုချိုမြင့်[၁၂/ဗဟန(နိုင်)၀၄၅၆၂၄] (ဘ) ဦးလှမြင့်နှင့် သက်ဆိုင်သူများသို့ ဦးစိုင်းသီဟဘက်မှ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း"

ဦးစိုင်းသီဟအနေဖြင့် သတင်းစာကြော်ငြာပါ အမှတ်စဉ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) တိုက်ခန်းများကို ဒေါ်ချိုချိုမြင့်မှ ဦးစိုင်းသီဟအား လွှဲအပ်ထားခြင်းမဟုတ်သလို ဦးစိုင်းသီဟမှ အလွဲသုံးစားပြုခဲ့ခြင်းမဟုတ်ပါ။ ဒေါ်ချိုချိုမြင့် ငွေလိုအပ်၍ ကိုယ်တိုင်လက်မှတ်ရေးထိုးပေါင်နှံခြင်းအပေါ် ဦးစိုင်းသီဟမှ ကူညီခဲ့ခြင်းသာ ဖြစ်ပါသည်။ ငွေသိန်း(၁၅၀)ကိစ္စမှာလည်း ဒေါ်ချိုချိုမြင့်မှ ကားသုံးရန်လိုအပ်၍ ဦးစိုင်းသီဟ၏ ကားအား ငွေသိန်း(၁၅၀)ပေးကာ ယူသုံးခြင်းဖြစ်ပြီး ဦးစိုင်းသီဟကို ကားပြန်ပေးသဖြင့် ငွေပြန်ပေးခဲ့ပြီးဖြစ်ပါသည်။ ဒေါ်ချိုချိုမြင့်နှင့် ၎င်း၏ညီမ ဒေါ်စန္ဒာမြင့်တို့ဘက်မှသာ လူမှုကွန်ရက်ပေါ်တွင် ဦးစိုင်းသီဟ၏ ဂုဏ်သိက္ခာကျဆင်းအောင် ဆောင်ရွက်ခဲ့ခြင်းအပေါ် ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပြန်လည်ရုပ်သိမ်းပြီး တရားဝင်ပြန်လည်တောင်းပန်ပေးပါရန်နှင့် လိုက်နာမှုမရှိပါက တည်ဆဲတရားဥပဒေများအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုင်းသီဟ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| **ဦးအေးမောင်LL.B** | **ဦးဝင်းမျိုးသန့် LL.B** |
|---|---|
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၀၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၂၉)** |

**ရုံး-တိုက်(၁၆)၊ ပထမထပ်(ယာ)၊ (၁၆၄)လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ Ph-09-258137753, 09-443196056**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းဌေး**

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တောဦးစီးဌာန**

**အသက် (၉၀)**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန)သည် ၂-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဦးအုန်းဝင်း-ဒေါ်စမ်းစမ်းဌေး**
**ပြည်ထောင်စုဝန်ကြီး**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းဌေး**

**ညွှန်ကြားရေးမှူး (ငြိမ်း)၊ သစ်တောဦးစီးဌာန**

**အသက် (၉၀)**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန) သည် ၂-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၂၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးသန်းဌေး**

**အသက်(၉၀)**

**ညွှန်ကြားရေးမှူး(ငြိမ်း)၊ သစ်တောဦးစီးဌာန**

ဦးသန်းဌေး (ညွှန်ကြားရေးမှူး-ငြိမ်း၊ သစ်တောဦးစီးဌာန)သည် ၂-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇:၂၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းမိသားစုများ**
**ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးခင်မောင်ဆွေ(ငြိမ်း)**

**သူရဲကောင်းမှတ်တမ်းဝင်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ စက်မှုဝန်ကြီးဌာန**

**အသက်(၈၇)နှစ်**

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းမြို့နယ်၊ ဂန္ဓမာလမ်း၊ အမှတ်(၃၂၈)နေ (ဒေါ်ကြင်ကြင်ဆွေ)၏ ခင်ပွန်း၊ ဗိုလ်မှူးကြီး စံလွင်(ငြိမ်း)-ဒေါ်စန္ဒာဆွေ၊ ဦးညီညီဆွေ-ဒေါ်မြတ်ငြိမ်းအေး (YCDC)၊ ဦးအောင်ဝဏ္ဏဆွေတို့၏ ဖခင်သည် ၃၁-၃-၂၀၂၀ ရက် ည ၁၁:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခ Dr.ဝင်းမော်-ဒေါ်ခင်သစ်ဆွေ မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးကြီးခင်မောင်ဆွေ(ငြိမ်း)**

**သူရဲကောင်းမှတ်တမ်းဝင်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) စက်မှုဝန်ကြီးဌာန**

**စစ်ကိုင်းအသင်း ဥက္ကဋ္ဌဟောင်း (၁၉၉၇ မှ ၂၀၁၀)**

**အသက်(၈၇)နှစ်**

စစ်ကိုင်းအသင်း(ရန်ကုန်) ၏ နာယကကြီး ဗိုလ်မှူးကြီး ခင်မောင်ဆွေ(ငြိမ်း) သည် ၃၁-၃-၂၀၂၀ ရက် ည ၁၁:၅၅ နာရီတွင် ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်ကိုင်းအသင်း (ရန်ကုန်)**

အနိစ္စ

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

## ဦးခင်မောင်တိုး

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ ၁၃၅ F သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ အမှတ် (၁၀) ရပ်ကွက်နေ ဒေါ်အိအိခင်၏ ချစ်လှစွာ သောခင်ပွန်း၊ ဦးဝင်းတိုး၊ ဒေါ်ခင်ရူပ - ဦးကျော်ကျော်မောင်၊ ဒေါ်ခင်မာလာ၊ ဦးညွန့်တိုးတို့၏ ချစ်လှစွာသော ဖခင်သည် ၃-၄-၂၀၂၀ ရက် နံနက်ပိုင်းတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ညွန့် (ကြံခင်း)

**ဒုလက်ထောက်အထွေထွေမန်နေဂျာ (ငြိမ်း)**

**လူမှုဖူလုံရေးအဖွဲ့**

**လွတ်လပ်ရေးမော်ကွန်းဝင် (ဒုတိယအဆင့်)**

**အသက် (၉၁) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၃)ရပ်ကွက်၊ စေတနာ(၂)လမ်း၊ အမှတ်(၄၂၈)နေ (ဦးထွန်းဦး-ဒေါ်နန်စိန်)တို့၏သား၊ (ဒေါ်မာလာထွေး)၏ ခင်ပွန်း၊ ဦးမိုးမြင့်-ဒေါ်ခင်ဌေး(ဦးစီးအရာရှိ-ငြိမ်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန)၊ ဦးသက်ဇင်(လူမှုဖူလုံရေး)-ဒေါ်ခင်မိမိခိုင်တို့၏ဖခင်၊ ဦးကျော်ဇေယျ၏အဘိုးသည် ၃-၄-၂၀၂၀ (သောကြာနေ့) နံနက် ၈:၀၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြင့်မြင့်

**အသက် (၇၇) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်နေ (ဦးဘစိန်-ဒေါ်သန်းခင်)တို့၏သမီးကြီး၊ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝန်ထမ်းကြီးရပ်ကွက်၊ မြရတနာလမ်း၊ အမှတ်(၁၁၂)နေ (ဗိုလ်မှူးကြီး မြင့်ဝေ-ငြိမ်း)၏ချစ်လှစွာသော ဇနီး၊ ဦးအေးကျော်-ဒေါ်ခင်စန္ဒာမြင့်၊ (ဦးအောင်ဇော်မြင့်)-ဒေါ်ခင်စန္ဒာ၊ ဦးသိန်းထွန်းအောင်-ဒေါ်သူဇာမြင့်၊ ရဲမှူးချုပ်သန်းတင်အောင်(ငြိမ်း)-ဒေါ်ဇင်နွယ်မြင့်၊ ဦးကျော်စွာမြင့်-ဒေါ်သူဇာစိန်၊ ဗိုလ်မှူးကြီး ခင်မောင်လှိုင်-ဒေါ်ယမင်းမြင့်၊ ဒုတိယဗိုလ်မှူးကြီး မင်းလတ်-ဒေါ်ခင်စန္ဒီမြင့်တို့၏မွေးသမိခင်၊ ဦးမောင်မောင်ခင်(BPI-ငြိမ်း) ၏ ညီမ၊ ဒေါ်ခင်သန်းမြင့်၊ ဒေါ်တိုးတိုးခင်၊ ဒေါ်နွယ်နွယ်စိန်တို့၏အစ်မ၊ မြေး ၁၆ ယောက်တို့၏အဘွား၊ မြစ် သုံးယောက်တို့၏ဘွားဘွားကြီး ဒေါ်ခင်မြင့်မြင့်သည် ၂-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကား နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၄-၂၀၂၀(ဗုဒ္ဓဟူးနေ့) နံနက် ၆ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## တန်ဝမ်လုံ(ခ)ဦးခင်ဝင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**အသက်(၆၉)နှစ်**

ရန်ကုန်မြို့နေ (ဦးမောင်မောင်လေး-ဒေါ်တင်အေး)တို့၏ သားကြီး၊ ဦးမောင်မောင်ဝင်း-ဒေါ်တင်တင်ပြုံးတို့၏ သမက်၊ အလုံမြို့နယ်၊ ငုဝါလမ်း၊ အမှတ်(၁၁၇)နေ ဒေါ်အိအိချော ၏ ချစ်လှစွာသောခင်ပွန်း၊ မမေဖြိုးဝင်း-မောင်ဇော်ဇော်နိုင်တို့၏ ပါပါး၊ (ဦးမောင်ဝင်း-ဒေါ်လဲ့လဲ့ဝင်း)တို့၏ မောင်၊ (ဦးထွန်းဝင်း)၊ (ဦးမောင်မြင့်)-ဒေါ်တင်တင်၊ (ဦးမောင်လှ)-ဒေါ်နုနုဆွေ၊ (ဦးခင်မောင်)-ဒေါ်ပို့ပို့၊ (ဦးခင်အောင်)၊ (ဦးတင်ရွှေ)၊ ဦးမောင်ငယ်-ဒေါ်အေးအေး၊ ဦးညီညီ တို့၏ အစ်ကိုကြီး၊ တူ/တူမ ရှစ်ယောက် တို့၏ ဦးလေး သည် ၃-၄-၂၀၂၀ (သောကြာနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်၍ အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဗိုလ်မှူးကြီး ဘစု(ငြိမ်း)**

**အသက်(၈၈)နှစ်**

သူငယ်ချင်း ဦးသိန်းအောင်-ဒေါ်အေးအေးသန့်တို့၏ မွေးသဖခင် ကျေးဇူးရှင်ဖြစ်သည့် ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂/က ရပ်ကွက်၊ မာလာလမ်းနေ ဗိုလ်မှူးကြီးဘစု(ငြိမ်း) O.T.S(25)သည် ၃၁-၃-၂၀၂၀ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၂)မှ သူငယ်ချင်းများနှင့် မိသားစုများ**

## အထူးဝမ်းနည်းခြင်း

အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့နေ PROFESSOR Dr. ဦးကိုကိုသိန်းသည် ၁-၄-၂၀၂၀ ရက်၌ ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးအုန်းမြင့်-ဒေါ်ကြင်ရီ မိသားစု**
**ဘဏ်/အခွန်အယူခံခုံရုံး(ငြိမ်း)**

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

## ဘဒ္ဒန္တ မဏ္ဍလ

**သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ်**

**နယ်လှည့်ဓမ္မကထိက တရားဟောဆရာတော်**

**မြို့နယ်သံဃနာယကအဖွဲ့ဝင် (ရွှေကျင်)**

**ပဓာနနာယကဆရာတော်လိပ်ပြာကန်ကျောင်းတိုက်(ပဲခူးမြို့)**

ပဲခူးတိုင်းဒေသကြီး၊ သနပ္ပင်မြို့နယ်၊ ကုက္ကိုကျေးရွာနေ ခမည်းတော်(ဦးရွှေ)-မယ်တော်ကြီး (ဒေါ်ကျင်)တို့၏ သား၊ ပဲခူးမြို့၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ လိပ်ပြာကန်ကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော် သိက္ခာတော်(၄၈)ဝါ၊ သက်တော်(၆၈)နှစ် ဘဒ္ဒန္တ မဏ္ဍလသည် (၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်) ၂-၄-၂၀၂၀ (ကြာသပတေးနေ့)တွင် ဘဝနတ်ထံပျံလွန်တော်မူရာ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ကောင်းမွန်စွာ မီးသဂြိုဟ် လိုပါသောကြောင့် (၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၁၄ ရက်) ၆-၄-၂၀၂၀ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ လိပ်ပြာကန်ကျောင်းတိုက်မှ အသုဘရှု တရားတော်နာယူပြီး ဆင်ဖြူကွင်းသုသာန်သို့ အသုဘကမ္မဋ္ဌာန်း သတိဖြင့် စီးဖြန်းပြီး လိုက်ပါပို့ဆောင်ကြပါရန် အသိပေးအကြောင်း ကြားအပ်ပါသည်။

တပည့်ဒါယိကာ/ဒါယိကာမများ

## ဒေါ်ငုံဝေ (မော်လမြိုင်)

**အသက်(၈၉)နှစ်**

မော်လမြိုင်မြို့နေ မင်းကြီး L.K ခဲရှိန်-ဒေါ်မတာ တို့၏ သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ရွှေပန်းရွာနေ ဦးဘိုးနီ-ဒေါ်ဒေါ်စံ တို့၏ သမီးချွေးမ၊ မ/ဒဂုံ၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊ အမှတ် (၁၀၄၆)နေ ဦးသန်းထွန်း ၏ ချစ်လှစွာသောဇနီး၊ ဦးလှသွင်-ဒေါ်မိမိစိန် (N.E.T Co.,Ltd) တို့၏ မိခင်၊ မသီရိဆု၏ ချစ်လှစွာသော အဘွားသည် ၃-၄-၂၀၂၀ (သောကြာနေ့) ညနေ ၅:၂၉ နာရီတွင် အမှတ်(၁၀/ဘီ)၊ ယူနီဗာဆယ်(၂)လမ်း၊ မြခွာညို(ယုဇန)နေအိမ်၌ ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် မြခွာညို(ယုဇန)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးရီလေး (ခ) ဦးညီလေး

**အသက် (၆၃) နှစ်**

ထားဝယ်မြို့၊ ကရပ်ပြင်ရပ်၊ ရတနာမာန်အောင်လမ်းနေ (ဦးစိုးမင်း-ဒေါ်သန်းကြည်)တို့၏သား၊ ရန်ကုန်မြို့၊ အမှတ်(၁၃)၊ လေးလွှာ၊ မဏိမေခလာလမ်း၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးဒေဝ-ဒေါ်နုနု)တို့၏ သားသမက်၊ ဒေါ်စန္ဒာ၏ချစ်လှစွာသောခင်ပွန်း၊ ကိုနေလ-မခင်သန္တာထွန်း(MOB Bank)၊ မောင်မောင်ဇော်(J.S.M Shipping Co.,Ltd)-မလေးမြတ်နွယ် (ခ) ပို့ပို့ (GIZ Office Yangon)တို့၏ချစ်လှစွာသောဖခင်သည် ၃-၄-၂၀၂၀ (သောကြာနေ့) နံနက် ၂:၅၈ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၄-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၉-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါကြည့်မြင်တိုင်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးတင်ဝင်း အသက်(၅၈)နှစ်**

**ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)**

**ပြည်နယ်ပါတီအရံကော်မတီဝင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းယန်းမြို့နယ်၊ မိုင်းလွေကျေးရွာအုပ်စု၊ မိုင်းလွေကျေးရွာနေ ဒေါ်နန်းတို့၏ခင်ပွန်း၊ ကိုစိုင်းလုံထွန်း-မနန်းရုံနံဖူး၊ ကိုစိုင်းဝင်းတစ်-မနန်းယွေဆွတ်၊ မနန်းစံခမ်းတို့၏ဖခင်ဖြစ်သူ ဦးတင်ဝင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(မိုင်းယန်းမြို့နယ်မဲဆန္ဒနယ်အမှတ်-၂)၊ ပြည်နယ်ပါတီအရံကော်မတီဝင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ၁-၄-၂၀၂၀ရက် ည ၁၁:၄၅နာရီတွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)**
**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဉာဏ်မြင့်**

**ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း၊**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အသက် (၆၉) နှစ်**

ပြည်တွင်းအခွန်ဦးစီးဌာန၊ ဝန်ထမ်းဟောင်းများအသင်း၏ရာသက်ပန်အသင်းဝင်နှင့် တွဲဖက်အတွင်းရေးမှူးဟောင်း တစ်ဦးဖြစ်သူ ဦးဉာဏ်မြင့် အသက် (၆၉) နှစ်သည် ၂-၄-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၆:၁၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝန်ထမ်းဟောင်းများအသင်း**
**ပြည်တွင်းအခွန်ဦးစီးဌာန**

**ဘုရား၊ မွေ့ရာရုံ၊ သိမ်၊ လမ်း၊ ဇရပ်၊ ပလ္လင်၊ ကျောင်း ဒါယကာကြီး**

**မန္တလေးမြို့၊ အောင်တော်မူသဲပုံစေတီဘုရား ဘဏ္ဍာတော်ဂေါပကအဖွဲ့-ဒုဥက္ကဋ္ဌ**

**ဒါနသူရဋ္ဌ ဘုံဆွမ်းလောင်းအသင်းနာယက**

**မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း၊ Mandalay Chapter ၏အတွင်းရေးမှူး (၂)**

## ဦးကျော်ဟန်

**ပုလဲဒေါ်မြတင်-ကားအပိုပစ္စည်းရောင်းဝယ်ရေး**

**M.D-PLDMT ကုမ္ပဏီလီမိတက်**

**အသက် (၆၉) နှစ်**

မန္တလေးမြို့၊ (၈၃)လမ်း၊ (၂၀)x (၂၁)လမ်းကြားနေ ယခင် မျိုးမြင့်ရုပ်ရှင်ရုံပိုင်ရှင် ပုလဲကားပစ္စည်းဆိုင် ဦးသန်းမြင့်-ဒေါ်မြတင်တို့၏သားကြီး၊ ဆရာကြီးဦးမြသိန်း-ဒေါ်မြလွင်တို့၏ သားသမက်၊ ဒေါ်နှင်းလှ (တိုင်းသမအသင်းစု)၏မောင်၊ Dr. မြင့်ဆွေ (အရိုးအထူးကု-UniKL, RCMP, Malaysia)-ဒေါ်မြင့်မြင့်တင်၊ ဗိုလ်မှူးခွန်အောင်မြင့်စိုး(ငြိမ်း)-ဒေါ်ခင်မျိုးဆွေ၊ ဦးကိုကိုကြီး-ဒေါ်နုနု၊ ဦးအောင်ထွန်းသိန်း-ဒေါ်လွင်မာအောင်တို့၏ အစ်ကို၊ ကိုမျိုးမင်းဟန်-မဆွေဆွေအောင်၊ Dr. ကြည်ဒွေးဟန်-Dr.မိုးမြင့်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအင်ကြင်းခင်ခင်၊ မမေမိုးဟန်သာ၊ ဆွိတီးလေးတို့၏အဘိုး ၊ ဒေါ်ခင်မျိုးတင့်၏ ချစ်လှစွာသောခင်ပွန်းသည် ၂-၄-၂၀၂၀ (ကြာသပတေးနေ့) ည ၁၁:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၄-၂၀၂၀ (စနေနေ့) နံနက် ၁၀ နာရီတွင် နေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် အသုဘရှုပို့ဆောင်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးမြင့်ဆွေ COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် မေ ၃**

Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသူ၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်း၊ ဒုတိယ ဗိုလ်ချုပ်ကြီး ရဲအောင်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးသိန်းဆွေ၊ ဒေါက်တာမြင့်ထွေးနှင့် ဒေါက်တာဝင်းမြတ်အေး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❏



ဒုတိယသမ္မတ ဦးမြင့်ဆွေ COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ဒီးမော့ဆိုမြို့မဈေးတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်



**ဒီးမော့ဆို မေ ၃**

အပတ်စဉ် ဈေးနေ့များတွင် လူဝင်လူထွက်များပြားပြီး စည်ကားလျက်ရှိသော ဒီးမော့ဆို မြို့မဈေးနှင့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာကြသော ပြည်သူများအား ၁၄ ရက်ကြာ စောင့်ကြပ်ကြည့်ရှုသည့် နေရာများ၌ ယနေ့နံနက်ပိုင်းက ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပိုးသတ်ဆေးဖျန်း**

ရှေးဦးစွာ ဒီးမော့ဆို မြို့မဈေးအတွင်းရှိ ဈေးဆိုင်တန်းများတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးကြည်စိုးဟန်နှင့် တပ်ဖွဲ့ဝင်များက ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြသည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ○

## အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်များ နှစ်ရက်အတွင်း ဒေါ်လာ ၃၅ သန်းကျော် ထုတ်ပေး

**ရန်ကုန် မေ ၃**

အွန်လိုင်းစနစ်ဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်များ ထုတ်ပေးလျက်ရှိရာ နှစ်ရက်အတွင်း အမေရိကန်ဒေါ်လာ ၃၅ သန်းကျော် ထုတ်ပေးပြီးဖြစ်ကြောင်း မေ ၃ ရက်က စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနထံမှ သိရသည်။

COVID–19 အရေးပေါ်ကာလအတွင်း ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်ပါမစ်များနှင့် အကောက်ခွန်သက်သာခွင့် (CO)ပုံစံများကို ရုံးဌာနသို့ လာရောက်ရန်မလိုဘဲ မေ ၁ ရက်မှစတင်ပြီး အွန်လိုင်းပေါ်မှ စိစစ်ထုတ်ပေးဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ■

ကြေးမုံ အထူးကဏ္ဍ

နိုင်ငံတော်အစိုးရ၏

**ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ**

## ပြည်သူ့အတွက် စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ **ယနေ့ ဖတ်စရာ**


■ ဒိုင်ဗင်တင်လှနှင့် ရုပ်ရှင်စကားဝိုင်း
စာမျက်နှာ » ၈

■ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ တစ်သန်းကျော်နှင့် သေဆုံးသူ ၅၂၀၀၀ ကျော်ရှိ
စာမျက်နှာ » ၁၁

■ အိန္ဒိယတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၆ ဦးနှင့် ကူးစက်လူနာ ၂၃၀၀ ကျော် ရှိလာ
စာမျက်နှာ » ၁၂

■ မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုကို ဆန်းစစ်ခန့်မှန်းခြင်း
စာမျက်နှာ » ၁၅

■ ဘယ်လ်ဂျီယံပရိုလိဂ်ပြိုင်ပွဲ ဖျက်သိမ်းရန် စီစဉ်ထားသဖြင့် ထိပ်ဆုံးက ကလပ်ဘရုဂ်ျအသင်း ချန်ပီယံဖြစ်လာမည်
စာမျက်နှာ » ၂၀

■ ခေတ်မီနည်းစနစ်ဖြင့် ဓာတုကင်းစင်သည့် မြန်မာ့ငရုတ်သီးထုတ်ကုန် ထုတ်လုပ်
စာမျက်နှာ » ၂၂

ကြေးမုံ
အထူးကဏ္ဍ
ဧပြီ ၄၊ ၂၀၂၀ (စနေနေ့)

နိုင်ငံတော်အစိုးရ၏

# ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# တရားစီရင်ရေးစနစ်အပေါ် ပြည်သူအများ ယုံကြည်ကိုးစားလာရေးနှင့် ယုံကြည်ကိုးစားမှုကို တိုးမြင့်လာစေရေး ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး

တွေ့ဆုံမေးမြန်း - နိုင်လင်းကြည်၊ ဓာတ်ပုံ - ဟိန်းစည်သူ

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် “အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့”ဆောင်ပုဒ်နှင့်အညီ တရားစီရင်ရေးစနစ်အပေါ် ပြည်သူများ ယုံကြည်ကိုးစားလာစေရန်နှင့် ယုံကြည်ကိုးစားမှုကို တိုးမြင့်လာစေရန်အတွက် နှစ်စဉ်နှစ်တိုင်း အရှိန်အဟုန်မြှင့် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ၏ စတုတ္ထ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တာဝန်ရှိသူများကို မေးမြန်းထားပါသည် -

ဦးကိုကိုနိုင်
(အမြဲတမ်းအတွင်းဝန်၊
ပြည်ထောင်စုတရားသူကြီးချုပ်ရုံး)

**မေး။ နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း တရားစီရင်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီး သိပါရစေ။**

ဖြေ။ နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ (၁) နှစ်တာကာလအတွင်း တရားစီရင်ရေးကဏ္ဍ ပိုမိုတိုးတက်ကောင်းမွန်အောင် ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုတွေကို ပြောရမယ်ဆိုရင် ရုပ်ပိုင်းဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာဆိုပြီး နှစ်ပိုင်းပြောရမှာပါ။

ရုပ်ပိုင်းဆိုင်ရာအနေနဲ့ တရားရုံး အဆောက်အဦတွေကို အဆင့်မြှင့်တင်ခြင်း၊ တရားခွင်တွေကို စနစ်တကျ ပြုလုပ်ခြင်းနဲ့ တရားရေးသင်တန်းကျောင်းတွေကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ခြင်းတွေ ပါဝင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာအနေနဲ့ တရားသူကြီးတွေ၊ တရားရေးအရာရှိတွေနဲ့ တရားရေးဝန်ထမ်းတွေ အသိအမြင် တိုးတက်လာစေဖို့အတွက် ပြည်တွင်း ပြည်ပ သင်တန်းတွေ၊ အစည်းအဝေးတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ တက်ရောက်နိုင်ဖို့ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးတဲ့အပြင် နိုင်ငံတော်အစိုးရရဲ့ လမ်းညွှန်ချက်တွေနဲ့အညီ ဝန်ကြီးဌာနအသီးသီးနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးရပါတယ်။

ဒီလိုအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ မဟာဗျူဟာစီမံကိန်းတွေ ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၅ - ၂၀၁၇ (၃) နှစ်တာစီမံကိန်း၊ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈ - ၂၀၂၂ (၅) နှစ်တာစီမံကိန်းတွေ ရေးဆွဲထုတ်ပြန်ခဲ့ပြီး စီမံကိန်းတွေနဲ့အညီ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်က (၅) နှစ်တာ စီမံကိန်းရဲ့ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ဒုတိယမြောက်နှစ်လည်းဖြစ်ပါတယ်။

**မေး။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ အကောင်အထည်ဖော် ဆောင်ရွက်မှုတွေထဲက ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့တာတွေကို ရှင်းပြပေးပါဦး။**

ဖြေ။ ရုပ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှုတွေက တရားရုံးအဆောက်အဦ၊ တရားရေးသင်တန်းကျောင်းနဲ့ ဝန်ထမ်းအိမ်ရာတွေ ဆောက်လုပ်နိုင်မှု ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်အတွင်း တရားရုံးအဆောက်အဦသစ်အနေနဲ့ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်တရားရုံး အဆောက်အဦသစ်ကို အောက်တိုဘာ ၁၉ ရက်မှာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ခရိုင်တရားရုံး အဆောက်အဦသစ်ကို တရားရုံးများရဲ့ ဂုဏ်သိက္ခာမြှင့်တင်ရေး၊ တရားရုံးအင်္ဂါရပ်နဲ့ ညီညွတ်တဲ့ တရားရုံးအဆောက်အဦတွေ တည်ဆောက်ရေးဆိုတဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရဲ့ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်တွေနဲ့အညီ တရားခွင် ၂၁ ခု၊ တရားသူကြီး နားနေခန်း၊ ဥပဒေအရာရှိ နားနေခန်း၊ ရှေ့နေများ နားနေခန်း၊ သက်သေ နားနေခန်း၊ အမှုတွဲထိန်းသိမ်းခန်း၊ သက်သေခံ ပစ္စည်း ထိန်းသိမ်းခန်း၊ ဧည့်ခန်း၊ စာကြည့်တိုက်ခန်း၊ အစည်းအဝေးခန်း၊ မီဒီယာ တွေ့ဆုံမေးမြန်းခန်း၊ သတင်းအချက်အလက် ကောင်တာ၊ အမှုလက်ခံကောင်တာ၊ စုံစမ်းမေးမြန်းရန် ကောင်တာ၊ ယာယီအချုပ်ခန်း စသဖြင့် စံချိန်စံညွှန်းမီစွာ တည်ဆောက်ထားခြင်း ဖြစ်ပါတယ်။

Judicial College အဆောက်အဦကို ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၁၇ ရက်မှာ ပန္နက်တင်ပြီး စတင်ဆောက်လုပ်နေပြီဖြစ်ပါတယ်။ Judicial College အဆောက်အဦကို ၂၀၁၈- ၂၀၂၂ (၅)နှစ်တာ တရားစီရင်ရေး မဟာဗျူဟာ စီမံကိန်းပါ မဟာဗျူဟာ လုပ်ငန်းနယ်ပယ် (၄)ရဲ့ (၄) **“တရားရေးသင်တန်းကျောင်းအသစ် တည်ထောင်ရန်”** ဆိုတဲ့ မဟာဗျူဟာရည်မှန်းချက်နဲ့အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ အလျား ၁၆၄ ပေ၊ အနံ ၁၂၆ ပေရှိ RC သုံးထပ်အဆောက်အဦဖြစ်ပြီး သင်တန်းသား သင်တန်းသူ အိပ်ခန်း ၄၀၊ သင်တန်းခန်းမတွေနဲ့ ဆွေးနွေးခန်း၊ စာကြည့်တိုက်နဲ့ အင်တာနက်အသုံးပြုနိုင်မယ့် အခန်း၊ စုပေါင်းအစည်းအဝေးခန်းမ၊ လုံခြုံရေးအခန်း၊ တာဝန်ကျရုံးခန်း၊ ဧည့်ခန်း၊ စားသောက်ခန်း၊ နားနေခန်းနဲ့ စတိုခန်းတွေကို သတ်မှတ်အကျယ်အဝန်းနဲ့အညီ ဖွဲ့စည်းတည်ဆောက်သွားမှာ ဖြစ်ပါတယ်။

နောက်တစ်ခုက သတင်းအချက်အလက် နည်းပညာနဲ့ တရားရုံးဝန်ဆောင်မှုတွေကို အဆင့်မြှင့်တင်ခြင်းဖြစ်ပါတယ်။ နိုင်ငံတကာမှာ နည်းပညာအသုံးပြု တရားရုံးတွေကို တည်ထောင်အသုံးပြုလာကြပါတယ်။ ပိုမို

အထူးကဏ္ဍ [ ခ ] သို့ »»

**ရုပ်ပိုင်းဆိုင်ရာ အနေနဲ့ တရားရုံး အဆောက်အဦတွေကို အဆင့်မြှင့်တင်ခြင်း၊ တရားခွင်တွေကို စနစ်တကျပြုလုပ်ခြင်းနဲ့ တရားရေးသင်တန်းကျောင်းတွေကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ခြင်းတွေ ပါဝင်ပါတယ်။ စိတ်ပိုင်းဆိုင်ရာအနေနဲ့ တရားသူကြီးတွေ၊ တရားရေး အရာရှိတွေနဲ့ တရားရေးဝန်ထမ်းတွေ အသိအမြင် တိုးတက်လာစေဖို့အတွက် ပြည်တွင်း ပြည်ပ သင်တန်းတွေ၊ အစည်းအဝေးတွေနဲ့ အလုပ်ရုံဆွေးနွေးပွဲတွေ တက်ရောက်နိုင်ဖို့ နိုင်ငံတကာ မိတ်ဖက် အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ဆောင်ရွက်ပေး**



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ၂၂-၁၁-၂၀၁၉ မှ ၂၃-၁၁-၂၀၁၉ ရက်နေ့အထိ ထိုင်းနိုင်ငံတွင်ကျင်းပသော သတ္တမအကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး အာဆီယံနိုင်ငံများမှ တရားသူကြီးချုပ်များ၊ တရားရေးအကြီးအကဲများနှင့်အတူ “ဗန်ကောက် ကြေညာချက်”ကို လက်မှတ်ရေးထိုးစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

တိုးတက်ကောင်းမွန်တဲ့ အဆင့်မြှင့်တင်မှုတွေကို ဆောင်ရွက်နေကြပါတယ်။ အဲဒီလို နိုင်ငံတော်အစိုးရက နည်းပညာဖွံ့ဖြိုးတိုးတက်စေဖို့ e-Government အကောင်အထည်ဖော်ဆောင်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအသုံးပြုသူတွေအတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ၊ တရားရုံးထုတ်ပြန်ကြေညာချက်တွေ၊ တရားရုံးတွေရဲ့ လုပ်ရှားဆောင်ရွက်မှုတွေကို ပွင့်လင်းမြင်သာမှုရှိစေဖို့နဲ့ အများပြည်သူ လွယ်ကူအဆင်ပြေစွာ ရှာဖွေအသုံးပြုနိုင်ဖို့အတွက် နည်းပညာအသုံးပြု ဝန်ဆောင်မှုပေးခြင်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ၂၀၁၉ ခုနှစ်အတွင်း အဓိကဆောင်ရွက်ခဲ့မှုတွေကို ပြောပြပေးပါဦး။**

ဖြေ။ ၂၀၁၉ ခုနှစ်အတွင်းမှာ အဓိကဆောင်ရွက်ခဲ့တာတွေက (၁) ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရဲ့ Website ကို Update ပြုလုပ်ခြင်းနဲ့ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် ၁၄ ခုတို့အတွက် Website များ ထူထောင်နိုင်ရန် ပြင်ဆင်ဆောင်ရွက်ပေးခြင်း၊ (၂) တရားရုံးအသုံးပြုသူတွေအနေနဲ့ မှီငြမ်းကိုးကားရာတွင် အထောက်အကူ ဖြစ်စေမယ့် စီရင်ထုံးတွေ ရှာဖွေရာတွင် လွယ်ကူစေရန် Ruling Content Management System (RCMS) စနစ်တစ်ခု တည်ဆောက်ခြင်း၊ (၃) တရားရုံးအဆင့်ဆင့်မှ အမှုအချက်အလက်တွေ ကောက်ယူရာတွင် လွယ်ကူရိုးရှင်းပြီး အချိန်ကုန်သက်သာစွာနဲ့ အသုံးပြုနိုင်မယ့် မိုဘိုင်းဖုန်းသုံး Data Collecting System စနစ်ကို ဆက်လက်လုပ်ဆောင်ခြင်း၊ (၄) နည်းပညာသုံး မှုခင်းစီမံခန့်ခွဲမှုစနစ် (ACMS)ကို တိုးချဲ့ပြင်ဆင်လုပ်ဆောင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ တရားစီရင်ရေးဆိုင်ရာ အသိအမြင်ကို မြှင့်တင်ပေးခြင်းနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။**

ဖြေ။ ဒါနဲ့ပတ်သက်ပြီး သတင်းမီဒီယာတွေ၊ အများပြည်သူတွေနဲ့ ဆက်ဆံပြောဆိုမှုတိုးတက်စေဖို့ တရားရေးအရာရှိတွေကို မီဒီယာကျွမ်းကျင်မှုသင်တန်းတွေ ပေးခဲ့ပါတယ်။ ၂၀၁၉ ခုနှစ်အတွင်းမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ USAID – PRLM တို့ ပူးပေါင်းပြီး မီဒီယာဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၆)ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။

၂၀၁၉ ခုနှစ်ထဲမှာ သတင်းမီဒီယာ ဆက်ဆံရေးအနေနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော်၊ ခရိုင်တရားရုံး၊ မြို့နယ် တရားရုံးများမှ သတင်းပြန်ကြားရေးအရာရှိတွေက သတင်းမီဒီယာတွေကို လက်ခံတွေ့ဆုံပြီး သတင်းပြန်ကြားပေးမှု စုစုပေါင်း ၂၁၁ ကြိမ် ပြုလုပ်ခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ My Justice တို့ ပူးပေါင်းပြီး ကချင်၊ ကယား၊ ကရင်၊ မွန်နဲ့ ရှမ်း စတဲ့ ပြည်နယ်တွေမှာ အများပြည်သူအတွက် တရားရုံးလက်ကမ်းစာစောင်တွေကို ကချင်၊ ကယား၊ ပိုးကရင်၊ စကောကရင်၊ မွန်၊ ရှမ်းနဲ့ ပအိုဝ်း စတဲ့ တိုင်းရင်းသား ဘာသာစကားတွေနဲ့ ဘာသာပြန်ဆို ဖြန့်ဝေပေးနိုင်ခဲ့ပါတယ်။

**■ နိုင်ငံတော်အစိုးရက နည်းပညာဖွံ့ဖြိုးတိုးတက်စေဖို့ e-Government အကောင်အထည်ဖော်ဆောင်ရေးကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအသုံးပြုသူတွေအတွက် လိုအပ်တဲ့ သတင်းအချက်အလက်တွေ၊ တရားရုံးထုတ်ပြန်ကြေညာချက်တွေ၊ တရားရုံးတွေရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေကို ပွင့်လင်းမြင်သာမှုရှိစေဖို့နဲ့ အများပြည်သူ လွယ်ကူအဆင်ပြေစွာ ရှာဖွေအသုံးပြုနိုင်ဖို့အတွက် နည်းပညာအသုံးပြုဝန်ဆောင်မှုပေးခြင်းတွေကို ဆောင်ရွက်လျက်ရှိ**

**■ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ My Justice တို့ ပူးပေါင်းပြီး ကချင်၊ ကယား၊ ကရင်၊ မွန်နဲ့ ရှမ်း စတဲ့ ပြည်နယ်တွေမှာ အများပြည်သူအတွက် တရားရုံးလက်ကမ်းစာစောင်တွေကို ကချင်၊ ကယား၊ ပိုးကရင်၊ စကောကရင်၊ မွန်၊ ရှမ်းနဲ့ ပအိုဝ်း စတဲ့ တိုင်းရင်းသား ဘာသာစကားတွေနဲ့ ဘာသာပြန်ဆို ဖြန့်ဝေပေးနိုင်ခဲ့**



ပြည်ထောင်စုတရားသူကြီးချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဦးကိုကိုနိုင်

**မေး။ စိတ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှုတွေက ဘာတွေဖြစ်မလဲခင်ဗျာ။**

ဖြေ။ စိတ်ပိုင်းဆိုင်ရာ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှုတွေက နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ လေ့ကျင့်သင်ကြားရေးပိုင်းဆိုင်ရာ ဆောင်ရွက်မှု၊ အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ အစည်းအဝေးတွေ ဖြစ်ပါတယ်။ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတွေအနေနဲ့ နိုင်ငံတကာက ဖိတ်ကြားလာတဲ့ တရားစီရင်ရေးဆိုင်ရာ ညီလာခံတွေ၊ အစည်းအဝေးတွေနဲ့ ဆွေးနွေးပွဲတွေကို အခါအားလျော်စွာ တက်ရောက်ပြီး တရားစီရင်ရေးကဏ္ဍ ခေတ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီနှစ်ထဲမှာ ပြည်ထောင်စုတရားသူကြီးချုပ်က ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနဝန်ကြီး Mr. Alexander Konovalov ရဲ့ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာဇဘတ်မြို့မှာ ၂၀၁၉ ခုနှစ် မေ ၁၄ ရက်ကနေ ၁၈ ရက်အထိ ကျင်းပတဲ့ **“(၉) ကြိမ်မြောက် စိန့်ပီတာဇဘတ် နိုင်ငံတကာဥပဒေဖိုရမ်”**နဲ့ ထိုင်းနိုင်ငံ ဖူးခက်မြို့နဲ့ ဗန်ကောက်မြို့တို့မှာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၂ ရက်ကနေ ၂၃ ရက်အထိ ကျင်းပတဲ့ **(၇)ကြိမ်မြောက် အာဆီယံတရားသူကြီးချုပ်များကောင်စီ အစည်းအဝေး** တို့ကို တက်ရောက်ခဲ့ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်း၊ ဦးမြဟန်နဲ့ ဦးမျိုးဝင်းတို့က အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ ရုရှား၊ အိန္ဒိယနဲ့ အမေရိကန် စတဲ့ နိုင်ငံတွေကို တရားစီရင်ရေးနဲ့သက်ဆိုင်တဲ့ လေ့လာရေးခရီး၊ ကွန်ဖရင့်နဲ့ ညီလာခံတွေကို တက်ရောက်ခဲ့ကြပါတယ်။

၂၀၁၉ ခုနှစ်အတွင်းမှာ ပြည်နယ်နဲ့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တွေနဲ့ တရားသူကြီးတွေ ဦးဆောင်တဲ့ အဖွဲ့တွေကလည်း တရုတ်၊ အိန္ဒိယ၊ ဂျပန်နဲ့ ဖိဂျီ စတဲ့ နိုင်ငံတွေမှာ ကျင်းပတဲ့ တရားစီရင်ရေးဆိုင်ရာ ညီလာခံတွေ၊ ဆွေးနွေးပွဲတွေနဲ့ လေ့လာရေးခရီးစဉ် စုစုပေါင်း (၁၂)ကြိမ် သွားရောက်ခဲ့ကြပါတယ်။

**မေး။ လေ့ကျင့်သင်ကြားရေးနဲ့ ပတ်သက်ပြီး တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ တရားရေးအရာရှိတွေနဲ့ စာရေးဝန်ထမ်းတွေကို သင်တန်းတွေပေးမှုနဲ့ပတ်သက်ပြီးလည်း သိပါရစေ။**

ဖြေ။ လေ့ကျင့်သင်ကြားရေးနဲ့ ပတ်သက်ရင် တရားရုံးအဆင့်ဆင့်မှာ တာဝန်ထမ်းဆောင်လျက်ရှိကြတဲ့ တရားရေးအရာရှိတွေနဲ့ စာရေးဝန်ထမ်းတွေကို ဌာနဆိုင်ရာ လေ့ကျင့်သင်ကြားပေးမှုတွေ ပြုလုပ်ပေးတဲ့အပြင် ဗဟိုဝန်ထမ်းတက္ကသိုလ်တွေမှာ ဖွင့်လှစ်ပို့ချတဲ့ သင်တန်းတွေ၊ အခြားဝန်ကြီးဌာနကနေ ဖွင့်လှစ်တဲ့ ပြင်ပသင်တန်းတွေကို အခါအားလျော်စွာ တက်ရောက်လျက်ရှိပါတယ်။

တရားရေးအရာရှိတွေနဲ့ တရားသူကြီးတွေကို နိုင်ငံခြားပညာတော်သင် စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီက ခွဲဝေချထားတဲ့ နိုင်ငံခြားပညာသင်ဆုတွေကို ဖြေဆိုခွင့်ပြုပြီး ဩစတြေးလျ၊ အင်္ဂလန်၊ ဂျပန်၊ တောင်ကိုရီးယားနဲ့ တရုတ် စတဲ့ နိုင်ငံတွေမှာ မဟာဥပဒေဘွဲ့သင်တန်းနဲ့ ဥပဒေပါရဂူဘွဲ့ သင်တန်းတွေ တက်ရောက်လျက်ရှိပါတယ်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၉ ရက်က စင်ကာပူသမ္မတနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့ လက်မှတ်ရေးထိုးထားတဲ့ စင်ကာပူ – မြန်မာ ဥပဒေရေးရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာအရ ၂၀၁၄ ခုနှစ်ကစပြီး စင်ကာပူတရားရုံးတွေမှာ တွဲဖက်လေ့လာဖို့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကိုယ်စားလှယ်တွေကို စဉ်ဆက်မပြတ်စေလွှတ်ခဲ့တာ ယခုနှစ်အထိ (၉) ကြိမ်မြောက်စေလွှတ်ခဲ့ပြီးဖြစ်ပါတယ်။

လေ့ကျင့်သင်ကြားရေးနဲ့ ပတ်သက်ပြီး ထူးခြားချက်အနေနဲ့ ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနဲ့ အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့ လက်မှတ်ရေးထိုးခဲ့တဲ့ မြန်မာနိုင်ငံမှ တရားသူကြီးတွေနဲ့ တရားရေးအရာရှိတွေကို အိန္ဒိယနိုင်ငံသို့ စေလွှတ်၍ သင်တန်းပေးခြင်းနဲ့ စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံ ဘိုပါးမြို့ အမျိုးသားတရားစီရင်ရေး အကယ်ဒမီမှာ ၂၀၁၉ ခုနှစ် ဩဂုတ် ၂၃ ရက်ကနေ ၂၉ ရက်အထိ ဖွင့်လှစ်တဲ့ ပထမအကြိမ် တရားစီရင်ရေးဆိုင်ရာသင်တန်းကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်နဲ့ လက်အောက်ခံတရားရုံး အဆင့်ဆင့်က တရားရေးအရာရှိ ၄၀ ကို စေလွှတ်ပြီး စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။

တရားရုံးအဆင့်ဆင့်မှ တရားရေးအရာရှိတွေကို သက်ဆိုင်ရာ နယ်ပယ်အလိုက် နိုင်ငံတကာမှ ဖိတ်ကြားတဲ့ ကာလတိုသင်တန်းတွေ၊ အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ လေ့လာရေးခရီးစဉ်တွေကို တက်ရောက်စေခဲ့ပါတယ်။ အများစုသွားရောက်ခဲ့တဲ့ နိုင်ငံတွေက စင်ကာပူ၊ ထိုင်း၊ ဂျပန်၊ တရုတ်နဲ့ ဖိလစ်ပိုင်နိုင်ငံတို့ပဲ ဖြစ်ပါတယ်။

**မေး။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်တွေနဲ့ပတ်သက်ပြီး ပြောကြားပေးပါဦး။**

ဖြေ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းမြှင့်တင်ခြင်းနဲ့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို တရားစီရင်ရေးမဟာဗျူဟာစီမံကိန်း ၂၀၁၈ – ၂၀၂၂ (၅)နှစ်တာ စီမံကိန်းချမှတ်ပြီး စနစ်တကျ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ စီမံကိန်းတွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သလို နှစ်အလိုက် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု၊ ကျန်ရှိမှုနဲ့ ဆောင်ရွက်နိုင်မှုမရှိတဲ့ ကိစ္စရပ်တွေကို ပြန်လည်စိစစ်နိုင်ဖို့အတွက် တရားရုံးနှစ်စဉ် အစီရင်ခံစာကို ၂၀၁၆ ခုနှစ်ကစပြီး နှစ်စဉ် ပြုစုထုတ်ပြန်လျက်ရှိပါတယ်။

တရားစီရင်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ရာမှာ တရားရုံးအဆင့်ဆင့်ကို အသွင်သဏ္ဌာန်နဲ့ အနှစ်သာရပိုင်း ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို တရားစီရင်ရေးကဏ္ဍ ပြောင်းလဲမှုတွေ

အထူးကဏ္ဍ [ ဂ ] သို့ »»»

»» အထူးကဏ္ဍ [ ခ ] မှ

ဆောင်ရွက်ရာမှာ နိုင်ငံတော်အစိုးရရဲ့ ဘဏ္ဍာရေးဆိုင်ရာ၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာနဲ့ နည်းပညာဆိုင်ရာ ကူညီထောက်ပံ့မှုတွေ မရှိမဖြစ် လိုအပ်ပါတယ်။ ပြည်သူတွေအကြားမှာ တရားဥပဒေစိုးမိုးရေး ရှင်သန်ထွန်းကားဖို့ရာ ပြည်သူတွေရဲ့ ဥပဒေအသိအမြင် မြင့်မားဖို့လိုသလို တည်ဆဲဥပဒေတွေကို လိုက်နာတတ်တဲ့ အလေ့အကျင့် ထွန်းကားဖို့လည်း လိုအပ်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးကိစ္စမှာ ပါဝင်ပတ်သက်သူတွေက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှသာ ပြည်သူအများယုံကြည်ကိုးစားတဲ့ တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာပြီး လူမှုအဖွဲ့အစည်းအတွင်းမှာ တရားဥပဒေစိုးမိုးရေး ခိုင်မာအားကောင်းလာတယ်ဆိုတာကို ပြောကြားလိုပါတယ်။

**ဒေါ်တင်နွယ်စိုး**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး)**

**မေး။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ နိုင်ငံတော်အစိုးရရဲ့ စတုတ္ထ(၁) နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ခဲ့မှုတွေထဲက နှစ်စဉ် လုပ်ငန်းအစီအစဉ်တွေနဲ့ပတ်သက်ပြီး ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ မြန်မာ့တရားစီရင်ရေးရဲ့ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်မှုတွေကို **“အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့”**ရည်ရွယ်ပြီး တရားစီရင်ရေးဆိုင်ရာမဟာဗျူဟာစီမံကိန်း ၂၀၁၈ – ၂၀၂၂ ကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါတယ်။ နှစ်စဉ် လုပ်ငန်းအစီအစဉ်တွေ ရေးဆွဲထုတ်ပြန်တဲ့အပြင် လုပ်ငန်းအကောင်အထည်ဖော်မှုကို နှစ်စဉ်အစီရင်ခံစာ ထုတ်ပြန်ပေးလျက်ရှိပါတယ်။

**မေး။ ဟုတ်ကဲ့ပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ တရားရုံးအဆင့်ဆင့်မှာ မှုခင်းဆောင်ရွက်ခြင်းနဲ့ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်နဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦး။**

ဖြေ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ လက်အောက်တရားရုံးအဆင့်ဆင့်တို့ရဲ့ ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၁ ရက်ကနေ ဒီဇင်ဘာ ၃၁ ရက်အထိ ကာလအတွင်း အမှုပြီးပြတ်မှုနှုန်းက ၉၉ ဒသမ ၅၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ယခင်နှစ် အမှုပြီးပြတ်နှုန်း ၉၈ ရာခိုင်နှုန်းထက် ပိုမိုကောင်းမွန်ခဲ့ပါတယ်။ ဒါပေမယ့် ရည်မှန်းချက် ၁၀၀ ရာခိုင်နှုန်း ပြည့်မီခြင်းမရှိသေးတဲ့အတွက် ၂၀၂၀ ပြည့်နှစ်မှာ ရည်မှန်းချက်ပြည့်မီရေးကို ဦးစားပေးဆောင်ရွက်ဖို့ သတ်မှတ်ထားပါတယ်။

နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ၂၀၁၈ ခုနှစ် ဩဂုတ် ၁ ရက်က စတင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ အဆင့်လိုက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာမှာ ၂၀၁၈ ခုနှစ်အတွင်း ခရိုင်နဲ့ မြို့နယ်အဆင့် တရားရုံး ၂၆ ရုံး၊ ၂၀၁၉ ခုနှစ်အတွင်း ခရိုင်နဲ့ မြို့နယ်အဆင့် တရားရုံး ၄၈ ရုံး၊ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှာ ခရိုင်တရားရုံး ၂၅ ရုံး စုစုပေါင်း တရားရုံး ၉၉ ရုံးမှာ အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါတယ်။ ဇူလိုင်လမှာ မြို့နယ်အဆင့်တရားရုံး ၁၀၉ ရုံးမှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၁၉ ခုနှစ်အတွင်း ရန်ကုန်အရှေ့ပိုင်းနဲ့ အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်တရားရုံးတွေမှာ မှုခင်းစီမံခန့်ခွဲမှုစနစ်ကို သိသာထင်ရှားစွာ အကောင်အထည်ဖော်နိုင်ခဲ့ပါတယ်။ မှုခင်းစီမံခန့်ခွဲမှုတရားရုံးတွေရဲ့ အမှုပြီးပြတ်မှုနှုန်းက ၂၀၁၈ ခုနှစ်တွင် ရာဇဝတ်မှု ၁၀၆ ရာခိုင်နှုန်းနဲ့ တရားမမှု ၈၉ ရာခိုင်နှုန်း စုစုပေါင်း ၉၇ ဒသမ ၅ ရာခိုင်နှုန်း၊ ၂၀၁၉ ခုနှစ်တွင် ရာဇဝတ်မှု ၁၀၉ ရာခိုင်နှုန်းနဲ့ တရားမမှု ၁၃၉ ရာခိုင်နှုန်း စုစုပေါင်း ၁၂၄ ရာခိုင်နှုန်း ဖြစ်ပါတယ်။

**မေး။ တရားရုံးကနေ ဦးဆောင်တဲ့ စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ် အကောင်အထည်ဖော်မှုနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ တရားရုံးက ဦးဆောင်တဲ့ စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို ဒက္ခိဏခရိုင် တရားရုံး၊ တပ်ကုန်းမြို့နယ်တရားရုံး၊ တောင်ငူခရိုင်တရားရုံးနဲ့ တောင်ငူမြို့နယ်တရားရုံးတို့မှာ ၂၀၁၉ ခုနှစ် မတ် ၁ ရက်ကစပြီး စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၈ ရက်ထိ တရားရုံးကနေ စေ့စပ်ဖြေရှင်းဖို့ လွှဲပြောင်းပေးပို့တဲ့အမှုတွေရဲ့ ၂၄ ဒသမ ၀၂ ရာခိုင်နှုန်းကို အောင်မြင်စွာ ဖြေရှင်းပေးနိုင်ခဲ့ပါတယ်။ တရားမကြီးအမှုတွေရဲ့ ၁၆ ဒသမ ၂၉ ရာခိုင်နှုန်းဟာ စေ့စပ်ဖြေရှင်းမှုအောင်မြင်၍ ပြီးပြတ်ခဲ့ပါတယ်။ စေ့စပ်ဖြေရှင်းဖို့ လွှဲအပ်ခဲ့တဲ့ အမှုတွေက ငွေကြေးမှုခင်း ၅၈ ရာခိုင်နှုန်း၊ မိသားစုမှုခင်း ၂၁ ဒသမ ၄၈ ရာခိုင်နှုန်း၊ ကူးသန်းရောင်းဝယ်ရေးမှုခင်း သုည ဒသမ ၂၂ ရာခိုင်နှုန်း၊ အခြားအမှု ၁၉ ဒသမ ၈၇ ရာခိုင်နှုန်း ဖြစ်ပါတယ်။ ဒီလိုစေ့စပ်ဖြေရှင်းခြင်းနဲ့ အမှုပြီးပြတ်ဖို့ ကြာမြင့်ရက်တွေကို လျှော့ချနိုင်ပြီး နှစ်ဖက်အမှုသည်တွေရရှိတဲ့ သဘောတူညီချက်ကို ချက်ချင်းလိုက်နာ ဆောင်ရွက်ခြင်းနဲ့ ထိရောက်မှုရှိတာကိုလည်း တွေ့ရှိရပါတယ်။ စစ်တမ်းတွေအရ စေ့စပ်ဖြေရှင်းတဲ့ အမှုသည်တွေနဲ့ ၎င်းတို့ရဲ့ရှေ့နေတွေ ၁၀၀ ရာခိုင်နှုန်းက စေ့စပ်ဖြေရှင်းရေးစနစ်ကို ကောင်းမွန်တယ်လို့ ထင်မြင်ချက်ပေးခဲ့ပါတယ်။

ဒါကြောင့် မတ် ၁ ရက်ကစပြီး စမ်းသပ်အစီအစဉ်ကို ဒက္ခိဏခရိုင်အတွင်းရှိ ကျန်မြို့နယ် ခြောက်မြို့နယ်မှာ တိုးချဲ့ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အလားတူ တရားရုံးက ဦးဆောင်တဲ့ စေ့စပ်ဖြေရှင်းရေးစနစ်ကို တစ်နိုင်ငံလုံးမှာ အသုံးပြုနိုင်ဖို့ ရှေ့လုပ်ငန်းစဉ်တွေ ရေးဆွဲလျက်ရှိပြီး ၂၀၂၂ ခုနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရေး ရည်မှန်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ တရားရုံးတွေရဲ့ စီရင်ပိုင်ခွင့်အာဏာ ပြောင်းလဲသတ်မှတ်ခြင်းဆိုတာကို ရှင်းပြပေးပါဦး။**

ဖြေ။ ၂၀၁၉ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ဇူလိုင်လ ၂၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၈၈/၂၀၁၉)၊ (၆၈၉/၂၀၁၉)၊ (၆၉၀/၂၀၁၉) တို့နဲ့ ၂၀၁၉ ခုနှစ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအရ ကလေးသူငယ်မှုခင်းတွေကို စစ်ဆေးစီရင်ဖို့ ကလေးသူငယ်တရားရုံး (ရန်ကုန်မြို့)၊ ကလေးသူငယ်တရားရုံး(မန္တလေးမြို့)နဲ့ အခြားဒေသတွေမှာရှိတဲ့ မြို့နယ်တရားရုံးတွေထံ စီရင်ပိုင်ခွင့်အာဏာတွေ အပ်နှင်းခဲ့ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၈၃/ ၂၀၁၉)နဲ့ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတရားရုံးကို ဖွဲ့စည်းပြီး ဟိုပန်၊ မိုင်းမော၊ ပန်ဝိုင်၊ နားဖန်း၊ မက်မန်းနဲ့ ပန်ဆန်း(ပန်ခမ်း) မြို့နယ်တွေမှာ ဖြစ်ပွားတဲ့ ရာဇဝတ်မှုနဲ့ တရားမမှုတွေကို စစ်ဆေးစီရင်နိုင်ဖို့ စီရင်ပိုင်ခွင့်အာဏာကို အပ်နှင်းခဲ့ပါတယ်။




ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တွင် ၃၁-၇-၂၀၁၉ မှ ၃-၈-၂၀၁၉ ထိ ကျင်းပသော (၁၀)ကြိမ်မြောက် ဓာရီပြုခြင်းနှင့်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဖရင့်သို့ တက်ရောက်စဉ်။



ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုး




၂၂-၈-၂၀၁၉ က ပြည်ထောင်စုတရားသူကြီးချုပ်ရုံးနှင့် အိန္ဒိယနိုင်ငံ အမျိုးသားတရားစီရင်ရေးအကယ်ဒမီတို့အကြား ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာအရ ပထမအကြိမ် တရားစီရင်ရေးသင်တန်းသို့ သင်တန်းသား ၄၀ စေလွှတ်စဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»

- ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ **"အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့"** (Towards Improving Justice for All)ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မြန်မာနိုင်ငံ တရားစီရင်ရေးရဲ့ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈-၂၀၂၂ ကို လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုတွေကို ဖြည့်ဆည်းပေးဖို့၊ တရားရုံးတွေအပေါ် ပြည်သူလူထုရဲ့ စိတ်ချယုံကြည်မှု နဲ့ ထိရောက်မှုရှိတဲ့ တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ဖို့ ဆောင်ရွက်လျက်ရှိ
- တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ နိုင်ငံတကာမိတ်ဖက် အဖွဲ့အစည်းတွေ အကူအညီနဲ့ ဆောင်ရွက်နေ

»»» အထူးကဏ္ဍ [ ၈ ] မှ

ဥပဒေလုပ်ထုံးလုပ်နည်း ဆောင်ရွက်ချက်အပိုင်းမှာ ၂၀၁၈ ခုနှစ်အတွင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စီမံခန့်ခွဲရတဲ့ဥပဒေ ၅၂ မျိုးအနက် ခေတ်ကာလနဲ့ လိုက်လျောညီထွေရှိစေဖို့ ဥပဒေပြင်ဆင်ခြင်း၊ နည်းဥပဒေနဲ့ လုပ်ထုံးလုပ်နည်းတွေ ထုတ်ပြန်ခြင်း၊ ဥပဒေမူကြမ်းရေးဆွဲခြင်းတို့ ဆောင်ရွက်ခဲ့ပါတယ်။

ပြည်ထောင်စုတရားစီရင်ရေး ဥပဒေစတုတ္ထအကြိမ် ပြင်ဆင်တဲ့ဥပဒေကို ပြည်ထောင်စုဥပဒေအမှတ် (၂၅/၂၀၁၉)ကို ၂၀၁၉ ခုနှစ် ဩဂုတ်လ ၂၀ ရက်တွင်လည်းကောင်း၊ လူမွဲခံယူခြင်းဆိုင်ရာဥပဒေကို ပြည်ထောင်စုဥပဒေအမှတ်(၁/၂၀၂၀)ကို ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ ၂၀၁၉ ခုနှစ် ဇူလိုင်လ ၂၉ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၆၉၄/၂၀၁၉)နဲ့ အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေတွေကိုလည်းကောင်း၊ ၂၀၁၉ ခုနှစ် စက်တင်ဘာလ ၃ ရက် ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၈၆/၂၀၁၉)နဲ့ တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေတွေကိုလည်းကောင်း ထုတ်ပြန်ခဲ့ပါတယ်။

**မေး။ အကျဉ်းထောင်၊ ရဲဘက်စခန်းတွေနဲ့ ရဲတပ်ဖွဲ့အချုပ်ခန်းတွေကို စစ်ဆေးကြည့်ရှုခြင်းတွေမှာ ဘယ်လိုတွေဆောင်ရွက်နေပါသလဲ။**

ဖြေ။ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေပုဒ်မ ၆၇ နဲ့ ၆၈ တို့အရ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးတွေ၊ တိုင်းဒေသကြီး/ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်တွေနဲ့ တရားသူကြီးတွေ၊ ခရိုင်တရားသူကြီးတွေအနေနဲ့ အကျဉ်းထောင်တွေကို ၇၆ ကြိမ်၊ ရဲတပ်ဖွဲ့အချုပ်ခန်းတွေကို ၆၃၇ ကြိမ်၊ ရဲဘက်စခန်းတွေကို ၄၉ ကြိမ် သွားရောက်စစ်ဆေးပြီးပါပြီ။ အချုပ်ခံနေရသူတွေ၊ ပြစ်ဒဏ်ကျ အကျဉ်းသူ အကျဉ်းသားတွေ ဥပဒေနဲ့အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေရရှိခံစားနိုင်စေဖို့နဲ့ အမှုတွေစစ်ဆေးစီရင်ရာမှာ နှောင့်နှေးကြန့်ကြာမှုမဖြစ်ပေါ်စေရေးတို့အတွက် လိုအပ်ချက်တွေကို လမ်းညွှန်မှုပြုကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်းကို ယခင်နှစ်ထက် ပိုမိုဆောင်ရွက်ခဲ့ပါတယ်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ဟာ **"အားလုံးအတွက် တိုးတက်ကောင်းမွန်သော တရားမျှတမှုဆီသို့"** (Towards Improving Justice for All) ဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ မြန်မာနိုင်ငံတရားစီရင်ရေးရဲ့ တရားစီရင်ရေးဆိုင်ရာ မဟာဗျူဟာစီမံကိန်း ၂၀၁၈ – ၂၀၂၂ ကို လူတိုင်းသို့ အရည်အသွေးမြင့် တရားမျှတမှုတွေကို ဖြည့်ဆည်းပေးဖို့၊ တရားရုံးတွေအပေါ် ပြည်သူလူထုရဲ့ စိတ်ချယုံကြည်မှုနဲ့ ထိရောက်မှုရှိတဲ့ တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ဟုတ်ကဲ့။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ အစိုးရစတုတ္ထ (၁) နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ လုပ်ငန်းဆောင်ရွက်ချက်တွေနဲ့ ပတ်သက်ပြီး အားနည်းချက်၊ အားသာချက်နဲ့ စိန်ခေါ်မှုတွေကို ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ။ မှုခင်းတွေ ပိုမိုပြီးပြတ်အောင် ဆောင်ရွက်နိုင်ခဲ့ပေမယ့် ပိုမိုများပြားလာတဲ့ စွဲဆိုမှုခင်းတွေကို လျော့နည်းသွားအောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးပါဘူး။ မှုခင်းစီမံခန့်ခွဲမှုစနစ်ဟာ အမှုစစ်ဆေးစီရင်မှုရဲ့ အရေးကြီးတဲ့ ပြုပြင်ပြောင်းလဲမှုဖြစ်တာကြောင့် တရားသူကြီး၊ တရားရုံးဝန်ထမ်းတွေသာမက အမှုသည်တွေ၊ သက်သေတွေ (ပုဂ္ဂလိက/ ဌာနဆိုင်ရာ)၊ ဆက်စပ်အဖွဲ့အစည်းတွေ၊ ရှေ့နေတွေ လိုက်နာဆောင်ရွက်ပြီး ပူးပေါင်းအကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ တရားရုံးတွေမှာ ဝန်ထမ်းအင်အားမလုံလောက်ခြင်း၊ ဘတ်ဂျက်ငွေ အသုံးပြုနိုင်မှုအကန့်အသတ်ရှိခြင်းနဲ့ နည်းပညာအသုံးပြုနိုင်မှု အားနည်းခြင်းတွေ ရှိပါတယ်။

တရားစီရင်ရေးရဲ့ ပြုပြင်ပြောင်းလဲမှုတွေဖြစ်တဲ့ မှုခင်းစီမံခန့်ခွဲမှုစနစ် ကျင့်သုံးခြင်း၊ တရားရုံးအစီရင်ခံစာထုတ်ပြန်ခြင်းနဲ့ ကူးသန်းရောင်းဝယ်ရေးမှုခင်း စီရင်ချက်ထုတ်ပြန်ခြင်းတို့ဟာ မှုခင်းတွေနဲ့ သက်ဆိုင်သူတွေသာမက တရားစီရင်ရေးရဲ့ တိုးတက်ဖြစ်ပေါ်မှု၊ နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုအတွက် အထောက်အကူဖြစ်ခြင်းစတဲ့ အကျိုးကျေးဇူးတွေကို ရရှိစေပါတယ်။

**မေး။ တရားစီရင်ရေးနယ်ပယ်မှာ အမှုတွေစစ်ဆေးတဲ့အခါ ကြန့်ကြာမှုမရှိဘဲ အမှုဆောင်ရွက်ပြီးစီးမှုကို ရှင်းပြပေးပါဦး။**

ဖြေ။ တရားစီရင်ရေးနယ်ပယ်မှာ အမှုတွေစစ်ဆေးတဲ့အခါ ကြန့်ကြာနေခြင်းက တရားမျှတမှုကို ကြန့်ကြာပြီး ဆုံးရှုံးစေတယ်လို့ လက်ခံထားပါတယ်။ အမှုစစ်ဆေးရာမှာ သက်ဆိုင်ရာ ဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေ၊ နှစ်ဖက်အမှုသည်ရဲ့ အခွင့်အရေးတွေကို လိုက်နာပြီး တရားမျှတစွာ စစ်ဆေးစီရင်ဖို့ ဖြစ်ပါတယ်။ မှုခင်းစီမံခန့်ခွဲမှုစနစ်ဟာ အမှုတွေကို အမြန်စစ်ဆေးခြင်း မဟုတ်ဘဲ သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် လုပ်ထုံးလုပ်နည်းတွေနဲ့အညီ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အဲဒီစနစ်ကို အသုံးပြုခြင်းက ကြန့်ကြာမှုတွေကိုလျှော့ချနိုင်ဖို့နဲ့ မှုခင်းဆောင်ရွက်မှုအဆင့်တိုင်းကို စနစ်တကျမှတ်တမ်းတင်ခြင်းက ကြန့်ကြာရတဲ့အကြောင်းတွေကို သိရှိစေပါတယ်။ အရင်ကထက် ကြန့်ကြာမှုတွေကို လျှော့ချနိုင်ပေမယ့် လျာထားချက်ပြည့်မီမှု မရှိသေးတာ ဖြစ်ပါတယ်။ စေ့စပ်ဖြေရှင်းရေးအစီအစဉ်တိုးတက်မှုနဲ့ ပြည်သူတွေရဲ့ တုံ့ပြန်မှုအပိုင်းမှာ စမ်းသပ်အစီအစဉ် တရားရုံးတွေမှာ စေ့စပ်ဖြေရှင်းရေးအောင်မြင်မှုတွေ တိုးတက်ကောင်းမွန်ပြီး ပြည်သူတွေနဲ့ အမှုသည်တွေက လိုလားကြောင်းလည်း တွေ့ရပါတယ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာဇဘတ်မြို့တွင် ၁၉-၅-၂၀၁၉ က ကျင်းပသည့် "(၉)ကြိမ်မြောက် စိန့်ပီတာဇဘတ် နိုင်ငံတကာဥပဒေဖိုရမ်"သို့ တက်ရောက်စဉ်။

**မေး။ ဥပဒေအသိပညာပေးမှုအပိုင်း နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေနဲ့ ပတ်သက်ပြီးလည်း ပြောကြားပေးပါဦး။**

ဖြေ။ ၂၀၁၉ ခုနှစ်အတွင်း တရားရုံးလက်ကမ်းစာစောင်တွေကို မြန်မာဘာသာစကားနဲ့သာမက တိုင်းရင်းသားဘာသာစကား ခုနစ်မျိုးနဲ့ ဖြန့်ဝေနိုင်ခဲ့ပါတယ်။ တရားရုံးက ဦးဆောင်တဲ့ စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို အသိပညာပေးဗီဒီယိုထုတ်လွှင့်ဖို့ စီစဉ်ပြီးပါပြီ။ လူမွဲခံယူခြင်းဆိုင်ရာဥပဒေအသစ်အတွက် အသိပညာပေးဗီဒီယိုထုတ်လွှင့်ဖို့ စီစဉ်သွားမှာ ဖြစ်ပါတယ်။

တရားစီရင်ရေးမဟာဗျူဟာစီမံကိန်းပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ကုလသမဂ္ဂအဖွဲ့အစည်းတွေ၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းတွေ အကူအညီနဲ့ ဆောင်ရွက်နေပါတယ်။ ပြည်ထောင်စုတရားသူကြီးချုပ်က အာဆီယံတရားသူကြီးချုပ်များကောင်စီမှာ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး အာဆီယံဒေသတရားစီရင်ရေးပူးပေါင်းဆောင်ရွက်မှုတွေမှာ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

နှစ်နိုင်ငံ တရားစီရင်ရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဖို့နဲ့ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ရာတွင် တရားစီရင်ရေးက အထောက်အကူဖြစ်စေဖို့ ရည်ရွယ်ပြီး ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နဲ့ စင်ကာပူတရားလွှတ်တော်ချုပ်တို့အကြား ငွေကြေးဆိုင်ရာ စီရင်ချက်များ အတည်ပြုရန် လမ်းညွှန်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

**မေး။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ ရှေ့ဆက်လက်ဆောင်ရွက်သွားမယ့် အစီအစဉ်တွေရှိရင်လည်း သိပါရစေ။**

ဖြေ။ ၂၀၂၀ ပြည့်နှစ်မှာ ဦးစားပေးဆောင်ရွက်မယ့်လုပ်ငန်းတွေက တရားရုံးအဆင့်ဆင့်သို့ စွဲဆိုသည့်အမှုများ ပြီးပြတ်မှုနှုန်းကို လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ဖို့၊ နိုင်ငံတစ်ဝန်း မှုခင်းစီမံခန့်ခွဲမှုအစီအစဉ်ကို ခရိုင်တရားရုံး ၂၅ ရုံးနဲ့ မြို့နယ်တရားရုံး ၁၀၉ ရုံးမှာ တိုးချဲ့အကောင်အထည်ဖော်ဖို့၊ အမှုများ စံသတ်မှတ်တဲ့အချိန်ကာလအတွင်း ပြီးပြတ်မှုနဲ့ အမှုရုံးချိန်း သေချာစေမှု တိုးတက်အောင်ဆောင်ရွက်ဖို့၊ တရားရုံးက ဦးဆောင်တဲ့ စေ့စပ်ဖြေရှင်းရေး စမ်းသပ်အစီအစဉ်ကို မြို့နယ်တရားရုံး ခြောက်ရုံးမှာ တိုးချဲ့ အကောင်အထည်ဖော်ဆောင်ရွက်ဖို့၊ တရားရုံးတွေမှာ အထူးသက်သေစစ်မေးခန်းတွေနဲ့ ဗီဒီယိုနဲ့စစ်ဆေးတဲ့ အထောက်အပံ့ပစ္စည်းတွေ တိုးချဲ့ဆောင်ရွက်ဖို့၊ တန်ဖိုးနည်းသက်သာခွင့်တောင်းဆိုတဲ့ တရားမမှုတွေအတွက် လုပ်ထုံးလုပ်နည်းတွေ၊ လူမွဲခံယူခြင်းဆိုင်ရာနည်းဥပဒေ စတဲ့ ဥပဒေမူဘောင်သစ်တွေ ထုတ်ပြန်ရေးဆောင်ရွက်ဖို့၊ ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ တရားရုံးတည်ထောင်ရေးအတွက် လုပ်ငန်းစီမံချက်တွေ ရေးဆွဲဖို့၊ တရားရုံးက ဦးဆောင်တဲ့ စေ့စပ်ဖြေရှင်းရေးစနစ် အကောင်အထည်ဖော်ရေးလုပ်ငန်း အစီအစဉ်တွေချမှတ်ဖို့၊ တရားရုံးစီရင်ချက်တွေထုတ်ပြန်ရေး အိုင်တီနည်းပညာစနစ်တစ်ခုတည်ဆောက်ဖို့၊ တရားသူကြီးတွေနဲ့ တရားရေးအရာရှိတွေရဲ့ တရားစီရင်ရေးနဲ့ လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုမြှင့်တင်ဖို့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရဲ့ တရားစီရင်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေ၊ နယ်စပ်ဖြတ်ကျော် တရားမမှုခင်းတွေနဲ့ စီးပွားရေးမှုခင်းတွေအတွက် ဒေသတွင်း တရားရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဖို့တို့ ဖြစ်ပါတယ်။

ဟုတ်ကဲ့ပါ အခုလို ပြည့်ပြည့်စုံစုံဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ။



ပြည်ထောင်စုတရားလွှတ်တော်ချုပ် Judicial College အဆောက်အဦပုံစံကို တွေ့ရစဉ်။

တိုင်းရင်းသားရေးရာ

ကြေးမုံ
အထူးကဏ္ဍ



ဧပြီ ၄၊ ၂၀၂၀(စနေနေ့)

# ချင်းတိုင်းရင်းသားတို့၏ ရိုးရာဓလေ့တစ်ခုဖြစ်သော ခွာဒိုပွဲတော်

ခွာဒိုပွဲတော်သည် ချင်းတိုင်းရင်းသားလူမျိုးတို့၏ ရိုးရာဓလေ့ပွဲတော်တစ်ခုဖြစ်သည်။ ခွာဒိုပွဲတော်သည် ချင်းလူမျိုးတို့၏ ရိုးရာပွဲတော်များအနက် အထူးအရေးပါဆုံးနှင့် အမြင့်မြတ်ဆုံးပွဲတော်ဖြစ်သည်။ ခွာဒိုပွဲတော်ကို ရွာလုံးကျွတ် စုပေါင်းကျင်းပလေ့ရှိသည်။ အဆင့်အတန်းမရွေး၊ ဘာသာမရွေး စုပေါင်းတာဝန်ယူကာ စုပေါင်းကျင်းပလေ့ရှိသည်။ ရိုးရာခွာဒို (khuado)ပွဲတော်ကို ကျေးလက်ဒေသများနှင့် မြို့ပေါ်ရပ်ကွက်များတွင် ရိုးရာအစဉ်အလာမပြတ် နှစ်စဉ်တစ်ကြိမ် ကျင်းပလာခဲ့ကြသည်မှာ ယနေ့အချိန်အထိဖြစ်ပါသည်။

မင်းလပြည့် (ဟားခါး)

ချင်းရေးရာဦးစီးအဖွဲ့မှ ၃-၈-၁၉၆၄ ရက်နေ့တွင် ရွေးချယ်သတ်မှတ်ခဲ့သည်။ ချင်းရေးရာဦးစီးအဖွဲ့သည် ၂၇-၁၀-၁၉၆၄ ရက်နေ့တွင် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့ စုစုပေါင်း သုံးရက်ကို ချင်းပြည်နယ်အတွင်း ခွာဒိုပွဲတော်အဖြစ် သတ်မှတ်ခဲ့ကြောင်း သိရသည်။

တောင်ယာသီးနှံများ တစ်နှစ်တာ ရိတ်သိမ်းပြီးစီးမှုအောင်ပွဲ၊ ရွာသူရွာသားများ ကျန်းမာပျော်ရွှင်ရေးနှင့် အနာရောဂါဘယ ကင်းဝေးစေရန်၊ ရာသီဥတု ကောင်းမွန်မှန်ကန်ပြီး တောင်ယာသီးနှံများ အထွက်တိုးအောင်မြင်စေရန်၊ ရွာတွင်းမှ မကောင်းဆိုးဝါးများနှင့် နတ်ဆိုးများကို နှင်ထုတ်ပြီး၊ အန္တရာယ်ကင်းဝေးစေရန်၊ အေးချမ်းသာယာစွာ နေထိုင်စားသောက်နိုင်ရန်နှင့် စိတ်သစ်ကိုယ်သစ်ဖြင့် ပျော်ရွှင်စွာ နှစ်သစ်သို့ ကူးပြောင်းရန်တို့ကို ရည်ရွယ်၍ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကြခြင်းလည်းဖြစ်ပါသည်။

### ပွဲတော်ကျင်းပချိန်(ခွာဒိုရာသီကာလ)

ခွာဒိုပွဲတော်ကျင်းပချိန်သည် ကျေးရွာဒေသတစ်နေရာနှင့်တစ်နေရာ မတူပါ။ ဆပ်ဆန်၊ ပြောင်းဖူးစိုက်ပျိုးသည့် ကျေးရွာများ၌ စက်တင်ဘာလတွင် စတင်ကျင်းပပြီး စပါးစိုက်ပျိုးသော ကျေးရွာဒေသများ၌ ခွာဒိုပွဲတော်ကို ဒီဇင်ဘာလတွင် ကျင်းပလေ့ရှိသည်။ ခွာဒိုပွဲတော်ကို နေရာဒေသအသီးသီးတွင် စက်တင်ဘာလ၊ အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလများ၌ အသီးသီးကျင်းပခဲ့ကြသည်။ စက်တင်ဘာလမှ ဒီဇင်ဘာလအထိ ကာလကို ခွာဒိုရာသီကာလဟုခေါ်သည်။ တစ်ရွာနှင့် တစ်ရွာ အပြန်အလှန်ဖိတ်ကြားကာ စုပေါင်းကျင်းပခဲ့ကြသည်။

ချင်းရိုးရာခွာဒိုပွဲတော်ကို ဒေသအလိုက် အမျိုးမျိုး ခေါ်ဆိုသုံးစွဲကြသည်။ တီးတိန်မြို့နှင့် တွန်းဇံမြို့နယ်တို့တွင် ကွမ်ခင့် (Kum Khen)၊ တုမ်တွန့် (Tuk Tun)၊ ခွာဒို (Khua Do)၊ ဖလမ်းမြို့နယ်တွင် ဒေါင်ပွေး (Dong Pui)၊ ဖန်အဲရ် (Fang Er)၊ တာရ်ကျင်း (Thar Can)၊ ဒေါင်းဆောင်း (Dawng Sawng)၊ ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်တို့တွင် ထာအို (Tho)၊ မတူပီမြို့နယ်တွင် ခိုသူး (Kho Tu)၊ ကျာန်ဇောမ် (Cang Zom)၊ ခေန္နာကယ်ပ (Khei Na Ke Pa)၊ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တို့တွင် ကွမ်စီး (Kum Ci)၊ ထားမက (Htaim Kai)၊ ပလက်ဝမြို့နယ်တွင် တအိုင်စား (Ta Ai Sa) ဟူ၍ ဒေသအလိုက် အမျိုးမျိုးခေါ်ဆိုသုံးစွဲကာ ပွဲတော်ကျင်းပကြသည်။ ဤကဲ့သို့ ဒေသအလိုက် အသုံးအနှုန်းများ၊ ကွဲပြားမှုရှိသော်လည်း ခွာဒိုပွဲတော်၏ အနှစ်သာရ၊ ရည်ရွယ်ချက်နှင့် ပွဲတော်ကျင်းပရခြင်း၏ အကြောင်းရင်းတို့မှာမူ ကွဲပြားခြားနားခြင်းမရှိကြပေ။ ချင်းလူမျိုးများသည် ဒေသအလိုက် ဘာသာစကား ကွဲပြားမှုရှိသော်လည်း ဓလေ့ထုံးစံနှင့် ယုံကြည်မှုအယူဝါဒများသည် အခြေခံအားဖြင့် တူညီမှုရှိကြသည်။

ချင်းရိုးရာခွာဒိုပွဲတော် (ခေါ်) နှစ်သစ်ကူးပွဲတော်သည် ရာသီပွဲတော်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း



အဓိက တောင်ယာသီးနှံများ ရိတ်သိမ်းပြီးချိန်တွင် ကျင်းပလေ့ရှိသည်။ ရာသီဥတု၊ ရေမြေသဘာဝ၊ ပထဝီအခြေအနေအရ တောင်ယာသီးနှံရိတ်သိမ်းချိန်သည် တစ်နေရာနှင့် တစ်နေရာ မတူညီကြချေ။ ထို့ကြောင့် ခွာဒိုပွဲတော်ကို အစောဆုံး စက်တင်ဘာလမှ နောက်အကျဆုံး ဒီဇင်ဘာလအထိ နေရာဒေသအလိုက် ကျင်းပလေ့ရှိကြသည်။

### ခွာဒို၏အနက်အဓိပ္ပာယ်

ရှေးအခါက ချင်းလူမျိုးများသည် ဤစကြဝဠာတစ်ခုလုံးကို ကောင်းကင်ဘုံ (Vantung)၊ လူ့ကမ္ဘာဘုံ (Leitung)နှင့် မြေအောက်ဘုံ (Leinuai)ဟူ၍ လောကကြီးကို ဘုံသုံးဆင့်ဖြင့် တည်ဆောက်ထားသည်ဟု ယူဆကြသည်။ လူ့ပြည်၊ လူ့ရွာ၊ လူ့ကမ္ဘာဘုံကို ခွာ (khua)ဟု ခေါ်ဆိုသည်။ တန်ခိုးရှင်ဘုရားများနှင့် ကွယ်လွန်သူများ၏ ဝိညာဉ်များက စောင့်ရှောက်ကြသည်ဟု ယုံကြည်သည်။ ဒို (Do)၏ အဓိပ္ပာယ်မှာ နှစ်မျိုးရှိသည်။ ဒို၏ အနက်အဓိပ္ပာယ်တစ်ခုမှာ တစ်ဦးနှင့်တစ်ဦး ဖော်ရွေပျူငှာစွာ ညှော့ဝတ်ပြုခြင်း၊ ကျွေးမွေးညှော့ခံပြုစုခြင်း၊ ရပ်နီးရပ်ဝေးမှ ညှော့သည် လက်ခံ၍ ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းဖြစ်ပြီး ဒို၏ အနက်အဓိပ္ပာယ်တစ်မျိုးမှာ တိုက်ခိုက်ချေမှုန်းခြင်း၊ နှင်ထုတ်ခြင်း၊ ကြံ့ကြံ့ခံ၍ ခုခံခြင်းပင်ဖြစ်သည်။

ခွာဒိုပွဲတော်၏ အနက်အဓိပ္ပာယ်မှာ တောင်ယာသီးနှံများ အောင်မြင်စွာ ရိတ်သိမ်းပွဲတော်တွင် ခဲဘွယ်ဘောဇဉ်စားဖွယ်သောက်ဖွယ်ရာများဖြင့် ကွယ်လွန်သူများ၏ ဝိညာဉ်များကို ပူဇော်ဆက်ကပ်ခြင်း၊ တန်ခိုးရှင်ဘုရားများအား ပူဇော်ပသခြင်း၊ ဆုတောင်းမေတ္တာပို့ခြင်း၊ ရွာထဲမှ နတ်ဆိုးများကို နှင်ထုတ်ခြင်း၊ နှစ်သစ်တွင် ကျန်းမာပျော်ရွှင်ရေး၊ ရာသီဥတု ကောင်းမွန်မှန်ကန်၍ တောင်ယာသီးနှံများ အောင်မြင်ဖြစ်ထွန်းရေး၊ ရပ်နီးရပ်ဝေးမှ ညှော့သည်များ ညှော့ခံပြုစုကျွေးမွေးရေးတို့အတွက် အလှူမင်္ဂလာဆုတောင်းပွဲတော်ကြီးကို အဆို၊ အကများဖြင့် တစ်ရွာလုံးတပျော်တပါး စုပေါင်းကျင်းပခြင်းကို ဆိုလိုပေသည်။

### ပွဲတော်ရက်သတ်မှတ်ခြင်း

ခွာဒိုပွဲတော်တွင် ပွဲတော်ကျင်းပမည့်ရက်ကို အနည်းဆုံး တစ်ပတ်ခန့် ကြိုတင်သတ်မှတ်၍ ကြေညာသည်။ ပွဲတော်ရက်သတ်မှတ်ရန်အတွက် ရွာသူကြီး (သို့မဟုတ်) နတ်ဆရာ (Siampu) အိမ်တွင် ရွာလူကြီးများ စုဝေးတိုင်ပင်ပြီး နေ့ရက်သတ်မှတ်ခဲ့ကြသည်။ ယင်းနေ့ရက်ကို ရွာသူကြီး (သို့မဟုတ်) နတ်ဆရာ (Siampu)မှ ကြေညာပေးသည်။ တချို့သော နေရာဒေသများတွင် (Tulpi)ခေါ် ဆွေမျိုးစုနတ်ဆရာအကြီးအကဲ၏ သဘောတူခွင့်ပြုသည့်ရက်များ၌သာ ကျင်းပသည်။ ရွာသားများသည် ပွဲတော်ကာလတွင် ခရီးသွားလာခြင်းကို ရှောင်ကြဉ်ကြသည်။

### ပွဲတော်အတွက်ကြိုတင်ပြင်ဆင်ခြင်းနှင့် တာဝန်ခွဲဝေမှု

ခွာဒိုပွဲတော်သည် ရွာလုံးကျွတ်ပွဲတော်ဖြစ်သဖြင့် တစ်ရွာလုံးမှ စုပေါင်းတာဝန်ယူကြရသည်။ ပွဲတော်အတွက် လိုအပ်သော ဆန်၊ ဆပ်ဆန်၊ အောင်လောက်၊ လူး၊ ဆပ်၊ ကောက်ညှင်းဆန်၊ ခေါင်ရည်၊ ကြက်၊ ဝက်၊ နွားစသည်တို့ကို တစ်ရွာလုံးမှာ စုပေါင်းရှာဖွေကြသည်။ ပွဲတော်အတွက် ကြက်၊ ဝက်၊ နွားများ မွေးထားကြသည်။ အမျိုးသမီးများသည် ထင်းရှာခြင်း၊ ရေခပ်ခြင်း၊ ချက်ပြုတ်ခြင်း၊ ညှော့ဝတ်ပြုခြင်းတို့၌ တာဝန်ယူကြရသည်။ ယောကျာ်းများက မဏ္ဍပ်ဆောက်ခြင်း၊ အတီးအမှုတ်တူရိယာပစ္စည်းများ၌ တာဝန်ယူကြသည်။ ပွဲတော်ရက် နီးကပ်လာသည့်အခါတွင် ရေတွင်းရေကန်များ၊ လမ်းများကို စုပေါင်းသန့်ရှင်းရေးပြုလုပ်ကြသည်။ ထင်းရှူးဆီသားများကို ရှာဖွေစုဆောင်းထားသည်။ ရွာတွင်းရှိ နတ်ကွန်းများနှင့် ရွာပြင်ရှိ နတ်ကွန်း (khua mual)များကို သန့်ရှင်းရေး ပြုလုပ်ကြသည်။

### ပွဲတော်အမျိုးအစား

တချို့ဒေသများတွင် ခွာဒိုပွဲတော်ကို ဒိုနို ပွဲတော် (Dono Pawi)နှင့် ဒိုပီးပွဲတော် (Dopi Pawi)ဟူ၍ နှစ်မျိုးရှိသည်။ ဒိုပီးပွဲတော်ကို သုံးနှစ်တစ်ကြိမ်ကျင်းပသည်။ လေးရက်ကြာကျင်းပသည်။ ပထမနေ့တွင် ပျားအုံဖွပ်ခြင်း မပြုလုပ်ဘဲ၊ ဒုတိယနေ့တွင် ပျားအုံဖွပ်ရသည်။ တတိယနေ့တွင် ရွာလယ်နတ်ကွန်း၌ လက်ဆုံစားသောက်ကြသည်။ နတ်ဆိုးများ မောင်းထုတ်သည့်ညတွင် ရွာလယ်နတ်ကွန်း (Khuatual) သို့ဖြစ်စေ၊ဒုတိယမြောက်နေ့တွင် ပျားအုံများယူဆောင်ကာ ရွာဦးနတ်ကွန်း (Khuamual) သို့ သွားရာတွင်ဖြစ်စေ၊ အမျိုးသမီးများ လိုက်သွားခွင့်ရှိသည်။ ဒိုပီးပွဲတွင် ကျား၊ မ မရွေး အားလုံးသည် နတ်ဆရာအိမ်မှ စုရုံးပြီး၊ အတီးအမှုတ်၊ အကအခုန်ဖြင့် နတ်ကွန်းသို့သွားကြပြီး နတ်ဆိုးများကို မောင်းထုတ်ကြရလေသည်။ နတ်ကွန်း၌ တစ်ညလုံး သီဆိုကခုန်ကြသည်။ ရွာလယ်နတ်ကွန်းတွင် ခုနစ်ည သီဆိုကခုန်ကြသည်။

ဒိုနိုပွဲ (Dono Pawi)ကို သုံးရက်ကြာကျင်းပသည်။ အမျိုးသမီးများ ပါဝင်ခွင့်မရှိပါ။ ပွဲတော်ပထမနေ့ညတွင် လူငယ်များသည် ပျားအုံဖွပ်ရန် သွားကြလေသည်။ ရွာလယ်နတ်ကွန်းတွင် သုံးည သီဆိုကခုန်ကြလေသည်။

### အသုံးပြုသည့် ရိုးရာတူရိယာပစ္စည်းများ

ခွာဒိုပွဲတော်ကျင်းပသည့် ရက်ကာလများတွင် သံစုံဝါးပုလွေ (Phitt)၊ မုံ (Khuang)၊ မောင်း (Zam)၊ မောင်းစုံတွဲ (Daakbu)များကို တီးမှုတ်ကာ သီဆိုကခုန်ကြသည်။ ခွာဒိုပွဲတော်တွင် ရှေးရိုးရာသီချင်းများဖြစ်ကြသည့် ခွာဒိုပွဲတော်သီချင်းများ လူကြီးသူမ ဆုံးမစာသီချင်းများ ပုလွေမှုတ် (Phit Laam)အက၊ ပျားအုံယူအက၊ စုပေါင်းအက (Laam Vui)၊ ဒတ်လမ်း (Daak Laam) အကစသည့် အကမျိုးစုံဖြင့် ပျော်ပျော်ပါးပါး သီဆိုကခုန်ကြသကဲ့သို့ ပွဲတော်၏ နေ့လယ်နေ့ခင်းများတွင် ပျော်ပွဲရွှင်ပွဲများအဖြစ် လွန်ဆွဲပွဲ၊ နပန်းပွဲများ၊ ကျောက်တုံးပစ်ပွဲများ တပျော်တပါး ကျင်းပလျက်ရှိသည်။ ခွာဒိုပွဲကျင်းပရန် တစ်ပတ်ခန့် အလိုတွင် သံစုံဝါးပုလွေ (Phitt)များကို ပြုလုပ်ကာ နတ်ဆရာအိမ် (သို့မဟုတ်) လူငယ်ဂေဟာ ပိုင်ရှင်အိမ် (Haamneite)၌ မှုတ်၍ လေ့ကျင့်ကြသည်။ သံစုံဝါးပုလွေတစ်စုံတွင် အနည်းဆုံး ဝါးပုလွေ ရှစ်ခုရှိပြီး အသံလေးမျိုးဖြင့် ပြုလုပ်ထားသည်။ လူဦးရေပေါ်မူတည်၍ ဝါးပုလွေကို သုံးစုံအထိ ပြုလုပ်ထားသည်။ ပျားအုံသယ်ယူရာတွင်လည်း ဝါးပုလွေသံစုံများကို မုံ၊ နွားနောက်ချိုတို့နှင့်တွဲ၍ တီးမှုတ် သီဆိုကာ ဖစ်လမ်းအက (Phiitlam)ကခုန်ပြီး ရွာနတ်ကွန်းသို့ ပြန်လာကြပါသည်။

**တောင်ယာသီးနှံများ တစ်နှစ်တာ ရိတ်သိမ်းပြီးစီးမှုအောင်ပွဲ၊ ရွာသူရွာသားများ ကျန်းမာပျော်ရွှင်ရေးနှင့် အနာရောဂါဘယ ကင်းဝေးစေရန်၊ ရာသီဥတုကောင်းမွန်မှန်ကန်ပြီး တောင်ယာသီးနှံများ အထွက်တိုးအောင်မြင်စေရန်၊ ရွာတွင်းမှ မကောင်းဆိုးဝါးများနှင့် နတ်ဆိုးများကို နှင်ထုတ်ပြီး၊ အန္တရာယ်ကင်းဝေးစေရန်၊ အေးချမ်းသာယာစွာ နေထိုင်စားသောက်နိုင်ရန်နှင့် စိတ်သစ်ကိုယ်သစ်ဖြင့် ပျော်ရွှင်စွာ နှစ်သစ်သို့ ကူးပြောင်းရန်တို့ကို ရည်ရွယ်၍ နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကြခြင်းလည်းဖြစ်**

အထူးကဏ္ဍစာမျက်နှာ ၈ သို့ »»

# သောက်သုံးရေပြတ်လပ်မှုမရှိစေရေး ရေဂါလန် ၂၅၄၀၀ ဖြန့်ဝေ



တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရိန္နဲ့ကျေးရွာအုပ်စုရှိ ကျေးရွာ ၁၁ ရွာတွင် သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ရေဖြန့်ဝေရေးယာဉ်ဖြင့် မေ ၁ ရက်အထိ ရေဂါလန် ၂၅၄၀၀ ခန့် ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရန်ပုံငွေကျပ် ၈၉၀ ဒသမ ၉၈၂ သန်းနဲ့ ရိန္နဲ့ ကျေးရွာအုပ်စုထဲက ကျေးရွာ ၂၀ မှာ သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် စိမ့်စမ်းရေသွယ်ယူရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီထဲက ရေစုကန်ဆောင်ရွက်ပြီးဖြစ်တဲ့ ကျေးရွာ ၁၁ ရွာက ရေကန်တွေ ကွဲအက်တာမဖြစ်ဖို့နဲ့ စိမ့်စမ်းရေသွယ်ယူတဲ့လုပ်ငန်းတွေ ဆောင်ရွက်နေစဉ်မှာ ဒေသခံများ သောက်သုံးရေ ပြတ်လပ်မှုမရှိအောင် ကန်တွေထဲမှာ ရေဖြည့်ဆောင်ရွက်ပေးတာဖြစ်ပါတယ်" ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စွာက ပြောသည်။

အဆိုပါ သောက်သုံးရေသယ်ယူရေးလုပ်ငန်းများတွင် ရှမ်းပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် ရေဖြန့်ဝေရေးယာဉ်ဖြင့် ၁၂ ရက်တာကာလအတွင်း စက်သုံးဆီတန်ဖိုး ခွင့်ပြုငွေကျပ် သုည ဒသမ ၃၉၃၅ သန်းဖြင့် ကျေးရွာ ၁၁ ရွာအတွက် ရေဂါလန် ၂၅၄၀၀ ခန့် ဖြန့်ဝေပေးနိုင်ခဲ့ပြီး လူဦးရေ ၅၂၆၅ ဦးခန့်အား အကျိုးပြုမည်ဖြစ်ကြောင်းနှင့် ကျန်ရှိသောကျေးရွာ ကိုးရွာအတွက် သောက်သုံးရေဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်စွာက ဆက်လက်ပြောပြသည်။ "ကျွန်တော်တို့ဒေသမှာ သောက်သုံးရေရရှိဖို့ ကျေးလက်ဦးစီးဌာနက အကုန်အကျခံ ဆောင်ရွက်ပေးနေတဲ့အပြင် ရေမရရှိသေးခင်မှာ အခုလိုရေကားနဲ့အဝေးကနေသယ်ယူပြီး ဖြန့်ဖြူးပေးတယ်ဆိုတော့ ကျွန်တော်တို့အတွက် ကံကောင်းပြီးရင်း ကံကောင်းနေတယ်။ အဲဒီအတွက် ကျေးဇူးတင်ပြီးရင်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်" ဟု ဒေသခံတစ်ဦးက ပြောသည်။

ကိုထွေး(ဖယ်ခုံ)

# ကယား မက်ခါသီးထောင်း

စံလွင် (ငါးဦးစီး)

မက်ခါသီးက ကယားပြည်ရဲ့ ဒေသထွက်အသီးတစ်မျိုး ဖြစ်ပြီး ဟင်းခတ်အမွှေးအကြိုင် သုံးစွဲကြတယ်။ ကယားပြည်ရဲ့ ရိုးရာအစာ ဒေသစာဆိုရင် မက်ခါသီးနဲ့ မကင်းဘူး လို့တောင် ပြောနိုင်ပါတယ်။ ကယားဝက်အူချောင်းဆိုရင် မက်ခါသီးပါမှ လုပ်လို့ရတာပါ။ မက်ခါသီးမှာက အခြား ဟင်းခတ်အသီးအရွက်တွေနဲ့ ကွဲပြားတဲ့ ကိုယ်ပိုင်အနံ့ရှိလို့ ထူးခြားတာပါ။ အရသာက လျှာပေါ်တင်ရင် ပူရှိန်းရှိန်းနဲ့ ရှတတလေးနေပါတယ်။

မက်ခါသီးရဲ့ဂုဏ်က အညှီနံ့ကို ထိန်းပေးနိုင်တဲ့ အတွက် အသားဟင်းလျာတွေ ချက်ပြုတ်ရာမှာ မက်ခါမှုန့်ကို မဖြစ်မနေ ထည့်သွင်းချက်ပြုတ်ကြတာ ဖြစ်ပါတယ်။ မက်ခါသီးက မိုးရာသီမှာ အသီးစသီးပြီး အောက်တိုဘာလမှာ မှည့်ပါတယ်။ အသီးလေးတွေက ငရုတ်ကောင်းစေ့နဲ့တူလို့ အချို့က ကယားငရုတ်ကောင်းလို့ခေါ်ကြပါတယ်။ မက်ခါသီးအရောင်က အစိမ်းရောင်ရှိပြီး မှည့်တဲ့အခါအမှာတော့ အနီရောင်ပြောင်းသွားပါတယ်။

ကယားဈေးနေ့တွေမှာ မက်ခါသီးကို နို့ဆီဘူးနဲ့ ချိန်ရောင်းကြတာ တွေ့နိုင်ပြီး တစ်ဘူးကို ကျပ် ၃၀၀၀ ကနေ ကျပ် ၅၀၀၀ အထိရောင်းဈေးရှိပါတယ်။ မက်ခါသီးကို သုံးစွဲရာမှာ အသီးစမှည့်ရင်ခူးပြီးနေလှမ်းကာ ပြာတီးသန့်စင်ပြီး မက်ခါသီးအမှုန့် လုပ်ကြပါတယ်။ တချို့က အနံ့မွှေးအောင်ပြန်လှော်ကြပါတယ်။ အဲဒါကို ပဒေါင်ငရုတ်သီး၊ ဆား၊ ဖရုံစေ့လှော်တို့နဲ့ထောင်းပြီး မက်ခါသီးထောင်း အဖြစ် သုံးပါတယ်။ တချို့ကတော့ ဖရုံစေ့မထည့်ဘဲ မက်ခါသီးနဲ့ ဆား၊ ငရုတ်တို့ကိုပဲထည့်ထောင်းပါတယ်။ မက်ခါသီးထောင်းအမှုန့်ကို အသားကင်တွေ အသားဟင်းတွေစားတဲ့အခါ ဖြူးစား၊ တို့စားကြသလို ကယားဝက်အူချောင်းနဲ့လည်း တွဲဖက်စားသုံးကြတာ တွေ့ရပါတယ်။

မက်ခါသီးကို အစိမ်းထောင်း ထောင်းမယ်ဆိုရင်တော့ အသီးအစိမ်းကို မီးလေးသင်းပြီး ထောင်းတာရှိသလို အချို့က အစိမ်းအတိုင်းလည်း ထောင်းကြပါတယ်။ မက်ခါသီးအစိမ်းထောင်းမှာ ပါဝင်တဲ့အမယ်တွေက ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်းထောင့်၊ ဆားနဲ့ ပုစွန်ခြောက်တို့ ဖြစ်ပါတယ်။ တချို့တလေကတော့ မှျင်ငါးပိကင်လေးပါထည့်ပြီး ထောင်းကြပါသေးတယ်။ မက်ခါသီးစိမ်းထောင်းရဲ့ အရသာကမွှေးပျံ့ပြီး ပူရှိန်းတဲ့ အစပ်အရသာရှိလို့ ထမင်းဝိုင်းမှာတွဲဖက်စားတဲ့အခါ နှုတ်အလွန်မြိန်ပါတယ်။

မက်ခါပင်က ကယားပြည်နယ်ထဲမှာ သဘာဝအလျောက်ပေါက်တဲ့အပင် ဖြစ်ပါတယ်။ ယခုအခါမှာတော့ မက်ခါပင်ကို စမ်းသပ်စိုက်ပျိုးနေကြပြီး မက်ခါသီးကို ဒေသထွက်ကုန်အဖြစ် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်ဖို့ ကြိုးပမ်းနေကြောင်း ကြားသိရလို့ ကြိုဆိုလိုက်ရကြောင်းပါဗျာ။ ။





စာရေးဆရာမြင့်စိုးလှိုင် ဘာသာပြန်ဆိုရေးသားထားသည့် ရာဘင်ဒြာနသ်တဂိုး၏ ဆန်းစသော်တာ ကဗျာစုစာအုပ်တွင် ကလေးများ၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ ဘဝနေထိုင်နည်းများအပြင် သားသမီးနှင့် မိဘကြားနှောင်ဖွဲ့ထားသည့် သံယောဇဉ်များကို ဖော်ကျူးရေးဖွဲ့ထားရာ ယခုတစ်ပတ်တွင် လူဆိုးကြီးစာပို့သမားကဗျာကို အထူးအစီအစဉ်တစ်ရပ် ကလေးသူငယ်များ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ တိုင်းရင်းသားရေးရာကဏ္ဍမှ ဖော်ပြလိုက်ရပါသည်-

## THE WICKED POSTMAN

Why do you sit there on the floor
so quiet and silent, tell me, mother dear ?
The rain is coming in
through the open window,
making you all wet, and you don't mind it.
Do you hear the gong striking four ?
It is time for my brother
to come home from school.
What has happened to you
that you look so strange?
Haven't you got a letter from father to - day ?
I saw the postman
bringing letters in his bag
for almost everybody in the town.
Only , father's letters
he keeps to read himself.
I am sure the postman is a wicked man.
But don't be unhappy about that,
mother dear.
To-morrow is mark day
in the next village.
You ask your maid to buy
some pens and papers.
I myself will write all father's letters;
you will not find a single mistake.
I shall write from A right up to K.
But, mother,why do you smile?
You don't believe that I can write
as nicely as father does!
But I shall rule my paper carefully,
and write all the letters beautifully big.
When I finish my writing
do you think I shall be so foolish as father
and drop it into the horrid postman's bag ?
I shall bring it to you myself
without waiting,
and letter by letter help you
to read my writing.
I know the postman
does not like to give you
the really nice letters.

## လူဆိုးကြီးစာပို့သမား

ကြမ်းပေါ်မှာထိုင်ပြီး စကားလည်းမပြော
ဘာပြုလို့ဒါလောက်တိတ်တိတ်ဆိတ်ဆိတ်
ဖြစ်နေရသလဲဆိုတာ သားကိုပြောပြပါလား
ချစ်မေမေ...။
ပွင့်နေတဲ့ပြတင်းပေါက်ကနေ
မိုးတွေပက်လို့ မေမေစိုရွှဲနေပြီ။
ဒါတောင် မေမေနေနိုင်တယ်။
ကြေးမောင်းလေးချက်ထိုးတာ မေမေကြားရဲ့လား။
ညီလေး ကျောင်းကနေ အိမ်ပြန်လာချိန်ရောက်ပြီ။
မေမေ့ကြည့်ရတာ တစ်မျိုးကြီးပဲ
မေမေဘာဖြစ်နေတာလဲဟင်။
ဒီနေ့ ဖေဖေ့ဆီကစာမလာဘူးလား။
ကျွန်တော်စာပို့သမားကိုတွေ့လိုက်သားပဲ။
အိတ်ထဲမှာ စာတွေထည့်လို့
မြို့ထဲကလူတိုင်းလိုလိုကိုပေးနေတာပဲ။
ဖေဖေ့စာတွေကျခါမှ
သူဖတ်မလို့ယူထားတာဖြစ်ရမယ်။
စာပို့သမားဟာ လူဆိုးကြီးပဲ။
ဒါပေမယ့် ဒါကြောင့်တော့စိတ်မကောင်းမဖြစ်ပါနဲ့
သားချစ်တဲ့မေမေရယ်။ မနက်ဖြန်ဆို
ဟိုဘက်ရွာကဈေးနေ့ပဲ။
မေမေ့အိမ်ဖော်လေးကို
မင်တံနဲ့စာရွက်အနည်းကျဉ်း အဝယ်ခိုင်းလိုက်ပါ။
ဖေဖေ့စာတွေအားလုံး သားကိုယ်တိုင်ရေးမယ်၊
မေမေ အမှားတစ်လုံးမတွေ့စေရဘူး။
သား'ကကြီး' ကနေ 'ည'အထိ ရေးပြမယ်။
ဟော-မေမေကလည်း ဘာဖြစ်လို့ပြုံးတာလဲ။
ဖေဖေ့လောက်ကောင်းအောင်
သားစာရေးတတ်တယ်ဆိုတာ
မေမေ မယုံဘူးပေါ့။
သားစာရွက်ကို သေသေချာချာမျဉ်းချမယ်။
ပြီးတော့စာလုံးအားလုံးကို ကြီးကြီးလှလှရေးရမယ်။
ရေးပြီးရင် သားကိုဖေဖေ့လိုများ
လူဆိုးကြီးစာပို့သမားအိတ်ထဲ
အမိုက်ခံပြီးသွားထည့်မယ်ထင်သလား။
သားက မေမေ့ဆီ တစ်ချက်မဆိုင်းဘဲ
စာကို ကိုယ်တိုင်ယူလာပေးမယ်။
မေမေဖတ်တဲ့အခါ စာတစ်လုံးချင်းကူဖတ်ပေးဦးမယ်။
သားသိပါတယ်။
စာပို့သမားက တကယ်ကောင်းတဲ့စာတွေဆို
မေမေ့ကို ပေးချင်တာမဟုတ်ဘူး။ ။

မြင့်စိုးလှိုင် (မြန်မာပြန်)

**ဖိတ်ခေါ်ပါသည်**

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို Mirrormyosathit@gmail.comသို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

(စာတည်း)

»»» အထူးကဏ္ဍစာမျက်နှာ (က) မှ

ခွာဒိုပွဲတော်ကို ဒေသအခြေအနေနှင့် စီးပွားရေးအခြေအနေအရ အနည်းဆုံး နှစ်ရက်မှ အများဆုံး ခုနစ်ရက်အထိ ကျင်းပကြသည်။ အများစုသည် ခွာဒိုပွဲတော်ကို တစ်မျိုးတည်းသာ ကျင်းပလေ့ရှိသည်။ ပထမနေ့တွင် အိမ်နီးနားချင်းအလိုက်ဖြစ်စေ၊ ဆွေမျိုးစုအလိုက်ဖြစ်စေ ကြက်၊ ဝက်၊ နွား စသည်တို့ဖြင့် စုပေါင်းစားသောက်ပွဲများ ကျင်းပကြသည်။ စားသောက်ပွဲပြီးသွားသည့်အခါ အတီးအမှုတ်များ၊ သီဆိုကခုန်မှုများကို တပျော်တပါး ကျင်းပကြသည်။ ဇိုမီးတိုင်းရင်းသားတို့၏ ရာသီပွဲများ အနက် ခွာဒိုပွဲတော်သည် ပျော်ရွှင်မှုအရှိဆုံးပွဲတော်ဖြစ်သည်။ ခွာဒိုပွဲတော် ကျင်းပသော အစီအစဉ်တွင် ပျားအုံယူပွဲလည်း ပါဝင်သည်။ ရွာရှိ လူပျို၊ လူရွယ်တို့သည် တောအတွင်းသို့ ဝင်၍ ပျားအုံရှာဖွေကြရသည်။ ပျားအုံရရှိသောအခါ အိုးစည်၊ ဗုံမောင်းတီး၍ အဆိုအကများဖြင့် တပျော်တပါး မြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် ရွာသို့ ဝင်လာကြသည်။ အချို့သေနတ်ရှိသော ရွာများတွင် သေနတ်ပစ်ဖောက်၍ ပျားအုံကို သယ်ဆောင်လာကြသည်။ ပျားအုံသယ်ဆောင်လာသော လူပျို၊ လူရွယ်များကို ရွာရှိအပျိုအရွယ်များက ရွာအဝင်ရှိ မွာလ် (ခေါ်) နားနေစခန်းမှ ခေါင်ရည်ဖြင့် ကြိုဆိုတိုက်ကျွေးကြသည်။ ရွာလယ်နတ်ကွန်း (သို့) ပွဲကျင်းပရာအိမ်သို့ ရောက်သောအခါ တိုင်တစ်တိုင်ပေါ်၌ ပျားအုံကိုချိန်ဆွဲ၍ နတ်ဆရာသည် ပျားများကဲ့သို့ ရွာသူ ရွာသားများ ညီညီညွတ်ညွတ်နှင့် စုစု စည်းစည်း အလုပ်လုပ်နိုင်ကြစေရန် ဆုတောင်းကြသည်။ ထို့နောက် ပျားအုံကိုကြည့်၍ နိမိတ်ဟောသည်။

ခွာဒိုပွဲတော်ကို ဝက်၊ နွား၊ နွားနောက်စသော တတ်နိုင်သည့်အတိုင်းအတာဖြင့် ကျင်းပသည်။ ကွယ်လွန်ပြီးသူများအတွက် အထူးဟင်းလျာများအဖြစ် သားကောင်၏ဝမ်းတွင်းသားများကို ချက်ပြုတ်ကာ ကွယ်လွန်သူတို့၏ သင်္ချိုင်းဂူများသို့ သွားရောက်ဂါရဝပြု ပူဇော်ကန်တော့ကြသည်။ ကွယ်လွန်သူများကို ပူဇော်ကန်တော့ပြီးမှသာ စားသောက်ပွဲများကျင်းပနိုင်သည်။ ခွာဒိုပွဲတော်ကို အစားအသောက်၊ အဆိုအက၊ အတီးအမှုတ်များဖြင့် တစ်နေကုန် တစ်ညလုံး ကျင်းပသည်။ ခွာဒိုပွဲကျင်းပသည့် ပထမနေ့ညတွင် နတ်ဆိုးများကို ရွာတွင်းမှ မောင်းထုတ်ပွဲ ပြုလုပ်ကြသည်။ ခွာဒိုပွဲတော် သီချင်းများကို သီဆိုတီးမှုတ်ရင်း သုံးရက်မှ ခုနစ်ရက်အထိ ကျင်းပသည်။

**ဆွေမျိုးများ၏ သင်္ချိုင်းသို့ သွားရောက်ဂါရဝပြုခြင်း**

ပွဲတော်၏ပထမနေ့တွင် ကွယ်လွန်သူဆွေမျိုးများအတွက် ပွဲတော်၌အသုံးပြုသည့် ဝက်၊ နွား၊ နွားနောက်စသော သားကောင်၏ ဝမ်းတွင်းသားများကို အထူးဟင်းလျာအဖြစ် ချက်ပြုတ်ကာ ၎င်းဟင်းမျိုးစုံနှင့် စားသောက်ဖွယ်ရာများအား ယူဆောင်ပြီး တစ်နှစ်တာကာလအတွင်း ကွယ်လွန်သူဆွေမျိုးများ၏ သင်္ချိုင်းများသို့ သွားရောက်ဂါရဝပြု ပူဇော်ကန်တော့ကြသည်။ ကွယ်လွန်သူဆွေမျိုးများကို ဦးစွာရှိခိုးဦးချဂါရဝပြု ကန်တော့ပြီးမှသာ စားသောက်ပွဲများ ကျင်းပနိုင်သည်။

**နတ်ဆိုးများကို နှင်ထုတ်ခြင်း**

ပထမနေ့စားသောက်ပွဲပြီး၍ ညနေမှောင်စပြုလာသည့်အချိန်တွင် နတ်ဆရာနှင့် ရွာလူကြီးများက ဦးဆောင်ကာ နတ်ဆိုးများ မောင်းထုတ်ကြသည်။ နတ်ဆရာက သေနတ်တစ်ချက်ဖောက်၍ အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တစ်ရွာလုံးအိမ်တိုင်းစေ့ နတ်ဆိုးများစတင်ကာ နှင်ထုတ်ကြလေသည်။ နတ်ဆိုးများကို နှင်ထုတ်ရာတွင် အမျိုးသားများသည် ထင်းရှူးမီးနှင့် ပုဆိန်ရိုးတို့ကို လက်တစ်ဖက်စီတွင်ကိုင်လျက် အိမ်ဦးတိုင်မှစ၍ တိုင်များနှင့် နံရံများကို ပုဆိန်ရိုးဖြင့် ရိုက်ထုကြလေသည်။



ထိုသို့ ရိုက်ထုနေစဉ် **“ဝိညာဉ်ဆိုး၊ နတ်ဆိုးများ ထွက်သွားကြကုန်လော့၊ နတ်ဆိုးများ၏ အချိန်နေ့ရက်ကာလများ ကုန်လွန်ခဲ့ပါပြီ၊ နတ်ပြည် နတ်ရွာသို့ ပြန်သွားကြပါကုန်လော့၊ ရွာ၌ ငတ်မွတ်ခေါင်းပါးခြင်းဟူသော ဘေးဒုက္ခများ ကင်းဝေးသွားပါစေ၊ ကျန်းမာချမ်းသာ အေးငြိမ်းကြပါစေ”** ဟူ၍ အော်ဟစ်ကြွေးကြော်ကြသည်။ အိမ်ဦးခန်းမှစ၍ အိမ်ရှေ့သို့ ရောက်လာသည့်အခါ လက်တွင်ကိုင်ထားသော ပုဆိန်ရိုးကို အိမ်အပြင်ဘက်သို့ လွှင့်ပစ်လိုက်သည်။ လက်တစ်ဖက်တွင် ကိုင်ထားသော ထင်းရှူးမီးကိုနှစ်ခုခွဲ၍၊ ခြံစည်းရိုးတံခါး ဘေးတစ်ဖက်တစ်ချက်စီတွင် ထွန်းထားခဲ့သည်။ ၎င်းနောက် နတ်ဆရာအိမ်သို့ သွားရောက်စုရုံးကြပါသည်။ နတ်ဆရာအိမ်မှတစ်ဖန် ထင်းရှူးမီးကိုယ်စီကိုယ်င ဆွဲကိုင်လျက် ရွာလယ်နတ်ကွန်းသို့ သွားရောက်စုရုံးကြပြန်လေသည်။

ရွာရှိ လူပျိုဆောင်များမှ လူပျိုများသည်လည်း ထင်းရှူးမီးကိုယ်စီကိုင်လျက် နတ်ကွန်း (Tual)သို့ စုရုံးကြသည်။ အဖွဲ့အားလုံး ဆုံမိသည့်အခါတွင် နတ်ကွန်းကို စုပေါင်း၍ တစ်ပတ်ရစ် ပတ်သွားရင်း **“နတ်ဆရာများ၊ ဝိညာဉ်ဆိုးများထွက်သွားကြပါ”**ဟူ၍ ယခင်နည်းအတိုင်း အော်ဟစ်ကြွေးကြော်ကာ နတ်ကွန်းမှနတ်ဆိုးများ မောင်းထုတ်ကြပြန်ပါသည်။ နတ်ကွန်းများမှ နတ်ဆိုးများ မောင်းထုတ်ပြီးနောက် နတ်ဆရာအိမ်သို့ အားလုံးသွားရောက်စုရုံးကြပြန်သည်။ အိမ်တိုင်းမှ ကြိုတင်စုထားသည့် ခေါင်ရည်အိုးကိုတည်ပြီး ခေါင်ရည်ကို ရေဘူးတွင်ထည့်ထားသည်။ လူပျိုလူရွယ်များသည် ခေါင်ရည်ထည့်ထားသော ရေဘူးများကိုယူ၍ ပျားဖွပ်ရန်တောထဲသို့ သွားကြလေသည်။ တစ်ချို့ရွာများတွင် ပျားအုံကို ကြိုတင်ရှာဖွေကာ အိမ်၌မွေးထားကြသည်။

နတ်ဆိုးများမောင်းထုတ်ခြင်း၏ ရည်ရွယ်ချက်မှာ နှစ်ဟောင်းကာလ၌ မိမိနေအိမ်နှင့် ရွာနတ်ကွန်းတွင် ခိုအောင်းနေထိုင်ခဲ့ကြသည်ဟုယူဆသော မကောင်းဆိုးဝါးဟူသမျှကို မောင်းထုတ် ဖယ်ရှားကာ၊ ရွာကိုသန့်ရှင်းစင်ကြယ်စေခြင်းဖြင့် နှစ်သစ်တွင် ဘေးအန္တရာယ်နှင့် အနာရောဂါဘယကင်းဝေး၍ အေးချမ်းသာယာပျော်ရွှင်စွာ နေထိုင်ကြစေရန်ဖြစ်ပါသည်။ နတ်ဆိုးနှင်ထုတ်သော ရိုးရာတေးသီချင်းတစ်ပုဒ်ရှိပါသည်။ ၎င်းမှာ –

(a) Kum Ki khen e, sol kha dang e, zinn in vang khua lam zonghen awe…

(b) Ziin in vang khua lam zonghen la, siansung tui bang siang hen lawm awe… ဟူ၍ ဖြစ်သည်။

**ပျားအုံယူခြင်းဓလေ့**

ပထမနေ့ညဘက်တွင် ပျားအုံရှာရန်အတွက် လူငယ်လူရွယ်များသည် တောထဲသို့ သွားကြလေသည်။ ပျားအုံတွေ့သည့်နေရာတွင် ပျားအုံယူရင်း သီဆိုတီးမှုတ်ကာ ညအိပ်ကြသည်။ ဒုတိယနေ့ နံနက်စောစောတွင် ပျားအုံကို သယ်ဆောင်လာပြီး ခွာမွာလ် (Khua mual) ခေါ် ရွာဦးနတ်ကွန်းသို့ ပြန်လာကြသည်။ ချင်းနတ်ဘာသာဓလေ့အရ ရွာလယ်နတ်ကွန်းနှင့် ရွာပြင်ရှုခင်းသာယာသော နေရာတွင် နတ်ကွန်းတစ်ခုထားရှိသည်။ ရွာပြင်ရှိ ရွာဦးနတ်ကွန်း (Khua mual)တွင် စုဝေးစားသောက်ကြသည်။ တစ်နေကုန် တီးမှုတ်သီဆိုကခုန်ကြသည်။ ရွာဦးနတ်ကွန်းတွင် Zawl Pa ခေါ် အချစ်ဆုံးသူငယ်ချင်းနှင့်အတူ စားသုံးကြသည်။ ရွာရှိ လူပျိုလူရွယ်များကလည်း စားသောက်ဖွယ်ရာများကို လာပို့ကြသည်။ ညနေပိုင်းတွင် ပျားအုံကို အဝတ်စများဖြင့် ထုပ်ပြီးလျှင် တုတ်တစ်ချောင်းလျှို၍ လူနှစ်ဦးမှထမ်းကာ အတီးအမှုတ် အဆိုအကများဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ရွာလယ်နတ်ကွန်းသို့ ပြန်လာကြသည်။ ထိုသို့ပြန်လာရာတွင် ရှေ့ဆုံးမှ ပျားအုံထမ်းသူနှစ်ဦးနှင့် ထင်းရှူးမီးကိုင်သူနှစ်ဦး တန်းစီသည်။ ၎င်းတို့၏နောက်တွင် မောင်းတီးသူများ၊ ဗုံးတီးသူများ၊ ဝါးပလွေမှုတ်သူများ (တူရိယာတီးမှုတ်အဖွဲ့)ဆက်၍ တန်းစီသည်။ ၎င်းတို့၏နောက်မှ သေနတ်ကိုင်သူတစ်ဦး၊ ၎င်းနောက်မှ ထင်းရှူးမီးကိုင်သူတစ်ဦး၊ ၎င်းနောက် သေနတ်ကိုင်သူတစ်ဦး စသည်ဖြင့် တန်းစီရပြန်သည်။ ၎င်းတို့ပြီးမှ အမျိုးသားနှင့် အမျိုးသမီးများသည် ထင်းရှူးမီးကိုယ်စီဖြင့် ဆက်လက်တန်းစီလေသည်။ တန်းစီရာတွင် အတန်းမပျက်စေရန်အတွက် ကြိုးတစ်ချောင်းကိုကိုင်စေ၍ ထိန်းထားလေသည်။ တန်းစီမှုပြီးလျှင် သီချင်းများ သီဆိုတီးမှုတ်ကခုန်ရင်း ရွာဦးနတ်ကွန်းကို သုံးပတ်လှည့်သည်။ သုံးပတ်ပြည့်လျှင် ရွာလယ်နတ်ကွန်း (Khuatual)သို့ တန်းစီ၍ တီးမှုတ်ကခုန်လျက်နှင့် ပြန်လာကြသည်။ ခွါမွာလ်တွင် သေနတ်ကိုင်သူမှ သေနတ်တစ်ချက် ပစ်ဖောက်ပြီးနောက် ခြေလှမ်းညီညီ၊ စည်းချက်ကျကျ လှမ်းကြသည်။ ဘယ်ခြေရှေ့သို့လှမ်းစဉ် ကိုင်ဆောင်ထားသော ထင်းရှူးမီးတိုင်ကို အောက်သို့ နိမ့်ချလိုက်သည်။ ညာခြေရှေ့သို့ လှမ်းသောအခါ ထင်းရှူးမီးတိုင်များကို ပခုံးထက်သို့မြှောက်၍ ကိုင်ကြသည်။

ခြေလှမ်းညီညီ၊ စည်းချက်ကျကျလှမ်း၍ ပြန်လာကြသော ပျားအုံယူသူများ ရွာလယ်နတ်ကွန်းအနီးသို့ ရောက်လာသောအခါ အသင့်စောင့်ကြိုနေကြသည့် အမျိုးသမီးများသည် ခေါင်ရည်ဘူး၊ အချိုရည်ကိုယ်စီဖြင့် ကြိုဆိုခဲ့ကြရာ ခေါင်ရည်၊ အချိုရည်များကို တိုက်ကျွေးကြပါသည်။ ရွာလယ်နတ်ကွန်းတွင် ရွာသူရွာသားများနှင့် သက်ကြီးရွယ်အိုများမှ **“ပျားအုံဖြစ်လျှင်မလာပါနဲ့၊ သီးနှံဖြစ်မှ ဝင်လာပါ”**ဟု သီဆိုကာ ကြိုဆိုကြသည်။ ပျားအုံယူလာသူများကလည်း **“ပျားအုံမဟုတ်ပါ၊ သီးနှံများသာ”**ဖြစ်ကြောင်း ဖွဲ့နွဲ့သီဆိုကာ ရှေ့တိုးလိုက်၊ နောက်ဆုတ်လိုက်ဖြင့် စည်းချက်ညီညီ သီဆိုကခုန်ကြလေသည်။ ပျားအုံသယ်ယူလာသူများနှင့် ကြိုဆိုကြသော အဖွဲ့နှစ်ခုဆုံကြသည့်အခါ စုပေါင်းပြီး ရွာလယ်နတ်ကွန်းကို တစ်ပတ်ရစ်ပတ်ရင်း သီဆိုကခုန်ခဲ့ကြလေသည်။ ၎င်းနောက် သက်ကြီးရွယ်အိုများ၊ နတ်ဆရာများက ပျားအုံကိုယူ၍ ခွဲဖျက်ကြည့်ကာ နိမိတ်ဖတ်ကြလေသည်။ ၎င်းညတွင် Khuatual ၌ စားသောက်ပွဲများပြုလုပ်ကာ တစ်ညလုံး အမျိုးသားများနှင့် အမျိုးသမီးများသည် လက်ချင်းတွဲ၍ တစ်ညတာပတ်လုံး သီဆိုတီးမှုတ်ကြလေသည်။

**ပျားအုံနိမိတ်ဖတ်ခြင်း**

ပျားအုံများတွင် ပျားသလက်ကောင်များသည် ကွက်လပ်မရှိပြည့်လျက် ညီညီညာညာရှိနေကြလျှင် လာမည့်နှစ်တွင် ရပ်ရွာအေးချမ်းသာယာ၍ ဘေးအန္တရာယ်နှင့် ရောဂါဘယကင်းဝေးမည်။ အသီးအနှံဖြစ်ထွန်း၍ စားနပ်ရိက္ခာဖူလုံမည်။ ပျားသလက်ကောင်များ မပြည့်ဘဲ မညီမညာဖြင့် ပျက်စီးသေကျေနေလျှင် သီးနှံအထွက်မကောင်းသည့်အပြင် အနာရောဂါများကျရောက်၍ ရွာတွင် အသေအပျောက်များရှိမည်ဟု ယူဆကြသည်။

**ခွာဒိုပွဲတော်နောက်ဆုံးနေ့ (တတိယမြောက်နေ့)**

ခွာဒိုပွဲတော်ကျင်းပပြီး သုံးရက်မြောက်သောနေ့တွင် နတ်ကွန်းများကို သန့်ရှင်းရေးပြုလုပ်သည်။ Tual တွင် စားသောက်ပွဲများ မရှိတော့ပေ။ မိမိတို့၏ဆွေမျိုးစုအလိုက်ဖြစ်စေ၊ မိသားစုအလိုက်ဖြစ်စေ၊ အိမ်နီးနားချင်းအလိုက်ဖြစ်စေ၊ နီးစပ်ရာ ရပ်ကွက်အလိုက်ဖြစ်စေ၊ ဝိုင်းဖွဲ့၍ လက်ဆုံစားသောက်ပွဲများ၊ သီချင်းသီဆို တီးမှုတ်ကခုန်မှုများကို တပျော်တပါး ဆက်လက်ပြုလုပ်ကြသည်။ လူပျိုလူရွယ်များမှာ ရွာလယ်နတ်ကွန်း၌ပင် ဆက်လက်စုဝေး၍ တီးမှုတ်သီဆိုကခုန်ခြင်းဖြင့် ပွဲတော်ကိုပျော်ရွှင်စွာ ဆက်လက်ပါဝင်ဆင်နွှဲကြလေသည်။ ဤသို့ဖြင့် ခွာဒိုပွဲတော်ကို သုံးရက်တိုင်တိုင် စုပေါင်းစားသောက်ပွဲများ၊ အတီးအမှုတ်အဆိုအကများဖြင့် ဝမ်းသာပျော်ရွှင်စွာ ကျင်းပခဲ့ကြသည်။

**ခွာဒိုပွဲတော်သည် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (Intangible Culture Heritage – ICH) တစ်ခုဖြစ်သည်။ တိုးတက်လာသော ခေတ်စနစ် အခြေအနေများကြောင့် ခွာဒိုပွဲတော် ထိန်းသိမ်းမြှင့်တင်ရာတွင် ခွာဒိုပွဲတော် ကျင်းပပေးနေခြင်းသည် အမျိုးသား စည်းလုံးညီညွတ်မှု၊ မေတ္တာစေတနာ ပွားများလာမှု၊ ချစ်ခင်ရင်းနှီးမှု၊ စုပေါင်းလုပ်ကိုင်တတ်မှုစသည့် အခြေခံစိတ်ဓာတ်ကောင်းများကို တိုးပွားခိုင်မာစေသော ယဉ်ကျေးမှု အနှစ်သာရကြွယ်ဝသည့် အမျိုးသားပွဲတော်ကြီးပင် ဖြစ်ပေသည်။**

**နှစ်သစ်ကူးနေ့(နှစ်ဆန်းတစ်ရက်)**

ခွာဒိုပွဲတော်သည် တစ်နှစ်တာကာလအတွင်း စိုက်ပျိုးလုပ်ကိုင်လာခဲ့သည့် တောင်ယာသီးနှံများ ရိတ်သိမ်းပြီးနောက် အားလပ်ရက်အနားယူချိန်တွင် ပျော်ရွှင်စွာစုပေါင်းကျင်းပသည့် ရာသီပွဲတော်ဖြစ်သည်။ တစ်နှစ်တာဝမ်းစာအတွက် လုပ်ရှားရုန်းကန်ရသော လုပ်ငန်းသည် အပြီးသတ်သည့်နည်းတူ တစ်နှစ်တာကာလသည်လည်း ကုန်ဆုံးသွားလေတော့သည်။ ထို့ကြောင့် နှစ်ဟောင်းကို နှုတ်ဆက်၍ နှစ်သစ်ကိုကြိုဆိုသည့် ပွဲတော်လည်းဖြစ်သည်။ ချင်းဓလေ့ဘာသာအရ ခွါဒိုပွဲတော်ကျင်းပသည့်နေ့ရက်တွင် နှစ်ဟောင်းကုန်သည်ဟု မှတ်ယူကြပြီး နောက်တစ်နေ့ကို နှစ်ဆန်းတစ်ရက်နေ့ဟု သတ်မှတ်ကြသည်။ ထို့ကြောင့် ခွာဒိုပွဲတော်ကို နှစ်သစ်ကူးပွဲတော်ဟုလည်းခေါ်ဆိုကြသည်။

ခွာဒိုပွဲတော်သည် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (Intangible Culture Heritage – ICH) တစ်ခုဖြစ်သည်။ တိုးတက်လာသော ခေတ်စနစ်အခြေအနေများကြောင့် ခွာဒိုပွဲတော် ထိန်းသိမ်းမြှင့်တင်ရာတွင် ခွာဒိုပွဲတော် ကျင်းပပေးနေခြင်းသည် အမျိုးသားစည်းလုံးညီညွတ်မှု၊ မေတ္တာစေတနာပွားများလာမှု၊ ချစ်ခင်ရင်းနှီးမှု၊ စုပေါင်းလုပ်ကိုင်တတ်မှုစသည့် အခြေခံစိတ်ဓာတ်ကောင်းများကို တိုးပွားခိုင်မာစေသော ယဉ်ကျေးမှုအနှစ်သာရကြွယ်ဝသည့် အမျိုးသားပွဲတော်ကြီးပင် ဖြစ်ပေသည်။ ချင်းအမျိုးသားတို့၏ ရိုးရာပွဲတော်ဖြစ်သော ခွာဒိုပွဲတော်ကို နှစ်စဉ်နှစ်တိုင်း အစဉ်အလာမပျက် ကျင်းပနေခြင်းသည် ရိုးရာ၊ ဘာသာ၊ ဓလေ့ထုံတမ်း အစဉ်အလာကောင်းများ၊ ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းနေခြင်းဖြစ်ပါသည်။ ခွာဒိုပွဲတော်သည် ချင်းအမျိုးသားများ၏ စည်းလုံးညီညွတ်မှု၊ မေတ္တာစေတနာနှင့် ချစ်ခင်ရင်းနှီးမှု၊ စုပေါင်းလုပ်ကိုင်တတ်မှုစသည့် အခြေခံစိတ်ဓာတ်ကောင်းများကို တိုးပွားခိုင်မာစေသော ယဉ်ကျေးမှုအနှစ်သာရကြွယ်ဝသည့် ချင်းရိုးရာပွဲတော်ကြီးတစ်ခု ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

# သနပ်ခါးကို မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် ယူနက်စကိုသို့ အမည်စာရင်းတင်သွင်း

မင်းထက်အောင်(မန်းကိုယ်ပွား)

မြန်မာလူမျိုးတို့၏ ရိုးရာဓလေ့အဖြစ် နှစ်သက်စွာလိမ်းခြယ်ခဲ့ကြသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် သနပ်ခါးကို မြန်မာနိုင်ငံ၏ ပထမဆုံး ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် ယခုလနောက်ဆုံးပတ်က ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို) သို့ အမည်စာရင်းတင်သွင်းခဲ့ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးရဲမြတ်အောင်က ပြောကြားသည်။

မြန်မာနိုင်ငံတွင် ထိတွေ့ကိုင်တွယ်၍မရသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များစွာရှိသော်လည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခံထားရခြင်း မရှိသေးသည့်အတွက် လွန်ခဲ့သည့် နှစ်တစ်ထောင်ကျော်ကာလကတည်းက ရိုးရာယဉ်ကျေးမှုဓလေ့အဖြစ် လိမ်းခြယ်ခဲ့ကြပြီး ယနေ့တိုင် ဆက်လက်ရှင်သန်နေသည့်အပြင် တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုလက္ခဏာအဖြစ် ကိုယ်စားပြုကာ တန်ဖိုးထားထိန်းသိမ်းစောင့်ရှောက်လျက်ရှိသည့် မြန်မာ့သနပ်ခါးသည် ယူနက်စကိုမှ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် သတ်မှတ်ထားသည့် စံနှုန်းငါးချက်နှင့်လည်း ကိုက်ညီမှုရှိနေသဖြင့် ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရေးအတွက် ယခုကဲ့သို့ အမည်စာရင်းတင်သွင်းနိုင်ရန် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"မြန်မာ့သနပ်ခါးကို ကမ္ဘာ့ဒြပ်မဲ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုနိုင်ဖို့ ယခုလနောက်ဆုံးပတ်မှာ ယူနက်စကိုအဖွဲ့ထံကို အမည်စာရင်းတင်သွင်းခဲ့ပါတယ်။ အဲဒီလိုတင်သွင်းနိုင်ဖို့ ကျွန်တော်တို့ဌာနနဲ့ သနပ်ခါးအသင်းတွေပူးပေါင်းပြီး မြန်မာနိုင်ငံရဲ့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းကာကွယ်မြှင့်တင်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းပြီးတော့ တစ်နိုင်ငံလုံးက သနပ်ခါးသုံးစွဲမှုစာရင်းကို ကောက်ယူခဲ့တဲ့အပြင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Facebook ကလည်း စစ်တမ်းကောက်ယူခဲ့ပါတယ်။ ဒါ့အပြင် သနပ်ခါးသုံးစွဲမှုနဲ့ပတ်သက်ပြီး ရိုက်ကူးထားတဲ့ မှတ်တမ်းဗီဒီယိုဖိုင်နဲ့အတူ ယူနက်စကိုက သတ်မှတ်ထားတဲ့ စံနှုန်းငါးချက်နဲ့ ကိုက်ညီတဲ့ အချက်အလက်တွေကိုလည်း ပုံစံစာရွက်မှာ အပြည့်အစုံဖြည့်သွင်းပြီး မတ်လ နောက်ဆုံးပတ်က တင်သွင်းခဲ့တာဖြစ်ပါတယ်။ ယူနက်စကိုအဖွဲ့ကြီးက သုံးလတစ်ကြိမ် အစည်းအဝေးကျင်းပပြီး အမွေအနှစ်စာရင်းဝင်ဖြစ်ဖို့ ရွေးချယ်တာဖြစ်တဲ့အတွက် လာမယ့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ သနပ်ခါးကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းရှိ၊ မရှိကို သိရတော့မှာပါ"ဟု ၎င်းက ပြောသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်းနှစ်ရာကျော်တွင် ယူနက်စကိုအဖွဲ့ဝင် နိုင်ငံပေါင်းမှာ ၁၉၈ နိုင်ငံရှိပြီး ၎င်းတို့အနက် နိုင်ငံပေါင်း ၁၂၂ နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၅၀၈ ခုမှာ ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် တင်သွင်းသတ်မှတ်ခြင်းခံထားရသည့်အပြင် အိမ်နီးချင်း အာဆီယံနိုင်ငံများတွင်လည်း ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ၃၃ ခုကို ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ပေးထားပြီးဖြစ်သည့်အတွက် သနပ်ခါးကို မြန်မာနိုင်ငံ၏ ပထမဆုံးကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်နိုင်ရန် တင်သွင်းခြင်းဖြစ်ကြောင်း သိရသည်။











